မောင်မောင်ကျော်

# ဆိုးဝါး
# မြှဝါး

ဆောင်းပါးများ

မဒမ်မောင်ဝိုင်းစုစည်းသည်

မောင်မောင်ကျော်

# တိုင်းရေးပြည်ရေး

– ဆောင်းပါးများ –

မဒမ်မောင်ဝိုင်းစုစည်းသည်

## ပုံနှိပ်မှတ်တမ်း

စီစဉ်သူ - DD မချာန်
ထုတ်ဝေသူ - ဒေါ်တင်တင်အေး(ရွှက်စိမ်းစာပေ)၊ ၄၃ အေ၊ ၄ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ။
မျက်နှာဖုံးဒီဇိုင်း - ခန့်မင်းထက်။
အတွင်းအပြင်အဆင် - သက်ငြိမ်သစ်။
မျက်နှာဖုံး + အတွင်းပုံနှိပ် - ဦးကျော်စိန်(ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတား။
မူပိုင် - K ခွန်မယ်
ဖြန့်ချိရေး - ပညာအိမ်စာအုပ်တိုက်၊ အမှတ် (၆၇၁/က)၊ (၇) ရပ်ကွက်၊ ကောလင်းလမ်းမကြီး။ ဒဂုံအရှေ့ပိုင်း။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၀၀၀

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း(CIP)

မောင်မောင်ကျော်
တိုင်းရေးပြည်ရေး
ရွှက်စိမ်းစာပေ။ ၂၀၀၄
စာမျက်နှာ - ၁၄၀၊ ၁၃" X ၂၁" စင်တီမီတာ၊ တိုင်းရေးပြည်ရေး

တိုင်းရေး၊ ပြည်ရေး(ဆောင်းပါးများ)

## မာတိကာ

စာရေးသူ၏အမှာ
ကဗျာဆရာမျာပုံနှိပ်လုံဦး၏အမှာ

၁။ အမေရိကန်အရှေ့ခြမ်းရောက် ၈၈ မျိုးဆက်တစ်စု၏
ယူတီကာလှုပ်ရှားမှု (သို့မဟုတ်) ဒီမိုကရေစီခုခံရေးစစ်ကြောင်း ၉။
၂။ ယူတီကာလှုပ်ရှားမှုမှ အတွေးအမြင်အယူအဆများ ၁၃။
၃။ ၈၈ မျိုးဆက်များ ဘယ်လမ်းရွေးမလဲ ၁၇။
၄။ ပြည်တော်ပြန်တစ်ဦး၏ အမေ့အိမ်စကားဝိုင်းကလေး ၂၁။
၅။ တံခါးများဆက်လက်ပွင့်စေချင် ၂၅။
၆။ ကုလသမဂ္ဂက မြန်မာပြည်ရဲ့သွေးစည်းညီညွတ်မှုကို
အကြီးအကျယ် သွေးတိုးစမ်းတာ ၂၉။
၇။ လူတစ်စုအတွက်မဟုတ်တဲ့ လူထုအတွက် ရွှေတွေဖြစ်ဖို့လိုတယ် ၃၃။
၈။ အမျိုးသားနေ့မှာ ရေးဖြစ်တဲ့အမျိုးသားရေးအကြောင်း ၃၇။
၉။ တစ်ရေးနိုးလာသော ဆီးဂိမ်းနန်းကျဘုရင် ၄၁။
၁၀။ ပြည်နိုင်ဖြိုးနှင့် NLD သို့မဟုတ်
မြန်မာ့နိုင်ငံရေးလောက၏ကုန်ရောင်းသူများ ၄၅။
၁၁။ ပြည်နိုင်ဖြိုး၏ ပရိယာယ်ပါသော ရှေ့တိုးခြေတစ်လှမ်း
ဒေါ်စု၏ ပဟေဠိဆန်သော နောက်ဆုတ်ခြေတစ်လှမ်း ၄၉။
၁၂။ မဟာဆန်ချင်သော မြန်မာနိုင်ငံရဲ့
တစ်နေ့ရွှေ၊ တစ်နေ့ငွေပမာ ယနေ့မြန်မာ့နိုင်ငံရေး ၅၃။

၁၃။ ပြည်ပရောက် ၈၈ မျိုးဆက်များ၏
၂၀၁၃ ခုနှစ်အတွင်း လှုပ်ရှားမှုအနှစ်ချုပ် သုံးသပ်ချက် ၅၇။
၁၄။ ကိုယ်ပိုင်နိုင်ငံထဲမှာ ကျူးကျော်သူဖြစ်သွားရတဲ့
ပန်းလှိုင်တံတားအနားကမြန်မာတွေ ၆၁။
၁၅။ ပြည်ပရောက် ၈၈ မျိုးဆက်များ၏လတ်တလောနှင့်
ဒေါ်စုအလွန်ကာလအတွက် မဟာဗျူဟာ ၆၅။
၁၆။ မြေသိမ်းယာသိမ်းကိစ္စတရားနည်းလမ်းတကျ ဆောင်ရွက်ပေးပါ ၆၉။
၁၇။ ဗိုလ်စိန်မှန်ကွင်းလှုပ်ရှားမှု(သို့မဟုတ်) ပြည်နိုင်ဖြိုးမဟာမိတ်တစ်စု၏
တုံ့ပြန်ပစ်ခတ်လိုက်သောကျည်တစ်တောင့် ၇၃။
၁၈။ အမျိုးသားရေးပြည်ထောင်စုရေးကိုယ်ခံအားကောင်းနေစေဖို့အတွက် ၇၇။
၁၉။ မြန်မာပြည်ကို အနီးကပ်လုပ်ကြံမည့်ပြည်တွင်းဖြစ်နိုင်ခြေပြဿနာ ၈၁။
၂၀။ မြန်မာ့ဒီမိုကရေစီနိုင်ငံရေးအခင်းအကျင်းအတွက်
မရှိမဖြစ် ကျောင်းသားသမဂ္ဂများ ၈၅။
၂၁။ သန်းခေါင်စာရင်းကောက်ယူရေးကိစ္စသည်
အမျိုးသားရေးကိစ္စဖြစ်ပါသည် ၈၉။
၂၂။ ဆင်ဆာကို ရာဇဝင်ထဲမှာထားခဲ့စေချင်သည် ၉၃။
၂၃။ လျှပ်စစ်စွမ်းအင်အရေး၊ တိုင်းရေးပြည်ရေး ၉၇။
၂၄။ နှမ်းတစ်လုံးနှင့်ဆီမဖြစ်ဆိုသော်လည်း ၁၀၁။
၂၅။ လယ်တီမှာသာအဆုံးသတ်စေချင်သည်။ ၁၀၅။
၂၆။ မျိုးချစ်သူရဲကောင်းများ၊လူထုသားကောင်းများအတွက်
သူရဲကောင်းဗိမာန်များတည်ဆောက်ပေးရေး ၁၀၉။
၂၇။ ကျောက်ဖြူညီလာခံမှသည်
ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသို့ ၁၁၃။
၂၈။ မြန်မာ့ရဲအရေးကလေးနည်းနည်းဆွေးနွေးပါရစေ ၁၁၇။
၂၉။ ဒိုင်းဖလားသကြိန်မှသည် အသပြာသကြိန်ဆီသို့ ၁၂၁။
၃၀။ မောင်မောင်ဆိုလေ ထီးရိုးရှည်နှင့်အတူ ၁၂၅။
၃၁။ ရွေးကောက်ပွဲအကြောင်းမပြောတော့ဘူးလို့ ဆုံးဖြတ်ပြီးခါမှ ၁၃၁။
၃၂။ လက်ပံတောင်းကို တစေ့တစောင်းကြည့်သောအခါ ၁၃၅။

## - စာရေးသူ၏အမှာ -

ကျွန်တော်သည် ၈၈ မျိုးဆက်တိုက်ပွဲဝင်တစ်ဦးဖြစ်ခဲ့သည့် အားလျော်စွာ နိုင်ငံရေးကိစ္စများတွင် အတိုက်အခံဘက်မှသာ အမြဲဘက်လိုက်ခဲ့သည့် သဘောရှိပါသည်။ ပြည်ပရောက်တစ်ဦးအဖြစ် နှစ်ပေါင်း ၂၀ ခန့် နေထိုင်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ခေတ္တပြည်တော်ပြန်ခွင့်ရရှိ၍ မိဘရပ်ထံ ခေတ္တပြန်လည်ခွင့် ရရှိခဲ့သည့်အချိန်အတွင်း ဒီမိုကရေစီကူးပြောင်းရေးလမ်းကြောင်းပေါ်မှ မြန်မာနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျလေ့လာနိုင်ခွင့်ရခဲ့ပါသည်။

ထိုအခါ မြန်မာနိုင်ငံသည် စစ်ပန်းနေသော နိုင်ငံတစ်ခုနှင့်အလားတူနေသည်ဟု ခံစားမိပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း မြန်မာနိုင်ငံတိုးတက်ရာတိုးတက်ကြောင်း လိုလားသူအားလုံး၏ ပါဝင်ကူညီမှုများအားလုံး လိုအပ်သည်ဟု ယူဆမိပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း ပြောင်းလဲလာနေသော မီဒီယာ၊ အထူးသဖြင့် ပုံနှိပ်မီဒီယာပေါ်မှနေ၍ မိမိ၏ အတွေးအမြင်တို့ကို အခြေခံ၍ ရေးသားထားသော **တိုင်းရေးပြည်ရေး** ဆောင်းပါးတို့ကို မကြာခဏ ရေးသားတင်ပြခြင်းဖြင့် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းကို မိမိတတ်နိုင်သည့်ဘက်မှ ကူညီရာရောက်မည်ဟု ယူဆမိခဲ့ပါသည်။ ထိုသို့ သဘောထားရှိနေခဲ့ချိန်တွင် ကျွန်တော်၏ အယူအဆအတွေးအမြင်တို့ကို The Street View ဂျာနယ်မှနေ၍ ပုံမှန်ရေးသားတင်ပြခဲ့ပါသည်။ ကျွန်တော်ဆောင်းပါးများ ရေးသားရာ၌ ရပ်တည်သော မူ(၃)ရပ်ရှိပါသည်။

ပြည်ထောင်စုတိုင်းရင်းသားများ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုဖြစ်စေမည်ကို ဦးတည်စေမည့် အရေးအသားများမရေးပါ။ တိုင်းပြည်အတွင်း ပြည်သူအများဝေဝေဝါးဝါးဖြစ်စေမည့် အရေးအသားများ မရေးပါ။ ဒီမိုကရေစီဆန့်ကျင်ရေး အရေးအသားများကျွန်တော်မရေးပါ။ ကျွန်တော်ရေးသားတင်ပြသည့် အရေးအသားတို့သည် နိုင်ငံတော်နှင့် ပြည်သူလူထုကို တစ်နည်းတစ်လမ်းမှ အကူအညီပေးရာ ရောက်စေမည်ဆိုလျှင် ကျွန်တော်များစွာ ဝမ်းသာမိပါမည်။

မောင်မောင်ကျော်

နယူးယောက်မြို့

အမေရိကန်ပြည်ထောင်စု(ခေတ္တ)

# ကျောင်းသားခေါင်းဆောင်နိုင်ငံရေးသမားမှ
# စာရေးဆရာဖြစ်ပြီလား

တစ်နေ့တွင် ကျွန်တော့်အလုပ်တိုက်ရှိရာ ဒီလှိုင်းစာစောင်တိုက်သို့ တက္ကသိုလ် မကျည်းတန် ရောက်လာသည်။

မကျည်းတန်မှာ ကျွန်တော့်သူငယ်ချင်း ကိုနေဝင်း (ဂန္ထဝင်မောင်ဝိုင်း) ၏ ဇနီးဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀)လောက်က (၁၉၆၅) တောင်ဥက္ကလာပမြို့တွင် အတူနေထိုင်ခဲ့ကြသူများ ဖြစ်သည်။ ကိုနေဝင်းနှင့် ကျွန်တော်က စာပေဝါသနာပါကြသူများ ဖြစ်သည်။ သူက ပြဇာတ်၊ စာပေ၊ သကြီန်သံချပ် နှင့် ဝေဖန်ရေးဆောင်းပါးများ အရေးသန်သည်။ ကျွန်တော်က ကဗျာနှင့် ဝတ္ထုတို အရေးသန်သည်။ အဲဒီတုန်းက ကျွန်တော်ကအစိုးရဝန်ထမ်းဖြစ်၍ ၁၉၇၂ တွင် ရန်ကုန်မှ နယ်သို့ ပြောင်းရွှေ့သွားရသည်။ သူနှင့် အဆက်ပြတ်သွားသည်။

၁၉၈၀ ခုနှစ်၊ ရန်ကုန်ပြန်ရောက်တော့ ကျွန်တော်ကပေဖူးလွှာမဂ္ဂဇင်းတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်နေသည်။ ကိုနေဝင်း စာပေဝေဖန်ရေး ဆောင်းပါးတစ်ပုဒ်လာပေးသည်။ သူ့ဝေဖန်ရေးဆောင်းပါး ပေဖူးလွှာတွင်ပါသောလမှာ စာပေလောကတွင် လှုပ်လှုပ်ရှားရှား ဝေဖန်သံများဖြင့် ဂယက်ရိုက်သွားသည်။ အဲဒီအချိန်က ကိုနေဝင်းမှာ အနုပညာလောကတွင် ဇာတ်ညွှန်းရေးသမား၊ ဗီဒီယိုရုပ်ရှင် ဒါရိုက်တာ တစ်ပိုင်းနှင့် ကျင်လည်နေသူ တစ်ယောက်ဖြစ်သည်။

၁၉၈၈ ပိုင်းရောက်လာတော့ ကျောင်းသား နိုင်ငံရေးလှုပ်ရှားမှုတွေ ခပ်စိပ်စိပ်နှင့် အရှိန်အဟုန်မြင့်တက်လာသည်။ ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော် သတင်းတွေက BBC, VOA, RFA ၊ ပြည်ပနိုင်ငံခြား အသံလွှင့်ဌာနများတွင် ကျယ်ကျယ်ပြန့်ပြန့် ကြားနေရသည်။ ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော်နှင့် အခြားခေါင်းဆောင်များ လှုပ်ရှားမှုများကို လေးစားဂုဏ်ယူစွာ ချီးကျူးမိနေသည်။

နောက်မှ မောင်မောင်ကျော်ဆိုတာ ကျွန်တော့်သူငယ်ချင်း ကိုနေဝင်း (ဂန္ထဝင်မောင်ဝိုင်း) နှင့် တက္ကသိုလ်မကျည်းတန် တို့၏သားကြီးဩရသ ဖြစ်ကြောင်းသိရသည်။

၁၉၈၈ နောက်ပိုင်း စစ်အစိုးရလက်ထက်တွင် နိုင်ငံရေးအခြေအနေများ ပြောင်းလဲသွားကြသလို လူတွေရဲ့အခြေအနေများလည်း ပြောင်းလဲသွားကြသည်။

ကျွန်တော်လည်း နိုင်ငံရေးလောကထဲရောက်ပြီး ၁၉၉၇-၉၈ တွင် ပထမ အကြိမ်ထောင်ကျ၊ ၂၀၀၀ ခုနှစ်တွင် ဒုတိယအကြိမ် ထောင်ကျ ၊ ဘဝတွေပျက်ပြီး ဒုက္ခရောက်ခဲ့သည်။

ကိုနေဝင်းတို့ မိသားစုတွေလည်း ပြည်ပနယ်စပ်ဖက်ရောက်လိုက်၊ ပြည်တွင်းပြန်ရောက်လိုက် သတင်းတွေကြားနေရ။ မောင်မောင်ကျော်ကတော့ အမေရိက ရောက်နေတယ်ကြားသိရ။

နောက် ကိုနေဝင်း ဆုံးသွားသည်ကြားရ။ မောင်မောင်ကျော်ကိုတော့ သူ့ညီအဆိုတော် ဒိုင်ယာနာ စီးရီးခွေ မိတ်ဆက်ပွဲမှာ တွေ့ခဲ့ရသေးသည်။ နောက် မတွေ့တာကြာပြီ။ ယနေ့ ဦးသိန်းစိန် အစိုးရလက်ထက်မှာ မြန်မာပြည်သို့ ခေတ္တလာလည်ကြောင်း သိရသည်။ ဂျာနယ်သတင်း ဓါတ်ပုံများအဖြစ်သာ တွေ့လိုက်ရသည်။ လူချင်းမတွေ့ခဲ့ရ။ သို့သော် သူ့ဆောင်းပါးများကို ဂျာနယ်များတွင် တွေ့နေရသည်။

၂၄-၅-၂၀၁၄ နေ့က မကျည်းတန် ကျွန်တော့်ဆီရောက်လာသည်။ ကျွန်တော်နှင့် လူချင်းမတွေ့လိုက်ရ။ ထားခဲ့သော စာတစ်စောင်နှင့် စာမူဖိုင်ကြီးကို တွေ့ရသည်။

သို့

မျှော်ပုံနီလုံဦး ရှင့်
မောင်မောင်ကျော် တိုင်းရေးပြည်ရေး
ဆောင်းပါးများ စာအုပ်အတွက်
အမှာစာ ချီးမြှင့်ပေးပါရန်
မှ … တက္ကသိုလ် မကျည်းတန်

နောက်တစ်နေ့တွင် သူ့ထံမှ ဖုန်းရောက်လာသည်။ အမှာစာရေးပေးရန် အကူအညီတောင်းခြင်း ဖြစ်သည်။ ကျွန်တော်အလုပ်များနေသည့်ကြားက ရေးပေးရန် ကတိပေးလိုက်မိသည်။ သို့နှင့် ပေးထားခဲ့သောစာမူများ ဖတ်ကြည့်လိုက်သည်။

မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆောင်းပါးများအပြင် စီးပွားရေး၊ နိုင်ငံရေး စသည့် တိုင်းရေးပြည်ရေး ဆောင်းပါးများကို တွေ့ရသည်။

ယနေ့အစိုးရနှင့် အတိုက်အခံ NLD ပါတီတို့၏ နိုင်ငံရေးအပေါ်အမြင်များ၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအမြင်များ၊ မျိုးချစ်သူရဲကောင်းများအပေါ် ထားရှိသော သူ့စိတ်သဘောထားများ၊ စာကစုံသည်။ နိုင်ငံရေးအမြင်၊ အခြားပြည်တွင်း ယဉ်ကျေးမှု အနုစာပေများလည်း တွေ့ရသည်။

တစ်ချိန်က အသက်(၂၀)ကျော် လူငယ်ကျောင်းသားခေါင်းဆောင်များအဖြစ် မောင်မောင်ကျော်၊ မင်းကိုနိုင်၊ မိုးသီးဇွန်၊ အောင်ဒင်၊ ကိုကိုကြီး စသည်များ၏ လှုပ်ရှားမှုသတင်းများကို ကြားသိနေရသည်။ ကျွန်တော်လေးစား ဂုဏ်ယူမိသည်။

ယခုတော့ သူတို့တတွေသည် အသက်(၅၀)ဝန်းကျင် နိုင်ငံရေး၊ ဖြတ်သန်းမှု၊ နိုင်ငံရေးအတွေ့အကြုံ ရင့်ကျက်နေကြပြီ။

သူတို့တတွေ၏ စာပေလက်ရာများကို ဖတ်ခဲ့ရပြီ။ သူတို့သည် မငယ်ကြတော့။ သူတို့၏ ယုံကြည်မှုနှင့် သံမဏိစိတ်ဓါတ်သည် အနာဂတ် မြန်မာနိုင်ငံ၏ အလှကို တည်ဆောက်နိုင်မည့် သားကောင်းမျိုးချစ်များ ဖြစ်သည်ဟု ကျွန်တော်ယုံကြည်သည်။

ယခု မောင်မောင်ကျော်၏ ဆောင်းပါးများကို ဖတ်ကြည့်ခဲ့ပြီးနောက် သူယုံကြည်ချက် သူ့စိတ်ဓါတ်သည် သူ့ဆောင်းပါးများနှင့် ထပ်တူထပ်မျှရှိနေမည်ဆိုလျှင် သူ့သမိုင်းသည် သူ့စာပေများနှင့်အတူ ကမ္ဘာ့ပြင်းတင်ကျန်ရစ်နေပေလိမ့်မည်။

နိုင်ငံရေးသမားစာရေးဆရာများသည် သမိုင်းကောင်း တွင်ကျန်ရစ်ဖို့အတွက် နိုင်ငံ့တာဝန်ကို သန့်ရှင်းဖြူစင်စွာ သစ္စာရှိရှိဖြင့် ဘယ်ရွေ့ဘယ်မျှ ပေးဆပ်နိုင်ခဲ့ပြီလဲ ..

သူ့စာနှင့် သူ့လက်တွေ့ဘဝက ဆုံးဖြတ်ပါလိမ့်မည်။

ဈာပုံနီလုံဦး

၅-၆-၂၀၁၄

# အမေရိကန်အရှေ့ခြမ်းရောက် ၈၈ မျိုးဆက်တစ်စု၏
# **ယူတီကာလှုပ်ရှားမှု (သို့မဟုတ်)**
## ဒီမိုကရေစီ ခုခံရေးစစ်ကြောင်း

ပြည်ပရောက် ၈၈ မျိုးဆက် ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုတွေကို စုစည်း၊ အင်အားစုကြီးတည်ဆောက်ပြီးရင် ပြည်တွင်းက အင်အားစုများနဲ့ ဟန်ချက်ညီညီလှုပ်ရှားပြီး ဒီမိုကရေစီရေးအောင်ပွဲကိုရယူကြဖို့ သဘော ထားမျိုးနဲ့ပြည်ပရောက် အင်အားစုတွေ ကြိုးပမ်းခဲ့ကြတာ လှုပ်ရှားမှုပေါင်းများစွာ ရှိခဲ့ပါတယ်။ ညီလာခံဆိုတာတွေလည်း များစွာရှိခဲ့ ပါတယ်။ များသောအားဖြင့် ကလူစုအစည်းအဝေးခေါ် ဆွေးနွေးပြီး ကော်မတီဖွဲ့ ညီလာခံခေါ်ဖို့လုပ်၊ သတ်မှတ်ထားတဲ့ အချိန်ကလေးအတွင်း စာတမ်းဖတ်တာတို့ မိန့်ခွန်းပြောတာတို့လုပ်ကြ၊ အခမ်းအနားပြီး အိမ်ပြန် အဲဒီညီလာခံဟာ အခမ်းအနားတစ်ခုအဖြစ် လောက်သာ အမှတ်ရကျန်ရစ်ခဲ့။ ဒါဟာ သမားရိုးကျဆန်နေတဲ့ ပြည်ပနိုင်ငံရေး ယဉ်ကျေးမှုရဲ့ စရိုက် လက္ခဏာတစ်ခုလို ဖြစ်နေခဲ့တာ ကြာပါပြီ။

ဒါကြောင့်လည်း ပုံသဏ္ဌာန်အမျိုးမျိုး နည်းနာနိသသယအမျိုးမျိုးနဲ့ ပြည်ပရောက် ကျွန်တော်တို့ ညီအစ်ကိုတော်များ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေခဲ့ကြပါတယ်။ မကြာခင်ကမှ အမေရိကန်နှင့် ကနေဒါနိုင်ငံတွေမှာ ကျင်းပပြီးစီးသွားခဲ့တဲ့ ပြည်ပရောက် ၈၈ မျိုးဆက်သစ်များရဲ့ ညီလာခံတွေဟာ ဒီသဘောကို အထင်အရှားသက်သေခံနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလှုပ်ရှားမှုများထဲတစ်ခုမှာ တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် ရလဒ်ကတော့ အထက်မှာဖော်ပြခဲ့သလို သမားရိုးကျ စုစည်းမှုပုံစံထဲမှာပဲ ရှိနေခဲ့ပါတယ်။

အဲဒီလို သမားရိုးကျဆန်ဆန်ဖြစ်နေတဲ့ အခင်းအကျင်းတွေကနေ ခွဲထွက်ပြီး ရွေးတွေးတဲ့မိသားစုတွေ့ဆုံမှုမျိုး အရင်ဆုံးလုပ်ပြီးမှ နောက်တစ်ဆင့် နိုင်ငံရေးဆန်တဲ့ လှုပ်ရှားမှုတွေလုပ်ဖို့ ၈၈ GSE (88 Generation Student Exile) ညီအစ်ကိုတော်တချို့နဲ့ လွန်ခဲ့တဲ့နှစ်အနည်းငယ်ကတည်းက တိုင်ပင်ခဲ့ဖူးပါတယ်။ ကျွန်တော်ရန်ကုန်ကို ရောက်ရှိနေစဉ်ကာလမှာလည်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်ပမှာရှိနေတဲ့ ညီအစ်ကိုတော်အချို့ကို ထပ်မံတိုက်တွန်းခဲ့ပါတယ်။ **ဗမာပြည်ကို ပြန်ရောက်စဉ်ကာလအတွင်း လက်ရှိကာလ ၈၈ မျိုးဆက်အင်အားစုများ အနေအထားကိုလေ့လာကြည့်တဲ့အခါ ၈၈ မျိုးဆက်အင်အားစုများဟာ ကိုယ့်တပ်နဲ့ ကိုယ့်ဗိုလ်ချုပ်တွေအဖြစ် ရှိသေးတဲ့ သဘောကို တွေ့ခဲ့ရတယ်။**

ပြည်ပမှာရှိနေတဲ့ အဲဒီအင်အားစုတွေနဲ့ သူတို့ရဲ့ကွန်ရက်တွေ အချိတ်အဆက်မိမိ ပူးပေါင်းလုပ်ဆောင်ပြီး မြန်မာ့ဒီမိုကရေစီနိုင်ငံရေးမှာ ဆက်လက်ပါဝင် လုပ်ဆောင်နိုင်ဖို့အတွက် သမားရိုးကျမဟုတ်တဲ့ တွေ့ဆုံနှီးနှောဖလှယ် ပွဲမျိုးနဲ့အစ

မြှုံးကြည့်ကြဖို့ စိတ်တူကိုယ်တူ ၈၈ GSE ညီအစ်ကိုတော် တစ်စုမကြာခင်ကမှ လုံးလုံးလျားလျား သဘောထားကျခဲ့ပြီး တွေ့ဆုံပွဲတစ်ခုလုပ်ဖို့ စီစဥ်ခဲ့ပါတယ်။ နယူးယောက်မြို့အထက် မိုင် ၂၀၀ လောက်ဝေးတဲ့ ယူတီကာမြို့လေးမှာ ပြည်ပရောက် ၈၈ တိုက်ပွဲဝင်အချို့ နိုင်ငံရေးနီးနှော ပွဲကလေးတစ်ခု ၂၀၁၃ အောက်တိုဘာလမှာ လုပ်ဖြစ် ခဲ့ပါတယ်။ အဲဒီတွေ့ ဆုံပွဲကလေးကို ယူတီကာလှုပ်ရှားမှုလို့ ကျွန်တော် ခေါင်းစဥ်တပ်ချင်ပါတယ်။ ဒီတွေ့ဆုံခဲ့မှုကလေး ဘာမှကြီးကျယ်တဲ့ ဖြစ်ရပ်တစ်ခု မဟုတ်ပေမဲ့ လေးစားစွာ မှတ်တမ်းတင်အပ်တဲ့ လှုပ်ရှားမှုတစ်ခုဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ပြည်ပရောက် ၈၈ မျိုးဆက်တစ်ချို့ တက်ရောက်ခဲ့ပါတယ်။ အောက်တိုဘာ ၅ ရက်နေ့မှာပါ။ အချက် ၇ ချက် ဆွေးနွေးခဲ့ပါတယ်။

(၁) လက်ရှိဆွေးနွေး ပွဲတက်ရောက်သူများ အနေဖြင့် မြန်မာပြည်နိုင်ငံရေးတွင် ဆက်လက်ပါဝင် ဆောင်ရွက်နိုင်မည့် အသွင်သဏ္ဍာန်များ၊

(၂) မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဥ် ရောက်နေသည့် ပကတိအခြေအနေအဆင့်ကို သုံးသပ်ခြင်း၊

(၃) မည်သည့်အခြေအနေမျိုးတွင် Real Change ဖြစ်နိုင် သလဲ၊

(၄) Real Change ဖြစ်စေနိုင်မည့် အသွင်သဏ္ဍာန်များ ၊ အင်အားစုများ

(၅) Real Change ကို အဟန့်အတားဖြစ်စေသော အဓိကအခက်အခဲများ

(၆) အားသာချက်ဘာတွေရှိသလဲ၊ ဘယ်လိုအကောင်အထည်ဖော် အသုံးချမလဲ၊

(၇) နိုင်ငံတကာရောက် ၈၈ မျိုးဆက်များ အကြား ပူးပေါင်း ဆောင်ရွက်နိုင်မှု အခြေအနေ၊ ထိရောက်စွာ လုပ်ဆောင် မည့်နည်းလမ်းများ၊ (SWOT ပုံစံဖြင့် ဆွေးနွေး)

တက်ရောက်လာသူများအနေနဲ့ အချက် ၇ ချက်စလုံး အပေါ်မှာ မိမိတို့ရဲ့ အမြင်အယူအဆတွေကို ရင်းရင်းနီးနီး မိသားစုဆက်ဆံရေးပုံစံနဲ့ ဆွေးနွေးဖလှယ်ခဲ့ ကြပါတယ်။ ဒီဆွေးနွေးပွဲဟာ အတိတ်ကာလ ကျွန်တော်ကြုံဖူးတဲ့ ၈၈ မျိုးဆက်များရဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ လုံးဝမတူတော့တဲ့ လှုကြီးရှုကောင်း စကားဝိုင်းမျိုး ပြီးဆုံးခဲ့ပါတယ်။ နိုင်ငံတကာရောက် ၈၈ မျိုးဆက်များ အကြား ပူးပေါင်းဆောင်ရွက်ရေးအပိုင်းကတော့ အကျယ်တဝင့်ဆွေးနွေးခဲ့ကြတဲ့ အပိုင်းပါ။ တွေ့ဆုံမှုတွေကို ၃ လတစ်ကြိမ် ဆက်လက်ကျင်းပရင်း ပြည်တွင်းပြည်ပနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာကိစ္စရပ်တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ဖလှယ်ကြဖို့ တက်ရောက်လာသူများအကြား သဘောတူခဲ့ကြပြီး အသေးစိတ်ဆွေးနွေးခဲ့တဲ့ ဗီဒီယိုမှတ်တမ်းကို ပြင်ပသို့ ထုတ်ပြန်ခြင်းမပြုသေးရန်ကိုလည်း သဘောတူခဲ့ကြပါတယ်။

အားရစရာကောင်းတဲ့ အချက်တစ်ခုကတော့ ၈၈ အရေးတော်ပုံကာလကပင် ကျောင်းသားဂိုဏ်းကြီး ၂ ခု ဖြစ်တဲ့ ဗကသနဲ့ မကာသ ထိပ်တန်းခေါင်းဆောင် ဟောင်း များ ဖြစ်ကြတဲ့ ကိုသက်ထွန်းနဲ့ ကိုဇော်မင်းတို့ နှစ်ဦးစလုံး ဟာ ပင်မဆွေးနွေးသူများအဖြစ်နဲ့ သူတို့ရဲ့ နိုင်ငံရေးအမြင်များကို ရင်းရင်းနီးနီး နှီးနှောဖလှယ်ခဲ့ကြခြင်းပဲဖြစ်ပါတယ်။ ဒါဟာထူးခြားတဲ့ ဖြစ်ပေါ်တိုး

တက်မှုပါ။ သူတို့နှစ်ဦး ပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာတာဟာ သူတို့ပါဝင်ပတ်သက်နေတဲ့ ကွန်ရက်ကြီး၂ ခု ပူးပေါင်းလုပ်ဆောင်ဖို့ အတွက် အင်မတန်ကောင်းမွန်တဲ့ လမ်းစတစ်ခု ဖြစ်ပါတယ်။

ယူတီကာလှုပ်ရှားမှုဟာ အမေရိကန် ဒီမိုကရက်တစ်ပါတီရဲ့ Causus ပုံစံ စုစည်းမှုကို အတုယူထားတာ ဖြစ်ပါတယ်။ လူ ရွေးပြီးဖိတ်ပါတယ်။ ပဏာမအဆင့်ကာလ အတိုင်းအတာ တစ်ခုအထိ အမေရိကန်ပြည် ထောင်စုအရှေ့ဖက် ခြမ်းဒေသတွေတစ်လျှောက်မှာ ရှိတဲ့မြို့တွေမှာ တွေ့ဆုံနှီးနှောပွဲတွေလုပ်သွားမှာ ဖြစ်ပါတယ်။ ယနေ့မြန်မာ့ လူ့အဖွဲ့စည်းရဲ့ ဒီမိုကရေစီခရီးဟာ ခြိမ်းခြောက်မှုပေါင်းများ စွာနဲ့ ရင်ဆိုင်နေရတဲ့ အခုလိုကာလမှာ ယူတီကာလှုပ် ရှား မှုများစွာ တိုးမြှင့်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

။ ။

# ယူတီကာလုပ်ရှားမှုမှ အတွေးအမြင်အယူအဆများ

အမေရိကန်အရှေ့ခြမ်း ၈၈ မျိုးဆက်တစ်စု ယူတီကာမြို့ကလေးမှာ နိုင်ငံရေးနှီးနှောဖလှယ်ပွဲကလေးတစ်ခု ကျင်းပခဲ့ကြတာနဲ့ပတ်သက်ပြီး ယခင်အပတ်က "အမေရိကန်အရှေ့ခြမ်းရောက် ၈၈ မျိုးဆက်တစ်စု၏ ယူတီကာလှုပ်ရှားမှု သို့မဟုတ် ဒီမိုကရေစီခုခံရေးစစ် ကြောင်း" ဆိုပြီး အဲဒီလှုပ်ရှားမှုဖြစ်စဉ်ကလေးအကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ အဲဒီဆွေးနွေးပွဲမှာ ဆွေးနွေးပြောဆိုခဲ့မှုများကို အနှစ်ချုပ်ပြီးရေးသားတင်ပြ လိုက်ပါတယ်။

သမားရိုးကျဆန်နေတဲ့ ပြည်ပနိုင်ငံရေးလှုပ်ရှားမှုများမှ ခွဲထွက်ပြီး သစ်လွင်တဲ့နိုင်ငံရေးလှုပ်ရှားမှုတစုအစပျိုးဖို့ 88 GSE (88 Generation Student Exile) အမှုဆောင်ယခင်က အယူအဆရှိခဲ့တာကိုအစပျိုးအကောင်အထည်ဖော်တဲ့အနေနဲ့ အမေရိကန်အရှေ့ဖက်ခြမ်းက ၈၈ မျိုး ဆက်တစ်စု ဒီနှစ်အောက်တိုဘာ ၅ ရက်နေ့က နယူးယောက်ပြည်နယ် အထက်ပိုင်းက ယူတီကာမြို့ကလေးမှာ နိုင်ငံရေးနှီး နှောဖလှယ်ပွဲတစ်ခုပြုလုပ်ဖြစ်ခဲ့ပါတယ်။ ယခင်က GSE အမျိုးယူဆခဲ့တာက စစ်အစိုးရတွေကနေ အဆင့်ဆင့်အသွင် ပြောင်းလာတဲ့ ယခုအာဏာရပြည်ခိုင်ဖြိုးအင်အားစုဟာ အတိုက်အခံအင်အား စုတွေအပေါ်ထောင့်ပေါင်းစုံကနေ နိုင်ငံ ရေးအရတိုးစစ်ဆင် ချေမှုန်းတဲ့သဘောရှိနေတယ်၊ ဒါကြောင့် ကျွန်တော်တို့ ကလည်း ဒီမိုကရေစီခုခံရေးအင်အားစု တွေစုစည်းပြီး စနစ်တကျခုခံရမယ်။ အဲဒီလို ခုခံနိုင်ဖို့ ပြည်ပရောက် ၈၈ မျိုးဆက်တိုက်ပွဲဝင်ဟောင်းတွေကိုအသွင် တစ်မျိုးနဲ့ ပေါင်းစပ်စုစည်းနိုင်ဖို့ စတင်ကြိုးပမ်းတဲ့အနေနဲ့ ယူတီကာလှုပ်ရှား မှုကိုစတင်ခဲ့ကြတာဖြစ်ပါတယ်။ လှုပ်ရှားမှုစနိုင်ဖို့အတွက် ကျွန်တော်တို့ကို ထောက်ခံအားပေး မယ့်အမေရိကန်ပြည် ထောင်စုအရှေ့ခြမ်း မြန်မာ Community များရဲ့ခေါင်းဆောင်တွေ ချဉ်းကပ်ခဲ့ရာမှာနောက်ဆုံးတော့ Utica မြို့ မြန်မာရဲ့ Community ခေါင်းဆောင်များဖြစ်ကြတဲ့ ယခင်အောက်ဗမာပြည် ဗကသရဲ့အမှုဆောင်ဟောင်းများလည်းဖြစ်၊ နိုင်ငံရေးအကျဉ်းသားဟောင်း များလည်းဖြစ်ကြတဲ့ ကိုအောင်ကျော်မြင့်နဲ့ မစောစန္ဒာနွယ်တို့ ဇနီးမောင်နှံက ကိုယ်တိုင်ကိုယ်ကျပါဝင်ကူညီဖို့သဘောတူခဲ့လို့ ယူတီကာမြို့ကို ရွေးဖြစ်ခဲ့ကြတာဖြစ်ပါတယ်။ ၉ နာရီလောက်ကြာမြင့်ခဲ့တဲ့ နှီးနှောဖလှယ်ပွဲမှာ

(၁) လက်ရှိဆွေးနွေးပွဲတက် ရောက်သူများအနေဖြင့် မြန်မာပြည်နိုင်ငံရေးတွင် ဆက်လက်

ပါဝင် ဆောင် ရွက်နိုင်မည့်အသွင်သဏ္ဍာန်များ

(၂) မြန်မာ့နိုင်ငံရေးပြောင်းလဲမှု ဖြစ်စဉ် ရောက်နေသည့် ပကတိအခြေ အနေအဆင့်ကို သုံးသပ်ခြင်း

(၃) မည်သည့်အခြေအနေမျိုး တွင် Real Change ဖြစ်နိုင်သလဲ

(၄) Real Change ဖြစ်စေနိုင် မည့်အသွင် သဏ္ဍာန်များ၊အင်အားစုများ

(၅) Real Change ကို အဟန့်အတား ဖြစ်စေသောအဓိကအခက်အခဲများ

(၆)အားသာချက်ဘာတွေရှိသလဲ၊ ဘယ်လို အကောင်အထည်ဖော် အသုံးချမလဲ

(၇) နိုင်ငံတကာရောက် ၈၈ မျိုး ဆက်များ အကြား ပူးပေါင်းဆောင်ရွက် နိုင်မှုအခြေ အနေ၊ ထိရောက်စွာလုပ်ဆောင်မည့် နည်းလမ်းများ (SWOT ပုံစံဖြင့်ဆွေးနွေး)

စတဲ့အချက် ၇ ခုအပေါ်မှာ မူ တည်ပြီး အယူအဆတွေကို နှီးနှောဖလှယ်ခဲ့ကြရာမှာ အကြမ်းဖျင်းအား ဖြင့်အယူအဆ ၃ မျိုး ထွက် လာခဲ့ပါတယ်။

**အယူအဆ(၁)**

မြန်မာ့လက်ရှိ နိုင်ငံရေးအခင်း အကျင်းမှာ ၈၈ မျိုးဆက်တွေအတွက် အားသာချက်တွေ ရှိနေတယ်။ အဲ့ဒီအချက်များကို မိမိရရ ဆုပ်ကိုင် ပြီး တိုင်းပြည်ပြည်သူ့အခွင့်အရေးရရှိဖို့ လုပ်ဆောင် သွားရန် ထိုသို့လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတ ကာရောက် ၈၈ မျိုးဆက်များအကြား ထိရောက် စွာပူးပေါင်းလုပ် ဆောင်ရေးဖြစ်ပါတယ်။

**အယူအဆ(၂)**

ပြည်ပမှာ ဒီမိုကရေစီခုခံရေး အင်အားစုများ စနစ်တကျတည်ဆောက်ပြီး ပြည်တွင်းမှာရှိနေတဲ့ ၈၈ မျိုးဆက် ဒီမိုကရေစီအင်အားစုတွေ အင်အားကြီးမားလာအောင် ပိုင်းရန်ပံ့ပိုးကူညီပြီး ပြည်သူ့ ဘက်တော်သားတွေ ဥပဒေတွင်း နိုင်ငံ ရေးနည်းအားဖြင့် အောင်ပွဲရရှိဖို့

**အယူအဆ(၃)**

အခုလက်ရှိ ပြည်နိုင်ဖြိုးနဲ့ သူ့ရဲ့ မဟာမိတ် များအပေါ် ဆက်လက်တိုက်ပွဲဆင်ရင်းစစ်မှန်တဲ့ဒီမို ကရေစီအင်အားစု များအောင်ပွဲခံဖို့ဖြစ်ကြပါတယ်။ အချက် ၁ ၂ ၃ ၄ တွေအပေါ် ဆွေးနွေးခဲ့မှုတွေ ကနေအယူအဆ ၁၊ ၂၊ ၃ တို့ ဖြစ် ခဲ့ပေါ်ခဲ့တာ ပါ။ အချက် ၅၊ ၆ တွေကို ဆွေးနွေးတဲ့အခါမှာ တော့ မကြာမီကမှ ပြည်တော်ပြန်ခဲ့ကြသူ အချို့ က ပြည်တွင်းက လေ့လာတွေ့ရှိခဲ့တဲ့ အခြေအနေ တွေကို ထည့်သွင်း ဖော်ပြရင်း ပြည်တွင်းမှာရှိတဲ့ ၈၈ မျိုး ဆက်နိုင်ငံရေးအင်အားစုတွေရဲ့ ရပ် တည်ရှင်သန်မှုကိစ္စကို အဓိကထားပြီး ပြောခဲ့ကြ ပါတယ်။ ဘာကြောင့်လဲဆိုတော့ အတွင်းမှ လှုပ်ရှားနိုင်မှုသည်သာ ရှေ့ဆက်သွားရမယ့် ဒီမို ကရေစီ နိုင်ငံရေးခရီးအတွက် အရေးဖြစ်တယ်ဆို တာ တက်ရောက်လာတဲ့ ပြည်တော်ပြန် တွေက အလေးအနက် သဘောပေါက် ထားလို့ပါပဲ။ ပြည်တော်ပြန်များရဲ့ ပြောပြချက်တွေအရ ဆွေးနွေးပွဲက အချက် ၅၊ ၆ နဲ့ ဆက်စပ်နေတဲ့ အခုလို အချက်တွေရခဲ့ပါတယ်။ ၈၈ မျိုးဆက် နိုင်ငံရေးအင်အားစုတွေဟာ ရေရှည် Professional နိုင်ငံရေးလုပ်ဖို့အရေးမှာ မိမိဘဝရှင်သန် တည်ရေးကို မဖြစ်မနေ ထည့်သွင်းစဉ်းစားလာရ တယ်။ အဲဒီလို စဉ်းစားရတဲ့အခါ မပြည့်စုံတဲ့ သူများက အများစုဖြစ်လို့ မိမိရပ်တည် ရေးအတွက် ဦးစားပေးရတဲ့အတွက် နိုင်ငံရေးမှာ

အချိန်ပြည့်မလုပ်နိုင်တော့တာ ဖြစ်လာတယ်။ အချိန်ပိုင်းသာလုပ်နိုင်ပြီး စိတ်ဓါတ်အရင်းခံမှ တပါး အခြားသောလိုအပ်တဲ့ အရင်းအမြစ် တွေ လုံလုံလောက်လောက်စိုက် ထုတ်မထားနိုင်တဲ့ အတွက် ဘက်စုံကြွယ်ဝနေပြီဖြစ်တဲ့ အာဏာရ နိုင်ငံရေးအင်အားစုနဲ့ ရေရှည်ယှဉ်ပြိုင်ဖို့ အားနည်း လာတယ်။ အဲဒီလိုအားနည်းချက်တွေက ဒီမိုက ရေစီအသွင်ကူးပြောင်းရေးကာလရဲ့ အဓိကနိုင်ငံ ရေး အင်အားစုကြီးဖြစ်လာရမယ့် ၈၈ အင်အားစု တွေကို အဟန့်အတားဖြစ်နေတဲ့အတွက် ပြောင်းလဲမှုဖြစ်စဉ်မှာ တိုက်ပွဲဝင်ခဲ့သူ တွေ အရာ မရောက်ဖြစ်နေတယ်။ အထက်ပါအချက်အလက် တွေဟာ ၈၈ မျိုးဆက်များရဲ့ ပြည်တွင်းပြည်ပ လှုပ်ရှားမှုတွေ ဆက်သွယ်ပေါင်းစပ်ပြီး ဒီမို ကရေစီခုခံရေးအတွက် ပြင်ဆင်ကြရာမှာမဖြစ် မနေ ထည့်သွင်းစဉ်းစားရမှာ ဖြစ်တဲ့အတွက် နောက်တစ်ကြိမ်နှီးနှောပွဲမှာ ထည့်သွင်းဆွေးနွေး မှာဖြစ်ပါတယ်။ ယခုတီကာတွေ့ဆုံမှုကနေ အစ ပြုပြီး မြန်မာပြည်တွင်းက အပြောင်းအလဲတွေ အပေါ် ဆွေးနွေးသုံးသပ်ကြတဲ့ နှီးနှောဖလှယ်ပွဲ တွေ ပြည်ပရောက် ၈၈ မျိုးဆက်တွေအကြားမှာ မကြာမကြာပြုလုပ်နိုင်ရင် မြန်မာ့နိုင်ငံရေးအတွက် အထောက်အကူပြုနိုင်တဲ့ အကြံတွေ အလုပ်တွေ ထွက်လာ နိုင်တယ်လို့ ယခုတီကာလှုပ်ရှားမှု စီစဉ် သူများက ယူဆကြပါတယ်။

။ ။

# ၈၈ မျိုးဆက်များ ဘယ်လမ်းရွေးမလဲ

ယနေ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းဟာ ပင်မနိုင်ငံရေးပါတီကြီးနှစ်ခုရဲ့ ဇာတ်ခုံလိုဖြစ်နေပါတယ်။ မြန်မာပြည်သူတွေအနေနဲ့ ရွေးချယ်စရာတတိယနိုင်ငံရေးအင်အားစု၊ ဆိုလိုတာက လောက်လောက်လားလားရှိတဲ့ တတိယနိုင်ငံရေးအင်အားစုမရှိသေးတာကို ထင်ထင်ရှားရှား သတိထားမိပါတယ်။ တတိယအင်အားစုဆိုတဲ့ ကိစ္စကို စဉ်းစားလိုက်တော့ ပြန့်ကျဲနေတဲ့ ၈၈ မျိုးဆက်တွေကို အရင်ဆုံးမြင်မိပါတယ်။ ကျွန်တော်ဟာ ၈၈ မျိုးဆက်ပါ။ မြန်မာနိုင်ငံရေး ရာဇဝင်အပြောင်းအလဲရဲ့ အဓိကဇာတ်ကောင်တွေ ဖြစ်ခဲ့သူတွေအနေနဲ့ အနာဂတ်နိုင်ငံရေး ရဲ့နောက်ထပ်အင်အားစုကြီးတစ်ခုအနေနဲ့ ပေါ်ထွက်လာနိုင်မည်ဆိုလျှင် တိုင်းပြည်အတွင်းအများကြီး အကျိုးဖြစ်စေမယ်လို့ ယုံကြည်မိတဲ့အတွက် ဒီစာကို ရေးဖြစ်ပါတယ်။ ၈၈ အင်အားစုတွေဟာ ပြည်တွင်းပြည်ပမှာ အတွေ့အကြုံရှိ သူတွေ၊ လုပ်ရည်ကိုင်ရည်ရှိသူတွေအဖြစ်နဲ့ အသီးသီးရှိနေကြပါတယ်။

၁။ ယနေ့ ၈၈ မျိုးဆက်တွေဟာ အနာဂတ်မြန်မာပြည်အတွက် စုစည်းတဲ့နိုင်ငံရေးပါတီအနေနဲ့ ရပ်တည်သင့်ပါတယ်။

၂။ ပါတီထူထောင်ရာမှာ အစဉ်အလာ သမားရိုးကျဖြစ်နေတဲ့ ဘယ်သူခေါင်းဆောင်ပြီး ဘယ်သူနောက်လိုက်လုပ်မယ်ဆိုတဲ့ ပြဿနာကိုလည်း ရိုးရိုးရှင်းရှင်း ဖြေရှင်းဖို့ လိုအပ်ပါတယ်။

၃။ တစ်ဦးချင်းသူရဲကောင်းလုပ်နေတာဟာ မသေခင်နာမည်တစ်လုံးပိုက်ပြီး လုပ်စားကိုင်စားအဆင့်လောက်ကနေ ဒီထက်ပိုပြီးရှေ့မတက်နိုင်ပါ။

၄။ ၈၈ တွေပူးပေါင်းပြီး ထုနဲ့ထည်နဲ့ လုပ်နိုင်မှ စနစ်တကျတည်ဆောက်ထားတဲ့ အင်အားကြီးဒီမိုကရေစီတွေကို ယှဉ်ပြိုင်ပြီး တိုင်းပြုပြည်ပြု အခွင့်အရေးကို ရနိုင် ပါမယ်။

၂၀ ရာစုမြန်မာနိုင်ငံရေးသမိုင်းမှာ နိုင်ငံရေးရာဇဝင် ကြီးတစ်ခုလုံး ပြောင်းလဲစေခဲ့တဲ့ အရေးတော်ပုံကြီး နှစ်ရပ်ပေါ်ခဲ့ပါတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံနဲ့ ၈၈ အရေးတော်ပုံတို့ဖြစ်တယ်လို့ဆိုရင် ကျွန်တော်မှားမယ်မထင်ပါ။ ၁၃၀၀ ပြည့်အရေးတော်ပုံက လုံးဝလွတ်လပ်ရေးဆိုတဲ့ နိုင်ငံရေးလမ်းကြောင်းကို အခိုင်အမာဖြစ်စေခဲ့ပါတယ်။ ၁၃၀၀ ပြည့်မျိုးဆက်တွေဟာ အဲဒီတိုက်ပွဲကနေ ဆက်လက်ပြီး ခရီးဆုံးပန်းတိုင်ဖြစ်တဲ့ လွတ်လပ်ရေးတိုက်ပွဲကို အဆုံးအထိ ဦးဆောင်ဆင်နွှဲသွားခဲ့ပြီး လူထုကို ဦးဆောင်ခဲ့တယ်။ ၈၈ မျိုးဆက်ကတော့ ကွဲပြားခြားနားသော ဖြစ်စဉ်တွေရှိခဲ့ပါတယ်။ ၈၈ တွေအနေနဲ့ ခရီးဆုံးပန်းတိုင်ဖြစ်တဲ့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ဆီကို လူထုခေါင်းဆောင်တွေအဖြစ်နဲ့ ဆက်လက်လျှောက်လှမ်းသင့်ပါတယ်။ ဒါကြောင့် လုပ်ရည်ကိုင်ရည်ရှိ အတွေ့အကြုံရှိတဲ့ ၈၈ တွေပေါင်းပြီး နိုင်ငံရေးပါတီ သို့မဟုတ် ဥပဒေတွင်း

နိုင်ငံရေးအင်အားစုကြီး တည်ဆောက်ဖို့သင့်ပါတယ်။ ၈၈ အင်အားစုတွေလို့ ဆိုနေတဲ့နေရာမှာ ယနေ့မှာစည်းကြီးနေတဲ့ ၈၈ အင်အားစုတွေ သာမက မြို့ကျဲနေတဲ့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ ဥပမာနိုင်/ကျွန်း၊ လူဘောင်သစ်လို ပါတီတွေ၊ ကိုနေမျိုးဝေတို့ပါတီလို မျိုးတွေအားလုံးကိုဆိုလိုတာပါ။ သမားရိုးကျဆန်ဆန် ဘယ်သူဦးဆောင်ပြီး ဘယ်သူ နောက်လိုက်မယ် ဆိုတဲ့ပြဿနာပေါ်ပေါက်လာတာရဲ့ အဓိကပြဿနာက ပါတီတည်ဆောက်ရေး ကိစ္စတွေမှာသာ ရပ်တန့်ပြီးလည်နေတာက အဓိကဖြစ်ပါတယ်။ ပါတီဖွဲ့နိုင်တဲ့အခါ အုပ်စုနှစ်စုခွဲပြီး လုပ်သွားသင့်ပါတယ်။ တစ်ခုက ပါတီတည်ထောင်ရေးနဲ့ တည်တံ့ရေးကို လုပ်ကိုင်ဖို့ နောက်တစ်စုက တိုင်းပြုပြည်ပြု အခွင့်အရေးရဖို့ လွှတ်တော်အတွင်းဝင်နိုင်အောင်၊ တစ်နည်းပြောရလျှင် ရွေးကောက်ပွဲနိုင်ဖို့ကိစ္စကို အာရုံစိုက်သွားမယ်ဆိုရင် ခေါင်းဆောင်ရေး နောက်လိုက်ရေးပြဿနာ လျော့နည်းသွားမယ်လို့ ယူဆပါတယ်။ ယခုလက်ရှိ အာဏာရပြည်ခိုင်ဖြိုးပါတီဟာ အဲဒီလို ရေရှည်ခရီးဆက်သွားနိုင်တဲ့ပါတီတစ်ခုဖြစ်ပါတယ်။ ပေါင်းလုပ်ဖို့နဲ့ ၂ စုခွဲပြီး အလုပ်လုပ်ဖို့ လိုအပ်တဲ့ နောက်အကြောင်းပြချက်တစ်ခုကတော့ ၈၈ အင်အားစုတွေအနေနဲ့ နောက်အနာဂတ်မျိုးဆက်သစ်တွေ မွေးဖွားထားတာ ဒါမှ မဟုတ်စီမံကိန်းချပြီး စနစ်တကျလေ့ကျင့်ပေးထားနိုင်တာ မရှိသေးလို့ ပါတီတည်တံ့ခိုင်မြဲရေးဆောင်ရွက်မယ့် အစုအနေနဲ့ပါတီနိုင်ငံရေးတွေ လုပ်ကိုင်ရင်း တိုင်းပြည်ရဲ့ အနာဂတ်အတွက် မျိုးဆက်သစ်တွေ မွေးဖွားဖို့ လုပ်ရမှာဖြစ်ပါတယ်။ ၈၈ တွေအနေနဲ့ အောင်မြင်ချင်ရင်တော့ ပေါင်းလုပ်ရပါမယ်။ နာမည်ကြီးတာနဲ့ လူတစ်ဦးချင်း ဩဇာတိက္ကမကြီးမားမှုက ကွာခြားပါတယ်။ ဥပမာ-ဒေါ်ဆောင်ဆန်းစုကြည်ရဲ့ အနေအထားဆိုရင် သူမရဲ့ပုဂ္ဂိုလ်ရေးဩဇာတိက္ကမဟာ သူမပါတီထက်ကြီးမားပါတယ်။ သူလိုဩဇာကြီးမားသူဆိုရင်တော့ တစ်သီးပုဂ္ဂလဆောင်ရွက်နေရင်တောင် လွှတ်တော်ထဲမှာ အမြဲနေရာရနေနိုင်ပါတယ်။ တစ်ဖက်က ပြည်ခိုင်ဖြိုးပါတီကတော့ တစ်ယောက်ချင်း နာမည်အရှိန်အဝါနဲ့ ရပ်တည်တာမဟုတ်တဲ့ Team-work နဲ့သွားနေတာဖြစ်ပါတယ်။ ၈၈ တွေအနေနဲ့ အရှိန်အဝါကြီးတဲ့ နိုင်ငံရေးအင်အားစုကြီး ကြီးမိုးတဲ့ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ တိုးနိုင်ဖို့ဆိုတာ **တိုက်ပွဲလမ်းကြောင်းတစ်ခု တည်းကလာခဲ့သူတွေ ကျောချင်းကပ်ထားပြီး ပေါင်းလုပ်ရပါလိမ့်မယ်။ တစ်ဦးချင်းတစ်ယောက်ချင်း တစ်ကိုယ်တော် သူ့ရဲ့ကောင်းလုပ်နေမှုကြောင့် ဘယ် ၈၈ အင်အားစုမှ အောင်ပွဲမရနိုင်ပါဘူး။** ဘယ်လိုမှ စည်းရုံးပြောဆိုသိမ်းသွင်းလို့မရတဲ့ ၈၈ တွေကိုလည်း ပြတ်ပြတ်သားသားချန်ထားခဲ့ဖို့လည်း လိုကောင်းလိုအပ်ပါလိမ့်မယ်။

ညီညွတ်တဲ့စည်းလုံးတဲ့ ၈၈ အင်အားစုကို ဖွဲ့နိုင်မှသာ တိုင်းပြုပြည်ပြု အာဏာကိုရဖို့အတွက် ယှဉ်ပြိုင်ရာမှာ အုံနဲ့ကျင်းနဲ့ ထုနဲ့ထည်နဲ့ ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ အုံနဲ့ကျင်းနဲ့ ထုနဲ့ထည်နဲ့ မရပ်တည်ပေးနိုင်မှုကြောင့် ၈၈ မျိုးဆက်တချို့ ၂၀၁၀ မှာ အောင်ပွဲနဲ့လွဲခဲ့ရတာ အထင်အရှားပါ။ ဥပမာ တောင်ဥက္ကလာပမှာ ၈၈ မျိုးဆက် ဦးကောင်းမြင့်ထွဋ် ပြည်ခိုင်ဖြိုးက ဦးအောင်သိန်းလင်းကို ရှုံးခဲ့ရတာ။ ၈၈ မျိုးဆက် ရကသခေါင်းဆောင်ဟောင်း ကိုတင်ဆန်း၊ ပြည်ခိုင်ဖြိုး ဒေါ်လှဲလှဲဝင်းဆွေကို တာမွေမှာ ရှုံးခဲ့ရတာ။ ၈၈

မျိုးဆက် ကိုအေးလွင်တို့ပါတီအရေး နိမ့်ခဲ့ရတာ မျိုးတွေက ထင်ရှားတဲ့ဥပမာတွေပါ။ နိုင်ငံရေးမှာ လူထုနဲ့ နိုင်ငံရေး အင်အားစုဆိုတာ အမြဲထိစပ်နေဖို့လိုအပ်ပါတယ်။ ဥပမာ ၂၀၁၅ မှာ မလုပ်ဘူး၊ ၂၀၂၀ မှာ လုပ်မယ်ဆိုတာ စိတ်ကူးယဉ် ဆန်လွန်းပါတယ်။ နိုင်ငံရေးလှုပ်ရှားမှုတွေ များများစားစားမရှိဘဲ လူထုကြားမှာ နိုင်ငံရေးခေါင်းဆောင်တွေအဖြစ် ရေရှည်ရပ်တည်နိုင်ဖို့ ခက်ပါလိမ့်မယ်။

တကယ်တော့ တစ်ချိန်တစ်ခါက ၈၈ တွေကွဲခဲ့တယ်ဆိုတာလည်း သေသေချာချာတွက်ကြည့်ရင် ခေါင်းဆောင်လုပ်တဲ့သူတွေ စစ်စစ်ပေါက်ပေါက်ပြောရင် လူ ၁၀၀လောက်အကြားမှာ အချင်းချင်းလှည့်ပြီးရန်ဖြစ်နေခဲ့ ကြတာပါ။ အခုတော့ ညီရမယ့်အချိန်၊ ပေါင်းလုပ်ရမယ့် အချိန်ကို ရောက်နေပါပြီ။ ဒီလိုမှမဟုတ်ရင်တော့ ၈၈ မျိုးဆက်တွေဆိုပြီး တိုင်းပြည်ကို အုပ်ချုပ်ဖို့နေနေသာသာ ရပ်ကွက်တစ်ခုကိုတောင် အုပ်ချုပ်ဖို့ခက်ခဲပါလိမ့်မယ်ဆိုတာ ကျွန်တော် ၈၈ မျိုးဆက်တစ်ဦးအနေနဲ့ ရိုးရိုးရှင်းရှင်းမြင်မိပါတယ်။

။ ။

# ပြည်တော်ပြန်တစ်ဦး၏ အမေ့အိမ်စကားဝိုင်းကလေး

*နှစ်ပေါင်း ၂၀ နီးပါး အစေးရောက် (ယခင်အစိုးရဟောင်းများက ပြည်ပြေးဟု သမုတ်သည်) ဘဝ၌ နိုင်ငံနှစ်ခုကူးပြောင်းနိုလှုံခဲ့ပြီးနောက် ယနေ့လက်ရှိအုပ်စိုးလျက်ရှိသော ဒီမိုကရေစီအစိုးရသား သစ်က မကြာသေးမီကမှ ကျွန်တော့်ကို မိဘရပ်ထံသို့ ခေတ္တသွားရောက်လည်ပတ်ခွင့်ပြုခဲ့ပါသည်။ နယူးယောက်မြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှ စစ်ဆေးမေးမြန်းမှုများစွာမရှိဘဲ ဗီဇာထုတ်ပေးခဲ့ပါသည်။ နယူးယောက်မှသည် ဘန်ကောက်၊ ဘန်ကောက်မှ ရန်ကုန်သို့ MAI လေကြောင်းဖြင့် ပြည်တော်ပြန်ခဲ့ သည်။ ဘာမှ စိတ်အနှောင့်အယှက်မရှိဘဲ ရန်ကုန်လေဆိပ်သို့ဆိုက်ခဲ့သည်။*



ကျွန်တော် တိုင်းပြည်မှထွက်ခွာခဲ့ ရစဉ်က ထိုင်း-မြန်မာ နယ်ခြားကို ဖြတ်ကျော်၍ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ယခင်က ရန်ကုန်လေဆိပ်မည်မျှကောင်းသည်ကို ကျွန်တော် မသိပါ။ သို့သော် ထိုင်းနိုင်ငံ လေဆိပ်များနှင့်ယှဉ်လျှင်တော့ နောက်မှာများစွာကျန်ရစ်နေ သေးသည်ကိုတော့ ချက်ချင်းသတိပြုမိသည်။ လေယာဉ်မှူးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေ ဆိပ်သို့ ဆင်းသက်ပါတော့မည်ဟုဆို လိုက်သည့်အချိန် လေယာဉ်ပြတင်းမှတစ်ဆင့် ကျိုးတိုးကျဲတဲ လျှပ်စစ်မီးရောင်များကို ဟိုနားတစ်စ ဒီနားတစ်စ တွေ့လိုက်ရပါသည်။ ခြော်ဒါ ရန်ကုန် လေဆိပ်ကိုးဟု စိတ်ထဲမှ ရေရွတ်မိသည်။ အို ဒါဘာမှအရေးသိပ်မကြီးပါဘူး။ တို့တိုင်းပြည်က အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်ရှိနေသေးတာကို က အဆိုးထဲက အကောင်းပါ။ တိုင်းပြည်ငြိမ်းချမ်းသွားရင် ဖွံ့ဖြိုးတိုးတက်ရေးတွေက တစ်ခုချင်းဆက်တိုက်လာမှာပါလေဟုသာ စိတ်ထဲမှာ ကိုယ့်ဟာ ကိုယ်အားပေးရင်း စိတ်ဖြေရသည်။ လေယာဉ်ဝန်ထမ်းများ အပြောအဆို ချိုသာယဉ်ကျေးသလောက် လေယာဉ် Jet Bridge မှ အထွက်စတွေ့လိုက်ရသော လုံခြုံရေးဝန်ထမ်း၏အကြည့်က ယခင်စိုလ်ချုပ်ကြီးခင်ညွန့်၏ မြန်မာဂတ်စတာပိုများ ကြီးစိုးခဲ့သည့် ခေတ်ဆိုးကြီးကို ချက်ချင်း ပြန်ပြောင်းသတိရသွားစေသည်။ ခြော်ဒါကလည်း ဆံပင်ရှည်ရှည် ဖိုရိုဖားရားနဲ့ မို့လို့ ဒီလူမျက်စိနောက်တာဖြစ်မှာပေါ့ လေဟုသာစိတ်ဖြေမိသည်။ ထိုနေရာမှလွန်၍ လေဆိပ်အတွင်းသို့ရောက် လျှင်ရောက်ချင်း အရပ်ဝတ်နှင့် လူတစ်ဦးလာနှုတ်ဆက်ပြီး ကျွန်တော့်နာမည်ကို သေချာအောင်မေးသည်။ ခင်ဗျားအမေ စောင့်နေတယ်ဟုပြောသည်။ ဆက်ဆံရေး ကောင်းသဖြင့် လေဆိပ်ဝန်ထမ်းဟုထင်မိသည်။ အမေပြောမှ ထိုသူသည် လေဆိပ်ထောက် လှမ်းရေးအရာရှိဟု သိရသည်။ ထိုအရာရှိကပင် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ကောင်တာသို့ လိုက်ပို့လာပြီး ပတ်စ်ပို့ပေါ်၌ လိုအပ်သည့်ပြည်ဝင် တံဆိပ်တုံးများနှိပ်ပေးပြီး ကောင်းမွန်စွာ နှုတ်ဆက်၍ ပြသနာရှိခဲ့လျှင်

သူတို့ကို အကြောင်းကြားနိုင်ပါသည်ဟု ပြောသည်။ ကျွန်တော်၏ ပြည်ဝင်ခြင်း ကိစ္စကားချောမောစွာပြီးစီးခဲ့ပြီ။

လာကြိုကြသူ ၅၀ ကျော်လောက် ရှိပြီး အားလုံးလိုလိုမှာ ယခင် ၈၈ တိုက်ပွဲများအစကတည်းက ပါဝင်ခဲ့ကြသည့် သူအများစု၊ ၈၈ မွင့်လင်း၊ နိုင်ကျော်၊ နိုင်ချုပ် စသည်အားဖြင့် ယနေ့ ဆက်လက်လှုပ်ရှားရပ်တည်နေသူများ။ လူစု ခွဲချိန်ကျတော့ ကဲ..မင်းဘယ်မှာ တည်းမှာလဲ၊ တစ်ဦးကမေးတော့ ကျွန်တော် အမေ့အိမ်မှာ တည်းပြီးနောက်ရက်ကျမှ စျေးသင့်တဲ့ဟိုတယ်လေးဖြစ်ဖြစ် Guest House ကလေးတစ်ခုဖြစ်ဖြစ်ရှာပြီးတည်းမယ်။ အမေ့အိမ်ရှိရာ ဒဂုံမြို့သစ်သို့ လိုက်တည်းဖြစ်သည်။

ကျွန်တော် ဒဂုံမြောက်ပိုင်းမှ ထွက်ခွာသွားခဲ့သည့် နှစ်ပေါင်း ၂၀ နီးပါးအတွင်း နဝတ နယကနှင့် ယခုပြည်ခိုင်ဖြိုး အစိုးရများလက်ထက်တွင် မြို့သစ်သည် မြို့၏ရုပ်လုံးသိပ်မပေါ်သေးပေ။ ကျွန်တော်သည် တောင်ဥက္ကလာပသားဖြစ်သည်။ တောင်ဥက္ကလာပသည် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ (စစ်အစိုးရ) တည်သောမြို့ဖြစ်သည်။ ကျွန်တော်သည် စစ်အစိုးရတည်သောမြို့တွင် မွေးဖွားကြီးပြင်းခဲ့ပြီးနောက်ထပ် စစ်အစိုးရတစ်မျိုးဖြစ်သော နဝတစစ်အစိုးရတည်သော ဒဂုံမြို့သစ်မြောက်ပိုင်းတွင် မြန်မာပြည်မှ ထွက်မပြေးခင် ခေတ္တခဏနေခဲ့ရဖူးသည်။ စစ်အစိုးရများတည်သော မြို့များပင်ဖြစ်သော်လည်း တောင်ဥက္ကလာပ၏ ဖွံ့ဖြိုးတိုးတက်လာမှုသည် ဒဂုံတောင်၊ မြောက်စသော ဂျူနီယာစစ်အစိုးရများတည်သော မြို့များထက်အဆပေါင်းများစွာ သာလွန်သည်ဟု ထင်ပါသည်။ အမေ့အိမ်၌ တည်းမိဖြစ်ပါသည်။ အိပ်ပင်မအိပ်ဖြစ်။ တစ်ညလုံးနီးပါး နိုင်ငံရေးစကားများသာပြောဖြစ်ခဲ့သည်။ အမေ့ အိမ်သို့ဝင်လျှင်ဝင်ချင်းအထူးခြားဆုံး ပြောင်းလဲမှုတစ်ခုကို ချက်ချင်းသတိပြု မိသည်မှာအိမ်ဦးခန်း၌ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံချိတ်ဆွဲထားခြင်းပင်။ ကျွန်တော်တို့တစ်အိမ်သားလုံး NLD ကိုသော်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုသော်လည်းကောင်း လုံးဝထောက်ခံခဲ့သူများမဟုတ်ကြပါ။ သို့သော် အချိန်ကာလနှင့် ဖြတ်သန်းမှုများသည် ထိုသို့သော သဘောထားကို ပြောင်းလဲဖို့ဖြစ်လာခဲ့သည်။ ကျွန်တော့် အဖေသည် ၁၉၉၅ ခုနှစ်လောက်ကတည်းက NLD နှင့်ဒေါ်အောင်ဆန်းစုကြည်ကိုစတင်ထောက်ခံခဲ့ပြီး ၎င်း ကွယ်လွန်ချိန်အထိ သဘောထားမပြောင်းခဲ့ပါ။ ဒုတိယပြောင်းလဲသူမှာ ကျွန်တော်ဖြစ်ပါသည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲဝင်ရန် ဒေါ်အောင်ဆန်း စုကြည်ဆုံးဖြတ်လက်ခံခဲ့ချိန်မှစ၍ သူမနှင့်တကွသူမ၏ပါတီကို ကျွန်တော် လုံးဝထောက်ခံဖို့ဆုံးဖြတ်ခဲ့ပါသည်။

အပြောင်းအလဲဖြစ်ဖို့ရန်ကိစ္စမှာ ကမ်းလှမ်းသော ပြည်ခိုင်ဖြိုးဘက်က ရောလက်ခံခဲ့သည့် NLD အတွက်ပါ လွယ်ကူသည့်ကိစ္စမဟုတ်ပါ။ နိုင်ငံတကာ အကဲဖြတ်များက မြန်မာ့နိုင်ငံရေးရေ့မတိုးနောက်မဆုတ်ဖြစ်နေသည်ဟု မှတ်ချက်ပေးခဲ့ဖူးပါသည်။ ထို့ကြောင့် ယခုဖြစ်ပေါ်နေသော ပြောင်းလဲရေးကိစ္စအထမြောက်လာမှုအတွက် သမ္မတဦးသိန်းစိန်နှင့် တိုင်းပြည်အရေးကို ဦးစားပေးသည့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အား အလေးရောက် ၈၈ မျိုးဆက်ဟောင်း တစ်ဦးအနေဖြင့်ကျေးဇူးတင်ပါကြောင်း၊ ဓာတ်မြေသို့ရောက်လျှင်ရောက်ခြင်း မီဒီယာအချို့ကို တရားဝင်ပြောခဲ့ပါသည်။ အမေနှင့်စကားဝိုင်းကား လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ နီးပါးက စကားဝိုင်းနှင့်မတူတော့။ ကျွန်တော်ထောက်ခံသည့် နိုင်ငံရေးပါတီတစ်ခုအတွက် အိမ်တစ်အိမ်သို့ မဲဆွယ်စည်းရုံးရေးသွားရသည်နှင့် ဝိုတူတော့

သည်။ ကျွန်တော်တိုင်းပြည်မှထွက်ပြေးစဉ်က မူလတန်းကလေးများဖြစ်ကြသော ကျွန် တော့်ညီ၊ ညီမငယ် တို့သည်ယခုအခါ ဘွဲ့ရလူငယ်များဖြစ် လာကြပြီး မဲပေးပိုင်ခွင့်ရှိသောသူများဖြစ်နေကြ ပေပြီ။သူ တို့သည်လည်း ညလုံးပေါက်နိုင်ငံရေး စကားဝိုင်း၏ အဖွဲ့ဝင်များအဖြစ် ဝင်ရောက်ဆွေး နွေးကြသည်။ မေးမြန်းကြသည်။ အမေ ပြောလာသော စကားတချို့မှာ **"မင်း သဘောထားပြောင်း မှုကိုတော့ အမေလက်ခံပါတယ်ကွယ်၊ ဒါပေမဲ့ NLD က ၂၀၁၅ မှာနိုင်ဖို့ဆိုတာ လွယ်ပါ့မလား။ တို့က ပြည် တွင်းမှာနေတဲ့သူတွေဆိုတော့ တို့တွက် တာက မင်းတို့ပြည်ပနဲ့တူချင်မှ တူနိုင် မှာ"။ ၂၀၁၅ မှာ နိုင်မယ် မနိုင်ဘူး ဆိုတာတော့ ၅၀-၅၀ ပဲအမေ။ ပြည် နိုင်ငြိုးက ခေါ်စုပါတီလို ပေါ်ပြူလာ မဖြစ်ပေမဲ့ သူတို့ မဲတည်ဆောက်ထား ပုံက တစ်မျိုးဖြစ်နိုင်တယ်။** ဆိုလိုတာက အာဏာ ရပါတီရော အတိုက်အခံပါတီပါ သူတို့အပိုင်ချုပ် ထားနိုင်တဲ့ မဲတွေရှိပြီးသား။ အနိုင်ရဖို့ဆိုတာ ကတော့ ကြားက ဘယ်ပါတီမှမဝင်တဲ့ မဲဆန္ဒရှင် တွေကို ဘယ်လိုဆွဲဆောင် မလဲဆိုတဲ့အပေါ်မှာ လည်း မူတည်တယ်။ ဒါပေမဲ့ အခုအစိုးရက ဝန်ထုပ်ဝန်ပိုးတွေ အများကြီးထမ်းပြီးခရီးဆက် နေတဲ့သူနဲ့တူနေတယ်။ ဥပမာ ပြည်တွင်း စစ်ဆက်ဖြစ်နေသေးတာ၊ လက်ပံတောင်းတောင် တို့၊ လယ်ယာမြေတွေ သိမ်းထားတဲ့ကိစ္စတို့ စတာတွေပေါ့။NLD တစ်ပန်းသာနေတဲ့ သဘောရှိ တယ်။

**"နိုင်ငံတကာကရော ဘာတွေ လုပ်ကြ မလဲကွာ"**။ နိုင်ငံတကာက ဒီထက်ပိုပြီး စွက်ဖက် လို့ မရနိုင်ဘူး အမေ၊ မြန်မာပြည်က အချုပ်အခြာ အာဏာပိုင်တဲ့ နိုင်ငံတစ်ခုဖြစ်နေတော့ ရွေး ကောက်ပွဲမှာ ဘယ်သူ့ကို အနိုင်ပေးရမယ်လို့ ပြောလို့မရဘူး။ လုပ်လို့ လည်းမရဘူး၊ အခုအနေ အထားနဲ့ ပေါ်ပြူလာဖြစ်မှုအရတော့ NLD နိုင်သွား နိုင်တယ်လို့ ခန့်မှန်းတာပေါ့။ ဒါပေမဲ့ မြန်မာနိုင်ငံရေးရဲ့ကြွေတစ်လှည့်ကြက်တစ်ခုန် သိပ်အပြောင်းအလဲမြန်တတ် တဲ့သဘောကိုလည်း မေ့ထားလို့ မဖြစ်ပြန်ဘူး၊ အခု ၂၀၁၃ ဆိုတော့ နှစ်ဖက် ပါတီတွေ ပြင်ဆင်ချိန်ရသေးတယ်။

**"အခုအစိုးရနဲ့ လွှတ်တော်ခေါင်းဆောင် တွေက သဘောထားကွဲနေတာကရော (Activist တစ်ဦးဖြစ်သူ ညီတစ်ယောက်ကမေး သည်။)** ဒီလိုဖြစ် တတ်တာကိုက နိုင်ငံတကာ မှာဖြစ်လေ့ ဖြစ်ထရှိတတ်တာပဲ၊ လွှတ်လပ်စွာ သဘောထားကွဲလွဲခွင့်သဘောကို သူ တို့ကိုယ်တိုင် လေ့ကျင့်နေတာလည်း ဖြစ်နိုင်တာပဲ။ **"အစ်ကို ကြီးကရော အခု NLD သွားနေတဲ့ လမ်းကြောင်း ကို ဘယ်လိုမြင်လဲ (ကျူရှင်ဆရာ ပေါက်စ ညီကမေးသည်"**။ နိုင်ငံတော် အာဏာရတဲ့အထိ သွားနိုင်ဖို့ ခပ်ပါးပါးလေးသွားနေတယ်လို့ ထင် တယ်လေ။ သူတို့သွားနေတဲ့လမ်းကြောင်းမှာ ပေါ် လာတဲ့ကိစ္စကို ပါးပါးနပ်နပ်ကိုင်တွယ်ပြီး ခရီး ဆက်နေတယ်လို့ ထင်တယ်လေ။ အဲဒီတော့ အချုပ်ကတော့ အခုနက အမေ့ကို ပြောသလို နှစ်ဖက်ပါတီကြီးနှစ်ခုက ကြားမဲဆန္ဒရှင်တွေရဲ့ မဲကို ဆွဲယူနိုင်အောင်ကစားမှာပဲ။ မိုးလင်းလုနီးပါး စကားဝိုင်းကလေးပင်။

"ကောင်းပြီလေ၊ တို့အမျိုးတွေ ဆီ ရောက်လည်း ဒီအကြောင်းတွေ တို့လည်းပိုပြီး ဂယနဂဏ ရှင်းပြနိုင်တာပေါ့"။ အမေနှင့်ပြောခဲ့ရ သော စကားဝိုင်းကားကျွန်တော့်အတွက် အမှတ် တရဖြစ်စေသည်။ စိတ်ခေတ်ခွန်အားကို ဖြစ်စေ သည်။ ကျွန်တော့်မိခင်နှင့်တကွမြန်မာ ပြည်သူများ အားလုံး ဒီမိုကရေစီစနစ် အောက်မှာငြိမ်းချမ်းစွာနေ ထိုင်နိုင်ပါစေ။

။ ။

# တံခါးများ ဆက်လက်ပွင့်စေချင်



ယနေ့မြန်မာပြည်၏ အပြောင်းအလဲသည် သူပုန်တပ်က နန်းတော်ကိုသွားပိုင်း၍ နန်းတော်မှ လူများက အလျှော့ပေးပြီးပြုလုပ်ပေးသောပြုပြင် ပြောင်းလဲမှုမျိုးမဟုတ်ပေ။ နှစ်ဦးနှစ်ဖက်ရှေ့မတိုး နောက်မဆုတ်ဖြစ်နေခဲ့သော အခြေအနေက တိုင်းပြည်အတွက် ကောင်းကျိုးထက်အဆိုးဘက်သို့ပို ရောက်သွားနိုင်သည်ကို နှစ်ဖက်ခေါင်းဆောင်များ ဆင်ခြင်မိကြသည့်အတွက် စစ်ပြေငြိမ်းကာ ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြသည့် ပြုပြင်ပြောင်းလဲရေးမျိုးဖြစ်သည် ဟုဆိုရပါမည်။ ယနေ့ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အလွန်အောင်မြင် နေပါသည်ဟုဆိုပါလျှင် ဘက်လိုက်၍ ပြောရာကျမည်ဖြစ်ပြီးမအောင်မြင်ပါဟုဆိုပြန်လျှင်လည်း ၂၀၁၀ နောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုများကို အပျက်သဘောဖြင့်ငြင်းပယ်ရာကျမည်ဖြစ်ပေသည်။ လက်ရှိကာလဥပဒေတွင်း ပင်မနိုင်ငံရေးအင်အားစုကြီးများဖြစ်ကြသော ပြည်ခိုင်ဖြိုးနှင့် NLD တို့၏ လွှတ်တော်အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အများပြည်သူတို့ အထင်အရှားတွေ့မြင်နေကြရပါသည်။ သို့သော် လောလောလတ်လတ် ဖြစ်ပွား သွားခဲ့သော လျှပ်စစ်မီတာခ ဈေးမြင့် တက်မှုအပေါ် ဆန့်ကျင်ဆန္ဒပြမှုများကဲ့သို့အုပ်ချုပ်ရေးပိုင်း၏ ပြဿနာများကိုလည်း တွေ့မြင်ခဲ့ကြရပြီးတရားစီရင်ရေးကဏ္ဍ၏ ထူးခြားကောင်းမွန်လာမှု အထောက်အထားများကိုလည်း မတွေ့ရှိရသေးပေ။ ထို့ကြောင့်ယနေ့မြန်မာ့ ဒီမိုကရေစီ၏ အာဏာ ၃ ရပ်အနက် ဥပဒေပြုရေး အာဏာနှင့် သက်ဆိုင်သော ပြည်သူ့လွှတ်တော်အတွင်း ဆောင်ရွက်မှုများသည် အခြားအာဏာနှစ်ရပ်ဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ထက်ပို၍ အောင်မြင်နေပေသည်ဟု မှုမှုတတဆိုရပါမည်။ ပြည်ခိုင်ဖြိုးနှင့် အတိုက်အခံ NLD တို့၏ လွှတ်တော်တွင်းပူးပေါင်းဆောင်

ရွက်မှုများအနက်မကြာမီက ပြည်သူ့လွှတ်တော်၌ ကျင်းပခဲ့သော ပညာရေးမြှင့်တင်မှု ကော်မီတီ၏ အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)ညှိနှိုင်း ဆွေးနွေးပွဲသည် ၂၀၁၂ ဧပြီလ နောက်ပိုင်း ဖြစ်ပေါ် တိုးတက်လာခဲ့သည့် ပူးပေါင်းဆောင် ရွက်မှုများ အနက်ပိုမို၍ အပြုသဘောဆောင်သည့် တိုင်းပြည် အကျိုးပြုလုပ်ရပ်ဖြစ်ပေသည်။ အခမ်းအနား၏ ဦးဆောင်သူနှစ်ဦးဖြစ်ကြသော လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လူထုခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်တို့ နှစ်ဦးစလုံး၏ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိစ္စများနှင့် ပတ်သက်၍ မိန့်ကြားသွားခဲ့မှုများသည် အနာဂတ် ပညာရေး ကဏ္ဍအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စများ၊ လုပ်ဆောင်ရမည့်ကိစ္စများ၊ မည်သည့် အခြေနေမှစ ၍ ပြုပြင်ရမည်ဆိုသည်များကို တိတိကျကျမိန့် ကြားသွားခဲ့သည့်အပြင် ဒီမိုကရေစီယဉ်ကျေးမှု ကို အထောက်အကူဖြစ်စေမည့် ပညာရေး သင်ကြားရေးကိစ္စကိုလည်း ၎င်းတို့အနက်မှ ခေါင်းဆောင်တစ်ဦးက ထည့်သွင်းမိန့်ကြား သွားခဲ့ပါသည်။ ၎င်းတို့မိန့်ကြား ခဲ့သည့်အတိုင်း သာ သက်ဆိုင်ရာတာဝန်ရှိသူတို့က တစိုက် မတ်မတ် အကောင်အထည်ဖော်မည် ဆိုပါက နောင်နှစ်ပေါင်း ၂၀ အတွင်း အရည်အချင်းပြည့်ဝ သော ပညာတတ်လူငယ်လူလတ်ပိုင်း အသိပညာ ရှင် အများအပြားမွေးဖွားပေးနိုင်မည်ဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်များ၏ဦးဆောင်မှုအောက်ရှိ လှပသော အနာဂတ်မြန်မာနိုင်ငံတော်အတွက် စိတ်ကူးဖြင့် ကြိုတင်ကြည်နူးစရာဖြစ်ရပါသည်။ ၎င်းတို့ ပြောကြားသွားကြသည့် စကားများက ခေါင်း ဆောင်နှစ်ဦးစလုံး၏စေတနာကို ပြသနေသည့် အပြင် တိုင်းပြည်အကျိုးပြုကိစ္စများအတွက် ကွဲပြားခြားနားသည့်နိုင်ငံရေးအင်အားစုများနှင့် လက်တွဲ လုပ်နိုင်သည်ဆိုသော နိုင်ငံရေးသဘော ထားမျိုးကို ထင်ရှားစွာပြသရာလည်း ရောက်ပေ သည်။ အနာဂတ်ကာလ၌ ဖြစ်လာလတ္တံ့သော ပညာရေးစနစ်သစ်အတွက် ကြိုတင်၍ ပီတိဖြစ် ရသော်လည်း ဤအခမ်းအနား၌ခေါင်းဆောင်များ ၏ မိန့်ကြားသွားမှုမှာ သဘောတရားအား ချပြသွားသည့် အဆင့်၌သာရှိသေးသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရပြန်သေးသည်။ သဘောတရားမှသည် မူဝါဒအဖြစ်ရောက်ရှိလာ စေရန် အဆင့်များစွာဖြတ်သန်း၍ အချိန်ကြာမြင့် ကောင်း ကြာမြင့်နိုင်ပေသည်။ သို့သော်အုပ်ချုပ် ရေး၊ ဥပဒေပြုရေး၊တရားစီရင်ရေး မည်သည့် အပိုင်းတွင် ပူးပေါင်းလုပ် ဆောင်ကြသည်ဖြစ်စေ၊ တစ်ချိန်က ဆန့်ကျင်ဘက်ဖြစ်ခဲ့သော အင်အားစု များ ယခုကဲ့သို့ **ပူးပေါင်းဆောင်ရွက်နိုင်ခြင်း သည် မတူညီသောပဝ်မနိုင်ငံရေး အင်အားစုနှစ်ရပ် အကြား ပိတ်ဆို့နေခဲ့သော ကူးလူးဆက်ဆံရေး တံခါးတစ်ချပ် ထပ်မံပွင့်သွားခြင်း သဘောလည်း ဖြစ်ပေသည်။** အထက်၌ဖော်ပြခဲ့သော ပညာရေး ကိစ္စမျိုးကဲ့သို့ တိုင်းပြည်ပြန်လည်ထူထောင်ရေး အတွက်အသည်းအသန်အရေးကြီးသောကိစ္စမျိုး အတွက်ကြားဝင်ညှိနှိုင်းခဲ့ရမှု များများစားစားရှိခဲ့ သည်ဟု မကြားလိုက်ရဘဲ နှစ်ဖက်ခေါင်းဆောင် များ ကိုယ်စီအသိဖြင့် အထမြောက်အောင်မြင်စွာ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ခြင်းသည် လွှတ်လပ် ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်း၌ ထူးခြားမှုတစ်ခုဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေ သည်။ အဘယ်ကြောင့် ဆိုသော်တစ်ဖက်နှင့် တဖက်အပြုတ်ချရေးဆိုသောစရိုက်လက္ခဏာ အရိုးစွဲ နေသည့် မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုထဲမှ ထူးခြားသည့်ဖြစ်ပေါ်တိုးတက်မှု တစ်ခုလည်းဖြစ် ပါသည်။ လွှတ်လပ်ရေးရပြီး မြန်မာနိုင်ငံတော်၌ ၁၉၄၈ မှသည်တော်လှန်ရေးကောင်စီ အာဏာ သိမ်းခဲ့သော ၁၉၆၂ခုနှစ်အထိ ဒီမို ကရေစီသည် ၁၄ နှစ်ခန့်သာ သက်ဆိုးရှည်ခဲ့သည်ဟု အကြမ်း ဖျဉ်းဆိုနိုင်သော်လည်း အမှန်တကယ် စေ့စေ့

စပ်စပ်တွက်ကြည့်ပါက ၁၉၄၈ မတ်လမှ ၁၉၅၀/၅၁ ခုနှစ်အချိန်အထိ ပြည်တွင်းစစ်၏စစ်ဦးဘီလူးနှင့် ရင်ဆိုင်နေရသည့်အတွက် ထိုအချိန်က အရပ်သားအစိုးရအနေနှင့် ဒီမိုကရေစီစနစ်ကို ကောင်းမွန်စွာ အကောင်အထည်မဖော်နိုင်ခဲ့သည့် နှစ်များ၊ အိမ်စောင့်အစိုးရကဲ့သို့သော စစ်အစိုးရအား ၁၉၅၈မှ ၁၉၆၀အထိ အာဏာပေး ခဲ့ရသော နှစ်များကို၊ ဖယ်ထုတ်တွက်ချက်မည် ဆိုသော် လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၌ ဒီမို ကရေစီစနစ် ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင် ကျင့်သုံးနိုင်ခဲ့သောကာလသည် ၁၉၄၈ မှ သည် ၁၉၈၈ ခုနှစ် အထိနှစ်ပေါင်း ၄၀ အတွင်း ၉ နှစ်ခန့်သာဖြစ်ပေါ်တိုးတက်နိုင်ခွင့်ရှိခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ၂၀၁၀ နိုဝင်ဘာ နောက်ပိုင်းမှစ၍ ဖြစ်ပေါ်တိုးတက်လာမှုများ အပေါ်၌ဝေဖန်တိုက်ခိုက်မှုများ၊ သဘောထားကွဲမှုများ အများအပြားရှိနေသော်လည်း ၂၀၁၀ မှသည် ၂၀၁၃ အထိ ၃ နှစ်တာကာလကိုလည်း မြန်မာ့ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှု၏ သက်တမ်းကာလများထဲ၌ ထည့်သွင်းတွက်ချက်သင့်သည့်အတွက် မြန်မာ့ဒီမိုကရေစီသည် စုစုပေါင်း ခန့်မှန်းခြေအားဖြင့် မြန်မာ့မြေပေါ်၌ ၁၂ နှစ်ခန့်သာဖြစ်ပေါ်တိုးတက်မှုရှိခဲ့သေးသည်ဟုဆိုရမည် ဖြစ်ပါသည်။ ဤ ၁၂နှစ်ဆိုသော အချိန်ကာလသည် မြန်မာလွတ်လပ်ရေးသက်တမ်း ၆၅ နှစ်တာကာလနှင့် နှိုင်းယှဉ်ကြည့်သော် လွတ်လပ်ရေးသက်တမ်း၏ ၅ပုံတစ်ပုံခန့်သာ ရှိပေသည်။ ထိုသို့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုသက်တမ်း နုသေးသည့်တိုင်းပြည်တစ်ခု၌ ပြင်ပ ပယောဂ မပါဘဲ ယခုကဲ့သို့ အမျိုးသားရေးအတွက် အရေးတကြီးကိစ္စတစ်ခုအပေါ် ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ခြင်းကို အောင်မြင်သည့် မြန်မာ့ဒီမိုကရေစီနိုင်ငံရေးလှုပ်ရှားမှုတစ်ခု အဖြစ်မှတ်ယူရမည်ဖြစ်ပါသည်။ ယနေ့ မြန်မာ့နိုင်ငံရေး၌ One-Man Show နိုင်ငံရေး လှုပ်ရှားမှုများပြီးဆုံးသွားပြီဆိုသည့်သဘောကို အာဏာရအင်အားစုရော အတိုက်အခံအင်အားပါ အလေးအနက်လက်ခံလာ ကြသည့်အတွက်လည်း ပူးပေါင်းဆောင်ရွက်ရေးများပို၍ တွင်ကျယ်လာခဲ့သည်ဟုလည်း ယူဆ၍ရနိုင်ပေသည်။ သို့သော်ပို၍ တွင်ကျယ်လာစေရန်အတွက် ဥပဒေပြုရေး အပိုင်းမှာသာမက အုပ်ချုပ်ရေးအပိုင်းတွင်ပါ လျင်မြန်စွာ တိုးတက်ရန် လိုအပ်ပါ သည်။အတိုက်အခံတို့၏ သဘောထားကိုလည်းလေးစားသင့်သည်။ ဤသို့ ပညာရေးကိစ္စလှုပ်ရှားမှုက ဥပဒေပြုရေးအပိုင်း၏ လျင်မြန်စွာတိုးတက်လာမှုက အထင်အရှား သက်သေခံနေပါသည်။ ဒီမိုကရေစီအာဏာ၏ အုပ်ချုပ်ရေးအပိုင်းဖြစ်သောအစိုးရအနေနှင့် တစ်ဖက်ကပူးပေါင်းဆောင်ရွက်နေသော အတိုက်အခံများ၏ ကျောထောက်နောက်ခံ လူထုသံသယဖြစ်စရာ အယုံအကြည်ပျက်စရာလုပ်ရပ်များ မကြာခဏဖြစ်ပေါ်နေမှုများကို ထိရောက်စွာ မကိုင်တွယ်နိုင်ပါက ရှေ့ခရီးဆက်ရန် နှောင့်နှေးမှုများဖြစ်နိုင်ပြီး ပွင့်ပြီးသားတံခါးချပ်များကို ပြန်ပိတ်သွားစေရာရောက်ပေမည်။ ပူးပေါင်းဆောင်ရွက်မှုများနောက်ကွယ်၌ နိုင်ငံရေးအရ အပြန်အလှန်ဈေးဆစ်လင့်ချက်များ ရှိကောင်းရှိနိုင်သော်လည်း ခက်ခက်ခဲခဲအကောင်အထည်ဖော်ခဲ့ရ သောဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ရှင်သန်နေစေရေး၊ တစ်နည်းဆိုရသော်ပွင့်ပြီးသား တံခါးများဆက်လက်ပွင့်နေရေး၊ ပိတ်လျှက် ရှိနေကောင်းရှိနေဦးမည့် တံခါးများ နောက်ထပ် ပွင့်လာစေရေးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိလူညီနေလှေအောင်း မြင်းစောင်းမကျန် မှီတင်းနေထိုင်သူ များအားလုံးအတွက်သေရေးရှင်ရေးတမျှ အရေးကြီးသောကိစ္စများဖြစ်သည်ဟု အလေးအနက်ယူဆမိပါသည်။

## ကုလသမဂ္ဂက မြန်မာပြည်ရဲ့သွေးစည်းညီညွတ်မှုကို

# အကြီးအကျယ် သွေးတိုးစမ်းတာ




မြေနိမ့်ရာလှံစိုက်တတ်သူများနှင့် ရွှေနိုင်ငံတော်တို့၏ ဓာတ်လမ်း ကောလာဟလလိုလို ဘာလိုလို ပျံ့နှံ့တဲ့ သတင်းတချို့ မြန်မာပြည်မှာတကယ်ဖြစ်လာတတ်ပါပြီ။ လွန်ခဲ့တဲ့ ၃ နှစ် ၄ နှစ်လောက်ကဆိုရင် ရိုဟင်ဂျာကိစ္စဆိုတာကို ကြားကြတဲ့အခါ ဘာမှမဖြစ်လောက်တဲ့ စိုးရိမ်စရာမရှိလောက်တဲ့ကိစ္စတစ်ခုအဖြစ် ကောလာဟလသာသာ လောက်သာသဘောထားမိခဲ့ကြမှာပါ။ အဲဒီကိစ္စဟာ ကျွန်တော်တို့ မျက်စိအောက်မှာတင် တစ်စတစ်စ ကြီးထွားလာခဲ့ရာကနေ နိုင်ငံတကာအသိုက်အဝန်းအလယ်မှာ တရားဝင်ပြဿနာတစ်ရပ်ဖြစ်လာခဲ့ပါပြီ။ ပြဿနာက အိမ်ရှေ့ခြံစည်းရိုးမှာသာရှိခဲ့တဲ့ အနေအထားကနေ အခုလောလောလတ်လတ် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ရဲ့ ဆုံးဖြတ်ချက်ဖြစ် တဲ့ ရိုဟင်ဂျာဆိုတာတွေကို မြန်မာနိုင်ငံသားအဖြစ်အသိအမှတ်ပြုရမယ်ဆိုပြီး တိုက်တွန်းဖိအားပေးခံရတဲ့အဖြစ်ကတော့ **ပြဿနာဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့အိမ်ဦးခန်းအထိ တက်လာပြီလို့ဆိုရမှာပါ။ နိုင်ငံတကာသတင်းဌာနတွေရဲ့ ဖော်ပြချက်အရ မြန်မာအစိုးရရော အတိုက်အခံပါ ဒီကိစ္စအပေါ်မှာတစ်သဘောသ**

တည်ထောင်ပြီးတဲ့ပြန်ခဲ့တယ်လို့သိရပါတယ်။

ဒီကိစ္စဖြစ်လာတာဟာ မြန်မာ့အမျိုးသားလုံခြုံရေးအတွက် အလွန်အရေးကြီးတဲ့ အခင်းကိုရောက်လာပါပြီ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟာ လွတ်လပ်တဲ့အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်ခုဖြစ်တဲ့အတွက် မိမိပြည်တွင်းရေးကိစ္စတွေကို မိမိဘာသာလွတ်လပ်စွာ ဆုံးဖြတ်ခွင့် အပြည့်အဝရှိပါတယ်။ ကုလသမဂ္ဂရဲ့ ယခုလို ဆုံးဖြတ်ချက်ဟာ မြန်မာပြည်ရဲ့ အချုပ်အခြာ အာဏာပိုင်မှုကိုမလေးမစားပြုရာရောက်ပါတယ်။ တိုင်းပြည်တစ်ခုရဲ့ပြည်တွင်းရေးကိစ္စသက်သက်ဖြစ်တဲ့နိုင်ငံသားဖြစ်ရေးအပါအဝင်လူဝင်မှုကြီးကြပ်ရေးကိစ္စလို ကိစ္စမျိုးဆိုတာကို ကုလသမဂ္ဂလို အဖွဲ့အစည်းမျိုးက ဝင်ရောက်စွက်ဖက်တယ်ဆိုတာဟာကောင်းဖို့ထက် အဆိုးဘက်ကိုသာပိုပြီး ဖြစ်စေဖို့ရှိပါတယ်။ နောက်တစ်ခုကအခု ရိုဟင်ဂျာကိစ္စကနေ ကုလသမဂ္ဂက အပေါ်ယံကြော သတင်းအချက်အလက်တွေပေါ်မှာမူတည်ပြီး လက်တည့်စမ်းနိုင်တဲ့ အန္တရာယ်လည်းရှိပါသေးတယ်။ ဥပမာ ၁၉၄၇ ခုနှစ်က ကုလသမဂ္ဂ ဆုံးဖြတ်ချက် Resolution ၁၈၁ (II) လိုမျိုး မတရားမှုကြောင့် ယနေ့ပါလက်စတိုင်းအစ္စရေး ပြဿနာဆိုတဲ့ငြိမ်းသတ်ဖို့ခက်ခဲနေတဲ့မီးတောက်ကြီးပေါ်ပေါက်လာခဲ့ရတဲ့ သာဓကအထင်အရှားရှိပါတယ်။ အီရန်လိုနိုင်ငံမျိုးရဲ့ အဏုမြူအစီအစဉ်ကို ပုံကြီးချဲ့ပြီး ပြောနေပေမဲ့ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းနိုင်ငံလေးတွေ (ဥပမာ-မာရှယ်ကျွန်းနိုင်ငံ)မှာ အင်အားကြီးနိုင်ငံတွေရဲ့ အဏုမြူစမ်းသပ်မှုဒဏ်ကြောင့် သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးဆုံးရှုံးရတဲ့အဖြစ်ကိုတော့ လုံးဝဖုံးကွယ်ထားတာမျိုးရှိပါတယ်။အဲဒီတော့ဆိုလိုရင်းက ကုလသမဂ္ဂဆုံးဖြတ်ချက်ဆိုတာ တရားမျှတမှုရှိချင်မှ ရှိနိုင်မယ်ဆိုတာပါပဲ။ အခု ရိုဟင်ဂျာကိစ္စဆိုတာလည်း အဲဒီလိုတရားမမျှတတဲ့ဆုံးဖြတ်ချက်မျိုးဖြစ်တယ်လို့ပဲသဘောထားရမှာဖြစ်ပါတယ်။ကုလသမဂ္ဂဟာ တကယ်လက်ရဲဇက်ရဲနဲ့ အန္တရာယ်ပေးနိုင်စွမ်းရှိမှန်းသိထားတဲ့ မြောက်ကိုရီးယားလိုနိုင်ငံကိုတော့ ရှောင်မှောင်ပေါင်းသင်းပြီး အင်အားလျော့နည်းတဲ့ ဆက်ဒမ်ဟူစိန်ရဲ့အီရတ်ကိုတော့ဝိုင်းပြီး အမဲဖျက်ခဲ့ကြသလိုမျိုး မြေနိမ့်ရာ လှံစိုက်တတ်တဲ့ အကျင့်မျိုးရှိပါတယ်။ မြန်မာနိုင်ငံက အခုမှ တံခါးပြန်ဖွင့်တာ ဘာမှမကြာသေးတဲ့အပြင် အရင်စစ်အစိုးရတွေအုပ်ချုပ်မှုအောက်မှာ နှစ်ပေါင်းများစွာနေခဲ့ရတဲ့ တိုင်းပြည်ဆိုတော့ တချို့ပြည်သူတွေက ကုလသမဂ္ဂတို့၊ အနောက်အုပ်စုနိုင်ငံတွေတို့ကိုတကယ့်မိတ်ဆွေကြီးတွေ တရားမျှတသူကြီးတွေလို့ ထင်ကောင်းထင်ခဲ့ကြမှာပါ။ တကယ်တော့ ကုလသမဂ္ဂကို လက်ခံကြိုဆိုဖို့ကောင်းတဲ့ကိစ္စတွေ ရှိခဲ့ဖူးပါတယ်။ ဥပမာ အရှေ့တီမောကိစ္စလိုကိစ္စမျိုး၊ ရဝမ်ဒါကိစ္စလိုမျိုးနဲ့အာရှကဆိုရင် နီပေါနိုင်ငံက မော်ဝါဒီကွန်မြူနစ်တပ်တွေ ငြိမ်းချမ်းရေးရပြီးတဲ့နောက် တစ်ခုတည်းသော တပ်မတော်အတွင်းကို ပူးပေါင်းဝင်ရောက်တဲ့အသွင်ကူးပြောင်းရေးကိစ္စမှာ ကုလသမဂ္ဂရဲ့အကူအညီဟာအများကြီး အထောက်အကူဖြစ်ခဲ့ပါတယ်။ ကုလသမဂ္ဂကဘာဆုံးဖြတ်ချက်တွေပဲ ချထားချထားသွေးစည်းညီညွတ်မှုရှိနေတဲ့ တိုင်းပြည်တွေဟာ သူတို့အမျိုးသားလုံခြုံရေးအတွက်သူတို့ အမျိုးသားပြည်သူများရဲ့အကျိုးစီးပွားနဲ့ ဗီလာဆန့်ကျင်နေတဲ့ ကိစ္စတွေအတွက်ဆိုရင် ပြတ်ပြတ်သားသားဆန့်ကျင်ကြတဲ့ သာဓကတွေရှိပါတယ်။ ဥပမာ- အစ္စရေးဆိုရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက် Resolution 446 (၁၉၇၉ မတ်လ ၂၂ ရက်) ကို ဆန့်ကျင်ပြီး သိမ်ပိုက်ထားတဲ့ ဂါဇာကမ်းမြှောင်ဒေသ၊ ဂျေရုဆလင်အရှေ့ပိုင်း၊ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနဲ့ ဆီးရီးယားပိုင်

ဂိုလန်ကုန်းမြေတို့ကို ဆက်လက်သိမ်းပိုက်ထားခဲ့ပြီး နောက်ဆုံးပါလက်စတိုင်းကို လက်လွှတ်ပြီးတာတောင်မှ ဆီးရီးယားရဲ့ဂိုလန်ကို ဆက်လက်သိမ်းထားဆဲပါ။ ယခုလိုကြီးထွားလာတဲ့ ရှိုဟင်ဂျာပြဿနာဆိုတာဟာအမှတ်တမဲ့ဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ အင်အားစုတစ်ခုက စနစ်တကျစီစဉ်ပြီးတစ်ဆင့်ချင်း Lobby လုပ်ယူလာခဲ့တာထင်ရှားပါတယ်။ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ မြန်မာနိုင်ငံတော်ဆိုတာကို မလိုလားသူတွေဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့နှင့်သော်လည်းကောင်းရှိနိုင်ပါတယ်။ တစ်စုံတစ်ယောက်သို့မဟုတ် အင်အားစုတစ်စုက မြန်မာနိုင်ငံတွင်းမှာဖြစ်ခဲ့တဲ့ ပဋိပက္ခကိုလူနည်းစုတွေကို မျိုးဖြုတ်သုတ်သင်ဖို့ ကြိုးပမ်းမှုအသွင်ဖြစ် အောင်ပုံကြီးချဲ့ဖို့တစ်ဆင့်ပြီးတစ်ဆင့်ကြိုးပမ်းနေပုံရပါတယ်။ တစ်ဖက်က လော်ဘီများက ဒီပြဿနာကို စစ်ပွဲတစ်ခုလို သဘောထားပြီး မြန်မာတို့ရဲ့ အချုပ်အခြာ အာဏာခံတပ်စည်းရိုးဆီကို စနစ်တကျချဉ်းကပ်လာနေပါပြီ။ တစ်ဖက်က လော်ဘီလုပ်သူများဟာ မြန်မာ့အတိုက်အခံဒီမိုကရေစီအင်အားစုထဲကလူတချို့ရဲ့ နိုင်ငံရေးစတန့်ထွင်မှုအပေါ်မှာသာသာလေးမျောဝင်လာခဲ့ကြတာပါ။ အဲဒီစတန့်သမားများက လူဝင်မှုကြီးကြပ်ရေးကိစ္စကို လူ့အခွင့်အရေးနဲ့ရောစွက်ခဲ့တဲ့ အားနည်းချက်ပေါ်မှာတစ်ဖက်အင်အားစုကစနစ်တကျထိုးဖောက်ဝင်ရောက်သွားခဲ့တာပါပဲ။ နောက်နောင် အဲဒီလိုနိုင်ငံရေးစတန့်တွေနဲ့ ရောယှက်မှုတွေဆက်ဖြစ်ပြီး အချင်းချင်းသွေးကွဲမှုတွေရှိနေဦးမယ်ဆိုရင် မြန်မာတွေ နောက်ထပ်အများကြီးပေးရဖို့ရှိပါတယ်။ အခုရှိုဟင်ဂျာ ကိစ္စကလုံခြုံရေးကောင်စီမှာတက်ပြီး ဖြေရှင်းနေရတဲ့ကိစ္စမဟုတ်သေးပေမဲ့ မြန်မာပြည်ရဲ့ စည်းလုံးညီညွတ်မှုကိုလည်း အကြီးအကျယ်သွေးတိုးစမ်းတာဖြစ်တယ်လို့ ယူဆလို့ရပါမယ်။ မြန်မာတွေသွေးစည်းညီညွတ်မှုပြိုကွဲခွင့်များများ စားစားသိပ်မရှိတော့ပါဘူး။ ဘယ်သူဘယ်ဝါကို ဆန့်ကျင်ရမယ်ဆိုတာထက် ဒီအချိန်ဟာ အားလုံးကျောချင်းကပ်ပြီးညီညွတ်ရမယ့်အချိန်ဖြစ်ပါတယ်။တစ်လေသံတည်းဆက်ထွက်နေကြဖို့အချိန်၊ အရေးအကြီးဆုံးအချိန်ဖြစ်ပါတယ်။

။ ။

# လူတစ်စုအတွက်မဟုတ်တဲ့ လူထုအတွက် ရွှေတွေဖြစ်ဖို့လိုတယ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲကြီးက ပြီးခဲ့သဲ၊ ခမ်းခမ်းနားနား၊ ခြေသံ့ နှိုင်ငံပြည် ဒီလောက်တောင်လုပ်နိုင်သကွာ၊ ဒီလို မှတ်မှတ်ရရပွဲမျိုးကျင်းပချိန် ကိုယ့်ဇာတိမြေမှာမရှိနေရတာကို ကိုယ့်ကိုယ်ကိုယ်နေမထိထိုင်မသာဖြစ်ရင်း ဆီးဂိမ်းဖွင့်ပွဲသတင်းကလေးကို အင်တာနက်ပေါ်မှာ ခဏခဏပြန်ကြည့်ရင်း စိတ်လွှပ်ရှားလိုက်ရတာ အမောပေါ့ဗျာ။ အလုပ်ထဲမှာ တောင်ကြီးကြပ်ရေးမှူးအလစ်မှာ ဖုန်းပေါ်က အင်တာနက်မှာ မြန်မာရွှေဘယ်နှစုရနေပြီလဲဆိုတာ ခဏခဏထုတ်ကြည့် ရတာလည်းအမော။ မစားရဝခမန်း အလုပ်ထဲကလုပ်ဖော်ကိုင်ဖက်တရုတ်လူမျိုးတစ်ယောက်ကို ဆီးဂိမ်းမှာ မြန်မာတွေအခြေအနေ ဘယ်လိုကောင်းနေကြောင်း အာဘောင်အာ ရင်းသန်သန်နဲ့ ပြောရတာလည်း အမော။ မြန်မာတွေရတဲ့ ရွှေတံဆိပ်တွေ၊ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာတွေအကြောင်း စဉ်းစားတွေးတော စိတ်ကူးယဉ်မှုတွေနဲ့ နှစ်ခြိုက်စွာအိပ်ပျော်ပြီး၊ လန်းဆန်းစွာနိုးထလာတဲ့နောက်နေ့မှာ ဒီစာကိုရေးဖြစ်ပါတယ်။ ရွှေတံဆိပ်တွေရတာ၊ ကိုယ့်တိုင်းပြည်ကို ကောင်းသောသတင်းနဲ့ လူသိများလာတာ၊ ဘယ်သူအုပ်ချုပ်နေသည်ဖြစ်စေ မြန်မာတစ်ဦးအနေနဲ့ ဝမ်းသာစရာပါ။ ဝမ်းလည်းသာတယ် ဂုဏ်လည်းယူတယ်။ သို့သော်ဒါတွေ အထဲမှာတင် အိပ်ပျော်နေဖို့မသင့်၊ ဘာကြောင့်လဲဆိုတော့ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်လို့ အားကစားသီချင်းတစ်ပုဒ်က ဆိုထားတာကိုး"။ အဲဒီတော့ ဆက်ပြီးစဉ်းစားတွေးတောခန်းဖွင့်ဖြစ်ပါတယ်။ အားကစားဆိုတော့ ပညာရေးကျန်းမာရေးနဲ့ ဆက်စပ်နေတယ်။ ဒါကြောင့် ဗလငါးတန်ထဲက ကာယ၊ ဉာဏ၊ စာရိတ္တတွေနဲ့ ဆက်စပ်တယ်။ အားကစားသမားကောင်းတွေဖြစ်လာရင် အနည်းဆုံးတော့ ဗလသုံးတန်ပြည့်စုံတဲ့ နိုင်ငံသားကောင်းတွေ ဖြစ်လာမယ်။ အဲဒီ နိုင်ငံသားကောင်းတွေဟာ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့အတွက် နိုင်ငံတော်ကို ကာကွယ်ရာရောက်တယ်လို့ ကိုယ့်ဘာသာကိုယ်အဓိပ္ပာယ်ဖွင့်ဆို ကြည့်ပါတယ်။ အခု ဆီးဂိမ်းလိုပွဲတွေက နိုင်ငံခြားတိုင်းပြည်တွေပါ ပါဝင်နေတာဖြစ်တဲ့အတွက် နိုင်ငံခြားသားတွေလာမယ်။ ပွဲပြီးတဲ့ နောက်ပိုင်းလည်း ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အလားအလာတွေ ကောင်းလာမယ်။ အဲဒီတော့ဒီလိုဆီးဂိမ်းက မြန်မာနိုင်ငံလူထုရဲ့ ဗလငါးတန်အတွက် တိုက်ရိုက်ဆက်စပ်နေတယ်လို့ တစ်ထိုင်တည်းနဲ့ ရိုးရိုးရှင်းရှင်းတွက်ကြည့်လို့ရပါတယ်။ နိုင်ငံတကာက အားကစားပွဲတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပကြတဲ့နိုင်ငံတိုင်းလည်း အားကစားပွဲတွေ ကျင်းပရာကနေ တိုင်းပြည်အတွက်၊ လူထုအတွက် အကျိုးအမြတ်တွေကို မျှော်ကြပါတယ်။ မျှော်တဲ့အတိုင်းလည်း ရကြပါတယ်။ အခုမြန်မာနိုင်ငံလည်းရမှာမြေကြီး လက်ခတ်မလွဲပါဘူးရမှာပါ။ ရွှေတံဆိပ်ဆုများပိုင်ရှင်အဖြစ်လည်း သမိုင်းမှတ်တမ်းအတင်ခံရမှာပါ။ ဒါပေမဲ့ မြန်မာတွေဆို စကားရှိပါတယ် "တစ်ပွဲတိုးတို့၊ လက်ပူတိုက်တို့" စသည်

အားဖြင့်။ ပညာရေး၊ ကျန်းမာ ရေးကဏ္ဍတွေအတွက် ကောင်းကောင်းမသုံးစွဲ၊ နှစ်ပေါင်းများစွာ ဆင်းရဲခဲ့တဲ့နိုင်ငံ၊ ယခုထက်တိုင်လည်း အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရဆဲနိုင်ငံရဲ့ အခုလို ရွှေတံဆိပ်တွေနဲ့ ဆွတ်ခူးနိုင်မှုဟာ ပုံမှန်ဖွံ့ဖြိုးလာမှုလား၊ တစ်ပွဲတိုးလား၊ လက်မှုတိုက်လား၊ ဒီပွဲရဲ့ အောင်မြင်မှုပြီးတဲ့နောက် ဘာတွေအကျိုးဆက်ကျန်ခဲ့မလဲ၊ ဘယ်သူ တွေချက်ချင်းအကျိုးခံစားရမလဲ ဆိုတာတွေဆက် ပြီးတွက်ကြည့်မိပါတယ်။ ဆီးဂိမ်းက တိုင်းပြည်အတွက် ဘာတွေကျန်ခဲ့မလဲ။ လူထုအတွက် ဘာတွေကျန်ခဲ့မလဲ။ အရှေ့တောင်အာရှဒေသအတွင်းမှာ အကြီးဆုံးအားကစား ပွဲကြီးဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပ ပရိသတ်များအတွက် လမ်းပန်းဆက်သွယ်ရေးစနစ်တွေ အသစ်ဆောက်တာ၊ ပြုပြင်တာတွေလုပ်ကြတဲ့အတွက် ပွဲပြီးရင် ဒါတွေတိုင်းပြည်အတွက် ကျန်ခဲ့မယ်။ အားကစားပွဲအတွက် အသုံးပြုခဲ့တဲ့ အဆောက်အအုံတွေကျန်ခဲ့ပြီး အဲဒါတွေ အစိုးရဌာနတွေရဲ့ အဆောက်အအုံများအဖြစ် ဆက်သုံးနိုင်တယ်။ ဥပမာ-၁၉၆၉ ကျွန်းဆွယ်ပွဲရဲ့ အမွေအဖြစ်ကျန်ရစ်ခဲ့တဲ့ အဆောက်အအုံတွေထဲက တချို့ဟာ ရန်ကုန်တက္ကသိုလ်၏ (လှိုင်နယ်မြေ) ဖြစ်လာခဲ့ဖူးတယ်။ နိုင်ငံတကာအားကစားပွဲများ လက်ခံကျင်းပကြတဲ့ အိမ်ရှင်နိုင်ငံများရကြတဲ့ အကျိုးအမြတ်များကိုခံစားရမယ်။ ဥပမာအားကစားပွဲကြောင့် နိုင်ငံခြားသား ခရီးသွားတွေရဲ့ ပိုပြီး အာရုံပြုမှုရလာခဲ့တဲ့အတွက်ကြောင့် ခရီးသွားကဏ္ဍအတွက် ကောင်းမွန်တဲ့ အလားအလာတွေရှိလာမယ်။ ကိုယ့်နိုင်ငံက ပို့ကုန်တွေအတွက် နိုင်ငံတကာ ဈေးကွက်အတွက် ချဲ့ထွင်နိုင်ဖို့ အလားအလာတွေရှိလာမယ် စသည်အားဖြင့်၊ တချို့နိုင်ငံတွေလည်း အားကစားပွဲကို အကြောင်းပြုပြီး သူတို့နိုင်ငံရဲ့ ဒေသတချို့ကို ရင်းနှီးမြှုပ်နှံမှုတွေအတွက် ခွဲဆောင်မှုပြုဖို့ ကြိုးပမ်းတာတွေလည်း ရှိတတ်ပါတယ်။ ယခုမြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆီးဂိမ်းကြောင့် ရှန်းကန်နေရဆဲ လက်လုပ်လက်စား ပြည်သူလူထုအတွက်ရရှိလာမယ့် အကျိုးစီးပွားကတော့ သိပ်ပြီး များများစားစား သိပ်ရှိပုံမပေါ်ပေမယ့် အာဏာရအစိုးရအတွက်တော့ အကျိုးအမြတ်တွေအများကြီးပါ။ အခုဆီးဂိမ်းကျင်းပတဲ့အတွက် ယခုလက်ရှိ အာဏာရနေသူများ တည်ဆောက်ခဲ့တဲ့ နေပြည်တော်ကို နိုင်ငံတကာ သမိုင်းမှတ်တမ်းထဲမှာ ခိုင်ခိုင်မာမာ ကမ္ပည်းထိုးထားနိုင်ခဲ့ပါပြီ။ မြို့တော်အသစ်တစ်ခု တည်ထောင်ခြင်းဟာ နန်းဆက်တစ်ခု တည်ထောင်ခြင်းလည်းမည်ပေတယ်လို့ ဟာဗိုင်ယီတက္ကသိုလ်က သမိုင်းပညာရှင် ဒေါက်တာမိုက်ကယ်အောင်သွင်က ပြောဖူးပါတယ်။ ဆီးဂိမ်းနဲ့အတူ မြန်မာ့နေပြည်တော်အသစ်ကို အကုန်အကျအနည်းဆုံးနဲ့ ပွဲထုတ်ခွင့်ရခဲ့တာဟာ ထီးသုံးနန်းသုံးဆန်ဆန်တွေကို နှစ်သက်ပုံရတဲ့ မြန်မာခေါင်းဆောင်များနဲ့တကွ အာဏာရမြန်မာအစိုးရအတွက် အကောင်းဆုံးအကျိုးအမြတ်တစ်ခု ဖြစ်မှာပါ။ နောက်ထပ်လောလောလတ်လတ် ချက်ချင်းအကျိုးခံ စားရသူတွေကတော့ ဟိုတယ်နဲ့ခရီးသွားလာရေး (ကုန်းရေ၊ လေ)လုပ်ငန်းတွေရဲ့ပိုင်ရှင်တွေ၊ ကုမ္ပဏီကြီးတွေပါ။ နောက်ပြီး အခုလို ကြီးကျယ်ခမ်းနားတဲ့ပွဲကြီး အထမြောက်အောင်မြင်ဖို့အတွက် နိုင်ငံတော်အစိုးရကို ကူညီခဲ့တဲ့ပြည်တွင်းပြည်ပကလူတွေလည်း အပြန်အလှန် ကျေးဇူးပြုခံရမှာ မလွဲပါဘူး။ သာမန်ပြည်သူတွေအဖို့တော့ ဒီ အားကစားပွဲကြီးရဲ့အကြောင်း သူတို့ဘဝမှာ အမှတ်တရပြန်ပြောစရာ အဖြစ် လောက်ကလွဲပြီး ဘာမှများများစားစား ကျန်ခဲ့ဖို့မရှိပါဘူး။ အပြက်သဘောပြောတာမဟုတ်ပါ။ **အခုလိုငွေကုန်ကြေးကျခံပြီး ကျင်းပလိုက်ရတဲ့ပွဲကြီး ကနေ လူထုရဲ့ အကျိုးစီးပွားအတွက် နောက်ထပ်**


**ဘာတွေကောင်းကျိုးတွေ ရလာမယ်ဆိုတာ မရေမရာပါ။ ပွဲတော် ကျင်းပနေစဉ်အချိန်အတွင်းမှာတောင် မီးပျက်လို့ စိတ်ညစ်ရတဲ့ ပြည်သူတွေရှိနေသေးတာ** အထင်အရှားပါ။ ဒါကြောင့် အခုမြန်မာနိုင်ငံရခဲ့တဲ့ အောင်မြင်မှုတွေ၊ ကိုယ့်ယဉ်ကျေးမှုကို တခမ်းတနား ခင်းကျင်းပြသခွင့်ရခဲ့တဲ့ အခွင့်အရေးတွေကို ရွှေအခွင့်အရေးတွေ၊ မြန်မာတွေ ရွှေခေတ်ပြန်ရောက်တော့ မယ်လို့ တင်စားမယ်ဆိုရင်လည်းတင်စားပါ။ သို့သော် အဲဒီရွှေတွေဟာ လူထုအတွက်မဟုတ်တဲ့ လူတစ်စု အတွက် ရွှေတွေသာ ဖြစ်နေဦးမှာပါ။ စနစ်တကျပြုစုပျိုးထောင်မှုခံရတဲ့ပညာရေး၊ ကျန်းမာရေး စနစ်တွေရှိမှသာ ဖွံ့ဖြိုးတဲ့ လူထုအားကစားရှိနိုင်မှာ ဖြစ်ပြီး နိုင်ငံတော်ရဲ့ အားကစားသီချင်းထဲကပြောသလို နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့သူတွေ မွေးဖွားပေးနိုင်မှာ ဖြစ်တယ်ဆိုတာ ဒီလိုစနစ်တွေအကြောင်း နောကျေနေအောင် တတ်ကျွမ်းတဲ့ ပညာရှင်တွေကို အကြံပေးအဖြစ်ထားရှိတဲ့ နိုင်ငံတော်အစိုးရ အနေနဲ့ ဟိုတက်နှစ်ဘူတာ လောက်လွန်ပြီးတောင် သိပါတယ်လို့ တောင်းဆိုရမှာပါ။ လာလိုလျှင် အနီးလေးလို့ မြန်မာတို့ ဆိုရိုးရှိပါတယ်။ အခု အားကစားပွဲတော်ကြီးရဲ့ နောက်ဆက်တွဲရရှိလာမယ့် တိုင်းပြည်ရဲ့အကျိုးစီးပွားတွေကို ဂုဏ်ပကာသနအတွက်မဟုတ်ဘဲ လူထုအတွက် မှန်မှန်ကန်ကန်သုံးလိုက်မယ်ဆိုရင် နောင်လာလတ္တံ့သော အနာဂတ်ကာလမှာ မြန်မာတွေ ဆွတ်ခူးရရှိမယ့် ရွှေတံဆိပ်တွေ၊ အောင်မြင်မှုတွေဟာ လူတစ်စုအတွက်မဟုတ်တဲ့ လူထုအတွက် ရွှေတွေဖြစ်လာမှာပါ။ ဂုဏ်သိက္ခာမြင့်မားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ပါစေ။

။ ။

# အမျိုးသားနေ့မှာရေးဖြစ်တဲ့ အမျိုးသားရေးအကြောင်း

*၁၉၂၀ ခုနှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)ကနေ စတင်ခဲ့တဲ့ အမျိုးအောင်ပွဲနေ့ အစဉ်အလာနဲ့ အခု ၂၀၁၃ ခုနှစ် ၉၃ နှစ်မြောက်အခါ သမယမှာအမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားတွေ နယ်အသီးသီးမှာကျင်းပကြတဲ့ သတင်းတွေကြားရလို့အရမ်းကို ဝမ်းသာရပါတယ်။*

*အရမ်းဝမ်းမသာရတဲ့အချက်ကတော့ ဒီလောက်အရေးတကြီး အခါကြီးရက်ကြီး အခမ်းအနား မျိုးကို နိုင်ငံတော်က အကျယ်တဝင့် ခမ်းခမ်းနားနားမကျင်းပတဲ့အချက်ပါပဲ။*




ကျွန်တော်က လွတ်လပ်တဲ့မြန်မာနိုင်ငံတော်ခေတ်မှာ မွေးဖွားကြီးပြင်းခဲ့တဲ့သူ၊ နယ်ချဲ့ဆိုတာကို သမိုင်းစာအုပ်ထဲမှာပဲ ဖတ်ဖူးတာ။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်ယီပြည်နယ်မှာ ဆယ်စုနှစ်တစ်ခုကျော်ကျော်နေထိုင်ခဲ့ပြီးတဲ့အခါမှာ ငယ်ငယ်တုန်းက သာမန်လောက်ပဲ သဘောထားခဲ့ဖူးတဲ့ အမျိုးသားအောင်ပွဲဆိုတာကိုအရမ်းကို အလေးအနက်ထားလာတတ်ခဲ့တာကိုတော့ ရိုးသားစွာဝန်ခံပါတယ်။ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်း ၈ ကျွန်းနဲ့ ဖွဲ့စည်း ထားတဲ့ ဟာဝိုင်ယီပဒေသရာဇ် နိုင်ငံကလေးဟာ ၁၈၉၃ နှစ်အထိ လွတ်လပ်တဲ့အချုပ်အခြာပိုင်နိုင်ငံတော်အဖြစ်တည်ရှိခဲ့ရာကနေ ဟာဝိုင်ယီမြေပေါ်မှာ စီးပွားရေးလုပ်ငန်းတွေ လာလုပ်ရင်းအခြေချနေထိုင်တဲ့ အမေရိကန်ပြည်မကြီးကမြေပိုင်ရှင် အမေရိကန်လူဖြူတွေရဲ့ ကြိုးကိုင်ခြယ်လှယ်မှုနဲ့ နောက်ဆုံး လွတ်လပ်ရေးဆုံးရှုံးရပြီး အမေရိကန်ပြည်ထောင်စုထဲကို သွတ်သွင်းခြင်းခံခဲ့ရတဲ့ နိုင်ငံကလေးတစ်ခုပါ။ ဟာဝိုင်ယီပြည်နယ်ဟာ အမေရိကန်ပြည် ထောင်စုရဲ့ နံပါတ် ၅၀ မြောက်ပြည်နယ်ဖြစ်ပါတယ်၊ ၁၉၅၉ ခုနှစ်မှာပြည်နယ်အဆင့်အတန်းကို ရရှိခဲ့ပါတယ်။

ဟာဝိုင်ယီဟာကမ္ဘာလှည့် ခရီးသွားတွေ အရမ်းစိတ်ဝင်စား တဲ့နေရာတစ်ခု၊ လာရောက်လည်ပတ်ကြတဲ့သူတွေဟာ ဟာဝိုင်ယီရဲ့အလှ

အဝေးတွေကို ဘဝတစ်သက်တာမှာ အမြဲအမှတ်ရနေကြပေမဲ့ ဝမ်းနည်းစရာကောင်းတဲ့ဟာ ဗိုင်ယီလူမျိုး (ဟာဝေယံ)တွေရဲ့အဖြစ်ကိုတော့စိတ်ဝင်တစားလေ့လာသူများမှတစ်ပါး သိပ်မသိကြပါဘူး။ ယခုအချိန် မှာဟာဝေယံလူမျိုးစစ်စစ်ဆိုတာ လူဦးရေအားဖြင့် ထောင်ဂဏန်း လောက်ပဲရှိတော့ပြီး ဟာဝေယံကပြားတွေက ၂ သိန်းခွဲလောက်ရှိပါတယ်။ သူတို့ကလည်း ဟာဝေယံအဖြစ်ခံယူပါတယ်။ ဟာဗိုင်ယီပြည်နယ်ရဲ့ ထောင်တွေထဲက အကျဉ်းသားလူဦး ရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ ဟာဝေယံလူမျိုးတွေ။ အိမ်ခြေယာခြေမဲ့ ဟာဝေယံတွေကို ကျွန်တော်နေထိုင်ခဲ့ရာ ဟိုနိုလူလူမြို့ရဲ့တာရှတ်တာန်းမှာမတွေ့ချင်အဆုံး။ သူတို့ဟာ ဝေယံယဉ်ကျေးမှုအရှိန်အဝါကဟာ ဗိုင်ယီပြည်နယ်မှာ လွှမ်းမိုးထားနိုင်ပေမဲ့ဟာဝေယံလူမျိုးအများစု ရဲ့ဘဝကအဓိမ့်သား ရေနည်းငါးပမာပါပဲ။ ဟာဝေယံဟာဟာဝေယံပါပဲ သူတို့က အမေရိကန်မဟုတ်ပါဘူးဆိုပြီး ယူဆနေတဲ့ဟာဝေယံလူမျိုးတွေရဲ့လွတ်လပ်ရေးလှုပ်ရှားမှုတွေလည်းဟာ ဗိုင်ယီမှာရှိနေဆဲ။ ၁၉၉၃ ခုနှစ် သမ္မတကလင်တန်လက်ထက် မှာ (Apology Resolution) ထုတ်ပြန်ခဲ့ပြီး ၁၈၉၃ ခုနှစ်က သိမ်းယူခဲ့မှုအတွက် တောင်းပန်ခဲ့ပါတယ်။ သူတစ်ပါးလက် အောက်ကျရောက်နေရတဲ့လူမျိုးတစ်မျိုးရဲ့ အတွေ့တွေ့ဆုံးရှုံးမှုတွေကို ကိုယ့်မျက်စိရှေ့မှာတင်တွေ့နေရတော့ လွတ်လပ်ရေးရဲ့ အနှစ်သာရဆိုတာကို ဆင်ခြင်အသိနဲ့ အပြည့်အဝနားလည်ခဲ့ပါတယ်။ ဒီကမ္ဘာမြေပေါ်မှာ လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံမှာ လွတ်လပ်တဲ့ သခင်တစ်ယောက်အဖြစ် မွေးဖွားကြီးပြင်းခွင့်ရခဲ့တဲ့အတွက်လည်း အကြွင်းမဲ့ဂုဏ်ယူတယ်၊ အဲဒီလိုဂုဏ်ယူစရာကောင်းတဲ့ဘဝကိုပို့ဆောင်ပေးခဲ့တဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်သူရဲကောင်းအားလုံးကိုလည်း အလွန်ကျေးဇူးတင်တဲ့အတွက် လွတ်လပ်ရေးတိုက်ပွဲဝင်သူမည်သူ့ကိုမျှ မေ့ဖျောက်ပစ်ခြင်း ကဲ့ရဲ့ခြင်း ကိစ္စတွေမှာ မပါဝင်တော့ဘူးလို့လည်း ဆုံးဖြတ်မိတယ်။ အဲဒီလွတ်လပ်ရေးဆိုတာရဖို့အထိ အဆင့်ဆင့်မွေးဖွားပေးခဲ့တဲ့ အဓိကဖြစ်စဉ်ကြီးကတော့ ၁၉၂၀ အမျိုးသားအောင်ပွဲကြီးပါ။အဲဒီအမျိုးသားရေးလှုပ်ရှားမှုကနေအမျိုးသားကျောင်းတွေ အမျိုးသားကောလိပ်တွေ တည်ထောင်ပြီး ယဉ်ကျေးမှုစစ်မျက်နှာကနေ ကြိုကြိုခံရပ်တည်နိုင်ခဲ့ကြလို့သာမြန်မာတို့ရဲ့အမျိုး သားရေးလှုပ်ရှားမှုတွေကို လွတ်လပ်ရေးအောင်ပွဲအထိ ဆက်လက်ခရီးဆက်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ နယ်ချဲ့ရဲ့လက်အောက်မှာအမျိုးသားနေ့ဆိုတာ သူပုန်လှုပ်ရှားမှုဖြစ်နေခဲ့ပေမဲ့ ကိုယ့်မင်းကိုယ်ချင်းလွတ်လပ်တဲ့နိုင်ငံမှာတော့ ဒီလိုနေ့ထူးနေ့မြတ် အခမ်းအနားဆိုတာရောမအခမ်းအနားကြီး ဖြစ်သင့်ပါတယ်။


ယနေ့မြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေက ကောင်းတဲ့အပြုသဘောကိုဆောင်နေပေမဲ့ အာဏာပိုင်များရဲ့ အမျိုးသားရေးအသိကတော့အားရ စရာမကောင်းလှပါဘူး။ ကိုယ့်အမျိုးသားယဉ်ကျေးမှုသမိုင်းရဲ့သမိုင်းဝင်အဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအပါအဝင် အစဉ်အလာကြီးမားတဲ့နေ့ထူးနေ့မြတ်အခမ်းအနားတွေ ပြုလုပ်ကျင်းပတဲ့အစဉ်အလာတွေကို ဦးဆောင်ထိန်းသိမ်းရမယ့်တာဝန်ဟာ တိတိကျကျပြောရရင် အစိုးရဲ့တာဝန်ပါ။ အဲဒါတွေမှာ အစိုးရတာဝန်ယူလုပ်ဆောင်မှုအလွန်အားနည်းပါတယ်။

ဥပမာ လယ်တီသိမ်လိုနေရာမျိုးလို မြန်မာ့ယဉ်ကျေးမှုသမိုင်းရဲ့ အစိတ်အပိုင်းတစ်ခုကိုတောင် ပြတ်ပြတ်သားသား စီမံချက်ချပြီး မကာကွယ်နိုင်တာဟာ ဝမ်းနည်းစရာပါ၊ ကိုယ့်နိုင်ငံသားတွေက အမွေမဲ့အမှတ်မဲ့နေရင်တောင် အစိုးရက ဦးဆောင်ပြီးလှုံ့ဆော်ရမယ့်တာဝန်ရှိပါတယ်။

မြဝတီမင်းကြီးဦးစလို စာဆိုစစ်သည်ဘဝကို အားကျခဲ့တဲ့သူတွေ အများကြီးရှိခဲ့ပေမယ့် ဦးစကို ခမ်းခမ်းနားနားဂုဏ်ပြုဖို့ကိုတော့ မေ့မေ့လျော့လျော့ဖြစ်ကြတယ်။ နယ်ချဲ့ဆန့်ကျင်ရေးဆိုတာကိုသာ ပြောနေကြပေမယ့်မြန်မာ့သမိုင်းမှာ ဥရောပနယ်ချဲ့ သမားတွေကို မြန်မာ့မြေပေါ်ကနေ ပထမဦးဆုံးတွန်းလှန်ခဲ့ရာ သမိုင်းဝင်နေရာဖြစ်တဲ့ သံလျင်ဆိုရင်လည်း နိုင်ငံတော်ကဦးဆောင်ပြီး စနစ်တကျထိန်းသိမ်းသင့်တဲ့နေရာပါ။ ကျွန်တော်ရဲ့ပြည်တော်ပြန်ခရီးစဉ်အတွင်း သံလျင်ကို ရောက်တုန်းက ရတုဘုရင်နတ်သျှင်နောင်ရဲ့ အရိုးအိုးစေတီကလေးတောင် စေတီပျက်ကလေးသာသာ လောက်သာတွေ့ခဲ့ရပါတယ်။ ဥပမာ-လက်ပံတောင်းတောင်ဆိုတာ နိုင်ငံခြားသားတစ်ဦးအတွက်တော့ တောင်တလုံးသာဖြစ်ပေမယ့် အမျိုးသားရေးအမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ လက်ပံတောင်းတောင်ဆိုတာဟာ မြန်မာ့မြေကျွန်တော်တို့ရဲ့ဘိုးလောင်းတော် ဘေးလောင်းတော်တွေဟာဒီမြေဒီရေတွေကို ကာကွယ်ဖို့ အသက်တွေ ဘဝတွေမြောက်များ စွာပေးဆပ်ခဲ့ရတာပါ။ အခုအမျိုးသားနေ့ဆိုတာဖြစ်လာမယ့် ပထမကျောင်း သားသပိတ်ကကျောင်းသားခေါင်းဆောင် ၁၁ ဦး အစည်းအဝေးထိုင်ခဲ့တဲ့ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်က အမှတ်တရကျောက်တိုင်နေရာကလေးတောင် မထင်မရှားသာသာပါ။ ဒါတွေဟာ အာဏာပိုင်တွေအနေနဲ့ အမှတ်တမဲ့ သဘောမထားသင့်တဲ့ကိစ္စတွေပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံသူ့ကျွန်ဘဝကျရောက်ခဲ့ရတဲ့ ကိစ္စမှာကျူးကျော်လာတဲ့ နယ်ချဲ့ကိုသာမက မိမိတို့ယဉ်ကျေးမှုတန်ဖိုး ဩဇာကျဆင်းနေခဲ့တာကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ အခုလိုဒီမိုကရေစီကူးပြောင်းရေးကာလ စိန်ခေါ်မှုတွေများစွာ ရှိနေနိုင်တဲ့ကာလမျိုးမှာအမျိုး သားရေးနိုးကြားမှုဟာ ခါတိုင်းအချိန်တွေထက်ကို ပိုပြီးလိုအပ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားရေး နိုးကြားမှုကိစ္စတွေမှာနိုင်ငံတော်ကို ဦးဆောင်နေတဲ့နိုင်ငံ့တော်အစိုးရဟာ ရှေ့တန်းမှာ အမြဲရှိနေအပ်ပါတယ်။

။ ။

# တစ်ရေးနိုးလာသော ဆီးဂိမ်းနန်းကျဘုရင်



မြန်မာ သို့မဟုတ် ဆီးဂိမ်း၏ နန်းကျဘုရင်အတွက် လက်ခုပ်သံများနှင့် ဝေဖန်သံများအကြားမှ ၄၄ နှစ်ကြာပြီးမှ မြန်မာ့မြေပေါ်တစ်ခေါက် ပြန်ရောက်လာတဲ့ဆီးဂိမ်းမှာ မြန်မာတွေအနိုင်ရဖို့ အရေးဟာ လက်ရှိအာဏာရ မြန်မာအစိုးရအတွက်သာမကကိုယ့်တိုင်းပြည်ရဲ့ ဖြင့်မားခဲ့တဲ့ဂုဏ်သိက္ခာကို တစ်ဖန်ပြန်လည်တွေ့လိုကြတဲ့ မြန်မာများအားလုံးရဲ့ အရေးလို့ ပြောရလျှင်လွန်မယ်မထင်ပါ။

ကျွန်တော် ယိုးဒယားပြည်ထဲမှာခေတ္တနိုလှုံနေစဉ်က တွေ့ဆုံဖူးတဲ့ မြန်မာပြည်ဖွားလူထူးဆန်းတချို့ကလွဲပြီး မြန်မာတိုင်းမြန်မာအနိုင်ရတာတွေ့ချင်ကြမှာပါ။ ဦးဇော်ဇော်လည်း နိုင်စေချင်မှာပဲ။ သမ္မတဦးသိန်းစိန်တို့ လွှတ်တော်အကြီးအကဲဖြစ်တဲ့ သူရဦးရွှေမန်းတို့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့လည်း လူကြီးတွေမို့လို့ ဘက်လိုက်ပြီးပြောလို့ မကောင်းလို့သာ သူတို့လည်း မြန်မာကိုနိုင်စေချင်မှာပါပဲ။မြန်မာတွေ အနိုင်ရချင်တယ်ဆိုတာ မမီတဲ့ပန်းကိုလှမ်းခြင်းတော့ မဟုတ်၊ နန်းကျသွားတဲ့ဘုရင် ထီးရိုပ်နန်းရိပ်ကို ပြန်နင်းမိတဲ့အခါ ထီးနန်းပြန်လိုချင်တဲ့သဘောမျိုးလို့ ဆိုရပါမယ်။

ဘာကြောင့်လဲဆိုတော့ အရှေ့တောင်အာရှအားကစားလောကမှာ တစ်ချိန်ကမြန်မာတွေ ရွှေထီးဆောင်းခဲ့သေးတာကိုး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်လောက်က ယိုးဒယားကိုရောက်နေတဲ့အချိန်က မြန်မာတွေဘောလုံးရွှေခေတ်ကိုမီခဲ့တဲ့ ယိုးဒယားတွေဆိုရင် တင်အောင်၊ တင်အောင်ဆိုတဲ့နာမည်ကိုစွဲနေတုန်း။ မြန်မာတွေက ဘောလုံးအပေါ်



အဝင် အားကစားတွေအတော်များများမှာ ဗိုလ်စွဲ အနိုင်ရခဲ့ ထိပ်တန်းဖြစ်ခဲ့ပြီး ကျရှုံးကျတော့လည်း ဘက်စုံတစ်ခါတည်းကျသွားခဲ့တော့ ကိုယ့်ရဲ့ရွှေယီး ဆောင်းခဲ့တဲ့နေ့ရက်တွေကို အမြဲအောက်မေ့သတိရ နေတဲ့နန်းကျဘုရင်လိုဖြစ်နေခဲ့တာပေါ့။

အခုကိုယ့်မြေပေါ်မှာ ဆီးဂိမ်းတစ်ခေါက်ပြန် ရောက်လာပြီဆိုတော့လည်း ဘက်စုံအောင်နိုင်ရေး အိပ်မက်တွေ ပိုပြီးရေရှိန်မြင့်လာတာသိပ်တော့ မဆန်းပါ။ မြန်မာတွေကအားကစားထဲမှာ ဘောလုံး ကိုအသည်းအသန်ဖြစ်ကြပါတယ်။ တစ်ချိန်က နိုင် ငြီ ဒို့မြန်မာနိုင်ငြီဆိုတဲ့ ရေဒီယိုသီချင်းဟာ မြန်မာတွေ အာရှအိုလံပစ်မှာ အနိုင်ရဗိုလ်စွဲတဲ့အချိန်က မြန်မာ့ လက်ရွေးစင်အသင်းကို ဂုဏ်ပြုစပ်ဆိုခဲ့တဲ့ သီချင်း ပါ။ အခုဆီးဂိမ်းမှာလည်း မြန်မာအင်ဒိုနီးရှားပွဲမှာ မြန်မာတွေ အရမ်းမျှော်လင့်ထားတဲ့ ကိုယ့်အိမ်ရှင် အသင်းရှုံးတော့ မရှုံးသင့်ဘဲရှုံးရတယ်လို့ ပရိသတ် များက ခံစားရတဲ့အတွက် ပွဲအပြီးမှာ ပေါက်ကွဲပြီး ခုံတွေရိုက်ချိုး၊ ဗီနိုင်းလ်တွေမီးရှို့ရာကနေ ရဲတွေနဲ့ အဓိကရုဏ်းဖြစ်တဲ့ကိစ္စက သန်းပေါင်းများစွာသော ပြည်သူများရဲ့ စကားပိုင်းတွေကို အချိန်အတန်ကြာ အောင် နိုးမိုးထားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ပြဿနာကတော့ ရှင်းရှင်းလေးပါ။ ရှုံးတယ်။ ကိုယ့်တိုင်းပြည်အတွက် အရမ်းမျှော်လင့်ထားတော့ အရမ်းခံစားကြ၊ အရှုံးအတွက် တာဝန်ရှိသူကိုဖြုတ်၊ ထုတ်တွေလုပ်၊ နိုင်ငံခြားသား နည်းပြဆရာကြီး လည်းပြည်တော်ပြန်၊ ရှုံးပွဲအပေါ်အမြင်တွေ၊ ခံစား ချက်တွေကလည်း အွန်လိုင်းကနေ ပလူပျံအောင် ထွက်လာခဲ့တယ်။ ဆက်ပြီးတော့လည်း ထွက်ပေါ် လာနေဆဲ။ ဘာကြောင့်လဲဆိုတော့ ဒီအရှုံးက အရှုံးကြီးကိုး။ တာဝန်ရှိတဲ့လူကြီးပိုင်းကလည်း ပွဲ အပြီး အဓိကရုဏ်းမှာ ထိန်းသိမ်းခံခဲ့ရသူတွေ အတွက်ကြားကနေ မေတ္တာရပ်ခံပြီး ထိန်းသိမ်းခံရ သူတွေကိုခံဝန်နဲ့ ပြန်လွှတ်ပြီးနောက် နောင်နိုင်ငံ ကြီးသားပီသစွာအားပေးကြဖို့ ပြောပြီးမိဘတွေထံ ပြန်အပ်တဲ့ သတင်းလည်းတွေ့လိုက်ရပါတယ်။

ပြဿနာကိုရှင်းလိုက်ပုံက အရမ်းသပ်ရပ် တယ်လို့ပဲ ပြောရမှာပါ။ ဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးဇော် ဇော်က ပြန်လွှတ်လိုက်တဲ့သူတွေထဲကမှ မန္တလေးက လူကို ကျပ်တစ်သိန်း ကျန်တဲ့ရန်ကုန်သားရှစ် ယောက်ကို တစ်ယောက်ငွေကျပ်ငါးသောင်းစီ လမ်း စရိတ်ပေးလိုက်တယ်လို့လည်း သတင်းတွေမှာ တွေ့လိုက်ရတော့ တော်တော့်ကို သပ်သပ်ရပ်ရပ် ဖြေရှင်း လိုက်တာပဲလို့ ကောက်ချက်ချမိပါတယ်။

ဦးဇော်ဇော်ဖြေရှင်းသွားတာက မိဘ၊ စုပုံစံ ဆန်တယ်လို့ဆိုရပါမယ်။ ကြားက ကိုယ့်တိုင်းပြည် ကိုယ့်အမျိုးကို နိုင်စေချင်တဲ့ စိတ်၊မချိတင်ကဲ ဖြစ် တဲ့စိတ်ကြောင့်သာ အဓိကပေါက်ကွဲကုန်ကြတာ ဖြစ်လို့ ကိုယ့်အချင်းချင်း ပြေလည်ရာပြေလည် ကြောင်းရှင်းလိုက်တာလို့ပဲ သဘောထားရမှာ ဖြစ်ပါ တယ်။ ပြဿနာက ရှင်းသလောက်ဖြစ် သွားပါပြီ။ အခုအရှုံးကိုသင်ခန်းစာယူပြီးနောက် မရှုံးရအောင် လုပ်ကြရမှာဖြစ်ပါတယ်။ ပြဿနာက ဒီထက်ပိုပြီး ဆန့်လို့လည်းမရ ဘယ်သူမှလိုက်ပြီးသတ်လို့ရတဲ့ ကိစ္စမဟုတ်၊ ဘောလုံးမှာရှုံးပေမဲ့ တခြားကဏ္ဍတွေ မှာ အနိုင်ရအောင်လုပ်နိုင်ပါသေးတယ်။

သို့သော် မပြီးနိုင်မစီးနိုင်ဖြစ်လာတဲ့ ပြဿနာ က ထိုဖြစ်ရပ်ကို အဓိအရရိုက်ကူးပြီး youtube ပေါ်တင်လိုက်တဲ့ ဗွီဒီယိုမှတ်တမ်းကတော့ ချက် ချင်းကို ပျံ့နှံ့သွားပါတယ်။ ပွဲကြည့်ပရိသတ်ထဲက တစ်ယောက် ရိုက်ကူးသွားပုံရပါတယ်။ ဗွီဒီယိုထဲ မှာကြားရတဲ့ စကားအသံကတော့ ထိုင်းဘာသာ စကားနဲ့ပြောနေတာပါ။ အဲဒီတော့ ယိုးဒယားတွေ တင်လိုက် တဲ့ဗီဒီယိုမှတ်တမ်းလို့ ယူဆလို့ရပါ တယ်။ အဲဒီ youtube ဗီဒီယိုနဲ့အတူ ဝေဖန်သံ၊ ကဲ့ရဲ့သံတွေ အွန်လိုင်းပေါ်ကနေ ပျံ့နှံ့လာတော့တာ ပါပဲ။ ကောင်းတယ် မကောင်းဘူး။ ကြိုက်တယ် မကြိုက်ဘူးဆိုတာကတော့ လူတိုင်းရဲ့ လွတ်လပ် စွာရွေးချယ်ခွင့်ဖြစ်လို့ မပြောလိုပါ။

ဘောပွဲမှာ ပြဿနာဖြစ်တာကို ချဲ့ကားပြီး မြန်မာတွေ အောက်တန်းကျကြောင်း နိုင်ငံကြီးသား မပီသကြောင်း တစ်စိတ်ကိုတစ်အိတ်လုပ်ချင်ကြတဲ့ တုံ့ပြန်မှုတွေကို တွေ့ရပါတယ်။ တိုင်းတပါးဖွား လူမျိုးခြားတွေကပြောရင် ဘာမှအံ့ဩစရာမရှိပါ။ ဒိုင်းပြောနေကြတာက မြန်မာပြည်မှာ မွေးမြန်မာ့ရေကိုသောက် မြန်မာ့ဆန်ကိုစားပြီး ကြီးပြင်းခဲ့သူတွေက ကျယ်ကျယ်လောင်လောင်ပြောနေတော့ အတော်အံ့ဩဖို့ကောင်းပါတယ်။ ဒီဗီဒီယိုကိုတင်လိုက်တဲ့သူက တမင်တကာတင်တာပါ။ ဘယ်လိုပဲတင်ပေမဲ့ ကမ္ဘာကျော်ထိပ်တန်းသတင်းလည်း မဖြစ်လာပါဘူး။ ကြားက နိုင်ငံကြီးသားပီသလိုသူများရဲ့ ဝေဖန်မှုကြောင့် ကိုယ့်လူမျိုးကိုယ့်တိုင်းပြည်ကို သူတပါးအထင်သေးသွားတာ၊ မလိုသူများ အတင်းပြောစရာရသွားတာကလွဲလို့ ဘာမှ မရလိုက်ပါဘူး။ တိုက်နိုက်တာလည်း တိုက်နိုက်ကြပါ။ သို့သော်လည်း အားကစားပွဲကာလအတွင်းမှာတော့ ကိုယ့်အမျိုးဆိုတဲ့ သဘောထားလေးထားပြီး ခေတ္တတော့အား လပ်ချိန်ပေးသင့်တယ်လို့ထင်ပါတယ်။ ဘောပွဲရန်ဖြစ်တာ ဘာမှကမ္ဘာပျက်မယ့်ကိစ္စ လူသားတစ်ရပ်လုံး ဒုက္ခရောက်မယ့်ကိစ္စမဟုတ်ပါ။ လွန်လွန်ကြူးကြူးဝေဖန်တော့ ကျွန်တော်တို့ ရသလည်းဘာမှမရတဲ့ အပြင်လူအထင်သေးခံရတာပဲ အဖတ်တင်ပါတယ်။

ယခင်တုန်းကလည်း "ရောင်းရန်ရှိသည် မြန်မာအပျိုစင်များ" ဆိုပြီးစာအုပ်ထုတ်ခဲ့တော့ ကြားက လူတချို့ အကျိုးအမြတ်ရသွားခဲ့တာက လွဲလို့ ကိုယ့်တိုင်းပြည်သိက္ခာကျတာပဲ အဖတ်တင်ခဲ့ပါတယ်။ ဒါတွေကတော့ ဝေဖန်ကဲ့ရဲ့သံတွေနဲ့ ပတ်သက်တဲ့အကြောင်းတချို့ပါ။ အားပေးကြတာတွေလည်း ခုနဲ့ဒေးရှိမှာပါ။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးလည်း သွားအားပေးတယ်လို့ သိရပါတယ်။ ယခင်က အစိုးရဆန့်ကျင်ရေး ထိပ်တန်းခေါင်းဆောင်တစ်ဦးလည်းဖြစ်တဲ့ ABSDF ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးမိုးသီးဇွန်ကို ဘောလုံးပွဲခင်းထဲမှာသွားအားပေးနေတဲ့ပုံကို တွေ့လိုက်ရပါတယ်။ သူနောက်ထပ်သွားအားပေးတဲ့အမျိုးသမီးပွဲပြီးတဲ့နောက် ဦးမိုးသီးဇွန်က သူရဲ့ အမျိုးသားရေးအမြင်ကို ထင်ဟပ်ပေါ်လွင်စေတဲ့ သဘောထားကို သူရဲ့အင်တာနက်စာမျက်နှာပေါ်မှာ အခုလို ရေးထားတာကိုလည်းတွေ့ရပါတယ်" **မြန်မာအမျိုးသမီးဘောလုံးအသင်းအစွမ်းကုန်ကြိုးစားသွားခဲ့ကြပါတယ်။ ခြေစွမ်းပြနိုင်ခဲ့ကြတယ်။ ရှုံးပေမဲ့လည်း သိက္ခာရှိတဲ့အရှုံးပါ။ နောက်တစ်နှစ် နိုင်တွေနိုင်အောင်ကြိုးစားကြတာပေါ့။**

"We shall over come"ငါတို့တစ်နေ့နိုင်ရမယ်" အားပေးတာတွေ ကဲ့ရဲ့တာတွေကတော့ ရေးရင်ဆုံးနိုင်မှာမဟုတ်။ အားပေးသူများကိုလည်း မြန်မာတစ်ဦးအနေနဲ့ ကျေးဇူးတင်သလို၊ ဝေဖန်ကဲ့ရဲ့သူများလည်း ကိုယ့်တိုင်းပြည်ကို သူများအထင်သေးအောင်တော့ မလုပ်ကြဖို့ မြန်မာတစ်ဦးအနေနဲ့မေတ္တာရပ်ခံပါတယ်။သူရိယနေဝန်းလေသံမျိုးလိုက်ပြောတာတော့မဟုတ်ပါ ခရိုနီတွေကလည်း ခရိုနီပါပဲ။ ပြည်သူတွေပြောမယ်ဆိုလည်းပြောစရာ။ အားကစားမှာတောင် ခရိုနီတွေ ခွဲယူထားသလိုဖြစ်နေပါတယ်။ ဘောလုံးခရိုနီကလည်း ငါ့ဘောလုံးမှငါ့ဘောလုံး။ ဂေါက်သီးခရိုနီကလည်း ငါ့ဂေါက်သီးမှ ငါ့ဂေါက်သီး၊ မြင်းခရိုနီကလည်း ငါမြင်းမှငါ့မြင်းဖြစ်နေပြီး နို့အမျိုးသားဂုဏ်သိက္ခာအတွက် နို့တတွေ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းကြံစည်တာမျိုးထက် သူထက်ငါအရင် ဘူကောင်းပြခံရဖို့ အပြိုင်အဆိုင်ကြိုးပမ်းအားထုတ်သလို ဖြစ်နေပါတယ်။ ကျွန်တော် တိုင်းပြည်ရဲ့ အမျိုးသား ရေး ဂုဏ်သိက္ခာတစ်ပါးဖြစ်တဲ့ အားကစားမှာလည်း အောင်မြင်ဖို့အတွက် ပေါင်းလုပ်ကြဖို့ အရေးတကြီး လိုအပ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ မြန်မာ့ဂုဏ်ဆောင် အားကစားသမားများ အားလုံးကို လေးစားလျက်။

# ပြည်ခိုင်ဖြိုးနှင့် NLD သို့မဟုတ် မြန်မာ့နိုင်ငံရေးလောက၏ ကုန်ရောင်းသူများ



ပြည်ခိုင်ဖြိုးနှင့် NLDသို့မဟုတ် မြန်မာ့နိုင်ငံရေးလောက၏ ကုန်ရောင်းသူများ လွန်ခဲ့တဲ့ ၁၈ နှစ်လောက်က မြန်မာနိုင်ငံမှာ စီးပွားရေးလာလုပ်နေတဲ့ အရှေ့တိုင်းသား သူဌေးကြီးတစ်ဦး မြန်မာ မဂ္ဂဇင်းတစ်စောင်နဲ့ တွေ့ဆုံခန်းမှာ ပြောသွားတဲ့ စကားတစ်ခုကို အမှတ်ရနေမိပါတယ်။ သူက ယနေ့ တရုတ်ကွန်မြူနစ်ပါတီရပ်တည်နေနိုင်မှုကို သုံးသပ်ပြသွားတာပါ။ သူကပြောတယ်။ တကယ်တော့ တရုတ်ကွန်မြူနစ်ပါတီ ယနေ့အထိ လူထုအကြားမှာ ရပ်တည်နေနိုင်တာဟာ တကယ်တော့ ကုန်ရောင်းတာလို့ဆိုပါတယ်။



သူ့အယူအဆအရဆိုရင် နိုင်ငံရေးပါတီတွေ လူထုအကြားမှာ ရပ်တည်နေနိုင်မှုဆိုတာ သူတို့ပါတီတွေရဲ့ ထုတ်ကုန်ဖြစ်တဲ့ နိုင်ငံရေးကို စားသုံးသူများနဲ့ အလားတူတဲ့ လူထုအကြားမှာ တစ်နည်းမဟုတ်တစ်နည်း ရှင်သန်ရပ်တည်နေနိုင်အောင် လုပ်ဆောင်ရတာဖြစ်မယ်လို့ ယူဆကြည့်လိုက်ပါတယ်။ အနောက်တိုင်းသားပညာရှင်များရဲ့ နည်းနာနိဿယတွေထဲ ကနေ ခေါထွက်ပြီး အဲဒီ အရှေ့တိုင်းသားသူဌေးကြီးရဲ့ နည်းကိုသုံးပြီး ယခုလက်ရှိလတ်တလောဖြစ်နေတဲ့ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ အဲဒီပြင်ဆင်ရေးအနားမှာကပ်ပြီး ဇာလယ်လယ်ဖြစ်နေပုံရတဲ့ ယုံကြည်မှုတည်ဆောက်ရေးဆိုတာတွေကို သုံးသပ်ကြည့်ချင်ပါတယ်။

သူရဲ့နည်းအတိုင်းဆိုရင် ယနေ့မြန်မာ့နိုင်ငံရေးရဲ့အဓိကကုန်ရောင်းသူ နှစ်ဦးက ပြည်ခိုင်ဖြိုးနဲ့ NLD ပဲဖြစ်ပါတယ်။ အဲဒီအင်အားစုကြီး နှစ်ခုက နိုင်ငံရေး ဈေးကွက်ဝေစုတွေကို ခွဲဝေယူထားတာပါ။ အဲဒီအင်အားစုကြီးနှစ်ခုအကြားမှာ အာဏာရနဲ့အတိုက်အခံဆိုပြီး စည်းခြား ကြည့်နိုင်ပါတယ်။ အာဏာရဖက်မှာ ပြည်ခိုင်ဖြိုးနဲ့ တပ်မတော်ကို ထားရပါမယ်။ အတိုက်အခံများဖက်မှာ NLD ပါတီ အပါအဝင်လွှတ်တော်တွင်း လူနည်းစုပါတီများကို ရည်ညွှန်းရမှာဖြစ်ပါတယ်။ ယခုဖြစ်နေတဲ့ အခြေခံဥပဒေပြင်ရေးပြဿနာဟာ စည်းရဲ့တစ်ဖက်က အတိုက်အခံဖက်က ပြဿနာပါ။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံဆိုတာလက်ရှိ အာဏာရသူများ စိမ်ပြေနပြေရေးဆွဲခဲ့တဲ့ ဥပဒေဖြစ်ပြီး ပြည်ခိုင်ဖြိုးအတွက် အကျိုးယုတ်စရာဘာတစ်ခုမှ မရှိတဲ့ဥပဒေပါ။အဲဒီဥပဒေအရလက်ရှိ ဦးသိန်းစိန်လည်း သမ္မတ ဆက်ပြီးဖြစ်နိုင်သလို သူ့အနားယူသွားရင်လည်း သူတို့ လူတစ်ယောက်ဆက်ပြီး သမ္မတဖြစ်နိုင်ပါသေးတယ်။ NLDနဲ့ လူထုဘက်ကို ပြန်ကြည့်ရင် ၂၀၀၈ အခြေခံဥပဒေကပြင်ကို ပြင်မှဖြစ်မှာပါ။၂၀၀၈ဖွဲ့စည်းပုံအရဆိုရင် အတိုက်အခံဘက်က မရနိုင်တာတွေ အကျိုးမဖြစ်နိုင်တာတွေက ကြီးကြီးမားမားရှိပါတယ်။ လတ်တလော အကြီးမားဆုံးဖြစ်နေတာက ၂၀၀၈အခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်နိုင်ပါဘူး။အတိုက်အခံပါတီဘက်ကအခြေခံဥပဒေပြင်ရေးကို ဈောင်းပေးပြီး ဥပဒေတွင်းနည်းအရ လှုပ်ရှားလာတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခြေခံဥပဒေပြင်ရေး လူထုညီလာခံတွေက လူထုထောက်ခံမှုရတယ်။ အောင်မြင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။နိုင်ငံတကာကလည်း (အနောက်နိုင်ငံများ)ကလည်း အခြေခံဥပဒေပြင်ရေးကို လိုလားတဲ့အကြောင်းသဘောထားတွေ အထင်အရှားထုတ်ပြောထားပြီးသားပါ။ အာဏာရတွေဘက်ကလည်း ပြင်ရေးကို ဆန့်ကျင်တဲ့သဘောမပြထားပါ။ လွှတ်တော်ထဲက တပ်မတော်သားများဘက်ကလည်း ပြင်ဆင်ရေးကို လိုလားတဲ့ သဘောပြောနေပါပြီ။ **NLD က ၂၀၁၂ မှာ ရွေးကောက်ပွဲဝင်ခဲ့တယ်ဆိုတာ တကယ်တော့ ပြည်ခိုင်ဖြိုးနဲ့ NLD တို့ ကုန်ရောင်းကုန်ဝယ် တစ်ခါဖြစ်ခဲ့တာပါ**။အဲဒီအချိန်က အရောင်းအဝယ်က အဲဒီတုန်းကပေါက်ဈေးနဲ့ အောက်ကြေးယူပြီး မရောင်းချင်ရောင်းချင်ရောင်းခဲ့ရတာ ဖြစ်ပေမယ့် အခုတစ်ခါကတော့ အရောင်းအဝယ် အသစ်ထပ်လုပ်ရမှာပါ။

အဲဒီလို အရောင်းအဝယ်အသစ် ထပ်လုပ်ရမယ့်အချိန်မှာ တစ်ဖက်ကလည်း NLDဘက်က တောင်းတဲ့ ဈေးအတိုင်းမပေးရအောင် တစ်ဖက်က လည်းနည်းမျိုးစုံနဲ့ ကြိုးစားမှာမလွဲပါဘူး။ လက်ရှိ အာဏာရပါတီက ခေါင်းဆောင်တွေဟာ တပ်မတော်ကလာခဲ့ကြသူတွေဖြစ်ပေမဲ့ ယခင် မဆလခေတ်က ဗိုလ်ချုပ်တွေလို တစ်ဖက်ရန်သူကို တိုက်ခိုက်ချေမှုန်းပြီး အနိုင်ယူတဲ့နည်းထက် နိုင်ငံရေးအရ အနိုင်ရတဲ့နည်းကို ဦးစားပေးတဲ့

သူတွေပါ။ သူတို့ဟာ ဆန့်ကျင်ဘက်အင်အားစုများရဲ့ ပဋိပက္ခတွေအပေါ် ကျင်လည်စွာ အသုံးချတတ်တဲ့နေရာမှာ တစ်ဖက်လူရဲ့ လင်မယားရန်ဖြစ်တဲ့ကိစ္စကိုတောင် အကျိုးရှိအောင် အသုံးချနိုင်သူတွေဖြစ်ပါတယ်။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် NLD ရဲ့ ကြိုးပမ်းမှုတွေ အရှိန်မြင့်လာချိန်မှာ ၈၈ မျိုးဆက်ခေါင်းဆောင်နှစ်ဦးရဲ့ စကားတွေကြောင့် အတိုက်အခံအင်အားစုတွေဘက်မှာ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြပါတယ်။ ဒီလို ဖြစ်သွားခဲ့တဲ့ ပြဿနာဟာ အမှတ်တမဲ့ဖြစ်ခဲ့တာ လို့ယူဆဖို့ခက်ပါတယ်။ ကျောင်းသားခေါင်းဆောင်တွေ ဘယ်လိုသဘောကြောင့်ပဲပြောသည်ဖြစ်စေ။ ယုံကြည်မှုတည်ဆောက်ရေးဆိုတဲ့ကိစ္စက အခြေခံဥပဒေပြင်ရေးကိုလိုက်ပြီး အားပြိုင်တဲ့သဘောမျိုး ဖြစ်နေပါတယ်။ ဒီပြဿနာကအာဏာရှင်နဲ့ အတိုက်အခံတို့ကိုခြားထားတဲ့စည်းရဲ့ တစ်ဖက်ခြမ်း အတိုက်အခံဘက်အခြမ်းမှာ ဖြစ်နေတာပါ။ အခုဖြစ်ပေါ်သွားတဲ့ပြင်ဆင်ရေးနဲ့ ယုံကြည်မှုတည်ဆောက်ရေးဆိုတဲ့ အယူအဆနှစ်ခု ပေါ်ပေါက်လာမှုကြောင့် အာဏာရပါတီအစိုးရဘာမှ နစ်နာသွားစရာအကြောင်းမရှိပါဘူး။ နစ်နာခြင်း နစ်နာရင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သာ နစ်နာဖို့ရှိပါတယ်။ အာဏာရသူများအတွက်ကတော့ ဖွဲ့စည်းပုံပြင်ရင်လည်း သူတို့မှာ အရင်ကတည်းက စီမံကိန်း (က၊ခ၊ဂ)စသည်အားဖြင့် ရှိထားပုံရပါတယ်။ အဲဒီစီမံကိန်းတွေကို တစ်ခုပြီးတစ်ခု အလျဉ်းသင့်သလိုချပြီး သုံးသွားနိုင်ပါတယ်။ ယနေ့မြန်မာအာဏာပိုင်များဟာ မြန်မာ့တပ်မတော်က အစဉ်အဆက်သုံးခဲ့တဲ့ အမာရှောင်အပျော့နှိက် နည်းပရိယာယ်ကို လက်ကိုင်ထားသူများဖြစ်ပြီး၊ တစ်လောကလုံးနဲ့ နောက်တစ်ခါထပ်ပြီး ရန်ဖြစ်မယ့် အလုပ်ကိုလုပ်တော့မည် မဟုတ်ပါ။ တစ်ဖက်က အတိုက်အခံရဲ့ အရှိန်အဟုန်ကို ကြည့်ပြီးသူတို့ရဲ့ ကြိုတင်ဆွဲထားပြီးသား စီမံကိန်းတွေကို အလျဉ်းသင့်သလို ချသုံးသွားနိုင်ပါတယ်။

အတိုက်အခံဘက်က လှုပ်ရှားလာမှုကို ကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအသစ်ရေးဆွဲရေးဆိုတာ အားလုံးရဲ့ ဆန္ဒမှန်ပေမဲ့ အခြေခံဥပဒေပြင်ရေးကို ဦးတည်ပြီး ခေါင်းဆောင်ဆန်းစုကြည်သမ္မတဖြစ်ဖို့နဲ့ စစ်တပ်ပါဝင်နေမှု ၂၅ ရာခိုင်နှုန်းကနေ နည်းနည်းလျော့သွားဖို့ လောက်ကိုမှန်းထားပုံရပါတယ်။ လက်ရှိအစိုးရနဲ့ အတိုက်အခံတို့ဟာ ဖြစ်တည်လာခဲ့ကြတဲ့ နောက်ခံနိုင်ငံရေး ဇာတိမတူကြပါဘူး။ ပြည်နိုင်ငံဖြိုးရော၊ NLD ပါ ကိုယ့်အခြေခံလူထုနဲ့ ကိုယ်ရပ်တည်နေကြတာဖြစ်လို့ ကြားကပရိသတ်ဖြစ်တဲ့ ပြည်သူလူထုက ကွဲကွဲပြားပြားသိပါတယ်။ သို့သော် အတိုက်အခံဘက်ကတော့ နိုင်ငံရေးလိုင်း တူတာတွေရှိတဲ့အတွက် နည်းနည်းရှုပ်ရပါတယ်။ ဥပမာ ၈၈ မျိုးဆက်ဆိုတာ အတိုက်အခံ ဒီမိုကရေစီအင်အားစုဘက်က ပေါက်ဖွားလာခဲ့တာ၊ NLD လိုအဖွဲ့နဲ့ နိုင်ငံရေး ဇာတိတူတဲ့အတွက်ကြောင့် ၈၈ မျိုးဆက်ကပြောတာနဲ့ NLD က ပြောတာကိုလူထုက ဝေဝေဝါးဝါးဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ နောက်တစ်ခါ ၈၈ မျိုးဆက်ဆိုတဲ့အခါမှာလည်း ပြည်တွင်းပြည်ပမှာရှိနေတဲ့ ၈၈ မျိုးဆက်အားလုံးဖြစ်တယ်လို့ လူထုအကြားမှာရောရောထွေးထွေးဖြစ်နိုင်ပါတယ်။ ဒါတွေကတော့စည်းရဲ့ တစ်ဖက်က အတိုက်အခံဖက်အခြမ်းကဖြစ်လာနိုင်ဖွယ်ရှိတဲ့ ပြဿနာတွေပါ။ အာဏာရတွေဘက်မှာ ဒီပြဿနာမရှိပါဘူး။ သို့သော် သူတို့လည်း လုံးဝအပေါ်စီးရ နေမယ်လို့လည်း မဆိုနိုင်ပါဘူး။အခု NLD က အခြေခံဥပဒေပြင်ရေး ဖိအားပေးနေတဲ့အချိန်မှာပဲ SNLD လို အင်အားကြီးတဲ့လူမျိုးစုနိုင်ငံရေးပါတီကလည်း ၂၀၁၅ မတိုင်ခင် ဖွဲ့စည်းပုံပြင်ဖို့ ဖိအားပေးနေပါပြီ။ အဲဒီတော့ အာဏာရတွေအနေနဲ့ တစ်ဖက်ကတင်လာတဲ့ အခြေခံဥပဒေပြင်ရေးကို ဘယ်လို

ညည်းခဲ့ရ ရှောင်လွှဲလို့ မရနိုင်တဲ့အတွက် နောက်ထပ် ကုန်ရောင်းကုန်ဝယ်မှု အသစ်တစ်ခုထပ်ကို ထုပ်ရမှာပါ။ မြန်မာ့နိုင်ငံရေးမှာ ဒီအင်အားစုနှစ်ရပ်ကို အစေးထိုးဝင်ရောက်လာနိုင်တဲ့ တတိယအင်အားစုမရှိမချင်းတော့ မြန်မာ့နိုင်ငံရေးရဲ့ ဈေးကွက်ဝေစုတွေကို ဒီပင်မ အင်အားစုနှစ်ခုကပဲ ကြီးစိုးနေဦးမှာဖြစ်ပါတယ်။ သူတို့ရဲ့ ကုန်ပစ္စည်းဖြစ်တဲ့ သူတို့ရဲ့နိုင်ငံရေးကိုလူထုအကြားမှာ ဆက်လက်ရှင်သန်ဖို့ လုပ်ဆောင်နေကြဦးမှာပါပဲ ဆက်လက် ရောင်းချနေကြဦးမှာပါပဲ။

။ ။

# ပြည်ခိုင်ဖြိုး၏ ပရိယာယ်ပါသော ရှေ့တိုးခြေတစ်လှမ်း
## ဒေါ်စုအတွက် ပဟေဠိဆန်သော နောက်ဆုတ်ခြေတစ်လှမ်း

၂၀၁၅မှာ ရွေးကောက်ပွဲဝင်ရေးမဝင်ရေးကိစ္စကတော့ NLD ရဲ့ ထုတ်ပြန်ပြောကြားချက်ကြောင့် ရှင်းသွားပါပြီ။ အခြေခံဥပဒေပြင်သည်ဖြစ်စေ၊ မပြင်သည်ဖြစ်စေ ရွေးကောက်ပွဲဝင်တော့မယ်ဆိုတာ ထင်ထင်ရှားရှားဖြစ်သွားပြီဖြစ်တဲ့ အတွက်ကြောင့် ဝင်ရေးမဝင်ရေးကနေ ၂၀၁၅ ကိစ္စဘက်ကို အာရုံပြန်ပြုရတော့မယ်လို့ ဆိုရမယ့်အချိန်။ အတိုက်အခံဘက်မှာ လှုပ်လှုပ်ရှားရှားဝေဖန်မှုတွေနဲ့ NLD ရှုတ်တရက်ကိုယ့်အရှိန်နဲ့ကိုယ်ခြေလှမ်းတစ်ချက် ယိုင်သလိုအဖြစ်မှာသူရဲ့ ၂၀၁၅ အတွက်ပင် ပြိုင်ဘက်ပြည်ခိုင်ဖြိုးပါတီက ခြေတစ်လှမ်းစလှမ်းလိုက်ပါတယ်။

သပ်ရပ်ပြီး ပရိယာယ်ပါတဲ့ ခြေလှမ်းလို့ဆိုရမှာပါ။ ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကနေ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးနဲ့ ပတ်သတ်ပြီး ပြည်ခိုင်ဖြိုးပါတီက ၂၀၀၈ ဖွဲ့စည်းပုံထဲက အချက် ၂၂ ချက်ကို ပယ်ဖျက်ဖို့နဲ့ ၅၂ ချက်ကိုဖြည့်စွက်ဖို့ သဘောတူဆုံးဖြတ်ခဲ့တဲ့အကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီသဘောထားတွေကို ဖွဲ့စည်းပုံလေ့လာသုံးသပ်ရေးကော်မတီကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အဲဒီအချက်တွေထဲမှာ ပရိယာယ်ပါတဲ့ ခြေလှမ်းလို့ဆိုရမှာပါ။ ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကနေ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး ပြည်ခိုင်ဖြိုးပါတီက ၂၀၀၈ ဖွဲ့စည်းပုံထဲက အချက် ၂၂ချက်ကို ပယ်ဖျက်ဖို့နဲ့ ၅၂ ချက်ကိုဖြည့်စွက်ဖို့ သဘောတူဆုံးဖြတ်ခဲ့တဲ့အကြောင်း တရားဝင်ထုတ်ပြတ်ကြေညာခဲ့ပါတယ်။ အဲဒီသဘောထားတွေကို ဖွဲ့စည်းပုံလေ့ လာသုံးသပ်ရေးကော်မတီကို တင်ပြသွားမှာဖြစ်ပါတယ်။

အဲဒီအချက်တွေထဲမှာ အခြေခံဥပဒေပြင်ဆင်ရေး ရဲ့ထိပ်တန်းကိစ္စတစ်ခုဖြစ်တဲ့ ပုဒ်မ ၅၉(စ) နိုင်ငံတော်သမ္မတ ဖြစ်ခွင့်အရည်အချင်းကန့်သတ်ချက်ကို ပြင်ဆင်ဖို့အပါအဝင် တိုင်းရင်းသားများနဲ့ အာဏာခွဲဝေရေး၊ တပ်မတော်ရဲ့ အခန်းကဏ္ဍတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။ သူတို့ရဲ့ သဘောထားကတော့ရှင်းပါတယ်။ အခြေခံဥပဒေပြင်ရေးကိစ္စဆိုတာကို ရွေးကောက်ပွဲသပိတ်မှောက်တဲ့အဆင့်အထိ မသွားဘဲ အပေးအယူလုပ်ဆွေးနွေးနိုင်ဖို့သူတို့ရဲ့ ကမ်းလှမ်းချက်ကို တစ်ဖက်လှည့်ကြေညာတာလည်းဖြစ်သလို ၂၀၁၅ အတွက် ပစ်မှတ်ထားစည်းရုံးမည့် လူထုအပေါ် ပြည်ခိုင်ဖြိုးက သူ့ရဲ့မဲဆွယ်ဖို့ ကြိုးပမ်းမှုတွေကို သွယ်ဝိုက်တဲ့နည်းနဲ့ စတင်လိုက်တာဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

အာဏာရ ပြည်ခိုင်ဖြိုးဘက်ကတော့

ဖွဲ့စည်းပုံကို ပြင်မယ်၊ သို့သော်သူတို့ ဖြစ်ချင်တဲ့ ပုံစံမျိုးပြင်နိုင်ဖို့လိုတယ်ပုံရပါတယ်။ သူတို့ရဲ့ ဖွဲ့စည်းပြင်ဆင်ရေးအတွက်တင်ပြမည့် သဘောထားထဲမှာကိုက တစ်ဖက်အတိုက်အခံဘက်က အခြေခံဥပဒေပြင်ရေးအတွက် ကြီးမားတဲ့မဟာမိတ်ဖွဲ့ပြီးစီအားပေးမလာနိုင်အောင် သပ်သပ်ရပ်ရပ်ကြိုပြီး တားကွယ်ထားတာတွေ့ရပါတယ်။ တိုင်းနဲ့ပြည်နယ်ဝန်ကြီးချုပ်တွေကို သမ္မတကရွေးချယ်တဲ့စနစ်အစားပြည်နယ်တွေကပဲ ရွေးချယ်စေဖို့ သဘောထားဟာ တိုင်းရင်းသားများ အနေနဲ့ အခြေခံဥပဒေ ပြင်ရေးကိစ္စမှာ NLDနဲ့ မဟာမိတ်လုပ်ပြီး တိုက်ပွဲဝင်စရာမလိုတော့အောင် သီးခြားခွဲထုတ်ပြီး ဆွဲဆောင်ဖို့ ရည်ရွယ်တာဖြစ်နိုင်ပါတယ်။ တကယ်တော့ တိုင်းရင်းသားနိုင်ငံရေးအင်အားစုများရဲ့ အဓိကလိုလားချက်က ဘယ်သူဘယ်ဝါသမ္မတဖြစ်ရေးထက် လူမျိုးစုအခွင့်အရေးပိုရစေမယ့်အာဏာခွဲဝေရေးပါ။

ဒါ့အပြင် သယံဇာတထုတ်ဖော်ရေးကိစ္စတွေမှာလည်း ပြည်နယ်တွေကို ခွင့်ပြုဖို့လည်းပါဝင်ပါတယ်။ ဒီသဘောထားဟာ ပြည်နယ်တွေက လူမျိုးစုနိုင်ငံရေးအင်အားစုများကို မျှော်လင့်လျက်တွေများစွာ ပေးလိုက်နိုင်တဲ့သဘောထားတစ်ခုလည်းဖြစ်လို့ သပ်ရပ်တဲ့ခြေလှမ်းတစ်ခုပါ။ တပ်မတော်ရဲ့ အခန်းကဏ္ဍကိုလည်း ပိုနေမြဲကျားနေမြဲထားဖို့ ရည်ရွယ်တဲ့အတွက် ပြည်နိုင်ဖြိုးအနေနဲ့ နောက်ဆုံး မဖြစ်မနေအကြိတ်အနယ်စကားပြောရတော့မယ်ဆိုရင် တောင် ၅၉(စ)ကိုသာအဓိကပြောရဖို့ရှိပါတယ်။ ပြည်နိုင်ဖြိုးဟာဆက်လက်အနိုင်ရလိုပါတယ်။ ၂၀၁၅ မှာအနိုင်ရဖို့ သဘောထား အတိအကျကိုလည်း ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်နိုင်ဖြိုးပါတီဗဟိုကော်မတီအစည်းအဝေးမှာ အတိအလင်းပြောခဲ့ပြီးပါပြီ။ တရားနည်းလမ်းကျပါတယ်လို့ အများကမြင်လာအောင် ရုပ်ပြလုပ်စေမယ့် အခြေအနေမျိုးကို ဖန်တီးပြီး အနိုင်ရဖို့ကြိုးစားမှာပါ။ အတိုက်အခံတော်တော်များများက လက်ရှိအာဏာရပါတီကို ယခင်နဝတ၊ နယကစစ်အစိုးရလို သဘောထားနေသေးပြီး အဲဒီစစ်အစိုးရဟောင်းများရဲ့ နည်းနာများအတိုင်း ဆက်ပြီးတိုက်လာလိမ့်မယ်လို့ပုံသေတွက်ထားမယ်ဆိုရင်အများ ကြီးလွဲသွားစရာအကြောင်းရှိပါတယ်။ ယခု အာဏာရစိုးရဟာ ပြည်နိုင်ဖြိုးပါတီအစိုးရအဖြစ် အသွင်ပြင်ပြောင်းသွားခဲ့ပါပြီ။ သူတို့ဟာ ဒီမိုကရေစီကို ဒီမိုကရေစီနဲ့တိုက်တဲ့နည်းကို သာရွေးတော့မှာပါ။ ယခင်စစ်အစိုးရများ လက်ထက်က သူလျှိုသူ့နည်းစနစ်နဲ့ အတိုက်အခံတွေကို တိုက်ခဲ့တာပါ။ ၂၀၁၀ နောက်ပိုင်းအရပ်သားအစိုးရဖြစ်ကတည်းက အတိုက်အခံဘက်က ရပ်တည်ခဲ့တဲ့ လူတချို့အကြံပေးများအဖြစ် ငှားရမ်းအလုပ်ခန့်ခဲ့ပြီး နောက်ပိုင်းအတိုက်အခံတွေသုံးတဲ့ နည်းတွေအတိုင်းတန်ပြန်ခဲ့တာပါ။ တစ်ချိန်က အတိုက်အခံဘက်တော်သားများရဲ့ လုပ်ကွက်တွေဖြစ်တဲ့ နိုင်ငံတကာမျက်နှာစာမှာလည်း ပြည်နိုင်ဖြိုးအရပ်သားအစိုးရ နာမည်ကောင်းတွေရခဲ့ပြီး ဆက်လက်ပြီးတော့လည်း နာမည်ကောင်းနေဆဲပါ။

သူတို့ တည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဆိုတာကိုလည်း အနောက်ကမ္ဘာက ယုံကြည်ပြီး

အကူအညီအထောက်အပံ့တွေ ဝင်လာမစဲရှိနေဆဲ။ အလားတူပါပဲ၊ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေးအရှိန်အဝါကလည်း နိုင်ငံတကာမှာပြည်တွင်းမှာ အရှိန်အဟုန်ကြီးမားလာနေဆဲ။ ဒေါ်စုရဲ့ အခြေခံဥပဒေပြင်ရေးလှုပ်ရှားမှု အရှိန်အဟုန်မြှင့်လာပြီးတဲ့အချိန်မှာ အခြေခံဥပဒေမပြင်လည်း ၂၀၁၅ ရွေးကောက်ပွဲဝင်မယ်လို့ ကြေညာလိုက်တာတကယ်တော့ ပဟေဠိဆန်တဲ့ နောက်ဆုတ်တဲ့ခြေလှမ်းပါ။ ဘာကြောင့်လဲဆိုတော့ အရေးမနိုင်ဘဲ နောက်ဆုတ်လိုက်တဲ့အတွက်ကြောင့်ပါ။

ယခုပြည်ခိုင်ဖြိုးဗဟိုကော်မတီရဲ့ အခြေခံဥပဒေပြင်ဆင်ရေးသဘောထားထဲမှာ အခြေခံဥပဒေပြင်ရေးအတွက် အပေးအယူလုပ် စကားပြောစရာမျှော်လင့်ချက်တွေရှိနေပါသေးတယ်။ အခြေခံဥပဒေပြင်ရေးကိစ္စဟာ တစ်ခဏသာငြိမ်သွားနိုင်တဲ့ ကိစ္စမျိုးဖြစ်ပြီးနောက် မကြာခင်တစ်ကျော့ပြန်လှည့်လာနိုင်သေးတယ်လို့ အာဏာရခေါင်းဆောင်များတွက်ဆထားဟန် တူပါတယ်။

ဒါကြောင့် ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်နိုင်လောက်တဲ့ သဘောထားကို ပြည်ခိုင်ဖြိုးဘက်က လေသံပစ်ထားတာ ဖြစ်နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်က ရုတ်ချည်းနောက်တစ်လှမ်းပြန်ဆုတ်တာဟာလည်း အများသူငါအားမလိုအားမရ ဖြစ်ပြီးအပြစ်တင်နေသလို လျှောကျသွားတာလည်းဖြစ်ချင်မှ ဖြစ်နိုင်ပါမယ်။ တစ်ဖက်ပြိုင်ဘက်ရဲ့ အလားအလာရှိတဲ့ အခက်အခဲကို ကြိုတင်မှန်းဆနိုင်တဲ့အတွက် တပ်ဦးမကျခင်နောက်တစ်လှမ်းပြန်ဆုတ်ပြီး အရှိန်ယူတာလည်း ဖြစ်နိုင်ပါတယ်။

အခု ၂၀၁၅ ကို သဝိတ်မှောက်နိုင်ခြေရှိတဲ့ ကိစ္စက အနိုက်အတန့်အားဖြင့် ပြေလည်သွားပေမဲ့ ပြည်ခိုင်ဖြိုးအစုနဲ့ အခြားကြီးကြီးမားမားဖြေရှင်းရမည့်ကိစ္စတွေတန်းစီနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ မြေယာသိမ်းထားတဲ့ကိစ္စ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သိသိသာသာရှိမလာသေးတဲ့ကိစ္စ၊ အလုပ်လက်မဲ့ကိစ္စတွေဟာ လောလောလတ်လတ် ဥပမာပေးလို့ ရတဲ့ကိစ္စတွေပါ။ အတိုက်အခံဖြစ်တဲ့ NLD ပါတီမှာလည်း အခက်အခဲတွေ ရှိပါတယ်။ ဥပမာ NLD ဟာဒီမိုကရေစီပါတီဖြစ်ပေမဲ့ အောက်ခြေအထိ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီပါတီအဖြစ်ကို လုံးလုံးလျားလျားမရောက်ရှိသေးပါဘူး။

သေနာပတိက တိုက်ရိုက်အမိန့်ပေးကွပ်ကဲနေတဲ့ ဒီမိုကရေစီပါတီ သဘောမျိုးပဲဖြစ်နေပါသေးတယ်။ **အာဏာရရော အတိုက်အခံပါနှစ်ဦးစလုံးနိုင်ငံတကာအလယ်မှာ နာမည်ကောင်းနဲ့ ရပ်တည်နေတဲ့အတွက် နိုင်ငံရေးခြေလှမ်း တွေကို သတိနဲ့လှမ်းနေကြတဲ့ သဘောရှိပါတယ်။**

**ထူးခြားတဲ့စရိုက် လက္ခဏာတစ်ခုကတော့ ပြည်ခိုင်ဖြိုးနဲ့ NLD က အခုအချိန်အထိ တစ်ဖက်နဲ့ တစ်ဖက်နိုင်ငံရေးအရ ပြင်းပြင်းထန်ထန်ထိုးနက်တိုက်ခိုက်တာတွေ မလုပ်ကြသေးတာပါပဲ။** တစ်ဖက်နဲ့တစ်ဖက် ဘယ်လောက်ထိအပေးအယူမျှပြီး တိုင်းပြည်တိုးတက်ရေးအတွက်အာရုံစိုက်လုပ်ဆောင်နိုင်မလဲဆိုတာကတော့ မြန်မာပြည်သူများရဲ့ ကံကြမ္မာမြန်မာပြည်ရဲ့ ကံကြမ္မာလို့ပဲ ဆိုရမှာဖြစ်ပါတယ်။

# မဟာဆန်ချင်သောမြန်မာနိုင်ငံရဲ့
# တစ်နေ့ရှေ့၊ တစ်နေ့ငွေ့ပမာ
# ယနေ့မြန်မာ့နိုင်ငံရေး



အရှေ့တောင်အာရှ ၁၁ နိုင်ငံမှာကုန်းပေါ်မှာ ၅ နိုင်ငံ (မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်) အဲဒီ ၅ နိုင်ငံထဲမှာ ထိုင်းနဲ့ ကမ္ဘောဒီးယားက လက်ရှိစည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးနေတဲ့နိုင်ငံတွေ၊ ကျန်တာတွေက သမ္မတနိုင်ငံတွေပါ။ ဒါပေမဲ့ မြန်မာက အဲဒီ တော်ဝင်ဘုရင်နိုင်ငံတွေ ထက် ပိုပြီး မဟာဆန်ချင်ပါတယ်။ နေပြည်တော်၊ ပါဠိအမည်များ၊ မင်းခမ်းမင်းနားများစသည်အားဖြင့်မဟာဆန်ချင်တဲ့ မြန်မာရဲ့ နိုင်ငံရေး အခြေအနေက ၂၀၁၀ ကနောက်ပိုင်းလှုပ်ရှားမှုတွေ ... အနောက်အလားအလာတွေ ပြည့်နှက်နေခဲ့ပေမဲ့ အခုတလော မြန်မာ့နိုင်ငံရေး အခြေအနေကတက်လိုက်ကျလိုက်သဘောဖြစ်နေပါတယ်။

အရင်နှစ်ဆန်းနှစ်လည်ပိုင်းက အာဏာရနဲ့ အတိုက်အခံတို့ ပူးပေါင်းဆောင်ရွက်မှုများက အားရစရာ ကောင်းသလောက်၊ အခြေခံဥပဒေပြင်ရေးလှုပ်ရှားမှု ဖြစ်လာပြီးနောက်ပိုင်း အခြေအနေက တစ်မျိုးဖြစ်လာပြန်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ချင်းပြည်နယ်ခရီးစဉ်အတွင်း အာဏာပိုင်များဘက်က မနှေးတွေးတဲ့ သတင်းတွေ ကြားရတာလည်း စိတ်ပျက်စရာလို့ ပြောရတာထက် စိုးရိမ်စရာလို့ ပြောရမလို ဖြစ်နေပါတယ်။ ပြဿနာရဲ့ သဘောကပိုပြီး အနုစိတ်လာပါတယ်။ အာဏာပိုင်များဘက်က သဘောကို အနုစိတ်သတိထား လေ့လာပြောဆိုရတော့မှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်တော့ ရရှိပြီးသား ဖြစ်ပေါ်တိုးတက်မှုတွေ အလဟဿဖြစ်မယ့်ကိန်း

ဆိုက်သွားနိုင်ပါတယ်။

ဒီအချိန်ဟာနှစ်ဦးနှစ်ဖက် ခေါင်းဆောင်တွေအတွက် အရမ်းအရေးကြီးတဲ့အချိန် ဖြစ်လာပါပြီ။ နှစ်ဖက်စလုံးကလည်း ကိုယ်ပိုင်အသင်းဟုတ်သဲပါတီအစုအဝေးနဲ့စုပေါင်းခေါင်းဆောင်မှုနဲ့သွားရတာ ဖြစ်လို့ ခြေလှမ်းအမှား မခံနိုင်တဲ့အချိန်ပါ။ တစ်ချိန်တုန်းက နဝတ၊ နယကစစ် အစိုးရများနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ထိပ်တိုက်တိုးခဲ့တယ်ဆိုတာ နိုင်ငံရေးလားရာမတူတဲ့ အင်အားစု ၂ ခု လမ်းကျဉ်းတစ်ခုတည်းပေါ်မှာထိပ်တိုက်ရင်ဆိုင်ခဲ့ကြတာက စတာပါပဲ။ အခုတော့ အဲဒီလားရာမတူခဲ့တဲ့ အင်အားစုကနေ အဆင့်ဆင့်အသွင်ပြောင်းလာခဲ့တဲ့လက်ရှိအာဏာရသူများကလည်းဒီမိုကရေစီဆိုတဲ့ လားရာဘက်ကို ချီတက်နေတဲ့အတွက် အရင်လိုဆိုးဆိုးဝါးဝါး ထိပ်တိုက်ရင် ဆိုင်မှုတွေ မရှိတော့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးခေတ် မတူညီတဲ့အင်အားစု ၂ ခု နိုင်ငံရေး လားရာတူဖက်ကိုငြိမ်းငြိမ်းချမ်းချမ်းနဲ့သွားနိုင်ဖို့ကတော့ လွယ်ကူလှတဲ့ကိစ္စမဟုတ်ပါဘူး။

အာဏာရပြည်ခိုင်ဖြိုး ပါတီဘက်ကို ကြည့်မယ်ဆိုရင်ပြုပြင်ပြောင်းလဲရေးကို လိုလိုလားလား နဲ့တက်တက်ကြွကြွရှိသူတွေရှိသလို၊ ခေါင်းမာကိုဏ်းသားတွေလည်းရှိနိုင်ပါတယ်။ အတိုက်အခံအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဘက်မှာလည်း ထို့အတူရှိနိုင်ပါတယ်။ အာဏာရပြည်ခိုင်ဖြိုးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ရင်း ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်သွားချင်တဲ့သူတွေ ရှိနိုင်သလို၊ ဆက်လက်ဆန့်ကျင်ရေး အင်အားစုတွေလည်းရှိမှာပါ။ အခုချင်းပြည်နယ် ခရီးစဉ်လို အာဏာပိုင်များဘက်က မနှေးဝေးတဲ့ ပြုမူချက်တွေကြောင့် ယုံကြည်မှုတည်ဆောက်ရေးဆိုတဲ့ကိစ္စက မတည်ဆောက်ခင်ကတည်းက ပျက်ပြားသွားနိုင်ပါတယ်။ ဦးရွှေမန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ လွှတ်တော်ထဲက အပြုသဘောဆောင်တဲ့ပူးပေါင်းဆောင်ရွက်ခဲ့မှုတွေအလဟဿဖြစ်သွားနိုင်ပါတယ်။ အခု ပြည်ခိုင်ဖြိုးအစိုးရဆိုတာ ပြည်ခိုင်ဖြိုးပါတီဆိုတဲ့ နိုင်ငံရေး ကျောထောက် နောက်ခံရှိတဲ့ အစိုးရလို့ပဲ သဘောထားရမှာဖြစ်ပါတယ်။ ပြည်ခိုင်ဖြိုးပါတီရဲ့ တိုက်ရိုက်ညွှန်ကြားမှုနဲ့ လှုပ်ရှားနေတဲ့ အစိုးရဖြစ်တယ်လို့ တသစ်ချ မှတ်ယူထားလို့လည်း မဖြစ်နိုင်ပါဘူး။ သူတို့ပါတီရဲ့နိုင်ငံရေးသဘောတရားကို အသုံးချပြီး အစိုးရရဲ့မူဝါဒတွေကို အကောင်အထည်ဖော်တယ်လို့တဲ့ သဘောထားရမှာ ဖြစ်ပါတယ်။

မြန်မာ အစိုးရအနေနဲ့ အခု ၃ နှစ်ကျော်ကာလအတွင်း နိုင်ငံတကာသံတမန်ရေး မျက်နှာစာမှာ အောင်မြင်မှုတွေရခဲ့ပေမဲ့ ပြည်တွင်း ကနိုင်ငံရေးကိစ္စတွေမှာတော့ မပြီးပြတ်သေးတာတွေ၊ လမ်းတဝက်မှာ တင်ရှိနေသေးတဲ့ကိစ္စတွေ အများကြီးပါ။ ဥပမာ ပြည်ထောင်စုသားအားလုံးအတွက် အသည်းအသက်ပမာအရေးကြီးလှတဲ့ **မြစ်ဆုံကိစ္စဆိုလည်း ခေတ္တသာရပ်ဆိုင်းထားတာ ဖြစ်ပြီး အာမခံချက် ဘာမှမရှိသေးပါ။** အမျိုးသားညီညွတ်ရေးအတွက် အရေး ကြီးလှတဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးရရှိရေးဆိုတဲ့ ကိစ္စမှာလည်း ပြဿနာကို ဖြေရှင်းတာမဟုတ်ဘဲ ခဏရှောင်လွှဲတဲ့နည်းကိုသာ သုံးနေတဲ့ သဘောရှိပါတယ်။

အခုရထားတဲ့ ငြိမ်းချမ်းရေးဆိုတာတွေကလည်း စစ်ပွဲတွေမဖြစ်ကြတဲ့ အခြေအနေသာရှိပါတယ်။ မဟာဆန်ချင်လွန်းတဲ့ မြန်မာအစိုးရအနေနဲ့ ရှေးရှေးကလို ထီးသုံးနန်းသုံးဆန်ဆန်ပုံစံတွေလိုများပြုမူနေရှာသလားလို့တောင် ထင်မှတ်မှား ရမယ့်သဘောတောင် ဖြစ်မိပါတယ်။ အခုရရှိထားတဲ့ ငြိမ်းချမ်းရေးလို့ဆိုတဲ့ ကိစ္စကလည်း တကယ်တော့ သူပုန်သူကန်တို့ ငြိမ်ငြိမ်ဝပ်ဝပ်ရှိစေရေးအတွက် တချို့ကို သူကောင်းပြု


တန်ဖိုးထားပြီး ဆုတော်လာဘ်တော်များ ပေးသနား သင့်သည်ကို ပေးသနားပြီး အေးချမ်းမှုတည် ဆောက်ထားတဲ့ သဘောလောက်သာ ရှိပါသေး တယ်။ မြန်မာအစိုးရများအနေနဲ့ ဂုဏ်သိက္ခာ မြင့်မားတဲ့ နိုင်ငံတော်ကြီးကို အောင်မြင်အောင် တည်ဆောက်ပြီး အမျိုးသားရေးအောင်လံတော် ကို မြင့်မားစွာ လွှင့်ထူလိုတဲ့ သဘောဆန္ဒတွေ ရှိကြမယ်ဆိုတာ ယုံမှားသံသယ မဖြစ်မိပေမဲ့ သူတို့ရဲ့သိသာတဲ့သဘောထားတစ်ခုကို လေ့လာ မိတာက မြန်မာအစိုးရအနေနဲ့ အမျိုးသားရေး အောင်လံတော်ကို သူတို့တစ်ဦးတည်းလက်နဲ့ ပိုင်ပိုင်နိုင်နိုင် လွှင့်ထူနေချင်ပုံရပါတယ်။ ဒါဟာ နိုင်ငံ ထူထောင်သူ သူရဲကောင်းကြီးများ အဖြစ် နောင်လာနောက်သားများရဲ့ အနာဂတ်သမိုင်းမှာ တွင်ရစ်လိုတဲ့ ပဒေသရာဇ်ယဉ်ကျေးမှုရဲ့ အငွေ့ အသက်တွေ ဖြစ်ပါတယ်။

မဟာမဆန်ပေမဲ့ ပဒေသရာဇ်ခေတ်က ယဉ်ကျေးမှုအငွေ့အသက်တွေလည်း အတိုက်အခံ ဆိုသူတချို့မှာရှိနေပါသေးတယ်။ ဥပမာ အတိုက် အခံဆိုသူ တချို့ဟာ သူတို့ကြည်ညိုလေးစားတဲ့ ခေါင်းဆောင်တွေရဲ့ဂုဏ်ပုဒ်တွေကို ဖော်ကျူးရင်း ဘုန်းတော်ဘွဲ့ ဆန်ဆန်တွေ ဖြစ်လာတာမျိုးတွေ ပါ။ အခု ချင်းပြည်နယ်ခရီးစဉ်ကိစ္စမှာ သူ့ကို ချစ်ခင်လေးစားသူများကသာ ပြည်နယ်အစိုးရရဲ့ ပုဂ္ဂိုလ်ရေးဆန်ဆန် ပြုမူမှုမျိုးကို မခံမရပ်နိုင်ဖြစ် ကြပြီး ထုတ်ဖော်ပြောကြပေမဲ့ ဒေါ်အောင် ဆန်းစုကြည် ကိုယ်တိုင်ကတော့ အကျယ်တဝင့် ဝေဖန်ပြောကြားတာ မတွေ့ရတာ ထူးခြားတဲ့ အချက်ပါ။ ဒေါ်စုအနေနဲ့ ဗဟိုအစိုးရနဲ့၊ အောက် ခြေအစိုးရများကို ခွဲခွဲခြားခြားသဘောထားတဲ့ သဘောရှိပါတယ်။ ခေါင်းမာကိုဏ်းသားတချို့ ကြီးစိုးတယ်လို့ထင်ရတဲ့ ပြည်နယ် အစိုးရတချို့ရဲ့ သူ့အပေါ်သဘောထားကို ပြိုင်ဘက်ပါတီရဲ့ သဘောထားလို့ မမှတ်ယူဘဲ၊ အဲဒီပါတီထဲက ပါတီဝင် တစ်ဦးရဲ့ သဘောထားလို့ပဲ သဘော ထားပုံရပါတယ်။

နောက်တစ်ချက် သတိပြုမိတာက အလွတ် ကျက်ပညာရေးကို ဝေဖန်သွားပြီး ကျောင်းသား တွေကို တွေးနိုင်ခေါ်နိုင်၊ တွေးတတ် ခေါ်တတ် အောင်ပညာသင်ပေးဖို့လိုတယ်ဆိုပြီး ဆရာဆရာမတွေကို ပန်ကြားသွားခဲ့ပါတယ်။ ဒေါ်စုပြောသွားတဲ့ အဲဒီပညာရေးဆိုတာ သူနဲ့ သူရဲဦးရွှေမန်းတို့ လွှတ်တော်မှာ ပညာရေးဥပဒေ ကြမ်းအတွက် ဆွေးနွေးပွဲမှာ ပြောကြားသွားခဲ့တဲ့ ဒီမိုကရေစီ ယဉ်ကျေးမှုကို အထောက်အကူပြုတဲ့ ပညာရေးစံနစ်ကို ရည်ညွှန်းတာဖြစ်ပါတယ်။ ၂၀၁၅ ရွေး ကောက်ပွဲအတွက် မဲဆွယ်ပွဲအတွက် မဲဆွယ်စည်း ရုံးရေးကိစ္စတစ်ခုဖြစ်လာနိုင်ပါတယ်။ အခု အချိန်အထိတော့ အာဏာရရော အတိုက် အခံပါ ပြည်သူလူထုအတွက် ပီပီပြင်ပြင် အကူအညီဖြစ်မယ့် မျှော်လင့်စရာကိစ္စလက် ဆုပ် လက်ကိုင်ဘာမှထုတ်ပြောတာ မရှိသေးပါဘူး။ မြစ်ဆုံကိစ္စလည်း မပြတ်သေးပါဘူး။ လက်ပံ တောင်းတောင်ကိစ္စလည်း မပြတ်သေးပါဘူး။ ပြဿနာအားလုံးဟာ နိုင်ငံရေးဆေးပြားတိုတွေနဲ့ သာနှစ်ပါးသွားနေဆဲပါ။

။ ။

# ပြည်ပရောက် ၈၈ မျိုးဆက်များ၏ ၂၀၁၃ခုနှစ်အတွင်း လှုပ်ရှားမှုအနှစ်ချုပ် သုံးသပ်ချက်



ပြည်ပရောက် ၈၈ မျိုးဆက်အများစုဟာ အမေရိကန်ပြည်ထောင်စု ကနေဒါ၊ သြစတြေးလျ၊ နယူးဇီလန်၊ ဥရောပမှာဆိုရင် နော်ဝေ၊ ဖင်လန် တို့မှာ အများစုအခြေချနေထိုင်ကြပြီး ကျန်ဥရောပ နိုင်ငံအချို့မှာလည်း နေထိုင်ကြပါတယ်။ အာရှနိုင်ငံများဖြစ်ကြတဲ့ ထိုင်း၊ အိန္ဒိယနိုင်ငံများမှာ အခြေချလှုပ်ရှားသူများလည်းရှိပြီး မလေးရှား၊ ဂျပန်နိုင်ငံများမှာလည်း အနည်းအကျဉ်းရှိပါ တယ်။

သို့သော် ပြည်ပရောက် ၈၈ မျိုးဆက်များ ရဲ့ ပင်မလှုပ်ရှားမှုများကတော့ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ သြစတြေးလျနဲ့ ဥရောပဒေသ တွေဆီက ၈၈ မျိုးဆက်များရဲ့ ကွန်မြူနတီတွေမှာ အများအားဖြင့် ရှိပါတယ်။ ၈၈ မျိုးဆက်တွေဟာ အကြောင်းအမျိုးမျိုးကြောင့် အားမတန်မာန်လျှော့ ပြီး ကိုယ့်ဇာတိနိုင်ငံတော်နဲ့တကွ ဒီမိုကရေစီ တိုက်ပွဲရဲ့ ဗဟိုချက်မဒေသကို စွန့်ခွာခဲ့ရပေမဲ့ ရောက်ရှိရာဒေသမှာရနိုင်သမျှအားတွေကို ပြန် လည်စုဖွဲ့ပြီး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီလှုပ်ရှားမှုတွေကို အစွမ်းကုန်ဆက် လက်ဆင်နွှဲခဲ့ကြပါတယ်။ အဲဒီတိုက်ပွဲတွေရဲ့ အကျိုးဆက်တွေအဖြစ် အမေရိကန် ပြည်ထောင်စု အပါအဝင် အနောက်အုပ်စုရဲ့စီးပွားရေးပိတ်ဆို့ မှုတွေကို ယခင်မြန်မာအစိုးရတွေ ရင်ဆိုင်ခဲ့ရပါ တယ်။ ယခင်စစ်အစိုးရများဟာ တောတွင်းမှာ ပြည်တွင်းစစ်ကို ရင်ဆိုင်နေခဲ့ရသလို ပြင်ပမှာ လည်း ပြည်ပရောက် ၈၈ တွေ အဓိကဖြစ်တဲ့ အတိုက်အခံဒီမိုကရေစီအင်အားစုများရဲ့ ဆန့်ကျင် နေမှုကိုလည်း စစ်မျက်နှာတစ်ရပ်အနေနဲ့ နှစ် ပေါင်း ၂၀ ကျော် လုံးလုံးရင်ဆိုင်နေခဲ့ရတာပါ။



ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေး၊ အခြား

မြောက်မြားစွာသော လူ့အခွင့်အရေးနဲ့ နိုင်ငံရေး ဆိုင်ရာကိစ္စရပ်တွေကို တိုက်ပွဲပုံသဏ္ဍာန်အမျိုး အမျိုးအဖြစ်ချမှတ်ပြီး နှစ်ပေါင်း ၂၀ ကျော် လှုပ်ရှားခဲ့ကြပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲ နောက်ပိုင်း အာဏာရလာတဲ့ ယခုလက်ရှိအစုရ် သားအစိုးရက ဒေါ်အောင်ဆန်းစုကြည်အပါ အဝင် ထိပ်တန်းအတိုက်အခံတွေကို လွှတ်ပေးပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုတွေ ဆက်တိုက်လုပ်ခဲ့ပြီး အမေရိကန်အပါအဝင် အနောက်နိုင်ငံများနဲ့ ဆက်ဆံရေးအထူး ပြန်လည် ကောင်းမွန်လာခဲ့ပြီး နောက်ပိုင်း ပြည်ပရောက် ၈၈ မျိုးဆက်တွေရဲ့ ပြည်ပလှုပ်ရှားမှုများ သိသိ သာသာနည်းလာခဲ့ပါတယ်။ အဲဒီနည်းလာခဲ့တာ ဟာလည်း အကြောင်းအမျိုးမျိုးကြောင့်ပါ။ အဓိက ပြည်တွင်းမှာ လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ခွင့် ပိုရှိလာတဲ့အတွက်လည်း ပြည်တွင်းက နိုင်ငံရေးနဲ့ ဆက်စပ်နေတဲ့ကိစ္စတွေမှာ တစ်ဦးချင်းအလိုက်၊ အစုအငယ်လေးတွေအလိုက် ပါဝင်နေကြတဲ့ အတွက် ပြည်ပလှုပ်ရှားမှုများကို လျှော့ချလိုက်တာ လည်း ဖြစ်ပါတယ်။

သို့သော်ယနေ့အချိန်အထိ မည်သည့် ပြည်ပရောက် ၈၈အင်အားစုကမှ ယနေ့လက်ရှိ အာဏာရအစိုးရကို တရားဝင်အသိအမှတ် ပြုခြင်းသော်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံကို တရားဝင်ထောက်ခံထားခြင်းသော်လည်းကောင်း မရှိသေးပါဘူး။ ဥပဒေဘောင်အတွင်းက တိုက်ပွဲ မှာ ဒေါ်အောင်ဆန်းစုကြည်ရှိနေတဲ့အတွက် ပြည် ပရောက် ၈၈ များက တစ်ဖက်သတ် အပစ် အခတ်ရပ်စဲထားတဲ့သဘောနဲ့ အစိုးရဆန့်ကျင်ရေး လုပ်ဆောင်မှုတွေကို အကန့်အသတ်မရှိ ရပ်ဆိုင်း ပေးထားတဲ့ သဘောသာဖြစ်နေပါသေးတယ်။

၂၀၁၃ မှာပြည်ပရောက် ၈၈ အင်အားစုတွေဟာ မိမိရောက်ရှိရာဒေသတွေမှာ ပုံမှန်အထိမ်းအမှတ် အခမ်းအနားတွေလောက်သာ လုပ်ဆောင်နေခဲ့ကြ ပေမဲ့ ၂၀၁၃ ခုနှစ်အတွင်း ပြည်ပရောက် ၈၈ မျိုးဆက်အင်အားစုများရဲ့ ထူးထူးခြားခြား နိုင်ငံ ရေးလှုပ်ရှားမှုစုစုပေါင်း ၄ခုရှိခဲ့တယ်လို့ ဆိုနိုင်ပါ တယ်။ ထူးခြားမှုဆိုတာက အဲဒီလှုပ်ရှားမှုတွေက ကွန်ရက်ပုံစံစုဖွဲ့လှုပ်ရှားမှုတွေဖြစ်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ သုံးလပတ်လေးကြိမ်ခွဲပြီး သုံးသပ် ကြည့်မယ် ဆိုရင် ပထမ၊ ဒုတိယသုံးလပတ်များ (ဇန်နဝါရီ-ဇွန်)အတွင်း ထူးထူးခြားခြားလှုပ်ရှားမှု များအဖြစ် ပြည်တွင်းက ခေါင်းဆောင်တွေ နိုင်ငံခြားခရီးထွက်ကြတာ၊ နိုင်ငံတကာကပေးတဲ့ ဆုတွေ သွားပြီးလက်ခံယူကြတာတွေလောက်ပဲ ရှိပါတယ်။ တတိယနဲ့ စတုတ္ထ သုံးလပတ်တွေ (ဇူလိုင်-ဒီဇင်ဘာ)အတွင်းမှာတော့ ပြည်ပရောက် ၈၈တွေအများစုနေထိုင်တဲ့ အမေရိကန်နဲ့ ကနေဒါ မှာ ထူးခြားတဲ့လှုပ်ရှားမှုတချို့ရှိခဲ့ပါတယ်။

(၁) အမေရိကန်ပြည်ထောင်စု အင်ဒီ ယားနားပြည်နယ် ဖို့ဒ်ဝိန်း (Fort Wayne, Indiana, U.S.A) မှာကျင်းပ ခဲ့တဲ့နိုင်ငံတကာ ၈၈မျိုးဆက်များညီလာခံ (ဇွန် ၅၊ ၆၊ ၇) (၂၀၁၃)

(၂) ကနေဒါနိုင်ငံတိုရန်တို (Toronto, Canada) မှာပြုလုပ်တဲ့ ၈၈ မျိုးဆက်ညီလာခံ (ဇွန် ၂၈၊ ၂၉၊ ၃၀) (၂၀၁၃)

(၃) အမေရိကန်ပြည်ထောင်စု မြောက်ကယ်ရိုလိုင်းနားပြည်နယ်မှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာမြန်မာအမျိုးသား ကွန်ဂရက်ဖောင် ဒေးရှင်းရဲ့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး ညီလာခံ (ဒီဇင်ဘာ ၁၄) (၂၀၁၃)တို့ ဖြစ်ပါ တယ်။ ဖို့ဒ်ဝိန်းညီလာခံကတော့ ယခင်ပြည်ပ

ရောက် စစမျိုးဆက်တွေလုပ်ခဲ့တဲ့ ညီလာခံတွေနဲ့ အနည်းငယ်ကွဲပြားမှုရှိတာက ပြည်တွင်းမှာပါ အလုပ်အဖွဲ့တစ်ခုဖွဲ့ပြီး ပြည်ပက ညီလာခံကို မလာရောက်နိုင်သူတွေကို တိုက်ရိုက်ဗီဒီယို ကွန်ဖရန့်နည်းနဲ့ ညီလာခံတက်ရောက်နိုင်ဖို့ စီစဉ်ခဲ့တဲ့အပြင် ရှစ်လေးလုံးအရေးတော်ပုံကာလရဲ့ နာမည်ကျော် ဂီတပညာရှင်ကိုနိုင်မြန်မာရဲ့ ပင်ကိုယ်ရေးကဗျာ ၂၅ ပုဒ်ကို စုစည်းပြီး ပြည်စောင့် ခွေးဆိုတဲ့ ကဗျာစာအုပ်ထုတ်ဝေခဲ့ခြင်းဖြစ်ပါ တယ်။ တိကျတဲ့ ညီလာခံဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခဲ့ပါတယ်။

ကနေဒါ၊ တိုရွန်တိုညီလာခံကတော့ ကနေဒါ အရှေ့ခြမ်း ၈၈ များအပြင် ထင်ရှားခဲ့တဲ့ ကျောင်းသားခေါင်းဆောင်အချို့လည်း တက် ရောက်ခဲ့ပါတယ်။ တိုရွန်တိုမြို့တော်ခန်းမမှာ မြို့တော်အာဏာပိုင်များက ကျင်းပခွင့်ပြုပြီး မြန်မာ့ ၈၈ အရေးတော်ပုံကို ဂုဏ်ပြုခြင်းခံခဲ့ရပါတယ်။ နယူးယောက်ယူတီကာတွေ့ဆုံမှုကတော့ ၈၈ အုံကြွမှုအတွင်း အရိုန်အဝါကြီးမားခဲ့တဲ့ ကျောင်း သားလူငယ်အင်အားစုအချို့ရဲ့ ထိပ်တန်းခေါင်း ဆောင်ဟောင်းများ တွေ့ဆုံကြပြီး နိုင်ငံတကာ ကွန်ရက်ပုံစံစုဖွဲ့ရန် ကြိုးပမ်းလှုပ်ရှားမှုဖြစ်ပါ တယ်။

မြောက်ကယ်ရိုလိုင်းနားကွန်ဖရင့်ကတော့ သူတို့ရဲ့ကြေညာချက်သဘောထားတွေအရ အခုလက်ရှိ ပြည်နိုင်ဖြိုးအစိုးရ အပေါ်စစ်အာ ဏာရှင်အစိုးရအဖြစ် သဘောထားနေသေးတာကို တွေ့ရပါတယ်။ ယူတီကာတွေ့ဆုံမှုကလွဲရင် ညီလာခံအားလုံးကတော့ ယခင်ကျင်းပခဲ့ဖူးတဲ့ ပုံစံများအတိုင်းပါ။ အဲဒီလှုပ်ရှားမှုတစ်ခုနဲ့တစ်ခု အနည်းငယ်ကွဲ ပြားမှုတွေရှိပေမဲ့ ဘုံတူညီချက် လက္ခဏာတစ်ခုကတော့ ၂၀၀၈ ဖွဲ့စည်းပုံကို လက်မခံနိုင်တာဟာ လုံးလုံးလျားလျား တူညီ ချက်ဖြစ်ပါတယ်။ တကယ်တော့ လက်ရှိမြန်မာ အစိုးရက ပြည်ပမှာရောက်ရှိနေကြတဲ့သူတွေကို ပြန်လာဖို့ပြောခဲ့ပေမဲ့ ဒါဟာ တကယ့်အနှစ်သာရ အားဖြင့် ရေရေရာရာမရှိတဲ့ ပြောကြားချက်အဖြစ် သာပြည်ပရောက် စစမျိုးဆက်အများစုက သဘောထားကြပါတယ်။

ယူတီကာတွေ့ဆုံမှုရဲ့ ခေါင်းဆောင်တစ် ဦးက "မြန်မာအစိုးရရဲ့စကားက ဘာမှမရေရာတဲ့ အပြင် ပြည်ပရောက် စစမျိုးဆက်တွေအပေါ် အုတ်အရောရောကျောက်အရောရောသဘောမျိုး ပြောကြားပြီး ပြည်ပရောက် စစမျိုးဆက်တွေရဲ့ စွမ်းပကားကို အထင်သေးပြီး ဘေးဖယ်တဲ့ သ ဘောဖြစ်တယ်" လို့ ဆိုပါတယ်။ နောက်ယူတီ ကာလှုပ်ရှားမှု ခေါင်းဆောင်တစ်ဦးကလည်း "ကျုပ်တို့အပေါ်မှာ လုံးဝ Honor မရှိဘူးလို့ ခံစားရတယ်။ ကျုပ်တို့ရဲ့ ဂုဏ်သိက္ခာ၊ ကျုပ်တို့ ၈၈ အရေးတော်ပုံရဲ့ ဂုဏ်သိက္ခာကို ဈေးပေါပေါနဲ့ ရောင်းမပျော့ဖို့ ပြည်ပမှာ အင်နဲ့အားနဲ့ရှိနေသေးတဲ့ စစမျိုးဆက်တွေက ဒီမိုကရေစီစုခံရေးစစ်ကြောင်း တည်ဆောက်ရမယ်" လို့ဆိုပါတယ်။ လက်ရှိ အာဏာရ မြန်မာအစိုးရအနေနဲ့ ပြည်ပရောက် စစမျိုးဆက်တွေကို အသိအမှတ်ပြု တဲ့သဘော သက်ရောက်တဲ့ လုပ်ဆောင်မှုမျိုးတိတိကျ ကျလုပ်ဆောင်ခဲ့တာ မရှိဖူးပါဘူး။ ပြည်ပမှာ အစိုင်အခဲကြီးတစ်ခုလို ရှိနေသေးတဲ့ ၈၈ မျိုးဆက်တွေအကြားမှာ ၂၀၀၈ ဖွဲ့စည်းပုံဆို တာရယ်၊ ၂၀၁၅ ကိစ္စတွေဟာ ဟောဟောဆယ် ရေပန်းစားနေတဲ့ ကိစ္စတွေပါ။ သူတို့ရဲ့နိုင်ငံရေး အရှိန်အဟုန်ဟာ ပြည်တွင်းက နိုင်ငံရေးဖြစ်ပေါ်


တိုးတက်မှုအပေါ်လိုက်ပြီး အပြောင်းအလဲရှိနေမှာပါ။ သူပုန်ဟောင်း၊ နိုင်ကျူးဟောင်း စစတွေဖြစ်တဲ့သူတို့ဟာ လက်ရှိအနေအထားအရ ဆိုရင်တောင် သူတို့ ယုံကြည်လေးစားရလောက်တဲ့ ဒီမိုကရေစီအစိုးရတွေ ပေါ်ပေါက်လာတဲ့အချိန်အခါရောက် အတိုက်အခံတွေအဖြစ်နဲ့သာ ဆက်လက်ရှိနေကြဦးမှာဖြစ်တယ်လို့ ခန့်မှန်းရပါတယ်။

။ ။



## ကို[illegible]ထဲမှာ ကျူးကျော်သူဖြစ်[illegible]ားရတဲ့ ပန်းလှိုင်တံတားအနားက မြန်မာတွေ

ကျွန်တော်ကျင်လည်ရာ လုပ်ငန်းခွင်ထဲမှာက လူမျိုးပေါင်းစုံ၊ အဖြူအမဲ အာရှသားအစုံ၊ တရုတ်၊ ကုလားအစုံ လုပ်ဖော်ကိုင်ဖက် တရုတ်တယောက်ဆိုရင် မြန်မာ့သတင်းတွေသူတို့တရုတ်အင်တာနက်ပေါ်က သတင်းကနေ တစ်ဆင့်ဖတ်ပြီး ကျွန်တော့်ကို လာလာပြောနေကြ။ တခါတုန်းကတော့ မြစ်ဆုံစီမံကိန်းဆိုတာ မင်းတို့ဗမာတွေ အကျိုးဖြစ်တဲ့ စီမံကိန်းပါလို့ ဆိုလို့ အခြေအတင် ငြင်းခဲ့ရဖူးသေးတယ်။ အခုလည်း အဲဒီတရုတ်က ဘယ်ကနေဘယ်လို တရုတ်သတင်း တစ်ပုဒ်ဖတ်မိခဲ့တယ်မသိ၊ ဟေ့ မင်းတို့ရန်ကုန်မှာ တရားမဝင်ရပ်ကွက်တွေကို အာဏာပိုင်တွေက ဝင်ဖမ်းတယ်ဆို၊ ငါသတင်းတစ်ပုဒ်ဖတ်ခဲ့တယ်ဆိုပြီး တရုတ်သတင်းတစ်



ပုဒ်လာပြတယ်။ ကိုယ့်အချင်းချင်းသာ ထချချင်ချမယ် တိုင်းတပါးသားဝင်ပြီး ဝေဖန်သလိုလိုပြောတော့လည်း လုံးဝမကြိုက်တာတော့ အမှန်ပါ။ ငါတို့တိုင်းပြည်တော့ လာပြောချင်တယ် မင်းတို့တရုတ်ပြည်ကရော ဘယ်လောက်များ လူနေမှုအဆင့်မြင့်လို့လည်းကွလို့သာ ဘုတောလိုက်ချင်ပေမယ့် သွားငြင်းမိရင် မလှရတဲ့အထဲမှာပြသလို ဖြစ်မှာစိုးလို့ ဩဘိဒီကိစ္စ နောက်ကွယ်မှာ နိုင်ငံရေးတွေရှိနေပါတယ်ကွာ၊ ဒို့လူမျိုးတွေက အဲဒီလို တဲလေးတွေမှာ မနေပါဘူးလို့ ပါးစပ်ထဲရှိရာပြောပြီး စကားဖြတ်ခဲ့ရပါတယ်။ သူပြောခါမှပဲ သတင်းအပေါ်ပိုစိတ်ဝင်စားမိပါ တယ်။ တွံတေးမြို့နယ်အပိုင် ပန်းလှိုင်တံတား နားက ကျူးကျော်တဲများကို အာဏာပိုင်များ က ဝင်ရောက်ဖျက်ဆီးခဲ့တဲ့ သတင်းကို သိရ တော့ ဒို့ဗမာအစည်းအရုံးရဲ့ ဒို့ဗမာသီချင်းထဲက စာသားတချို့ကို ပြန်ရေရွတ်မိပါတယ်။ "ဗမာပြည်တစ်ဝန်းအကုန်ကိုယ့်အိမ်မှတ်ပါ၊ ကိုယ့်ယာမှတ်ပါ၊ အဲဒါဒို့ဗမာ" ဒါတွေက လွတ်လပ်ရေးကြိုးပမ်းစဉ် အချိန်ကသာ သူ့ကျွန်ဘဝကို ကျရောက်နေသူတွေ လွတ်လပ်ရေးတိုက်ပွဲထဲကို

အဆောက်သရေပါဝင်လာအောင် ရဲဆေးတင်တဲ့ သီချင်း။ ဒုတိယကမ္ဘာစစ်ကြီးအပြီး တစ်ချိန်တစ်ခါကအဆက်ပါဒ္ဓိဗမာသီချင်းကို ဟစ်ကြွေးခဲ့သူ ဒို့ဗမာ သခင်ခေါင်းဆောင်တွေ ထိပ်တန်းခေါင်းဆောင်ကြီးတွေ ဖြစ်လာချိန်မှာတော့ ပေဘာရန့်ကုန်တစ်ခွင်ကအိမ်မဲ့ယာမဲ့ မြန်မာတွေရဲ့ ဘဝ ထူးမခြားနား ဖြစ်နေခဲ့တာမို့ အလံနီ ပါတီလို့ သမိုင်းမှာတွင်ခဲ့တဲ့ ကွန်မြူနစ်ပါတီ (ဗမာပြည်)ရဲ့ အတွေတွေအတွင်းရေးမှူးချုပ် သခင်စိုးက ဦးဆောင်ပြီး မြေလွတ်နေရာတွေမှာ တဲအိမ်တွေ အတင်းဝင်ဆောက်ပြီး ဥပဒေတွင်း ကနေ တိုက်ပွဲဝင်ခဲ့မှုရဲ့ နောက်ဆက်တွဲရလဒ် တွေထဲက တစ်ခုအနေနဲ့ ယနေ့ မင်းမနိုင် ရပ်ကွက်ဆိုတာ ပေါ်လာခဲ့ရတယ်လို့ ကြားဖူးပါ တယ်။ တိုက်ပွဲက အားကောင်းလွန်းပြီး အုပ်စိုးသူမင်းအစိုးရများ တောင်မနိုင်တဲ့အတွက် မင်းမနိုင်အရပ်လို့ အမည်ပေးခဲ့ရတယ်လို့ ဆိုကြပါတယ်။ မင်းမနိုင်ရပ်ကွက်ပေါ်ခဲ့ပေမယ့် တိုက်ပွဲကိုဦးဆောင်ခဲ့တဲ့ အလံနီပါတီဟာ အဲဒီအိမ်ယာရရှိရေးတိုက်ပွဲ အပါအဝင် နိုင်ငံရေးတိုက်ပွဲတချို့ကြောင့် ၁၉၄၆ ခုနှစ်မှာကတည်းက မတရားအသင်း ကြေညာခံခဲ့ရပါတယ်။ အခုပန်းလှိုင်တံတားနားက တဲအိမ်တွေအရေးကိစ္စမှာလည်း တွံတေးမြို့နယ်အတွေအတွေ့အုပ် ချုပ်ရေးမှူးရဲ့ သတင်းဌာနတခုကို အပြောအရ တဲအိမ်တွေ ဝင်ဆောက်လာတဲ့ လှုပ်ရှားမှုမှာ ဦးဆောင်သူတွေရှိတယ်လို့ဆိုပြီး အဲဒီလူတွေကို ဥပဒေအရ တရားစွဲဆိုသွားမယ်လို့ ဆိုပါတယ်။ အဲဒီအရာရှိ ပြောတဲ့အတိုင်း ဟုတ်ရင်တော့ အလံနီပါတီမရှိတော့တဲ့ နောက်ပိုင်း မြန်မာ့မြေပေါ်အိမ်ယာမဲ့များရဲ့ နိုင်ငံရေး ကျောထောက် နောက်ခံပြုလှုပ်ရှားမှု ဒုတိယ အကြိမ်မြောက်ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပြီး၊ အရာရှိ ပြောတဲ့ အတိုင်းမဟုတ်ရင်တော့ လွတ်လပ်ပြီး အချုပ် အခြာအာဏာပိုင်တဲ့ နိုင်ငံတော်ရဲ့ ကိုယ့်မြေပေါ်မှာ ကိုယ်ပြန်နေစရာ မရှိတဲ့ နိုင်ငံတော်သား တွေရဲ့ ရင်နင့်စရာ အဖြစ်တစ်ခုလို့ ဆိုရတော့ မလို ဖြစ်နေပါတယ်။ မိကျောင်းကန် ဖြစ်ရပ်နဲ့ ပန်းလှိုင်တံတားဖြစ်ရပ်က ခပ်ဆင်ဆင်ဖြစ်ပေမယ့် သဘောသဘာဝကမတူပါဘူး။ မိကျောင်းကန်က သူတို့ ဆုံးသွားတဲ့မြေကို ပြန်တောင်းတာပါ။ ပန်းလှိုင်ရဲ့အဖြစ်ကတော့ ဘာမှမရှိရှာတဲ့ သူတွေရဲ့ အနုနည်းတိုက်ပွဲ ဖြစ်ပါတယ်။ အာဏာသုံးပြီး ဖြိုခွင်းလိုက်နိုင်ပေမယ့် အခုလို ဒီမိုကရေစီ အခွင့်အရေးတွေကို ခွင့်ပြုရတော့မယ့် ခေတ်ကာလမှာ ဒီကိစ္စဒီလောက်နဲ့တင် မပြီးနိုင်ပါ။ သိမ်းခံထားရတဲ့မြေယာတွေ ကိစ္စက လက်ရှိမြန်မာ့နိုင်ငံရေးထဲက အရေးတကြီး ပြဿနာတစ်ခုလို ဖြစ်နေတဲ့အချိန်မှာ အခုအိမ်ရာမဲ့များရဲ့ကိစ္စက အပူတပြင်း ပြဿနာတစ်ခု ဖြစ်လာနိုင်ပါတယ်။ မြန်မာ့ထိပ်တန်း နိုင်ငံရေးခေါင်းဆောင်တွေ အနေနဲ့ကလည်း အာဏာပါဝါကိစ္စတွေ၊ ၂၀၀၈ ဖွဲ့စည်းပုံကိစ္စတွေအထဲမှာပဲ စပါးကြီးအညှို့ခံထားရသလို တဝဲလည်လည်ဖြစ်ပြီး အလုပ်များနေကြလို့သာ မြေယာတိုက်ပွဲတွေ၊ အိမ်ခြေယာခြေမဲ့တွေရဲ့ နိုင်ငံရေးတိုက်ပွဲတွေ အရှိန်အဟုန် မမြင့်မားလာသေးတာပါ။ အိမ်ခြေမဲ့တွေရဲ့ ပြဿနာက တိုင်းပြည်ပျက်လောက်အောင် မကြီးထွားနိုင်ပေမယ့် မြို့ပြယဉ်ကျေးမှုအရှေ့ဟုန်နဲ့ဖွံ့ဖြိုးလာတာနဲ့ အမျှအိမ်ယာမဲ့ပြဿနာက ဖွားဖက်တော်လို ကပ်လိုက်လာမှာဖြစ်ပါတယ်။ ဒီပြဿနာဟာနိုင်ငံ့ပြဿနာဖြစ်ပါတယ်။အားလုံးရဲ့ပြဿနာဖြစ်ပါတယ်။ အစိုးရမှာလည်း ဖြေရှင်းဖို့တာဝန်ရှိသလို၊ အာဏာမရသေးတဲ့ နိုင်ငံရေးသမားတွေကလည်း နည်းလမ်းတကျ ထောက်ပြပြောဆိုဖို့ တာဝန်ရှိပါတယ်။ ဒီအဖျက်ခံရတဲ့ လူနေအိမ်ခြေတွေဆိုတာ မိသားစုပေါင်းများစွာရဲ့ ကွန်းခိုရာနေရာတွေ၊ အသိုက်အမြုံတွေပါ။ ဒီပြည်သူတွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတဲ့ လူ့အဖွဲ့အစည်းရဲ့

**အစိတ်အပိုင်းတွေပါ။** ကိုယ့်တိုင်းပြည်ထဲက ကိုယ့်ပြည်သူတွေရဲ့ ဘဝတွေ တည်တည်ငြိမ်ငြိမ်နဲ့ အခြေကျအောင်၊ ဖွံ့ဖြိုးတိုးတက် အောင် ကူညီရမယ့်အစား တရားမဝင် ကျူးကျော်နေသူများအဖြစ် တံဆိပ်ကပ်ပြီး မောင်းထုတ်ခြင်း ဟာ ကိုယ့်နိုင်ငံသား၊ ကိုယ့်ပြည်သူတွေအပေါ် မျက်နှာလွှဲခဲပစ်ရက်စက်လွန်းလှပါတယ်။ အဲဒီ အဖျက်ခံရတဲ့အိမ်တွေက မိသားစုတွေရဲ့ မိသားစုဝင်ကလေး သူငယ်လေးတွေဆိုရင်လည်း၊ မတည်မငြိမ်နေထိုင်ရတဲ့ ပတ်ဝန်းကျင်အခြေအနေတွေ၊ အာဏာပိုင်တွေ ဝင်ရောက် မောင်းနှင်ထုတ်စဉ်က အဲဒီမြင်ကွင်းတွေကို မျက်ဝါးထင်ထင်တွေ့ခဲ့ရတဲ့အတွက် ကလေးဘဝကရရှိခဲ့တဲ့ နာကြည်းစရာမြင်ကွင်းတွေဟာ ကလေးတွေရဲ့ စိတ်ဓာတ်ရေးရာအခြေအနေ ဖြစ်ပေါ်တိုးတက်မှုအပေါ် အများကြီးဆိုးကျိုးသက်ရောက်နိုင်ပါတယ်။ အခု ပန်းလှိုင်တံတားဖြစ်ရပ်က ဖြေရှင်းပုံ မသိမ်မွေ့ဘူးလို့ဆိုရပါမယ်။ သိမ်မွေ့စွာ မဖြေရှင်းတဲ့အတွက် အကျိုးဆက်တွေ နောက်ဆက်တွဲ ဖြစ်လာနိုင်တာတွေ ရှိလာနိုင်ပါတယ်။ ဒီလူတွေဟာ ဘဝမှာနေရာင်ကြီးမှုတစ်ပါးဘာမှဆုံးရှုံးစရာ မရှိတော့တဲ့ အခြေအနေထဲက လူတွေ။ မရောင်ရာဆီလူးတဲ့ သဘောမျိုး သက်ရောက်တဲ့ ဘာကော်မရှင်၊ ညာကော်မရှင်ဆိုတာတွေကို ဖွဲ့ပြီး စုံစမ်းလှေလာမှုတွေ လုပ်နိုင်သေးရင်၊ အခု ပန်းလှိုင်တံတားအနီးက ပြဿနာမှာလည်း ကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေးမှုတွေလုပ်သင့်ပါတယ်။ သွားစရာနေရာမရှိတဲ့ အတိဒုက္ခရောက်နေရတဲ့ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံသားတွေကို သင့်တင့်လျောက်ပတ်တဲ့ အစီအစဉ်တွေ ချမှတ်ပြီး ကူညီသင့်ပါတယ်။ အိမ်မဲ့ယာမဲ့တွေ၊ မြေမဲ့ယာမဲ့တွေသာတိကျပြတ်သားတဲ့ နိုင်ငံရေး ဦးဆောင်မှုတစ်ခုအောက်ကို ရောက်သွားခဲ့မယ်ဆိုရင်၊ နိုင်ငံတော်အစိုးရ အနေနဲ့လည်း နောက်ထပ်နိုင်ငံရေး

စိန်ခေါ်မှုတစ်ရပ်နဲ့ ထပ်တွေ့ရမယ့်အခြေအနေ ကိုရောက်သွားနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘိုးလောင်းတော် ဘေးလောင်းတော် မြန်မာတွေဟာ ယနေ့မြန်မာပြည်ဆိုပြီးတည်ရှိနေတဲ့ မြန်မာမြေအတွက် အသက်ပေါင်းများစွာ၊ ဘဝတွေပေါင်းများစွာ စတေးခဲ့ပြီး သက်စွန့်ကြိုးပမ်း တိုက်ခိုက်ကာကွယ်ခဲ့ကြရတာပါ။ အဲဒီလိုတိုက်လို့ရခဲ့တဲ့ အကျိုးဆက်ဖြစ်တဲ့ လွတ်လပ်တဲ့နိုင်ငံတော်မှာလည်း ကိုယ်ပိုင်နိုင်ငံသားများ အပေါ် ကျူးကျော်ဆိုပြီးသတ်မှတ်ခြင်းဟာ လုံးဝမလျော်ကန်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ ဂုဏ်သိက္ခာမြင့်မားတဲ့ နိုင်ငံတော်၊ ကိုယ့်လူမျိုးကိုယ် တန်ဖိုးထားတတ်တဲ့နိုင်ငံအဖြစ်တည်ရှိနေဖို့အတွက် အစိုးရ၊ အတိုက်အခံ၊ ကြားနေအင်အားစုများအားလုံး ဝိုင်းဝန်းကြဖို့ လိုအပ်ပါတယ်။ ပန်းလှိုင်ဖြစ်ရပ်လို မလှပတဲ့ ဖြစ်ရပ်တွေ ထပ်မဖြစ်ဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။မြန်မာပြည်ရဲ့ ရေမြေတောတောင်သဘာဝတွေသာမက မြန်မာတွေရဲ့ နှလုံးသားလှပမှုရှိလာအောင်လည်း အားလုံးက ဝိုင်းပြီး ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါဟာ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးထဲက နိုင်ငံရေးလှုပ်ရှားမှုတစ်ခုဖြစ်ပါမယ်။

။ ။

# ပြည်ပရောက်ရ၈ မျိုးဆက်များ၏လတ်တလောနှင့် ဒေါ်စုအလွှန်ကာလအတွက်မဟာဗျူဟာ

## အမေရိကန်အရှေ့ခြမ်းရောက် ၈၈ မျိုးဆက်တစ်စု၏

## ဒီမိုကရေစီစုခံရေးစစ်ကြောင်းတည်ဆောက်ရေးလှုပ်ရှားမှု

## ဒုတိယခြေလှမ်း (သို့မဟုတ်) အော်လ်ဘာနီလှုပ်ရှားမှု

အမေရိကန်အရှေ့ခြမ်းရောက် ၈၈ မျိုးဆက်တစ်စုရဲ့ယူတီကာလှုပ်ရှားမှု ဒုတိယခြေလှမ်းဖြစ်တဲ့ နိုင်ငံရေးနှီးနှောဖလှယ်ပွဲကို Open Political Discussion For Burma No.(2) ဆိုတဲ့ ခေါင်းစဉ်နဲ့ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်ရဲ့မြို့တော် အော်လ်ဘာနီ (Albany) မြို့မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈၊ ၁၉ ရက် နေ့တွေမှာ ကျင်းပခဲ့ပါတယ်။ ပြည်ပမှာရှိနေတဲ့ ၈၈ အင်အားစုတွေနဲ့ သူတို့ရဲ့ကွန်ရက်တွေ အချိတ်အဆက်မိမိ ပူးပေါင်းလုပ်ဆောင်ပြီးမြန်မာ့ ဒီမိုကရေစီနိုင်ငံရေးမှာဆက်လက်ပါဝင်လုပ်ဆောင်နိုင်ဖို့အတွက် သမားရိုးကျမဟုတ်တဲ့ တွေ့ဆုံနှီးနှောဖလှယ်မှုမျိုးနဲ့ အစပျိုးကြည့်ကြဖို့ အမေရိကန်အရှေ့ခြမ်းရောက် စိတ်တူကိုယ်တူ ၈၈ မျိုးဆက်တစ်စု ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်အထက်ပိုင်း၊ ယူတီကာမြို့မှာ မိသားစုဆန်တဲ့ နိုင်ငံရေးနှီးနှောဖလှယ်ပွဲတစ်ခု ကျင်းပခဲ့တာကို အစွဲပြုပြီး ယူတီကာလှုပ်ရှားမှုဆိုပြီး အမည်ပေးခဲ့ကြတာဖြစ်ပါတယ်။



ယူတီကာလှုပ်ရှားမှုက ပထမခြေလှမ်းဖြစ်ပြီး၊ အော်လ်ဘာနီလှုပ်ရှားမှုက ဒုတိယအကြိမ်မြောက်ခြေလှမ်းဖြစ်ပါတယ်။ အဲဒီလှုပ်ရှားမှုဟာ ပထမအကြိမ် ယူတီကာတွေ့ဆုံ ဆွေးနွေးပွဲမှာ သဘောတူထားခဲ့ကြတဲ့ ၃ လတစ်ကြိမ်ဆွေးနွေးပွဲတွေဆက်လက်ကျင်းပသွားဖို့ အစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော် ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။ Albanyမြို့ဟာ အမေရိကန်လွတ်လပ်ရေးစစ်ပွဲကာလအတွင်းက ဗြိတိသျှအလိုတော်ရိတစ်ဦးကို အမေရိကန် မျိုးချစ်တော်လှန်ရေးသမားတွေ လက်ရဖမ်းဆီးမိခဲ့တဲ့ Tory Cave တည်ရှိရာမြို့လည်း ဖြစ်ပါတယ်။ ပထမခြေလှမ်း လှုပ်ရှားမှုဖြစ်တဲ့ ယူတီကာတွေ့ဆုံမှုမှာ ပါဝင်သူအများစုက ပြည်ပမှာရောက်ရှိနေတဲ့ ၈၈ မျိုးဆက် နိုင်/ကျောင်းဟောင်းတွေ ဖြစ်ပါတယ်။ ဒုတိယခြေလှမ်းဖြစ်တဲ့ အော်လ်ဘာနီတွေ့ဆုံပွဲမှာတော့ နိုင်/ကျောင်းဟောင်းတွေသာမက၊ အမေရိကန်အရှေ့ခြမ်းမှာအခြေချနေထိုင်နေတဲ့ ABSDF အဖွဲ့ဝင်ဟောင်းတချို့ပါ ပါဝင်လာခဲ့ကြပါတယ်။ အခမ်းအနားကို နှစ်ရက်ခွဲပြီး ကျင်းပခဲ့ပါတယ်။

ပထမနေ့မှာပြည်တွင်းက ဒီမိုကရေစီရေး

လှုပ်ရှားနေတဲ့ အဖွဲ့အစည်းတချို့ကို ကိုယ်စားပြုသူတွေ အပါအဝင် ပြည်ပရောက် ၈၈ မျိုးဆက်ခေါင်းဆောင်တချို့နဲ့ Skype မှတစ်ဆင့်တွေ့ဆုံခဲ့ပြီး သူတို့ရဲ့ လက်ရှိမြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအပေါ် အမြင်တွေကို ရယူခဲ့ပါတယ်။ အဲဒီအမြင်တွေ သတင်းအချက်အလက်များကို ဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ဒုတိယနေ့မှာ လက်ရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနဲ့ပါ Skype မှတစ်ဆင့် တွေ့ဆုံပြီး လက်ရှိမြန်မာ့နိုင်ငံရေးရဲ့ ဥပဒေပြုရေးအပိုင်းက ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာခဲ့ပါတယ်။ အော်လ်ဘာနီဆွေးနွေးပွဲမှာ ကွဲပြားခြားနားတဲ့ နိုင်ငံရေးအမြင်များအပေါ် အခြေခံတဲ့ ယူဆဆွေးနွေးမှုများပါ ပါဝင်လာခဲ့ပါတယ်။

အဓိကအားဖြင့် ယူဆဆွေးနွေးချက် ၄ မျိုး ထွက်ခဲ့ပါတယ်။

၁။ ယခုမြန်မာနိုင်ငံက အသွင်ကူးပြောင်းရေးဖြစ်စဉ်ရဲ့ နိုင်ငံရေးအနှစ်သာရတွေဟာ ၈၈ မျိုးဆက် တိုက်ပွဲဝင်တွေ မျှော်မှန်းထားခဲ့တဲ့ နိုင်ငံရေးလမ်းကြောင်းမျိုး မဖြစ်တဲ့အပြင် ၂၀၀၈ ဖွဲ့စည်းပုံ အသက်ဝင်လှုပ်ရှားနေနိုင်ခြင်းက အဲဒီလို ဒီမိုကရေစီ မပြည့်ဝမှုကို ထင်ထင်ရှားရှား သက်သေခံနေတယ်။ ဒါကြောင့် တစ်ဖက်သတ် အပစ်အခတ် ရပ်ဆိုင်းပေးထားတဲ့ သဘောမျိုးနဲ့ ၂၀၁၀ နောက်ပိုင်းကနေစပြီး ခေတ္တရပ်ဆိုင်းပေးထားတဲ့ ပြည်ပရောက် ၈၈ မျိုးဆက်များရဲ့ အစိုးရဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွေကို ပြန်လည်အသက်သွင်းရမယ်ဆိုတဲ့ အယူအဆကို တက်ရောက်လာသူအချို့က ဆွေးနွေးပြီး၊ ဘယ်အတိုင်းအတာထိ ဆက်တိုက်ပွဲဝင်မလဲ၊ တိုက်ပွဲပုံသဏ္ဌာန်ကို ဘယ်သူသတ်မှတ်မလဲ ဆိုတာနဲ့ တိုက်ပွဲကို ဘယ်သူဦးဆောင်မလဲဆိုတဲ့ အယူအဆကို အရင်ဆုံးအကျယ်တဝင့် ဆွေးနွေးခဲ့ပါတယ်။

၂။ နောက်ထပ် အင်အားစုတချို့ကတော့ ပြည်ပရောက် ၈၈ မျိုးဆက်တို့ရဲ့ နိုင်ငံရေး ပြန်လည်စုဖွဲ့မှုတွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်လုပ်ဆောင်သွားပြီး၊ မြန်မာနိုင်ငံအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးလှုပ်ရှားမှု အမျိုးမျိုးနဲ့ ဆက်သွယ်ပေါင်းစည်း၍ လုပ်ဆောင်သွားဖို့ဖြစ်ပြီး၊ အဲဒီလို နိုင်ငံရေးလှုပ်ရှားမှုတွေရဲ့ အဆုံးမှာ အကျိုးရလဒ်အဖြစ် စစ်မှန်သောဒီမိုကရေစီစနစ် ဖြစ်ပေါ်တိုးတက်လာမယ်ဆိုတဲ့ အယူအဆဖြစ်ပါတယ်။

၃။ တတိယအယူအဆ တစ်ခုကတော့ လက်ရှိကာလမှာ တွေ့နေကျသမားရိုးကျ အယူအဆတစ်ခုဖြစ်တဲ့ မြန်မာ့နိုင်ငံရေးလောကရဲ့ ရေပန်းစားနေတဲ့ ဒီမိုကရေစီအင်အားစုများကို ဝန်းရံပြီး သို့မဟုတ် အင်အားစုများထဲမှာ ထဲထဲဝင်ဝင်ပါဝင်ပတ်သက်လုပ်ဆောင်ရင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာအတိုက်အခံအင်အားစုများအောင်ပွဲရရေး ဖြစ်ပါတယ်။

၄။ စတုတ္ထအယူအဆကတော့ အခုလိုဆွေးနွေးမှုများ ပြုလုပ်ခြင်းဟာနိုင်ငံရေး ယဉ်ကျေးမှုအသစ်တခုကို ထူထောင်ခြင်းအတွက် ကွဲပြားခြားနားသော စုစည်းတဲ့နည်းနဲ့ ကွဲပြားခြားနားသော အင်အားစုများအကြား ဆက်သွယ်ချဉ်းကပ်တာဖြစ်တဲ့အတွက် နိုင်ငံရေးစီမံကိန်းတွေလမ်းစဉ်တွေချမှတ်တာကို အလျှင်စလိုမလုပ်ဘဲ၊ ယခုလိုတွေ့ဆုံမှုများကို ယှုတိကာလှုပ်ရှားမှုမှာ သဘောတူထားတဲ့အတိုင်း ၃ လတစ်ကြိမ် ဆက်လက် ကျင်းပသွားရမယ်ဆိုတဲ့ အယူအဆဖြစ်ပါတယ်။ တွေ့ဆုံ ဆွေးနွေးမှုအဆုံးမှာ ဆွေးနွေးပွဲတက်ရောက်လာတဲ့ ၈၈ မျိုးဆက်တစ်ဦးရဲ့ အချက် ၉ ချက်ပါ တင်ပြချက်ကို မှတ်တမ်းတင်ပြီး နောက်လာမည့် ၃ လပတ် တွေ့ဆုံမှုမှာ ထည့်သွင်းဆွေးနွေးသွားဖို့ သဘောတူခဲ့ကြပါတယ်။ အဲဒီအချက် ၉ ချက်ကတော့

(၁) ယခုတွေ့ဆုံပွဲများမှသည် နိုင်ငံတကာ ကွန်ရက်ဖက်ဒရေးရှင်းပုံစံဖြင့်စုဖွဲ့၍ ဆက်လက်လုပ်ကိုင်သွားရန်

(၂) နိုင်ငံတကာကွန်ရက် ဖွဲ့စည်းရာ၌ ပြည်ပရောက် စစမျိုးဆက်များ၏ နိုင်ငံရေးလှုပ်ရှားမှုများရှိရာ အမေရိကန် ပြည်ထောင်စု၊ ကနေဒါ၊ ဥရောပ၊ အာရှ (ထိုင်း၊ မလေးရှား၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ)တို့မှ အင်အားစုများနှင့် ဆက်စပ်လုပ်ကိုင်သွားရန်

(၃) အဖွဲ့အစည်းဖွဲ့ရာ၌ နိုင်ငံတကာ မြန်မာ့ဒီမိုကရေစီ အင်အားစုများ ဟူသော အမည်လက်ခံစဉ်းစားပေးပါရန်

(၄) လှုပ်ရှားမှုနှင့် လက်တွဲလုပ်ဆောင်လိုသော တစ်ဦးချင်း(သို့မဟုတ်)အဖွဲ့အစည်းများအနေနှင့် မိမိတို့၏ လက်ရှိလှုပ်ရှားမှု (သို့မဟုတ်) အဖွဲ့အစည်းကို မဖျက်သိမ်းဘဲ ပူးပေါင်းလာနိုင်ရန်

(၅) ဖက်ဒရေးရှင်းအသွင်ဖြင့် နိုင်ငံရေးစုစည်းမှုထူထောင်ပြီး လက်ရှိ ဒီမို ကရေစီ အသွင်ကူးပြောင်းရေးကာလ၌ ပြည်ပမှ နိုင်ငံရေး/ဖိအားပေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်

(၆) နောက်တစ်ကြိမ် ၃ လပတ် တွေ့ဆုံမှု ၌ **Formal Organization** အဖြစ် ဖွဲ့စည်းရေးကို ဆွေးနွေးပေးပါရန်

(၇) ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရပ်တည်ရေး ကိစ္စကိုအသေးအနက်ပိုင်းပြီးဆွေးနွေးပေးပါရန်

(၈) ၃ လပတ် အစမ်းအနားများ မတိုင်မီ ၁ လတစ်ကြိမ် ဆွေးနွေးပွဲ အသေးစားများ ပြုလုပ်ရန်

(၉) ဖက်ဒရေးရှင်းကို အမေရိကန်ပြည်ထောင်စုအတွင်း၌ ဇုန် ၄ ခုခွဲ၍ ကွန်ရက်တည်ဆောက်ရန်

စသည်တို့ ဖြစ်ပါတယ်။

အော်လ်တာနီတွေ့ဆုံမှုက တိကျတဲ့သဘောထားရှိတာကတော့ ၈၈ မျိုးဆက်တွေအနေနဲ့ အခုအချိန်မှာ ဒေါ်စုကိုဝန်းရံကြ၊ ထောက်ခံကြဆိုတဲ့သဘောထားမျိုးတွေအစား ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးကို ရိုးရိုးရှင်းရှင်းပံ့ပိုးရမယ်။ ၈၈ မျိုးဆက်တွေအနေနဲ့ ဒေါ်စုအလွန်ကာလ နိုင်ငံရေးဦးဆောင်မှုအတွက် ပြင်ဆင်လေ့ကျင့်ထားရမယ်ဆိုပြီး သဘောထားထွက်ခဲ့တာ ဖြစ်ပါတယ်။

# မြေသိမ်းယာသိမ်းကိစ္စ
# တရားနည်းလမ်းတကျ
# ဆောင်ရွက်ပေးပါ




ပြည်နိုင်ငံဖြိုးအစိုးရ အရေးတကြီး ဖြေရှင်းရမယ့် ပြဿနာထဲမှာ မြေယာပြဿနာဟာ ထိပ်ဆုံးကပါတယ်။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက် ဂျာနယ်လစ်သားတစ်ဦးက မေးပါတယ်။ မင်းတို့မြန်မာပြည်မှာမြေယာပြဿနာ၊ အိမ်ရာပြဿနာတွေ မရှိဘူးမဟုတ်လားတဲ့ ဘာကြောင့်လဲဆိုတော့မင်းတို့တိုင်းပြည်က လူဦးရေကနည်းနည်းလေး၊ တိုင်းပြည်က အကျယ်ကြီးလို့ မေးလာပြောလာတော့ကိုယ့်ကိုကိုယ်တောင်အံ့ဩလောက်အောင် စိတ်ရှည်လက်ရှည်နဲ့ ပြန်ရှင်းပြခဲ့ပါသေးတယ်။ ဟုတ်ပါတယ် သူငယ်ချင်းရယ်။ တရုတ်ကွန်မြူနစ်တွေတောင် သူတို့ပြည်သူ သန်းတစ်ထောင်ကျော်ကို ထမင်းဝအောင် ကျွေးထားနိုင်သေးရင် မြန်မာပြည်လိုနိုင်ငံမှာ နိုင်ငံရေးမလွတ်လပ်တာလောက်ပဲရှိမှာလို့ မင်းထင်တာနေမှာပေါ့ဆိုပြီး ခပ်ရှက်ရှက်နဲ့ပဲ ကိုယ့်တိုင်းပြည်က မြေပြဿနာအကြောင်း ပြောပြဖြစ်ပါသေးတယ်။

လက်ရှိအာဏာရနေတဲ့ ပြည်နိုင်ငံဖြိုးအစိုးရဟာ ရွေးကောက်ပွဲနည်းနဲ့ တစ်နည်းပြောရရင် ဒီမိုကရေစီနည်းနဲ့အာဏာရလာတဲ့ အစိုးရ။ နောက်ထပ်လည်း ရွေးကောက်ပွဲမှာနိုင်ပြီး အာဏာထပ်ရဖို့ ရည်မှန်းချက်ရှိပြီးသား။ ရှင်းရှင်းလေးပါ။ ရွေးကောက်ပွဲမှာ နိုင်ဖို့အတွက်က မဲပုံးထဲကမဲနဲ့ဆုံးဖြတ်မှာ။ အဲဒီမဲတွေက လူထုဆီကလာမှာ၊ လူထုရဲ့ အသည်းနှလုံးထဲက လာမှာ။ လူထုရဲ့



နှလုံးသားထဲက မဲတွေရဖို့ဆိုရင်တော့ လူထုရဲ့ နှလုံးချောမ်းမြေ့စရာ ကိစ္စတွေကိုလည်း ရှင်းရှင်း လင်းလင်းဖြစ်အောင်လုပ်ပေးရပါလိမ့်မယ်။ အခု လက်ရှိ ပြည်နိုင်ဖြိုးအစိုးရဟာ မြေယာကိစ္စအမျိုး မျိုးနဲ့ပတ်သက်တဲ့ကိစ္စတွေ ဖြေရှင်းဖို့တာဝန်ကြေး တွေ အများကြီးတင်နေပါတယ်။ ပြဿနာတွေ က အကြီးအသေးအများကြီးပါ။ မြစ်ဆုံကိစ္စက စပြီး ဒေသအသီးသီးမှာမြေယာကိစ္စတွေရှိ နေပါ တယ်။ လူထုမဲနဲ့အာဏာရလာတဲ့ လူထုအစိုးရလို့ ခံယူထားပြီဆိုတာနဲ့ ပြည်သူလူထုရဲ့ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့ အတွက် အဲဒီလူထုအစိုးရမှာ တာဝန်ရှိပါတယ်။ အရင်အစိုးရတွေ လက်ထက်က မမှန်မကန် မတရားတာတွေ လုပ်ထားခဲ့ရင်လည်း အခုလို အရပ်သားအစိုးရလက်ထက်မှာတရားမျှတအောင် လုပ်ပေးဖို့ တာဝန်ရှိပါတယ်။ မြေပြဿနာတွေ ဟာ နိုင်ငံရေးပြဿနာတွေဖြစ်ပါတယ်။ ပြည်နိုင် ဖြိုးအစိုးရ ရင်ဆိုင်နေရတဲ့ မြေနဲ့သက်ဆိုင်တဲ့ ပြဿနာ နှစ်မျိုးရှိပါတယ်။

(က) အမျိုးသားပြည်သူတစ်ရပ်လုံးရဲ့ အကျိုး စီးပွားကို အကြီးအကျယ် ခြိမ်းခြောက်နေတဲ့ မြစ်ဆုံရေကာတာ စီမံကိန်းလို ပြဿနာ

(ခ) ပြည်သူတစ်ဦးချင်းရဲ့ ပုဂ္ဂလိကဘဝ အိုးအိမ် စည်းစိမ်တွေကို ခြိမ်းခြောက်တဲ့ဖျက်ဆီးတဲ့ မြေယာသိမ်းယူတဲ့ ဥပမာ - လက်ပံတောင်း တောင်ကိစ္စလို ပြဿနာတွေဖြစ်ပါတယ်။

အဲဒီပြဿနာတွေရဲ့အကျိုးဆက်က သိမ်းယူ ခံရသူရော၊ သိမ်းယူတဲ့သူရော၊ အဲဒီ ၂ ဦးစလုံး အမှီသဟဲပြုနေထိုင်ကြတဲ့ တိုင်းပြည်ရော အကျိုး ယုတ်စေပါတယ်။ ဘာကြောင့်လဲ?

၁။ မြစ်ဆုံစီမံကိန်းလို ကိစ္စဟာ အမျိုးသား ပြည်သူလူထုတစ်ရပ်လုံးအမှီပြုနေရတဲ့ သဘာဝ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ထိခိုက်စေမယ့်ကိစ္စ ဖြစ်တဲ့အပြင် လူထုသဘောထားနဲ့ လုံးဝဗီလာ ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက်လူထုနဲ့အစိုးရ လုံးဝ နောစပ်လို့မရအောင် စိတ်ဝမ်းကွဲသွားနိုင်ပါတယ်။ လူထုနဲ့ အစိုးရ စိတ်ဝမ်းကွဲတဲ့နေ့ဟာ ၈ လေး လုံးလိုဖုံကြွမှုကြီးတွေထပ်ဖြစ်ဖို့လမ်းစဖြစ်ပါတယ်။

စိုက်ပျိုးရေးနဲ့ အသက်မွေးကြတဲ့ ပြည်သူ များရဲ့ မြေယာတွေကို သိမ်းယူတဲ့ကိစ္စဟာ စိုက် ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံတော်ရဲ့ အဓိက အင်အားတွေရဲ့အသက်မွေးမှု၊ သူတို့အသက်ရှင် နေထိုင်ရတဲ့လူမှုပတ်ဝန်းကျင်ကိုလည်းကိုယ်တိုင် သွက်ဂိုက်သောနည်းနဲ့ဖျက်ဆီးရာရောက်ပါတယ်။ အိမ်ထောင်စုတစ်ခုဆိုတာ တိုင်းပြည်ရဲ့ အခြေခံ ယူနစ်တစ်ခုပါ။ တောင်သူလယ်သမားတွေရဲ့ လယ်တွေကိုသိမ်းယူခြင်းဖြင့် သူတို့ရဲ့ အသက် မွေးဝမ်းကျောင်းမှုကို ဖျက်ဆီးရာရောက်ပြီး တိုင်းပြည်ရဲ့ အခြေခံယူနစ်တွေများစွာကို စနစ် တကျ ပျက်စီးစေရာရောက်ပါတယ်။

၃။ လတ်တလောအကျိုးရလဒ်အနေနဲ့ လက်ရှိ အစိုးရရဲ့ နိုင်ငံရေးကျောထောက်နောက်ခံဖြစ်တဲ့ ပြည်နိုင်ဖြိုးပါတီလည်း လူထုထောက်ခံမှု အကြီး အကျယ်ကျဆင်းနိုင်ပါတယ်။ ရွေးကောက်ပွဲ တောင် ရှုံးသွားနိုင်ပါတယ်။

၄။ ယနေ့ ကမ္ဘာ့အနှံ့အပြားဖြစ်နေကြတဲ့ စစ်ပွဲ တွေထဲမှာ အများကြီးပါဝင်ပါတယ်။ မြေယာ သိမ်းခံရလို့ မြေမဲ့ယာမဲ့ဖြစ်သွားရတဲ့သူတွေရဲ့ နာကြည်းမှုတွေဆိုတာ အုံကြွပုန်ကန်မှုတွေဖြစ် လာဖို့အတွက် လောင်စာတွေဖြစ်လာနိုင်ပါတယ်။ အဲဒီလိုလူတန်းစားတွေ ပေါက်ကွဲကြမယ်ဆိုရင် ဘယ်လိုနိုင်ငံ ရေးဇာတ်လိုက်ကျော်တွေ ဝင်ဖျန် ဖြေလို့လည်း ရမှာမဟုတ်သလိုဝင်ပြီး ဈေးဆစ် လို့လည်း ရမှာမဟုတ်ပါ။ အခုအချိန်မှာ မြေယာ အခွင့်အရေးတွေအတွက် ကြားဝင်ဆောင်ရွက်ပေး နေတဲ့ တက်ကြွလှုပ်ရှားသူတွေ ရှိနေပေမယ့် လယ်သမားလူတန်းစားအရေးအတွက် ဦးဆောင် တိုက်ပွဲဝင်မယ့် ဥပဒေတွင်း နိုင်ငံရေးပါတီတစ်ခု

မရှိသေးတဲ့အတွက် လက်ရှိ ပြည်နိုင်ငံဖြိုးအစိုးရအတွက် အသက်ရှူချောင်နေသေးတာပါ။ အခုနေအချိန်အခါ နိုင်ငံရေးဇာတ်လိုက်ကျော်တွေပေါ်ပင်နိုင်ငံရေးရေးကွက်ထဲကကိစ္စတွေနဲ့အလုပ်တွေရှုပ်၊ အချိန်တွေကုန်နေလို့ဘာမှုစိုးရိမ်လောက်စရာမရှိဘူးလို့ထင်ရပေမဲ့ **ဒီမြေယာပြဿနာကို နိုင်ငံရေးပြဿနာအဖြစ် စနစ်တကျ ကိုင်တွယ်ပြီး လှုပ်ရှားဖို့ ကျားချောင်းချောင်းနေတဲ့ နိုင်ငံရေးအင်အားစုတစ်စု ရှိကောင်းရှိနေနိုင်ပါတယ်။**

ပြည်နိုင်ငံဖြိုး ခေါင်းဆောင်များအနေနဲ့ အနာဂတ်ကာလမှာအောင်ပွဲဆက် လက်ရဖို့အတွက်ဆိုတာ အရေးတကြီးပြဿနာတွေကို အခုအချိန်ကတည်းက တစ်ခုပြီးတစ်ခု ဖြေရှင်းထားဖို့လိုအပ်ပါတယ်။ လက်ရှိ မြန်မာ့နိုင်ငံရေးလောကရဲ့ ဇာတ်လိုက်ကျော်တွေနဲ့ ပလဲပန်းသင့်နေရုံနဲ့မလုံလောက်ပါဘူး။ အေးချမ်းသာယာတဲ့အခြေအနေတစ်ရပ်ကို ပုံမှန်တည်ထောင်ထားနိုင်မှသာရေရှည်နိုင်ငံရေးအတွက် စိတ်ချရမှာပါ။ ခေတ်အဆက်ဆက်မှာ ပေါ်လာလေ့ရှိတဲ့ လက်ရှိအစိုးရတို့အစိုးရလုပ်တတ်တဲ့ လူတစ်စုရဲ့ ဆက်သွင်းတဲ့ဘုန်းတော်ဘွဲ့တွေအကြားမှာသာ ပျော်မွေ့နေမယ်ဆိုရင် အစိုးရဟာ ပြည်သူနဲ့ ဝေးသည်ထက်ဝေးသွားဖို့သာရှိပြီး နန်းတော်ထဲက အစိုးရဖြစ်လာပါလိမ့်မယ်။ အခုအချိန်မှာ အတိုက်အခံကောင်းတွေဖြစ်လာနိုင်ဖွယ်ရှိတဲ့ နိုင်ငံရေးတိုက်ပွဲဝင်တချို့လည်း သူတို့ရဲ့ဖြိုကျပျက်စီး သွားခဲ့တဲ့နိုင်ငံရေးအသိုက်အဝန်း ပုံသဏ္ဌာန်ကို ပြန်လည်တည်ဆောက်နေ ကြရတဲ့အတွက် အခုဒီမိုကရေစီနိုင်ငံရေးမှာ အကြိတ်အနယ်မလုပ်နိုင်သေးပေမဲ့နောင်အနာဂတ်ကာလ ရွေးကောက်ပွဲတွေမှာ တော့ အဆင်သင့် ဖြစ်လောက်မှာပါ။ ပြည်နိုင်ဖြိုးအနေနဲ့အခုလက်ရှိမြေယာပြဿနာလိုတကယ့်အခြေခံလူထုရဲ့ ဘဝနဲ့ယှဉ်တဲ့ပြဿနာတွေကိုလိမ္မာပါးနပ်စွာ ဖြေရှင်းထားမယ်ဆိုရင်တော့ ကိုယ့်ပါတီအကျိုး၊ ပါတီနဲ့ဆက်နွှယ်နေတဲ့ လူထုအကျိုးအတွက် ကောင်းမွန်တဲ့ ရလဒ်တွေ ဖြစ်ထွန်းလာနိုင်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အေးချမ်းသာယာပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ဆီသို့ အောင်မြင်စွာ ချီတက်နိုင်ဖို့အရင်ဦးဆုံး အဆောတလျင် ဆောင်ရွက်သင့်တဲ့ကိစ္စကတော့ မြေသိမ်းယာသိမ်းကိစ္စတွေအတွက် တရားနည်းလမ်းတကျ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

။ ။

# ဗိုလ်စိန်မှန်ကွင်းလှုပ်ရှားမှု (သို့မဟုတ်) ပြည်ခိုင်ဖြိုးမဟာမိတ်တစ်စု၏ တုံ့ပြန်ပစ်ခတ်လိုက်သော ကျည်တစ်တောင့်

(ဗိုလ်စိန်မှန်ကွင်းက နိုင်ငံရေးဟောပြောပွဲနဲ့ ပတ်သက်ပြီး နိုင်ငံရေး ရောင်းရင်းတစ်စုနဲ့စကား ဝိုင်းထိုင်ဖြစ်တဲ့ အခါအဲဒီလှုပ်ရှားမှုက ဘာမှမဖြစ်လောက်ပါဘူးကွာဆိုပြီး ပြောကြတယ်။ ရောင်းရင်းတို့ယခုအယူအဆက မိုးမပြိုနိုင်ပါဘူး။ အယူအဆဖြစ်ပါတယ်။ အဲဒီလှုပ်ရှားမှုကိုလေ့လာကြည့် တဲ့အခါကျွန်တော်တွေ့ဖူးတဲ့အမေရိကန် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုတချို့ရဲ့ နည်းစနစ်တချို့ကိုတွေ့ရလို့ ဒီစာကိုရေး ဖြစ်ပါတယ်။ ကျွန်တော့် အယူအဆကမိုးပြိုခဲ့သော် အယူဆဖြစ်ပါတယ်။)

ကိုနေမျိုးဝေ၊ ဒေါ်ခင်ဝိုင်းကြည် အစရှိသူတို့ တက်ရောက်ဟောပြောခဲ့ တဲ့ဗိုလ်စိန်မှန်ကွင်းထဲက လှုပ်ရှားမှု ကြီးမှန်းချက်နဲ့နှမ်းထွက်မကိုက်ဘူး၊ အရက်တွေကွဲပြီဆိုပြီးအတိုက်အခံတွေဘက်က လက်ခမောင်းခတ်နေတာတွေ အများကြီးတွေ့ရပါတယ်။ တကယ်တော့ အဲဒီလှုပ်ရှားမှုမှာ ဦးဆောင်ဟော ပြောသူတွေကသာ အရမ်းမျှော်လင့်ထားခဲ့တာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲ NLD ရဲ့ အဓိကပြိုင် ဘက်အာဏာရပြည်ခိုင်ဖြိုးအတွက်အဲဒီလို လှုပ်ရှားမှုတွေဖြစ်ပေါ်နေခြင်းအားဖြင့် ၂၀၁၅ရွေးကောက်ပွဲအတွက် မဲဆွယ်ဖို့ အတွက် သူတို့ရည်ရွယ်ထားတဲ့ ပစ်မှတ်ထားတဲ့မဲဆန္ဒရှင်တွေကိုနည်း နည်းချင်း ဖွဲ့ထုတ်ဖို့ ရည်ရွယ်တာလို့ ယူဆရပါတယ်။ သူတို့လှုပ်ရှားမှုက ပင်နီဝတ်နိုင်ငံရေးတက်ကြွသူတွေဘက် ပြောင်း လာဖို့ ရည်ရွယ်ဟန်မတူပါဘူး။

ပြည်ခိုင်ဖြိုးကိုဦးဆောင်နေတဲ့ ဗိုလ်ချုပ်ဟောင်းတွေဟာကဗျာလေးရေး၊ ပန်းချီလေးခွဲလိုက်၊ စာအုပ်ကလေးထုတ်လိုက် သီချင်းစီးရီးထုတ်လိုက်နဲ့ဒီမိုကရေစီရွှေ အိပ်မက်တွေအကြားမှာစိတ်ကူးယဉ်နေသူ တွေတော့ဟုတ်ဟန်မတူပါဘူး။ သူတို့ တစ်တွေဟာအာဏာရှင်အစိုးရများကနေ အသွင်ပြောင်းလာသူတွေဖြစ်ပေမယ့် လက် ရှိကာလပြည်ခိုင်ဖြိုးရဲ့ရွေ့လျားမှုကအုံနဲ့ကျင်းနဲ့ထုနဲ့ထည်နဲ့ Teamwork နဲ့ရွေ့နေကြတာပါ။ ခေါင်းတွေအများကြီးနဲ့ဝိုင်းစဉ်းစားပြီး ၂၀၁၅ ဆိုတဲ့တိုက်ပွဲအောင်နိုင်ရေးအဓိကသဘောထားပြီးတက်ညီလက် ညီရွေ့နေကြတာပါ။ ဗိုလ်စိန် မှန်လှုပ်ရှားမှုကနေလူထုသိန်းသန်းချီပြီး ဘက်ပြောင်းလဲလာမှာမဟုတ်ဘူးဆိုတာကိုလည်းဦး ဆောင်စီစဉ်သူများကောင်းစွာသိရှိကြမှာမြေကြီး လက်ခတ်မလွဲပါဘူး။ ဗိုလ်စိန်မှန်လှုပ်ရှားမှုဟာ အခြေခံဥပဒေပြင်ရေး NLD ရဲ့ခြေလှမ်း တွေအပေါ် ပြည်ခိုင်ဖြိုးမဟာမိတ်တချို့ရဲ့တုံ့ပြန် ပစ်ခတ်လိုက်တဲ့ ကျည်ဆံတစ်တောင့်ဆိုရင်လည်းမမှားပါဘူး။ ဒါပေမဲ့ ဒီကျည်ဆံဟာ မကောင်းသူထိပ်ကောင်းသူ ထိပ်ရစ်းသန်းပစ်ခတ်လိုက်တဲ့ကျည်တော့ ဟုတ်ဟန်မတူပါဘူး။ မဆုံးဖြတ်ရသေးတဲ့ မဲဆန္ဒရှင်တွေ၊ စိတ်ဝမ်းကွဲနေတဲ့အတိုက် အခံအင်အားစုထဲကအင် အားစုတွေ၊ လက်ရှိအတိုက်အခံပင်မအင်အားစုအပေါ် အားမလိုအားမရဖြစ်နေသူတွေ၊ အမျိုးဘာသာ၊ သာသနာအတွက် စိုးရိမ်စိတ်ကြီးမားနေ

လွှမ်းသူတွေကို ဦးတည်ရည်ရွယ်ပြီးပစ်ခတ်လိုက်ပုံရပါတယ်။

ပြည်နိုင်ဖြိုးဗိုလ်ချုပ်တွေဟာတိုက်ပွဲပေါင်းများစွာ ကိုကြုံတွေ့ဖြတ်သန်းခဲ့ဖူးတဲ့ စစ်သူကြီးဟောင်းတွေ၊ စစ်တိုက်ခြင်းအနု ပညာနဲ့ယဉ်ပါးသူတွေ၊ အကျွမ်းတဝင်ရှိသူတွေဖြစ်ပါတယ်။ ဟိုးရှေးရှေးကာနယ်ချုံ ဆန့်ကျင်ရေးမျိုးချစ်တော်လှန်ရေးသမားကြီးဝန်းသိုစော်ဘွားဦးအောင်မြတ်ရဲ့ငါးကြင်းဆီနဲ့ငါးကြင်းကြော်ဆိုတဲ့ သေနင်္ဂဗျူဟာက အခုပြည်နိုင်ဖြိုးဗိုလ်ချုပ်တွေလက်ထက်အထိ အသုံးဝင်နေဆဲလို့ဆိုရမှာပါ။ ဗိုလ်စိန်မှန်ကွင်းလှုပ်ရှားမှု ဟာငါးကြင်းဆီနဲ့ ငါးကြင်းကြော်လိုက်တာပါ။ ဒါ့အပြင် မြန်မာ့တပ်မတော်ဟာရှေးမြန်မာတို့ သုံးလေ့ရှိ ပြီးအကျွမ်းတဝင်လည်းရှိတဲ့ ခံတပ်များ အဆင့်ဆင့် ဆောက်လုပ်တပ်စွဲတဲ့နည်းကိုအသုံးပြု လေ့ရှိပါတယ်။ တစ်ဖက်ရန်သူရဲ့တပ်စခန်းကြီးက အရပ်းခိုင်မာလွန်းနေလို့ မသိမ်းပိုက်နိုင်သေးတဲ့ အခါအဲဒီရန်သူစခန်းနဲ့ အနီးဆုံးနေရာမှာ ကြုံကြုံ ခံတပ်စွဲပြီးတစ်ဖက်ရန်သူကို အသက်ရှူမဝအောင် လုပ်ထားလေ့ရှိပါတယ်။ ၁၉၈၈ ခုနှစ်ကနေစပြီးအခု အချိန်ထိအောင်အဲဒီနည်းပရိယာယ်မျိုးကို စစ်အစိုးရအဆက်ဆက်နဲ့ယခုအရပ်သား အစိုးရများလည်းဆက်လက်ကျင့်သုံးနေဆဲပါ။ မြန်မာစစ်အစိုးရအဆက်ဆက်နဲ့ အသွင်ပြောင်းဒီမိုကရေစီအရပ်သားအစိုးရ တွေဟာနိုင်ငံရေးကျားကွက်တွေသပ်သပ်ရပ်ရပ်ရွှေ့လေ့ရှိပါတယ်။ သို့သော်ယခု ဗိုလ်စိန်မှန်ကွင်းကလှုပ်ရှားမှုက မြန်မာ့နိုင်ငံရေးလောကမှာဂယက်ရိုက်လောက်အောင်မဖြစ်ခဲ့တာအားလုံးအသိပါ။ ဒါကြောင့်ဒီလှုပ်ရှားမှုကို ပြည်နိုင်ဖြိုးထဲက အစုတစ်စုနဲ့ သူတို့ရဲ့မဟာမိတ်တစ်စုကလုပ်ခဲ့တာလို့ ယူဆရပါတယ်။ ဘာကြောင့်လဲဆိုတော့အခု ဗိုလ်စိန်မှန်ကွင်းဟော ပြောပွဲကိစ္စမျိုးလို မဟာဗျူဟာမမြောက်တဲ့ အကွက်ရွှေ့ပုံမျိုးကိုပြည်နိုင်ဖြိုး ထိပ်သီး ဥပမာဦးရွှေမန်းတို့ ဦးဒွေးဦးတို့လိုပုဂ္ဂိုလ် တွေကတော့သဘောတူချင်မှ တူပါလိမ့်မယ်။ ပြည် နိုင်ဖြိုးကသုံ့အကျိုးစီးပွားပေါ်မှာမူတည်ပြီး ပေါင်းစည်းလုပ်ကိုင်တဲ့ဖက်ဒရေးရှင်းလို့ဖြစ်နေတဲ့အတွက် သာမန်ရိုးစင်းတဲ့ ဒီလိုနည်းဗျူဟာမျိုးကို အားသန်တဲ့ ပြည်နိုင်ဖြိုးအစုတစ်စုကလုပ်တာဖြစ်နိုင်ပါတယ်။ ဦးအောင်သိန်းလင်းကိုရှေ့ဆုံးတန်းမှာတွေ့ရတဲ့ အတွက်ဦးအောင်သိန်းလင်းဟာ ဒီကိစ္စကိုကြိုးကိုင် တဲ့အစုထဲမှာပါတယ်လို့ လွယ်လွယ်ကူကူပဲ ယူဆနိုင်ပါတယ်။ ဗိုလ်စိန်မှန်လှုပ်ရှားမှုလေ့လာကြည့်တဲ့အခါပြည်နိုင်ဖြိုးပါတီရဲ့ရပ်ကွက်တွေ၊ မြို့နယ်တွေအလိုက် အမာခံတွေစည်းရုံးသွားဖို့စီမံချက်နဲ့ဆက်စပ်မှုရှိနေနိုင်တာကိုတွေ့ရပါတယ်။ ဒီဗိုလ်စိန်မှန်ကွင်းက ဟောပြောပွဲမျိုးတွေသာ တိုင်းပြည်အနှံ့မှာ ဆက်လက်ပေါ်ပေါက်လာမယ်ဆိုရင်အထက်မှာပြောခဲ့သလို ပစ်မှတ်ထားစည်းရုံးမယ့်မဲဆန္ဒရှင်တွေကို နည်းနည်းချင်းဖဲ့ထုတ် သွားနိုင်ပြီး ပြည်နိုင်ဖြိုးမဟာမိတ်တွေဘက်ကို ဆွဲဆောင်သွားနိုင်ပါတယ်။ မြန်မာပြည်ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူတွေဟာ လူသားအားလုံးအတူတူပါပဲဆိုပြီးခံယူထားပေမဲ့လည်း မြန်မာပြည်သူအများစုဟာ အမျိုးဘာသာ၊ သာသနာဆိုတဲ့သြဇာအောက်မှာရှိနေသေးတာကိုဘယ်သူမှလွယ်လွယ်ကူကူငြင်း ချက်မထုတ်နိုင်သေးဘူးလို့ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်အစဉ်အလာလိုဖြစ်နေတဲ့ တရုတ်၊ ကုလား ကြီးစိုးမှာကိုစိုးရိမ်နေတဲ့ မြန်မာတို့ရဲ့စိုးရိမ်ပူပန်မှုကို ၅၉(စ) မပြင်ရေးဆိုတဲ့ ဟောပြောပွဲမျိုးတွေနဲ့ ကြိမ်ဖန်များစွာထိတွေ့လိုက်မယ်ဆိုရင် ၂၀၁၄ မဲဆွယ်စဉ်ကာလတွေနဲ့ ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီကာလတွေအတွင်းနိုင်ငံရေးအရ သက်ရောက်မှုတစ်စုံတစ်ရာရှိကောင်းရှိလာနိုင်ပါတယ်။ မဟုတ်ချင်နေ၊ မမှန်ချင်နေ များများသာပြောကြရင်

ပြည်သူတွေယုံလာလိမ့်မယ်ဆိုတဲ့ နာဇီပါတီသဘောတရားတစ်ခုက လည်းရှိခဲ့ဖူးပါတယ်။

နိုင်ငံရေးမှာ ထာဝရမိတ်ဆွေ၊ ထာဝရရန်သူမရှိဘူး။ ထာဝရအကျိုးစီးပွားသာရှိတယ်လို့ နိုင်ငံရေးသမားတွေပြောကြပါတယ်။ အဲဒီသဘောကို နိုင်ငံရေးသမားတွေသာမဟုတ်ပါဘူး။ မဲပေးမယ့်ပြည်သူတွေကလည်း အဲဒီသဘောမျိုးထားနိုင်ပါတယ်။ ဒါကြောင့်အတိုက်အခံရော၊ အာဏာရနိုင်ငံရေးအင်အားစုများပါ ပြည်သူလူထုကို ဂရုစိုက်ဖို့လိုပါတယ်။ ကိုယ့်ပြိုင်ဘက်ကိုရော မဲပေး မယ့်ပြည်သူလူထုကိုပါလျှော့မတွက်သင့်ပါဘူး။ နာမည်ကြီးပြီးရေပန်းစားနေမှုအပေါ်မှာကြည့်ပြီး NLD သာနိုင်ရမယ်လို့ တစ်ထစ်ချအခုကတည်းက အပိုင်တွက်ကြတာစောလွန်းနေသေးတယ်လို့ ဆိုရပါမယ်။ စာမေးပွဲတောင်မစသေး၊ မေးခွန်းတောင်မမြင်ရသေးတဲ့အချိန်မှာ ဂုဏ်ထူးဘယ်နှလုံးနဲ့ ကျိန်းသေအောင်ရမယ်လို့ အပိုင်ကြိုပြောလို့မရပါဘူး။ အတိုက်အခံတို့အနေနဲ့ ဗိုလ်စိန်မှန်ကွင်းလှုပ်ရှားမှုကို တစ်ဖက်ကတန်ပြန်ပစ်ခတ်လိုက်တဲ့ကျည်ဆံတွေနောက်ထပ်လာနိုင်သေးတာကိုလည်း ကြိုတွက်ထားသင့်သလို ကြိုပြီးပြင်ဆင်ထားဖို့လိုကောင်းလိုလာပါလိမ့်မယ်။

။ ။

# အမျိုးသားရေး၊ ပြည်ထောင်စုရေး

# ကိုယ်ခံအားကောင်းနေစေဖို့အတွက်



ဒီနိုကာရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကို ဖြတ်သန်းနေတဲ့ မြန်မာနိုင်ငံရဲ့နိုင်ငံရေးအကူးအပြောင်းအပေါ် ချိန်းချောက်မှုတွေက တစ်ခုပြီး တစ်ခုလာနေခဲ့တာဟာတစ်ခါတစ်ရံမှာဇာတ်တိုက်ထားသလားလို့တောင်ထင်မှတ်မှားရမလိုဖြစ်နေပါတယ်။ ကိုယ့်အတွင်းပြဿနာတွေကတစ်မျိုး၊ ပြင်ပနဲ့ ဆက်နွှယ်နေတဲ့ပြဿနာများက တစ်ဖုံ မရိုးစေရလို့ တောင်ဆိုရမလိုဖြစ်နေပါတယ်။ မြန်မာတွေကရှေးရိုးအစဉ်အလာအားဖြင့် အတိတ်တဘောင် ဆိုတာတွေကို ယုံကြည်လေ့ရှိကြပါတယ်။ မြန်မာတွေနှစ်အတန်ကြာကတည်းက စွဲစွဲလန်းလန်းဖြစ်နေတဲ့ "တရုတ်ကဖိရှမ်းက အိဆိုတဲ့တဘောင်ကို နိုင်မာစေမလိုဖြစ်နေတဲ့ အခြေအနေတချို့ကလည်းမြန်မာ့နိုင်ငံရေးအခင်းအကျင်းအသစ်ထဲကို ဝင်ရောက်လာတာကိုသတိပြုမိပါတယ်။ အခု ဖဂုနှစ်မြောက်ပြည်ထောင်စုနေ့နဲ့ တိုက်ပြီးPUWSAအဖွဲ့ဝင်၃၀ကိုတရုတ်က ရဟတ်ယာဉ်မောင်းသင်တန်းပေးမယ့် သတင်းတပ်ဖွဲ့ဝင်တွေရဟတ်ယာဉ်တွေပိုင်ဆိုင်နေပြီဆိုတဲ့သတင်းက တိုက်တိုက်ဆိုက်ဆိုင်ထွက်လာခဲ့ပါတယ်။ ယခင်ကလည်းဒီလိုသတင်းမျိုးထွက်ပေါ်ခဲ့ပြီးပါပြီ။ ဝကိုယ်စားလှယ်များဘက်က ဒီသတင်းမဟုတ်တဲ့အကြောင်းတွင်တွင်ငြင်းခဲ့ပါတယ်။ အခုတစ်ကြိမ်မှာလည်းငြင်းပါတယ်။ ဧည့်ဒါပဟာကောလာဟလပါဆိုပြီးလျစ်လျူမနေသင့်တော့ဟုထင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်၏ သက်ဆိုင်ရာအကြီးအကဲများ ဤကိစ္စကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး မေးမြန်းဖို့ အချိန်ကျပြီလို့ထင်ပါတယ်။ နိုင်ငံတော်လုံခြုံရေး အချုပ်အခြာအာဏာနှင့်ပတ်သက်သည့်ကိစ္စဆိုသည်မှာ အလိုလိုက်သင့်တဲ့ကိစ္စ၊ လျှော့လျှော့ပေါ့ပေါ့ သဘောထား၍ မသင့်တဲ့ကိစ္စဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှစ်ခုမရှိပါ။ ဘာကြောင့်လဲဆိုတော့ယနေ့မြန်မာတရုတ်ဆက်ဆံရေးဟာ အမေရိကန်၊ တရုတ်ဒေသတွင်းအားပြိုင်မှုနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့အတွက်ကြောင့်ပါပဲ။ ဗီယက်နမ်စစ်ပွဲပြီးတဲ့နောက်ပိုင်း (၁၉၇၅ ဧပြီ ၃၀ တောင်ဗီယက်နမ်မြို့တော် ဆိုင်ဂုံကျပြီး) နောက်ပိုင်း အရှေ့တောင်အာရှအရေးကိုအသာထားပြီးအရှေ့ အလယ်ပိုင်းနဲ့ဝပ်အာရှဒေသတွေဘက်မှာသာအဓိကအာရုံစိုက်နေခဲ့တဲ့ အမေရိကန်ဟာ ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်အရေးအခင်းကြီးဖြစ်ပွားပြီးတဲ့ နောက်ပိုင်းမှာတော့ သူတို့ရဲ့အာရုံစူးစိုက်မှုတွေကိုအရှေ့တောင်

အရှောက်ကိုပြန်လှည့်လာခဲ့ပါတယ်။

ယနေ့ကာလအရှေ့တောင်အာရှရဲ့ နိုင်ငံရေး အခင်းအကျင်း အသစ်ဟာအမေရိကန်နဲ့ တရုတ်တို့ အရှေ့တောင်အာရှဒေသထဲမှာ တန်ခိုးဩဇာအတွက် ယှဉ်ပြိုင်ပွဲနဲ့ဆက်စပ်နေပါတယ်။ တရုတ်အနေနဲ့ အာဆီယံနိုင်ငံတွေနဲ့ ကုန်သွယ်ရေးဘဏ္ဍာရေးပတ်သက် ဆက်ဆံရေးတွေရှိနေမှုဝိုပြီးနက်နက်ရှိုင်းရှိုင်းနဲ့ခိုင်မြဲနေအောင် တည်ဆောက်ခြင်းအားဖြင့် အမေရိကန်တွေဒေသတွင်းပြန်ချဉ်းကပ်လာမှုကို တန်ပြန်ပြီးနိုင်ငံရေး ချိန်ခွင်လျှာကို ညှိထားနိုင်ခဲ့ပါတယ်။မြန်မာပြည်က တရုတ်ရဲ့ စီးပွားရေးစီမံကိန်းတွေ၊ မြန်မာအစိုးရအပေါ်ငွေချေးတာတွေအပေါ်အဝင်ကိစ္စတွေဟာ အဲဒီသဘောတရားနဲ့ လုပ်ဆောင်မှုတွေဖြစ်ပါတယ်။ ဒီလိုနည်းနဲ့အနောက်အုပ်စုရဲ့ စီးပွားရေးပိတ်ဆို့မှုများကြောင့် အထီးကျန်ဖြစ်နေခဲ့ရတဲ့ စစ်အစိုးရများရဲ့အုပ်ချုပ်မှုအောက်က မြန်မာပြည်ကလေးဟာ ရေနစ်နေသူအတွက်ကောက်ရိုးတစ်မျှင်လိုဖြစ်နေတဲ့ တရုတ်ရဲ့အကူအညီတွေယူရင်းနဲ့ အရှေ့တောင်အာရှရဲ့ ပထဝီနိုင်ငံရေးအခင်းအကျင်း အသစ်ထဲကိုပြင်ဆင်မထားဘဲဝင်ရောက်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်လိုအစိုးရမျိုးတက်လာသည်ဖြစ်စေ အိမ်နီးချင်းတရုတ်နဲ့မဆက်ဆံလို့မရနိုင်ပါ။ မိုင် ၁၀၀၀ ကျော်နယ်နိမိတ်ချင်းထိစပ်နေတဲ့ အလျောက်များပြားလှစွာသော ကိစ္စရပ်တွေမှာ တစ်ခုမဟုတ်တစ်ခုပတ်သက်ရမှာပါ။ ကြီးမားတဲ့အခက်အခဲကြီးတစ်ခုကတော့ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ ကိုယ့်ပြည်သူတွေကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောသင့်တာတွေမပြောတာပါပဲ။ ပြောဖို့ အချိန်ကျပြီလို့ထင်ပါတယ်။ တရုတ်ပြည်ရဲ့လုံခြုံရေးဆိုင်ရာ မဟာဗျူဟာလိုအပ်ချက်အတွက် မြန်မာနိုင်ငံလိုအချက်အချာကျတဲ့နေရာကို တရုတ်တို့ လုံးဝစွန့်ခွာသွားမှာမဟုတ်ပါ။ နည်းလမ်းပေါင်းစုံနဲ့ပတ်သက်မှု ရှိနေရအောင်ဖန်တီးထားဦးမှာဖြစ်ပါတယ်။ တောင့်တင်းတဲ့အစိုးရဖြစ်ဖို့လိုပါတယ်။ တကယ်တမ်းအတွင်းကျိတ်ရင်ဆိုင်နေရတဲ့ ပြဿနာက ယနေ့အများပြည်သူလွယ်လွယ်ကူကူ မြင်နေရတာထက်ပိုဆိုးနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လက်ရှိအာဏာရ ပြည်ခိုင်ဖြိုးအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှုပြုဖို့ဆုံးဖြတ်ခဲ့မှုဟာ တံခါးပိတ်ဆွေးနွေးပွဲမှာ ပြည်ခိုင်ဖြိုးထိပ်တန်းခေါင်းဆောင်တွေက အခြေအနေမှန်ကိုအသိပေးခဲ့မှုကြောင့်လည်းဖြစ်နိုင်ပါတယ်။

ဘယ်သူတွေကဘယ်လိုပဲ ခြောက်လုံးလှန့်လုံးတွေနဲ့ ဝင်ပြီးနိုင်ငံရေးကစားကြသည်ဖြစ်ပါစေ၊ ကိုယ်အင်္ဂါစုံစုံလင်လင်ရှိတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲဖို့ အတွက် ပြည်ထောင်စုကိုယ်စားအားတွေ ကောင်း မွန်အောင် အင် တို က် အား တို က် ဆော င် ရွ က် ဖို့ အရေးတကြီးလိုအပ်နေပါပြီ။ ပြည်ထောင်စုအတွင်းက တိုင်းရင်းသားလူမျိုးစုများအားလုံးတွေးရောယှက်တင်ပေါင်းစည်းနေနိုင်ဖို့အတွက် လျော်ကန်တဲ့နည်းများနဲ့အားလုံးကို ပေါင်းကူးပေးဖို့လိုအပ်ပါတယ်။ အဲဒါမှ အနှစ်သာရပြည့်ဝတဲ့ ပြည်ထောင်စုဆိုတာ ဖြစ်ပါတယ်။ ကမ္ဘာ့လူ့အဖွဲ့အစည်းရဲ့သမိုင်းမှာ မြန်မာနိုင်ငံဟာစုစည်းထားတဲ့နိုင်ငံတော်အဖြစ်နဲ့ လေးကြိမ်တိတိပေါ်ထွန်းခဲ့ပြီးပါပြီ။ အေဒီ၁၁ရာစုမှာ ပထမမြန်မာနိုင်ငံတော်၊ အေဒီ၁၆ရာစုမှာ ဒုတိယမြန်မာနိုင်ငံတော်၊ အေဒီ၁၈ရာစုမှာ တတိယမြန်မာနိုင်ငံတော်နဲ့ အေဒီ၂၀ရာစုအလယ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုနဲ့ စုစည်းထားခဲ့တဲ့ ယနေ့ကျွန်တော်တို့ မှီတင်းနေထိုင်နေကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ ဖြစ်ပါတယ်။

စတုတ္ထမြန်မာနိုင်ငံတော်ဟာ ပင်လုံစာချုပ်ကြောင့် ပေါ်ပေါက်လာတဲ့နိုင်ငံတော်၊ တစ်နည်း

ပြောရရင်နိုင်ငံရေးအရစုစည်းပြီးပေါ်ပေါက်လာခဲ့တဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ သို့သော် ယနေ့ပြည်ထောင်စုပုံဖော်နေမှုကို လေ့လာကြည့်တဲ့အခါမှာရှေးရှေးက ရှင်ဘုရင်များရဲ့ နိုင်ငံတည်ဆောက်နည်းမျိုးဖြစ်နေပါတယ်။ ပြည်မက အုပ်ချုပ်သူတွေက သူတို့ဖြစ်ချင်တဲ့ပုံစံအတိုင်း ပြည်နယ်တွေမှာ အကောင်အထည်ဖော်နေတဲ့ ပုံစံမျိုးသာဖြစ်နေပါတယ်။ ဒါကြောင့် ပြည်နယ်သားတွေလူမျိုးစုတွေရဲ့ လိုအပ်ချက်သဘောဆန္ဒများနဲ့ အံဝင်ခွင်ကျမဖြစ်တဲ့စနစ်မျိုးတွေသာဖြစ်နေခဲ့လို့ပြည်ထောင်စုက မအောင်မြင်နိုင်သေးတာဖြစ်ပါတယ်။ လက်ရှိ ပြည်နိုင်ဖြိုးခေါင်းဆောင်ပိုင်းဘက်က ဒီပြဿနာကိုဖြေရှင်းဖို့ ကြိုးပမ်းမှုပြုဖို့ သဘောထားရှိတာကို မကြာမီကလူသိရှင်ကြား ထုတ်ဖော်ပြောခဲ့ပါတယ်။ ကောင်းတဲ့အလား အလာဖြစ်ပါတယ်။

ပြည်ထောင်စုထဲမှာ မှီတင်းနေထိုင်တဲ့ ပြည်သူတိုင်းရဲ့နှလုံးသားထဲမှာ ပြည်ထောင်စုဆိုတာကြီးရှိနေမှသာ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုဆိုတာဖြစ်လာမှာပါ။ ပေါင်းစည်းနေထိုင်တာဟာ ခွဲနေတာထက်ပိုကောင်းမှ အားလုံးတန်ဖိုးထားလေးစားမယ့် ပြည်ထောင်စုဖြစ်လာမှာပါ။ ကိုယ့်ပြည်ထောင်စုကို လေးစားတန်ဖိုးထားမှုတွေရှိမှသာ ကိုယ့်တိုင်းပြည်ကိုကာကွယ်ဖို့ သဘောထားတွေ ပိုမိုနိုင်မာလာမှာဖြစ်ပါတယ်။ အဲဒီလိုနိုင်မာတဲ့စိတ်ဓာတ်တွေရှိမှသာ ဘိုင်းပြည်တည်တံ့နိုင်မြဲရေး ပိုပြီးစိတ်ချရမှာဖြစ်ပါတယ်။ စစ်တပ်တွေ၊ ခေတ်မီလက်နက်တွေရှိနေရုံနဲ့တင်မလုံလောက်ပါဘူး။ ပြည်ထောင်စုနိုင်မြဲရေး၊ လုံခြုံရေးတွေအတွက်လက်ရှိအစိုးရမှာသာ တာဝန်ရှိတာမဟုတ်ပါဘူး၊ အားလုံးမှာတာဝန်ရှိပါတယ်။ ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက်ကိုပြန်ကြည့်ရင် လွတ်လပ်ရေးဆုံးရှုံးခဲ့ရတဲ့ နိုင်ငံတော်ရှုံးနိမ့်ခဲ့ရမှုမှာ ကျူးကျော်နယ်ချဲ့သူတွေကိုသာမက မိမိတို့နိုင်ငံတွေရဲ့ယဉ်ကျေးမှုကျဆင်းနေခဲ့မှုကိုလည်း အပြစ်တင်ရမှာဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာလည်း မြန်မာတို့ယဉ်ကျေးမှုတန်ဖိုးသြဇာမြင့်မားနေချိန်မှာ နေမဝင်အင်ပါယာ ပိုင်ရှင်ဗြိတိသျှတွေဟာ ရာစုနှစ်၃စုနီးပါးစောင့်ခဲ့ပြီးမြန်မာ့ယဉ်ကျေးမှုကျဆင်းချိန်ကျမှသာ မြန်မာကိုအနိုင်ယူနိုင်ခဲ့ပါတယ်။ ယခုအင်အားကြီးနိုင်ငံများရဲ့ဒေသတွင်း တန်ဖိုးသြဇာယှဉ်ပြိုင်နေကြချိန်၊ နိုင်ငံကြီးတစ်ခုကသူ့ထက်အင်အားနည်းတဲ့ အာဆီယံနိုင်ငံကလေးတွေကိုသူ့ရဲ့မဟာဗျူဟာမြောက်လုံခြုံရေးရဲ့ နယ်ကောင်ကလေးတွေလို သဘောထားနေတဲ့အချိန်မျိုးမှာမြန်မာတို့ရဲ့ယဉ်ကျေးမှု၊ အမျိုးသားရေး၊ ပြည်ထောင်စုရေး ကိုယ်ခံအားတွေကောင်းနေဖို့အရေးတကြီးလိုအပ်ပါတယ်။

။ ။

# မြန်မာပြည်ကို အနိုးကပ်လုပ်ကြံမည့်
# ပြည်တွင်းဖြစ်နိုင်ငံခြားပြဿနာ




အမိုက်ကာစပြာသာဒ်မီးလောင်ဟု ရှေးမြန်မာတို့ဆိုရိုးရှိခဲ့ပါတယ်။ ဒီစာရဲ့ရည်ရွယ်ချက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတဲ့ စုစည်းထားတဲ့ ပြည်ထောင်စုပြာသာဒ်ကြီးကို တောက်လောင်ပြာကျတဲ့အထိဖြစ်သွားစေမယ့် အမျိုးသားရေး စိတ်ဝမ်းကွဲမှုအကြောင်းဆွေးနွေးချင်တာဖြစ်ပါတယ်။ အခုကာလနိုင်ငံရေး ရာသီဥတုအခြေအနေကလည်း တစ်ခါတစ်ရံဆတ်ဆတ်ထိမခံတဲ့သဘောမျိုးတွေ ရှိနေတတ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း မြန်မာပြည်ကနှစ်ပေါင်း ၅၀လောက် စစ်အာဏာရှင်စနစ်ရဲ့ အုပ်စိုးမှုအောက်မှာတိုင်းပြည်မပြိုကွဲ၊ လွတ်လပ်ရေးမဆုံးရှုံးသေး၊ တပ်မတော်မပြိုကွဲသေးတာကလွဲလို့ ပြည်သူတွေရဲ့လူနေမှုဘဝ အဆင့်အတန်းကနိုင်ငံတကာမှာ အမှတ်စဉ်အများကြီးအောက်ကိုကျနေခဲ့တာကြာပါပြီ။ အားလုံးခြုံပြီးယေဘုယျပြောရရင် ဆင်းရဲသားတိုင်းပြည်။ အများစုဖြစ်ကြတဲ့ ပြည်သူတွေက ဆင်းရဲကျပ်တည်းမှုတွေနဲ့ရုန်းကန်နေရတဲ့အချိန်။ အဲဒီလိုအချိန်မှာ အာဏာရှင်စနစ်ကနေဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်တဲ့အချိန်နိုင်ငံရေး နာလန်ထကာလမှာပြဿနာတွေက ဟိုကဒီကထထပြီးပေါ်ပေါက်လာခဲ့ပါတယ်။ ပြဿနာတွေက သာမန်ကာလသားတွေ ရန်ဖြစ်ကြတဲ့ကိစ္စများတော့မဟုတ်၊ တိုင်းပြည်တစ်ခုလုံးကျွမ်းထိုးမှောက်ခုံ ဒုက္ခဖြစ်သွားနိုင်တဲ့ကိစ္စမျိုးတွေအထိဖြစ်ဖို့တာစုလာခဲ့တယ်။ အန္တရာယ်အကြီးဆုံးဖြစ်ခဲ့တဲ့ ပြဿနာကတော့တစ်ဖက်နဲ့တစ်ဖက်သံသယတွေ ကြီးနေတတ်တဲ့အချိန်မှာ ဖြစ်ခဲ့တဲ့ပြဿနာတွေကို လူမျိုးရေး၊ဘာသာရေးပြဿနာအဖြစ်ပုံဖော်ဖို့အင်အားစုတချို့ကကြိုးစားသလို တစ်ဖက်က ဆန့်ကျင်ဘက်အင်အားစုတချို့ကလည်း တစ်ဖက်က ဆင်တဲ့ခွင်ထဲကို တည့်တည့်တိုးဝင်မယ်ဆိုတဲ့ သဘောမျိုးတွေဖြစ်ခဲ့ကြတာအားလုံးအသိပါ။



ပြဿနာတွေက ဟိုတစ်ပွက်ဒီတစ်ပွက် ဖြစ်ခဲ့ပြီး၊ အခုလောလောလတ်လတ် ဖြစ်သွားတာက ဦးကိုနီ၊ ဦးမြအေးစာပေဟောပြောပွဲ ပြဿနာပါ။ ဒီ လူ ၂ဦးကို စာပေဟောပြောခွင့် ပိတ်တဲ့ ကိစ္စကြောင့် ကိုယ့်ပြည်သူအတွင်းမှာ စိတ်ဝမ်းကွဲစရာဖြစ်လာပါတယ်။ လာရောက်တားမြစ်သူတွေက ဘုန်းဘုန်းရဟန်းတော်တချို့ဖြစ်နေတဲ့အတွက် အပြန်အလှန်ဝေဖန်သံတွေကညံလို့။ လူကဘုန်းကြီးကိုဝေဖန်၊ ဘုန်းကြီးဘက်ကမခံနိုင်တဲ့ လူကဘုန်းကြီးကို ဝေဖန်တဲ့လူကိုပြန်ဝေဖန်၊ ဘုန်းကြီးကိုဘုန်းကြီးက ဝေဖန်စသည်အားဖြင့် ပြည်တွင်းဖြစ်လူများအချင်းချင်း စိတ်ဝမ်းကွဲကုန်ကြပါတယ်။ လူမျိုးရေး ဘာသာရေးအလံထောင်ပြီး တိုက်ခိုက်ကြတာတွေဟာ မြန်မာပြည်ရဲ့ဓလေ့မဟုတ်ပါ၊ မြန်မာပြည်ရဲ့ အပြင်ကမ္ဘာမှာ ဖြစ်နေတဲ့ပြဿနာတွေပါ၊ မြန်မာပြည် မတည်ငြိမ်တာကို မြင်တွေ့လိုတဲ့သူတွေ ဒါမှမဟုတ် မြန်မာပြည်ဖရိုဖရဲဖြစ်မှ မြန်မာတွေဒုက္ခပင်လယ်ဝေနေမှ အလုပ်ဖြစ်မယ့်အင်အားစုတွေက ဖန်တီးနေတဲ့ကိစ္စဖြစ်တယ်လို့ အမိုင်အမှာယူဆတယ်။ အဖျက်အမှောင့်အင်အားစုတစ်ခုက နိုင်ငံခြားဖြစ်ပြဿနာတွေ မြန်မာပြည်ကိုတင်ပို့နေတာဖြစ်နိုင်ပါတယ်။ ဒါကြောင့်မြန်မာပြည် တည်တံ့တာကို မြင်လိုတဲ့သူတစ်ဦးအနေနဲ့ အောက်ပါအတိုင်း ဆွေးနွေးချက်တချို့ကို တင်ပြအပ်ပါတယ်။

### လာရောက်တားမြစ်တဲ့ဘုန်းဘုန်းများကိစ္စ

စာပေဟောပြောပွဲကို လာရောက်တားမြစ်တဲ့ ဘုန်းဘုန်းများနဲ့ပတ်သက်ပြီး သံဃာအတု အယောင်များဆိုပြီး ကြားကလူဝတ်ကြောင်များက အမျိုးအမျိုး ဝင်ရောက်ဝေဖန် ပြောဆိုနေကြမယ့်အစား သက်ဆိုင်ရာ သံဃာအကြီးအကဲများကသာ စစ်ဆေးဆုံးဖြတ်သင့်ပါတယ်။ နိုင်ငံရေးမှာသည်ပင်လျှင် ဘယ်သူတုတယ် စစ်တယ်ဆိုတာ ဝေဖန်ဆန်းစစ်ဖို့ ခက်နေသေးတဲ့အတွက်၊ ဝိနည်းသိက္ခာပုဒ်များနဲ့အညီ နေထိုင်ကြရတဲ့ ရဟန်းသံဃာတော်များပါဝင်ပတ်သက်နေမှုကိစ္စကို သက်ဆိုင်ရာသံဃာ့အဖွဲ့အစည်းများရဲ့ အကြီးအကဲများက စစ်ဆေးဝေဖန်ခြင်းကသာ ပိုပြီးလျော်ကန်သင့်မြတ်ပါလိမ့်မယ်။

### နိုင်ငံရေးအင်အားစုများရပ်တည်ပေးသင့်တဲ့ကိစ္စ

စာပေဟောပြောပွဲမှာ တားမြစ်ခံရတဲ့စာရေးဆရာနှစ်ဦးလုံးဟာ ဘာသာခြားများဖြစ်တယ်လို့သိရပါတယ်။ အဲဒီအတွက်ကြောင့် လူနည်းစုဘာသာဝင်များဘက်က စာနာကြောင်း၊ တရားမျှတမှုဘက်ကရှိနေကြောင်း ပြသတဲ့အနေနဲ့ တားမြစ်တဲ့ဘုန်းဘုန်းရဟန်းများကို လွန်လွန်ကဲကဲဝေဖန်ကြတဲ့ကိစ္စက နိုင်ငံတကာအသိုင်းအဝိုင်းအလယ်မှာ မြန်မာလူ့အဖွဲ့အစည်းအပေါ် နားလည်မှုလွဲစေဖို့ဦးတည်သွားနိုင်ပါတယ်။ ဒါကြောင့်ဒီကိစ္စကိုဖြေရှင်းဖို့ ငြင်းခုံမှုတွေဆက်ပြီးဖြစ်နေအောင်တွန်းနေမယ့်အစား ချေငြိမ်းချမ်းသွားအောင် အရင်ဦးဆုံးလုပ်သင့်ပါတယ်။ အမျိုးသားရေးဝါဒီဆိုသူတစ်ဦးကလည်း လူမျိုးရေးဘက်လိုက်ပြီး ဘယ်လူမျိုးတွေကတော့ ကောင်းကောင်းနေတယ်၊ နိုင်ငံရေးမှာဝင်မရှုပ်ဘူး၊ ဘယ်သူတွေကတော့ ကောင်းကောင်း မနေဘူး၊ စသည်အားဖြင့်လူသိရှင်ကြားထုတ်ဖော်ပြောခြင်းစာရေးပြီးဖြန့်တာတွေက ထပြီးတောက်လုဆဲ မီးတောက်ကိုမငြိမ်းစေတဲ့အပြင်၊ မီးတောက်ကိုယပ်တောင်ခပ်ပေးတာနဲ့ တူနေပါတယ်။ **ကျွန်တော်တို့ အထူးသတိထားသင့်တဲ့ အချက်ကတော့ မြန်မာပြည်ရဲ့ဘေးပတ်လည်က အိမ်နီးချင်းနိုင်ငံတွေဟာ အစဉ်အလာအားဖြင့် အိမ်နီးချင်းကောင်းတွေမဟုတ်ကြပါဘူး။** တစ်ချိန်တစ်ခါတုန်းက မြန်မာပြည်ကသွားပြီးလုယူတဲ့ဆန်တွေကို စားခဲ့ရဖူးတဲ့ လာအိုနိုင်ငံကလေးက လွဲရင် ကျန်တဲ့နိုင်ငံအားလုံးဟာ မြန်မာပြည် အခက်

ငါတို့အချက်၊ ငါတို့အချက်သဘော ထားပြီး ရသမျှအခွင့်အရေးကို လက်တစ်ဆုံးနှိုက် ကြမယ့်သူတွေပါ။ ယနေ့ပြောင်းလဲလာတဲ့ ဘဏ္ဍာအရင်းရှင်ခေတ်ကြီးမှာ ကမ္ဘာ့စီးပွားရေး ကျားကြီးကျားငယ်တွေအဖြစ် အသီးသီးအသွင် ပြောင်းလာကြပြီဖြစ်တဲ့ မြန်မာ့အိမ်နီးချင်း နိုင်ငံတွေကသူတို့လိုသမျှတွေ လွယ်လွယ်ကူကူ အချောင်နှိုက်လို့ ရနေတဲ့နိုင်ငံတစ်ခုကို နေ့ချင်းညချင်းကောင်းစားလာမှာကို လိုလိုလားရှိမှာ မဟုတ်ပါဘူး။ မြန်မာတွေဘယ်သူဆင်တဲ့ချွင် ထဲမှ လွယ်လွယ်မဆင်းသွားမိဖို့ အထူးသတိ ထားအပ်ပါတယ်။ လူဝတ်ကြောင်တချို့ပြဿနာ တက်သွားတဲ့ ကာလအတွင်းဘုန်းကြီးဆန့်ကျင် ရေးသဘောတွေအင်တာနက်ပေါ်မှာ တင်တာ တွေ့ရပါတယ်။ ဘုန်းကြီးဆန့်ကျင်ရေးကနေ တစ်ဆင့်ထပ်ကဲလာရင် တိုင်းပြည်အတွက် မကောင်းပါ။

## အသိမဲ့ပါဝင်သူများမဖြစ်စေရေး

ယနေ့ကာလမှာ မြန်မာပြည်သူအများစုက ဆင်းရဲကြပါတယ်။ တခြားနိုင်ငံတွေမှာ မျက်နှာငယ်ငယ်နဲ့သွားရောက်အလုပ်လုပ်နေရသူတွေ တောင် သိန်းနဲ့သန်းနဲ့ချီရှိပါတယ်။ စီးပွားပျက်ကျပ်တည်းနေတဲ့အခါမျိုးထွက်ပေါက် ကင်းသလိုဖြစ်နေတဲ့ အခါမျိုးမှာလူတချို့ရဲ့ နိုင်ငံရေးဝါဒဖြန့်မှုတွေအထဲမှာ လွယ်လွယ်ကူကူ အသိမဲ့ ပါဝင်သွားတတ်ကြတယ်။ နာဇီဂျာမဏီ နိုးထလာမှုက နမူနာပါ။ ဂျာမန်လူမျိုးတွေဟာ ဆိုးသွမ်းကြမ်းတမ်းသူတွေမဟုတ်ကြပါဘူး၊ အနောက်တိုင်းရဲ့ယဉ်ကျေးမှု၊ သိပ္ပံနဲ့နည်းပညာ တိုးတက်မှုသမိုင်း အပေါ်များစွာသြဇာတိက္ကမ ကြီးမားခဲ့တဲ့ လူယဉ်ကျေးတို့ရဲ့တိုင်းပြည်ပါ။ ဒါပေမဲ့ ဂျာမဏီရဲ့သမိုင်းမှာ အင်မတန် အရုပ်ဆိုးအကျည်းတန်စရာတွေဖြစ်ခဲ့ရပါတယ်။ နာဇီခေါင်းဆောင်ကြီးဟစ်တလာဟာ ဂျူးလူမျိုး တွေကို လွန်စွာမုန်းတီးခဲ့တဲ့သူအဖြစ် ကမ္ဘာ့ သမိုင်းမှာနာမည်ဆိုးနဲ့ကျော်ကြားခဲ့ပါတယ်။ မုန်းခဲ့ရတဲ့အကြောင်းကသူရဲ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ခဲ့တယ်လေ့လာလို့မှတ်သားဖူးပါတယ်။ သူရဲ့ ဂျူးဆန့်ကျင်ရေးအယူအဆဟာကမ္ဘာ့ စီးပွားပျက်ကပ်ကာလအတွင်း ကြီးထွားလာတဲ့ နာဇီပါတီရဲ့ ပင်မအယူအဆကြီးဖြစ်လာခဲ့ပြီး မဟာဂျာမဏီတစ်ခုလုံးပါ ပါဝင်လာခဲ့ရတဲ့အထိ ကြီးထွားလာခဲ့တယ်။ ဒုတိယကမ္ဘာစစ်နှောင်းပိုင်း ကာလတွေမှာတော့ နာဇီတွေရဲ့ ဂျူးမုန်းတီးရေး က လွန်ကဲလာခဲ့ပြီး သိမ်းပိုက်ခံနယ်တွေမှာ ခရစ် ယာန် ဘုရားကျောင်းတွေက လက်ဝါးကပ်တိုင် တွေကိုပါ မီးရှို့ဖျက်ဆီးခဲ့တယ်။ အကြောင်း ကတော့ ယေရှုခရစ်ဟာဂျူးမရဲ့သားဖြစ်လို့ သူ့ ကိုပါ ဂျူးဆန့်ကျင်ရေးရဲ့ ပစ်မှတ်ထားလာခဲ့ တယ်။ လူတစ်ဦးလူတစ်စုရဲ့ကိုယ်ရေးကိုယ်တာ အမုန်းတရားဟာ တိုင်းပြည်ရဲ့အထွေထွေအကျပ် အတည်း စီးပွားပျက်ကပ်ကာလတွေမှာ ထွက် ပေါက်မဲ့နေသူတွေရဲ့ အတွေးထဲကိုလွယ်လွယ် ကူကူစီးဝင်သွားပြီးလူအများ အသိမဲ့ပါဝင်လာ အောင်စွမ်းဆောင်နိုင်ပါတယ်။ မြန်မာနိုင်ငံက အခြေအနေတချို့နဲ့ နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင် စေရန်တင်ပြချက်တစ်ခုဖြစ်ပါတယ်။ ယနေ့မြန်မာ နိုင်ငံကနိုင်ငံရေးခေါင်းဆောင်များအနေနဲ့ မိမိတို့ ဦးဆောင်မယ့်ပြည်သူလူထုအကြားက သံသယ ကို အခြေခံပြီးဖြစ်ပေါ်နေတဲ့ပြဿနာတွေမှာ နှစ်ဖက်စလုံးရဲ့ပြဿနာတွေကို စိတ်လှုပ်ရှားမှု မပါတည်တည်ငြိမ်ငြိမ်ချဉ်းကပ်ပြီး တရားနည်း လမ်းကျဖြေရှင်းကြဖို့ အလေးအနက်တိုက်တွန်း ပါတယ်။ မြန်မာပြည်ရဲ့နိုင်ငံရေး ကံကြမ္မာဟာ လူကြီးမင်းတို့လက်ထဲမှာရှိတယ်လို့ဆိုရင် မမှား ပါဘူး။

။ ။

# မြန်မာ့ဒီမိုကရေစီနိုင်ငံရေးအခင်းအကျင်းအတွက် မရှိမဖြစ်ကျောင်းသားသမဂ္ဂများ



ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
ဥက္ကဋ္ဌ ကိုအောင်ဆန်း

ယနေ့မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးကာလအတွင်း အများပြည်သူ အလို ရှိသည့်နိုင်ငံရေးပုံစံအတိုင်းအံဝင်ခွင်ကျမဖြစ် သေးသည့်ကိစ္စများအများအပြားရှိနေနိုင်ပေ သည်။ အစိုးရထံ လူထု ကတောင်းဆို နေသည် များ လည်းရှိ၊ အစိုးရကလောကွတ်ပြုလာသည်များ လည်းရှိ၊ လောကွတ်ပေးပြီးအကောင်အထည် မဖော်နိုင်သေးသည်များလည်းရှိပေမည်။ တချို့ အခွင့်အရေးများကိုလည်း တရားဝင်လူသိရှင်ကြား မထုတ်ပြန်ဘဲနှင့် ပေးထားလိုက်သည်များလည်း ရှိသည်။ ထိုသို့သောကိစ္စများတွင် ယနေ့ ကျောင်း သားသမဂ္ဂများ ဖွဲ့စည်းလုပ်ဆောင်နေမှုများလည်း အပါအဝင်ဖြစ်ပါသည်။ ယခုလောလောဆယ် ကြားသိခဲ့ရသော ကျောင်းသားသမဂ္ဂလှုပ်ရှားမှု အနေနှင့် စီးပွားရေးတက္ကသိုလ်ကျောင်းသားသမဂ္ဂ ကို ဒီမိုကရေစီနည်းကျအောင်မြင်စွာရွေးကောက် တင်မြှောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံရေး

သမားအများစုက ယခုရေပန်းအစားဆုံးကိစ္စဖြစ်သော အခြေခံဥပဒေပြင်ဆင်ရေးကဲ့သို့သော ကိစ္စများတွင် အလွှန်အမင်းအာရုံစိုက်နေကြချိန်တွင် ကျောင်းသားသမဂ္ဂဖွဲ့သည့်ကိစ္စရပ်ကိုအမှုမဲ့အမှတ်မဲ့သာ အခြားသောCivil Societies တို့၏ လှုပ်ရှားမှုတစ်ခုကဲ့သို့သဘောထားကောင်းထားမိကြပေလိမ့်မည်။ သို့သော်ထိုသို့ကျောင်းသားသမဂ္ဂတစ်ခုကို သပ်ရပ်အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ခြင်းသည်မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း ထူးခြားသောဖြစ်ပေါ်တိုးတက်မှုတစ်ခုအဖြစ်မှတ်ယူရမည်ဖြစ်ပါသည်။ ကိစ္စသည် လွန်ခဲ့သည့်လအနည်းငယ်က ဒေါ်အောင်ဆန်းစုကြည်မိန့်ကြားခဲ့သော ဒီမိုကရေစီယဉ်ကျေးမှုကို အထောက်အကူပြုသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ရမည်ဆိုသောအယူအဆနှင့်ဆက်စပ်နိုင်သည့်ကိစ္စဖြစ်ပေသည်။

ကျောင်းသားသမဂ္ဂတို့သည် မြန်မာပြည်၏ နှစ်ပေါင်း ၅၀ ကျော် စစ်အာဏာရှင်စနစ်အောက်တွင် မတရားမှုကိုအစဉ်တစိုက်ဆန့်ကျင်ခဲ့ကြသော အင်အားစုများအထဲတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသောအင်အားစုများလည်းဖြစ်ပါသည်။ထို့ကြောင့်အများပြည်သူတို့၏အမြင်၌ ကျောင်းသားသမဂ္ဂဆိုသည်မှာ အစိုးရကိုဆန့်ကျင်သော နိုင်ငံရေးအင်အားစုများအဖြစ်၊ အတိုက်အခံနိုင်ငံရေးအင်အားစုများအဖြစ်၊ ပြည်သူအတော်များများက ယူဆကောင်း ယူဆနေကြပေလိမ့်မည်။ အမှန်စင်စစ်၌ ကျောင်းသားသမဂ္ဂတို့သည် လူမှုဝိဇ္ဇာပညာတို့ကို လေ့လာဆည်းပူးကြရာကျောင်း ပရိဝုဏ်များ၌အခြေပြုလှုပ်ရှားကြသည် ဖြစ်သည့် အလျောက်လူမှုဝိဇ္ဇာပညာရပ်ဖြစ်သည့် နိုင်ငံရေးကိစ္စတွင် လွန်စွာနိုးကြားသူများဖြစ်သည့်အတွက် တိုင်းပြည်၌ မလျော်မကန်ဖြစ်ပေါ်နေသည့်ကိစ္စများကိုအတက်ကြွဆုံးဝေဖန်ထောက်ပြကြသည့်အတွက် အတိုက်အခံနိုင်ငံရေးအင်အားစုများအဖြစ်အများက ထင်မှတ်ကြခြင်းဖြစ်ပေမည်။ အမှန်တကယ်တွင် ကျောင်းသားသမဂ္ဂများကို အမျိုးသား နိုင်ငံရေးအင်အားစုများအဖြစ် မှတ်ယူသင့်ပါသည်။ **ဒီမိုကရေစီနိုင်ငံများ၌ ကျောင်းသား**



**သမဂ္ဂများသည်သည့်နောင်တစ်ချိန် ခေါင်းဆောင်ဖြစ်လာမည့် ခေါင်းဆောင်အလောင်းအလျာတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံရေး၏ အလေ့အထများကို ကိုယ်တိုင် လေ့ကျင့်သင်ယူရာနေရာများလည်း ဖြစ်ပေသည်။**

နယ်ချဲ့လက်အောက်ကိုလိုနီဘဝ၌ပင်လျှင် ကျောင်းသားသမဂ္ဂတို့၏တည်ရှိမှုကို နယ်ချဲ့တို့က ခွင့်ပြုခဲ့ပေသည်။ မြန်မာ့နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၏ သူရဲကောင်းဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံတော်၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သော ဦးနုတို့သည် ကိုလိုနီခေတ်ကျောင်းသားသမဂ္ဂခေါင်းဆောင်များဖြစ် ခဲ့ကြပေသည်။ မြန်မာနိုင်ငံမှ ကျောင်းသားသမဂ္ဂတို့သည် နယ်ချဲ့ဆန့်ကျင်ရေးလွတ်လပ်ရေး လှုပ်ရှားမှုသမိုင်း၌ မျိုးချစ်တော်လှန်ရေးသမားတို့နှင့် တစ်သားတည်းရှိခဲ့ကြပြီး ဖက်ဆစ်တော်လှန်ရေးကာလတွင်လည်း ကျောင်းသားသမဂ္ဂခေါင်းဆောင်များသည် ဖက်ဆစ်တော်လှန်ရေးတပ်သားများ အဖြစ်တက်ကြွစွာပါဝင်ခဲ့ကြသည့် အစဉ်အလာလည်းရှိပါသည်။

## ကျောင်းသားသမဂ္ဂတို့သည်ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခုအတွက်မရှိမဖြစ်

တစ်ခါတစ်ရံ၌ရှေးရိုးစွဲဆန်ဆန်မေးမြန်းတတ်သူတချို့က အောက်ပါမေးခွန်းတို့ကို မေးမြန်းကောင်းမေးမြန်းကြပေလိမ့်မည်။ ကျောင်းသားသမဂ္ဂတွေဆိုတာ လိုအပ်လို့လား၊ သမဂ္ဂကိစ္စမှာအချိန်တွေအများကြီးပေးရလို့ ပညာသင်ယူရေးမှာအနှောင့်အယှက်မဖြစ်နိုင်ဘူးလား၊ စသည်အားဖြင့် မေးကောင်းမေးကြပေလိမ့်မည်။ ကျောင်းသားသမဂ္ဂတို့သည် ဒီမိုကရေစီပညာရေး၊ အထူးသဖြင့် အဆင့်မြင့်ပညာဆည်းပူးရေး၌အလွန်အရေးပါသည့် အခန်းမှအထောက်အကူဖြစ်ပါသည်။ ကျောင်းသားသမဂ္ဂတို့သည် သာမန်အထောက်အထုံများမဟုတ်ပေ။ တက္ကသိုလ်ကောလိပ်အသိုက်အဝန်းတို့၏ လူမှုဆက်ဆံရေးပြကြရာ နေရာများဆုံရပ်များလည်းဖြစ်ပေရာကျောင်းသားတို့အနေဖြင့် ကျောင်းစာသင်ခန်းဟူသောဖိအားများရပ်ဝန်းနှင့်ကွဲပြားသောဆုံရပ်တစ်ခု၌ အပြန်အလှန်လူမှုဆက်ဆံရေးပြကြ၊ အတွေးအမြင်များ နီးနှောဖလှယ်ကြခြင်းအားဖြင့် ၄င်းတို့၏ ပညာသင်ကြားရေးကိစ္စများကို စာသင်ခန်းမှအတွေ့အကြုံအမြင်မြင်ပလူမှုဘဝအတွင်းမှအတွေ့အကြုံများပါပေါင်းစပ်နိုင်သည့်အတွက် ပိုမိုထိရောက်သောလေ့လာရေးများဖြစ်နိုင်ပေသည်။ ထို့အပြင်ကျောင်းသားသမဂ္ဂတို့သည် ကျောင်းသားတို့ကိုဒီမိုကရေစီလူ့အဖွဲ့ အစည်းတစ်ခု၏ခေါင်းဆောင်မှုနှင့်လူမှုတာဝန်များ လေ့ကျင့်သင်ကြားပေးရာနိုင်ငံသားတို့၏ လက်တွေ့ခန်းများလည်းဖြစ်ပေသည်။

## ကျောင်းသားသမဂ္ဂများအလျင်အမြန် တိုးပွားလာရေးနှင့် အာဏာပိုင်တို့၏တာဝန်

ကျောင်းသားသမဂ္ဂများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းများအတွက်မရှိမဖြစ်သော အသင်းအပင်းများလည်းဖြစ်သည့်အတွက် တိုင်းပြည်၏အနာဂတ်အရေးကို ရေရှည်မျှော်ကိုးသည့် အစိုးရများအနေဖြင့် ကျောင်းသားသမဂ္ဂများ၏ တရားဝင်တည်ရှိမှုကို လေးစားစွာအသိအမှတ်ပြုရန်မှာအရေးအကြီးဆုံး လုပ်ဆောင်ပေးရမည့်ကိစ္စဖြစ်ပေသည်။ ယခင်အစဉ်အလာရှိခဲ့သည့် လုပ်ရိုးလုပ်စဉ်အတိုင်းစည်းရုံးမှု၊ တက္ကသိုလ်ကောင်စီ၌သမဂ္ဂကိုယ်စားလှယ်ပါဝင်နိုင်မှု၊ အစဉ်အလာအတိုင်း ရန်ပုံငွေကောက်ခံမှုအစရှိသည်တို့ကို လွတ်လပ်စွာတရားဝင်အသိအမှတ်ပြု လုပ်ဆောင်


ခွင့်ပြုရန်လိုအပ်ပါသည်။ ကျောင်းသားသမဂ္ဂများ ဖြစ်ပေါ် တိုးတက်လာမှုကိုအဟန့်အတားဖြစ်စေသည့် နိုင်ငံရေးဖိအားပေးမှုများအားလုံးရပ်ဆိုင်းပေးရန်လည်းလိုအပ်ပါသည်။

## ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များ မဖြစ်မနေလုပ်ဆောင်ပေးအပ်သည့်ကိစ္စ

ယခင် ၁၉၆၂ မျိုးဆက်ကျောင်းသားသမဂ္ဂခေါင်းဆောင်တို့သည် ၁၉၈၈အရေးတော်ပုံကာလအတွင်း ၎င်းတို့မျိုးဆက်၏ သမဂ္ဂအလံတော်ကို ၈၈ မျိုးဆက်ကျောင်းသားသမဂ္ဂခေါင်းဆောင်များထံအသိအမှတ်ပြုလွှဲအပ်ခဲ့ပြီး ၎င်းတို့၏ မျိုးဆက်တာဝန်ကိုလွှဲအပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါအလံတော်ကို ဆက်လက်ထိန်းသိမ်းထားသည့် ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်များအနေဖြင့် သမဂ္ဂအလံတော်နှင့်အတူ သမဂ္ဂ၏မျိုးဆက်တာဝန်ကိုမျိုးဆက်သစ်များ၏လက်သို့ တရားဝင်လွှဲအပ်သင့်သည့်အချိန်ကို ရောက်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ၌ မြန်မာ့နိုင်ငံရေးအခင်းအကျင်း၌ ကျောင်းသားမျိုးဆက်၂ခုစုပုံနေသည့် သဘောမျိုးဖြစ်နေပါသည်။ ယခင်မျိုးဆက်ဟောင်းဖြစ်သော ၈၈မျိုးဆက်ကျောင်းသား ခေါင်းဆောင်ဆိုသူများသည် ကျောင်းသားခေါင်းဆောင်ဆိုသည့်ဂုဏ်ပုဒ်ကိုစွန့်လွှတ်၍ နိုင်ငံရေးလောကသို့ဆက်လက် အသွင်ကူးပြောင်းရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ ကျောင်းသားလှုပ်ရှားမှုလိုင်း၌ မျိုးဆက်သစ်ကျောင်းသားများအတွက် ရှင်းရှင်းလင်းလင်းနေရာဖယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံရေးအခင်း အကျင်းအသစ်အတွက် ထိရောက်စွာပိုင်းဝန်းကူညီရန်အချိန်သို့ ကျရောက်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။



# သန်းခေါင်စာရင်းကောက်ယူရေးကိစ္စသည် အမျိုးသားရေးကိစ္စဖြစ်ပါသည်



မြန်မာနိုင်ငံတော်တွင်ယခုတစ်ကြိမ်ကောက်ယူမည့် သန်းခေါင်စာရင်းသည် ယခင်လွန်ခဲ့ သော ဆယ်စုနှစ် သုံးခုအလွန်က ကောက်ယူခဲ့ သော သန်းခေါင်စာရင်းကောက်ယူရေးလှုပ်ရှားမှု များထက် ပို၍အရေးကြီးပေသည်။ အဘယ် ကြောင့်ဆိုသော် ယခု သန်းခေါင်စာရင်းကောက် ပြီးနောက်ဆက်တွဲရရှိလာသော အချက်အလက် တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အမှီသဟဲပြု၍နေထိုင်ကြကုန်သော လူပုဂ္ဂိုလ် များ၊ အဖွဲ့အစည်းအသင်းအပင်းများ၊ အစိုးရဌာန များ အစရှိသော အင်အားစုအများအပြားတို့ အကောင်အထည်ဖော်လုပ်ဆောင်မည့် ပညာရေး၊ စီးပွားရေးအပါအဝင် များပြားစွာသော စီမံကိန်း များရေးဆွဲရာတွင်လည်းကောင်း၊ အကောင် အထည်ဖော်ရာတွင်လည်းကောင်း ထည့်သွင်း စဉ်းစားရမည့် ပြည်သူ့အင်အားဆိုင်ရာ အချက် အလက်များကို ရရှိစေမည့်အတွက်ကြောင့်ပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတိုင်း တွင်မဆို ပင်မအခြေခံစစ်တမ်းဖြစ်သော လူဦး ရေအင်အားကို မသိရှိနိုင်ပါက သို့မဟုတ် မရရှိ နိုင်ပါက လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှု များကို ဆန်းစစ်ရာတွင်လည်းကောင်း၊ နောင် ဖွံ့ဖြိုးမှုများအတွက် အစီအစဉ်များရေးဆွဲရာတွင် လည်းကောင်း မည်သို့မှအောင်မြင်မှုမရနိုင်ပေ။ ယနေ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်း ကြောင်းပေါ်မှ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ တကာမှ အခြားတိုင်းပြည်များနည်းတူ မိမိတိုင်း ပြည်၏လူသားအရင်းအနှီးအင်အား၏ အချက် အလက်များဖြစ်သော လူဦးရေ စစ်တမ်းကောက် ယူခြင်းကိစ္စ ထိထိရောက်ရောက်အောင်မြင်ရေး သည် အလွန်အရေးကြီးသော အမျိုးသားပြည် သူလူထုတစ်ရပ်လုံးအတွက် အသည်းအသန် အရေးကြီးသောကိစ္စဖြစ်ပေသည်။

မြန်မာနိုင်ငံ အနာဂတ်၌ ဖွံ့ဖြိုးရေးလုပ်ငန်း များ ထိရောက်ကောင်းမွန်စွာ ရေးဆွဲအကောင် အထည်ဖော်စီမံနိုင်ရန်အတွက် ပိုမိုတိကျသော၊ နိုင်လုံသော ကိန်းဂဏန်းများ ရရှိရန်လိုအပ်ပါ သည်။ ၎င်းကိန်းဂဏန်းအချက်အလက်များက မြန်မာလူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး၊ကောင်း မွန်သော ပြည်သူတို့၏ လူမှုဘဝများ တည် ဆောက်နိုင်ရေးတို့၏ အခြေခံလိုအပ်ချက်များဖြစ် သော (၁)ပညာရေး၊(၂)ကျန်းမာရေး၊(၃)ပြည်သူ တို့၏ နေရေးထိုင်ရေး စသည်တို့အတွက် ထိ ရောက်သော အစီအမံများ လုပ်ဆောင်ရေး အတွက် တိုက်ရိုက်၊ ချက်ချင်းအထောက်အကူ ပြုမည်ဖြစ်ပါသည်။ ပညာရေးအတွက်ဆိုပါက ယခင်လွန်ခဲ့သော နှစ်ပေါင်း ၃၀ နှင့်နှိုင်းယှဉ်

သော် လူဦးရေတိုးပွားမှုက နေရာဒေသတိုင်း၌ ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် လူဦးရေတိုးပွားလာသကဲ့သို့ ကျောင်းသားဦးရေများလည်း တိုးပွားလာမည်ဖြစ်သည့်အတွက် ယခင်ရှိရင်းစွဲ ကျောင်းဌာနများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမ ဦးရေနှင့် ကျောင်းသားဦးရေအချိုးအစားသည် အဆမတန် တစ်ဖက်စောင်းနင်းဖြစ်နေမည်မှာ မလွဲမသွေဖြစ်ပါသည်။

မြို့နယ်ဒေသတိုင်း၌ လူဦးရေတိုးပွားနှုန်းသည် အတိုင်းအတာနှင့်သူရှိနေကြမည်ဖြစ်သည့်အတွက် ယခင်က ရှိခဲ့သော ဆေးရုံဆေးခန်း၊ ဆရာဝန်ဦးရေအချိုးအစားနှင့် သက်ဆိုင်ရာနယ်မြေအလိုက် မှီတင်းနေထိုင်ကြသော လူဦးရေအချိုးအစားလည်း မမျှတဖြစ်နေသည်မှာ ယနေ့မြန်မာနိုင်ငံ၌ သိသာထင်ရှားလွန်းသည့်ကိစ္စတစ်ခုပင် ဖြစ်နေပါသည်။ ဥပမာ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ခံစဉ် ကာလတစ်ပိုက်က လူဦးရေသုံးသန်းခန့်ရှိသည့် မဟာရန်ကုန်ဒေသအတွက် ရန်ကုန်ဆေးရုံကြီးအပါအဝင် မြို့နယ်အလိုက် ဒေသန္တရဆေးရုံ ဆေးပေးခန်းတို့သည် ယနေ့အခါ လုံးဝလုံလောက်မှု မရှိနိုင်တော့သည်မှာ အထင်အရှားဖြစ်ပါသည်။ ထိုသို့ အခြေခံအရေးကြီးပြဿနာရပ်များကိုဖြေရှင်း ရန်၊ ကောင်းမွန်ထိရောက်စွာ စီမံလုပ်ဆောင်နိုင်ရန်အတွက် တိကျသော အားထားရလောက်သော လေ့လာဆန်းစစ်ချက် ကိန်းဂဏန်းအချက်



အလက်များ လိုအပ်ပါသည်။

လူဦးရေစစ်တမ်းကောက်ယူရန် လိုအပ်သည့် နောက်ထပ်အခြေခံအကြောင်းတစ်ရပ်မှာ လူဦးရေသိနိုင်မှသာ လူဦးရေအချိုးအစားနှင့် ပြည်သူလူထုနေထိုင်နိုင်မှု အခြေအနေကို အနီးစပ်ဆုံး နှိုင်းယှဉ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ယခုလောလောဆယ် ပြည်သူအများတွေမြင်နေရသော ကျူးကျော်ရပ်ကွက်ဆိုသည့် ပြဿနာများသည် ပြည်သူတို့၏ လူနေမှုဘဝအဆင့်အတန်းဆိုင်ရာကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်နေသော သိသာထင်ရှားသည့် ကိစ္စဖြစ်ပေရာ နောင်အနာဂတ်ကာလ တိုင်းပြည်ဖွံ့ဖြိုးရေးစီမံချက်များအတွက် ပြည်သူတို့၏ နေမှုထိုင်မှုနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း တိတိကျကျရရှိရန် လိုအပ်ပေသည်။ သို့မှသာ လူဦးရေအချိုးအလိုက် အိမ်ရာစီမံကိန်းကဲ့သို့ သော စီမံမှုများကိုထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာရှိ တိုင်းပြည်များ၌လည်း ထိုသို့ သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ရှားမှုအတွက် ငွေကုန်ကြေးကျခံ၍ လူထုပညာပေးလုပ်ငန်းများကို လုပ်ဆောင်လေ့ရှိပါသည်။ ယခု မြန်မာနိုင်ငံတွင်လုပ်ဆောင်မည့် သန်းခေါင်စာရင်းကောက်ယူမည့်ကိစ္စ၌ နိုင်ငံတော်အစိုးရအနေနှင့် သေချာစွာ ပြင်ဆင်မှုများရှိနေသော်လည်း စိန်ခေါ်မှုများရှိနေနိုင်ပါသည်။ ၎င်းတို့မှာ (၁)အာဏာပိုင်တို့၏ ပညာပေးရေးအပိုင်းသည် အကျိုးချုံ့သဘောမျိုး ဆန်လွန်းခြင်း (၂)ဤသို့ သန်းခေါင် စာရင်းကောက်ယူခြင်းကို အစိုးရ၏ နိုင်ငံရေးလုပ်ငန်းတစ်ခုအဖြစ်သာ ပြည်သူများ က မြင်နေသည့်အတွက် ပြည်သူလူထု၏ စိတ်ဝင်စားမှုနည်းနိုင်သည့်အတွက် ပူးပေါင်း ဆောင်ရွက်မှုနည်းနိုင်ခြင်း (၃) အချို့နေရာများ၌ လူမျိုးစုဆိုင်ရာ အငြင်းပွားမှုများရှိနေခြင်း (၄)

ဗဟိုအစိုးရထိန်းချုပ်မှုအောက်တွင် တိုင်းပြည်၏ နယ်မြေများ၌ စာရင်းကောက်ခံရန် အခက်အခဲရှိနိုင်ခြင်းတို့ဖြစ်ပါသည်။

အစိုးရ၏ပညာပေးမှုအားနည်းသည်ဟု ဆိုနိုင်ပါသည်။ ဥပမာ ဤသို့စာရင်းကောက်ခံရခြင်းအကြောင်းနှင့်ပတ်သက်၍ ယခုထက်ပို၍ အချိန်ယူကာ ပြည်သူလူထုကို ပညာပေးသင့်ပါသည်။ နိုင်ငံတော်အတွင်းမှ အစိုးရနှင့် အတိုက်အခံဖြစ်နေသူတို့ကိုပါ ပညာပေးစည်းရုံးသင့်ပါသည်။ ထိုသို့ မဖြစ်သည့်အတွက် ဆယ်စုနှစ်ပေါင်းများစွာ အဓိကအာဏာများနှင့်သာနေထိုင်ခဲ့ကြရသည်။ ပြည်သူများအနေဖြင့် ဤသန်းခေါင်စာရင်းကိစ္စသည် အစိုးရ၏ လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုအဖြစ်သာ သဘောထားကြပုံရပြီး စိတ်ပါဝင်စားမှုနည်းပါးနိုင်ကြပေသည်။ ပူးပေါင်းဆောင်ရွက်မှုနည်းနိုင်ပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ အာဏာရှိနေသူများအပေါ် ထောက်ခံခြင်း မထောက်ခံခြင်းထက် စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့်သာဖြစ်ပေမည်။ ဤသို့သမိုင်းဝင်လှုပ်ရှားမှုမျိုးအတွက် ယခုထက်ပို၍ လှုည်းနေလှေအောင်းမြင်းဇောင်းမကျန် တက်ကြွနေသင့်ပေသည်။

ယခုလက်ရှိ စစ်တမ်းကောက်ယူ ရာတွင် အသုံးပြုမည့် Codeစနစ်နှင့်ပတ်သက်၍ လူမျိုးစုဆိုင်ရာ အငြင်းပွားမှုတချို့ဖြစ်ပေါ်ခဲ့မှုကလည်း စစ်တမ်းကောက်ယူခြင်း၌ ပြည်သူလူထု အထူးသဖြင့် ထိုသို့အငြင်းပွားဖွယ်ဖြစ်ရပ်နှင့်ပတ်သက်နေသော လူမျိုးစုတို့၏ ပူးပေါင်း ဆောင်ရွက်မှုအားနည်းသွားနိုင်ပေသည်။ တချို့ကလည်း သန်းခေါင်စာရင်းကိစ္စကဲ့သို့သော (လဝက) အရေးကိစ္စကို နိုင်ငံသားဖြစ်ခြင်း အရေးကိစ္စနှင့်ရောထွေးနားလည်နေနိုင်ပေသည်။ ထိုသို့ရောထွေးနေပါကလည်း ဤသည်မှာစိန်ခေါ်မှုတစ်ခုဟု သဘောထားရမည်ဖြစ်ပါသည်။ ထိုသို့ရောထွေးမှုကို အကောင်းဆုံးဖြေရှင်းခြင်းမှာ ကောင်းမွန်ထိရောက်သော ပညာပေး ခြင်းနည်းသည်သာ အထိရောက်ဆုံးဖြစ်ပေမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော လူဦးရေ၏ အများစု သည် ဗဟို အစိုးရအာဏာသက်ရောက်ရာနေရာဒေသများအတွင်းနေထိုင်လျက်ရှိသကဲ့သို့ လူမျိုးစုသူပုန်များ ထိန်းချုပ်ရာနယ်မြေများတွင်နေထိုင်နေကြသူများလည်းရှိကြပေရာ ထိုနယ်မြေများအထိ သန်းခေါင်စာရင်းကောက်ခံရန် ကိစ္စမှာလည်း သန်းခေါင်းစာရင်းကောက်ယူရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သို့သော် ၄င်းစိန်ခေါ်မှုများရှိလင့်ကစား အစိုးရနှင့်အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလူမျိုးစုအဖွဲ့တချို့မှ ခေါင်းဆောင်များနေပြည်တော်သို့လာရောက် ဆွေးနွေးခဲ့မှုကဲ့သို့သော အားတက်ဖွယ်ရာ တိုးတက်မှုတချို့ကိုလည်း တွေ့ရပေသည်။ သန်းခေါင်စာရင်းကောက်ယူ ခြင်းမှရရှိလာသောအချက်အလက်များသည် မြန်မာလူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်လိုသော မည်သူမဆိုမဖြစ်မနေသိရှိရမည့် အသုံးပြုရမည့်အချက်အလက်များဖြစ်ပါသည်။ ၄င်းအချက်အလက်များသည် အစိုးရအတွက်လည်း လိုအပ်သကဲ့သို့ အစိုးရမဟုတ်သူများအတွက်လည်း လိုအပ်ပါသည်။ ထို့ကြောင့် သမိုင်းဝင်ဆောင်ရွက်မှုတစ်ခုဖြစ်မည့် သန်းခေါင်စာရင်းကောက်ယူရေးကိစ္စအား အမျိုးသားရေးတာဝန်အဖြစ် သဘောထား၍ အားလုံးဝိုင်းဝန်းကူညီသင့်သည်ဟု တင်ပြလိုက်ရပါသည်။

# ခင်ဆာကို
## ရာဇဝင်ထဲမှာ ထားခဲ့စေချင်သည်



လက်ရှိ အာဏာရပြည်နိုင်ဖြိုးအစိုးရလက်ထက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ သိသိသာသာလုပ်ဆောင်လာခဲ့သည့် အချိန်အပိုင်းအခြားဟုဆိုရမည်ဖြစ်သော ၂၀၁၂ ခုနှစ် နှစ်ဆန်းမှစ၍ မြန်မာပြည်သူများအနေဖြင့် ယခင်စစ်အစိုးရများ လက်ထက်နှင့်မတူသော အခြေခံလွတ်လပ်ခွင့်အရေးအချို့ ပြန်လည်ရရှိလာခဲ့ကြပေသည်။ ယခင် စစ်အစိုးရများလက်ထက်က သူပုန် လှုပ်ရှားမှုများအဖြစ် သဘောထားခြင်းခံခဲ့ရသောနိုင်ငံရေး အစမ်းအနားများကဲ့သို့သော လှုပ်ရှားမှုများသည်ပင်လျှင် ပြောင်ပြောင်တင်းတင်းတရားဝင်လှုပ်ရှားခွင့်ရလာခဲ့ကြပြီး သကြီန် သံချပ်အသင်းများထွက်ခွင့်ကဲ့သို့သော နှစ်ပေါင်း ၂၀ ကျော်ဆုံးရှုံးနေခဲ့သည့် ရိုးရာယဉ်ကျေးမှု ဆိုင်ရာအခွင့်အရေးတချို့ကိုလည်း ပြန်လည်ရရှိလာခဲ့ကြပေသည်။ ၁၉၈၉ ခုနှစ် အတာသကြီန် မှစ၍ တိမ်ကောသွားခဲ့သော ရန်ကုန်အတာသကြီန်၏ သံချပ်အသင်းများလည်း ပြန်လည်ပေါ် ထွက်လာခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် ၅၀ သက်တမ်းရှိသည့် ယခင်တစ်ခေတ်တစ်ခါက သကြီန်အသင်းများသာမက အသင်းအသစ်များလည်း ပေါ်ထွက်လာခဲ့ကြပါသည်။ လွတ်လပ် မလိုဖြစ်လာပြီး ပြည်သူအများပျော်ကြရမည်မှမကြီးသေး စိတ်မချမ်းသာစရာက ကပ်ပါလာပြန် သည်။

သံချပ်များကို ဆင်ဆာတင်ကြရမည်ဟု ကြားသိရပါသည်။ ဒီမိုက ရေစီဆိုသည့် စနစ်ကြီးကိုအလုပ်ကြီး အကိုင်ကြီးလုပ်ပြီးကာမှ ယခုလို သံချပ်များကိုဆင်ဆာလုပ်မည့်ကိစ္စသည် အမြင်မတော်ဆင်တော်နှင့်ခလောက်ဆို သလိုဖြစ်နေပြန်ပါသည်။ ၁၉၆၂ ခုနှစ်မတိုင်မီက ထွန်းကားခဲ့သောပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း သင်္ကြန်အသင်းများထွက်ခဲ့ကြပါသည်။ သံချပ်ဆင်ဆာဆိုသော အရာကြီးရှိခဲ့သည်ဟု မကြားဖူးပါ။ ထိုစဉ်အခါကလည်း နိုင်ငံရေးဆန်ဆန်အသင်းများလည်း ထွက်ပေါ်ခဲ့ဖူးသည်ဟု ကြားဖူးပါသည်။ ဥပမာ–ဘုရား ပေးတဲ့ ပုဒ်မ ၅ မသူတော်ဆယ်ပါး စသည်အားဖြင့်။ ကွယ်လွန်လေပြီးဖြစ်သော ကဗျာဆရာကြီးဒေါင်းနွယ်ဆွေလည်းသင်္ကြန်အသင်းထွက်ခဲ့ဖူးပြီး လူထုအတွက်ဟာစ်ကြွေးချက် သံချပ်များကိုမဟာရန်ကုန်၏ သင်္ကြန်စင်မြင့်များထက်၌ ၄င်း၏ကဗျာရောင်းရင်းကြီး ဆရာနေဘွေးနှင့်လို ပုဂ္ဂိုလ်များနှင့် အတူဟာစ်ကြွေးခဲ့ဖူးသည်ဟု ကြားဖူးပါသည်။

ရှေ့မီနောက်မီသူများ၏ နှုတ်ထွက်စကားများအရ၊ ကိုယ်တိုင်လေ့ လာခဲ့ရာမှတွေ့ရှိချက်များအရလည်းကောင်း ဤသို့သံချပ်အသင်းများနှင့် သင်္ကြန်ဆုပေးမဏ္ဍပ်များရှိသည့် ယဉ်ကျေးမှုအကြီးအကျယ်ထွန်းကားခဲ့ရာ နေရာဒေသကြီးသုံးခုရှိသည်ဟုသိရပါသည်။ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်တို့တွင် ထိုသို့သံချပ်ကားများထွက်ကြသည့် ဓလေ့အထွန်းကားဆုံးဟု ယခင် ရန်ကုန်သင်္ကြန်လောက၏ နာမည်ကျော်အသင်းခေါင်းဆောင်တစ်ဦးက ပြောဖူးပါသည်။ သံချပ်တို့မည်သည်မှာ လူ့အဖွဲ့အစည်းအတွင်းက တစ်နှစ်တာအတွင်းအပြစ်အနာအဆာမကင်းသည့် ကိစ္စများကိုသံချပ်ထိုးရင်းဝေဖန် ထောက်ပြကြသည့် သဘောသဘာဝရှိကြ၍ ရှေးပဒေသရာဇ်မင်းများလက် ထက်တော်ကသည်ပင်လျှင် သံချပ်ယဉ်ကျေးမှုရှိခဲ့ဖူးသည်ဟုလည်း သက်ကြီးစကားသက်ငယ်ကြားဆို သလိုကြားဖူးပါသည်။ ဂျပန်ခေတ်က သင်္ကြန်သံချပ် အချို့တွင်လူထုအကြား၌ နှစ်ပေါင်းများစွာကြာသည့်တိုင်အောင်စွဲနေသည့် သံချပ်တစ်ခုမှာ စိန်ကြည်နော်စိန်ကြည်နော်၊ လင်ယူပက်စက်သနော် အစချီသံချပ်ပင်ဖြစ်သည်။ဂျပန်ခေတ်ကရာထူးကြီးကြီး နယ်ချဲ့ဂျပန်စစ်ဗိုလ်ကြီးများနှင့် တွဲသွားတွဲလာလျှပ်ပေါ်ကြသောမြန်မာအမျိုးသမီးတချို့ကို သရော်သောသံချပ်အပိုင်းအစတစ်ခု ဖြစ်ပါသည်။

သင်္ကြန်သံချပ်ယဉ်ကျေးမှုသည် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုက ရေစီခေတ်ပို၍ထွန်းကားလာခဲ့သည် ဟုသိရပါသည်။ ရန်ကုန်တွင်လည်း ထွန်းကားသကဲ့သို့ မန္တလေးတွင်လည်း ထွန်းကားခဲ့ပါသည်။

သို့သော်ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီလက်ထက်မှစ၍ လအက(လုံခြုံရေးနှင့်အုပ်ချုပ် ရေးကော်မီတီ)များက မဟာသင်္ကြန်ကြီးကြပ်ရေးလုပ်ငန်းများကို ကြိုးကိုင်လာခဲ့ပြီး သံချပ်များကိုစိစစ်သည့် အလုပ်တစ်နည်းဆိုသော်သံချပ်ဆင်ဆာ အလုပ်များကိုစတင်ခဲ့ပါသည်။ နောင် ၁၉၇၄ ခုနှစ်တွင် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးကောက်တင်မြှောက်ပြီး စစ်အုပ်ချုပ်ရေးပုံစံမှသည် အရပ်သားအစိုးရအုပ်ချုပ်ရေးသို့ပြောင်းလဲခဲ့ပြီး နောက်ပိုင်းတွင် သင်္ကြန်ရာသီရောက်တိုင်း မြို့နယ်ကောင်စီများ၏ လက်အောက်၌ မဟာသင်္ကြန်ကြီးကြပ်ရေး ကော်မီတီများဖွဲ့စည်းပြီးမြို့နယ်များအလိုက် သင်္ကြန်ပွဲကိစ္စများကို

ကွပ်ကဲပါသည်။ သံချပ်အသင်းများအရေးမှသည် ရေ ကစားမဏ္ဍပ်များအထိ အားလုံးကိုကွပ်ကဲပြီး သံချပ်ဆင်ဆာကိစ္စကို အထူးကြပ်မတ်ပါသည်။ ကိုယ်တွေ့ကြုံဖူးသော အတွေ့အကြုံအရ အချို့သော သံချပ်အသင်းများသည်မိမိတို့ အသင်း ကြော်ငြာဆိုင်းဘုတ်တင်သည့် အချိန်က ပင်အာဏာပိုင်တို့၏ ခေါ်ယူမေးမြန်းခြင်းခံရပြီး အသင်းမထွက်ရန် ပိတ်ပင်ခြင်းကိုပင်ခံရပေသည်။ ကျွန်တော်ကောင်းစွာမှတ်မိနေသည့် အဖြစ်အပျက်တစ်ခုမှာ ၁၉၇၇ ခုနှစ် အတာသင်္ကြန်မတိုင်မီ တောင်ဥက္ကလာပမြို့နယ်မှ ကောလာဟာလ ဆိုသောအသင်း၏ ကြော်ငြာဆိုင်းဘုတ်ပါ စာသားအချို့ကို အာဏာပိုင်တို့က မနှစ်သက်သည့် အတွက် အသင်းကိုပိတ်ပင်ခဲ့ဖူးပါသည်။

တော်လှန်ရေးကောင်စီခေတ်၊ မဆလအစိုးရခေတ်များဆီက သင်္ကြန်နှင့်သံချပ်ဆင်ဆာလုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ဖော်ပြလိုပါသည်။ (မဟာရန်ကုန်နယ်မြေကို အခြေပြုသည့်အတွေ့အကြုံဖြစ်ပါသည်)


မဆလအာဏာပိုင်များက မြို့နယ်တိုင်း၌ မဟာသင်္ကြန်စီစစ်ရေး ကော်မတီများထားပြီး သင်္ကြန်အသင်းများ မြို့နယ်အလိုက် မှတ်ပုံတင်ကြရပါသည်။ သံချပ်စာသားများကို အရင်စီစစ်ရေးတင်ရသည်။ ထိုအဆင့်များ ခွင့်ပြုလျှင် ပုံနှိပ်စက်တင်၍ပုံနှိပ်ရသည်။ ပုံနှိပ်ပြီးသော သံချပ်စာအုပ်များ ကိုတဖန်စီစစ်ရေးကော်မီတီထံပြန်ပို့ ၍အစစ်ဆေးခံရသည်။ ပြီးပါကသံချပ်တိုက်နေရာသို့ လာရောက်၍ ၄င်းစီစစ်ရေးအဖွဲ့ ရှေ့မှောက်၍သံချပ်တိုင်ပြရသည်။ သင်္ကြန်အကြိုနေ့တွင်၊ ကော်မတီ၏ရှေ့မှောက်၌ ဝတ်စုံပြည့် သွားရောက်အစစ်ဆေးခံပြီး၍ သူတို့ ကျေနပ်မှုရှိမှ ပြိုင်ပွဲဝင်ခွင့်ပါမစ်ထုတ်ပေးပါသည်။ မဏ္ဍပ်တစ်ခု၌ပြိုင် ပွဲမဝင်ခင်၊ ပါမစ်ကိုအရင်ပြရပါသည်။ ဤသည်ကားမဆလလက်အောက် မဟာရန်ကုန် သင်္ကြန်စီစစ်ရေး၏ လုပ်ထုံးလုပ်နည်းပင်ဖြစ်ပါသည်။ ဤအဆင့်ပြီး လျှင်သင်္ကြန်ကားစထွက်ခွင့်ရပါသည်။ ဖဆပလ၊ မဆလမည်သို့ပင် နိုင်ငံရေးခေတ်များပြောင်းသော်လည်း သင်္ကြန်သံချပ်တို့၏ ဝေဖန်လှောင်ရှိကြသည်များက လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့နှင့် ဆက်နွှယ်နေသောကိစ္စရပ်များကို ကဗျာများအလိုက်သံချပ်၊ သံစဉ်၊ သရုပ်ပြများဖြင့် အနုပညာသမားများ၏ ပရိယာယ်ကိုသုံး၍နိုင်ငံရေးကိစ္စကို ပါးပါးနပ်နပ် သွယ်ဝိုက်ဝေဖန်၍အခြား ကဗျာများကိုမူပေါ်ပေါ် ထင်ထင်ပြောကြသည်။ ဥပမာ-သမဝါယမအကြောင်း၊ ဘတ်စ်ကားအကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတလောကအကြောင်း၊ စသည်အားဖြင့် နိုင်ငံရေးအကြောင်း ဖြောင့်ကျကျပြောခွင့် မရကြသည့် မှလွဲ၍အခြားသောလူ့အဖွဲ့အစည်းဆိုင်ရာကိစ္စ ရပ်များကို ဝေဖန်ကြထောက်ပြကြခြင်းဖြင့် ပြည်သူလူထု၏ Awareness ကိုတစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးကြပေသည်။ တစ်ခါတစ်ရံနိုင်ငံရေး အကြောင်းအပြောများသွား၍ သင်္ကြန်ရက်အတွင်းမှာပင် အဖမ်းခံကြရသည်များလည်းရှိပါသည်။ တစ်ချိန်ကနာမည်ကျော်ပြဇာတ်မင်း သားလူငယ်ကြည်ခိုင်၏ ဝေလေလေဆိုသောအဖွဲ့သည်နှစ်စဉ် နှစ်တိုင်းလိုလို သင်္ကြန်ရက်အတွင်းမှာပင် အဖမ်းခံရသည့် အတွက်ပွဲပြီးအောင်ပြိုင်ရသည့် နှစ်မရှိသလောက်ပင်ဖြစ်သည်။

၁၉၇၉/၈၀ ခုနှစ်များကစ၍ သင်္ကြန်မတိုင်မီ တစ်လခန့်ကစ၍ သံချပ်ကက်ဆက်ခွေများ ခေတ်

စားလာသည့်အတွက် နောက်ဆုံး၁၉၈၈ခုနှစ် သကြံန်ရာသီအထိသံချပ်ယဉ်ကျေးမှု အရှိန်အဟုန် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံနယ် အားလုံးမှ ပြည်သူများ ရန်ကုန်မှသကြံန်သံချပ် ကားများ၏ ပြိုင်ပွဲများနှင့်မဆုံဖူးကြသော်လည်း၊ ရန်ကုန်အခြေပြုထုတ်လုပ်သော၊ သကြံန်သံချပ် ကက်ဆက်ခွေများသည် နယ်အသီးသီးရှိ တေးသံသွင်းဆိုင်များ၏ ဖြန့်ချိရေးကွန်ရက်များမှတစ်ဆင့်မြို့ပြ၊ ကျေးလက်ဒေသ အနှံ့အပြားသို့ရောက်ရှိခဲ့သဖြင့် သကြံန်သံချပ်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့အပြားမှပြည်သူများ ရင်းနှီးမှုရှိနေကြပြီးဖြစ်ပါသည်။ ဥပမာဟာသိဘတမြို့တေးသံသာတေးသံသွင်းလိုဆိုင်မျိုးမှတစ်ဆင့်၊ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ရောက်နိုင်ပြီး၊ ကျိုင်းတုံမြို့ရှိ Ai-more ကဲ့သို့သော တေးသံသွင်းမှတစ်ဆင့်၊ နယ်အတွင်းရှိတိုင်းရင်းသား လူမျိုးစုတို့အကြားသို့ သံချပ်များ ရောက်ရှိခဲ့ပေသည်။ ၄င်းသံချပ်ခွေများ အသံမသွင်းခင်လည်း ဆင်ဆာတင်ရသည်။ စာသားများခွင့်ပြုပြီး အသံသွင်းပြီးပါကလည်း နောက်တစ်ခါဆင် ဆာထပ်တင်ပြီးခွင့်ပြုချက် ယူရသည်။ ဆင်ဆာပြီးရင်းဆင်ဆာနေသည်မှာအာဏာရှင်ခေတ်ကာအငွေ့အသက်ဖြစ်ပါသည်။ ယခု နောက်ကြောင်းပြန်မလှည့်ပါဟုအမြဲပြောနေသော ပြည်နိုင်ငြိမ်း အရပ်သားအစိုးရအနေနှင့်မိမိတို့သည် ယခင်စစ်အစိုးရများနှင့် မတူလုံးဝကွဲ ပြားခြားနားကြောင်းပြသသည့်အနေ နှင့်တိုင်းပြည်အတွင်း မှဝေဖန်ထောက် ပြရန်လိုအပ်သောကိစ္စများကိုဝေဖန် ထောက်ပြရင်းတိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းက နိုင်ငံရေးအရအကူအညီပေးသောသကြံန်သံချပ်များအပေါ်မှ ဆင်ဆာဆိုသော အာဏာရှင်စနစ်၏ အရိပ်မည်းကြီးကို လုံးဝဥသုံဖယ်ရှားပေးသင့်ပါသည်။ အမြော် အမြင်ကြီးသော ရှေးမြန်မာမင်းများ လက်ထက်တော်ကသည်ပင် လျှင် သူရှူး၊ သဘင်သည်၊ သူငယ်ဆိုသော လူသုံးဦးတို့စကားသည်မှန်လေ့ရှိသည် ဟုယုံကြည် လေ့ရှိခဲ့ကြသည့်အတွက် ၄င်းလူသုံးမျိုး၏စကားတို့ကို အုပ်စိုးသောမင်းအစိုးရတို့က အရေးတယူနားထောင်လေ့ရှိခဲ့ပါသည်။ ယခုအခါ တွင်လည်း သဘင်သည်တစ်မျိုးဖြစ်သော သကြံန်အသင်းများ၏စကားကို မင်းအစိုးရများနှင့် ပြည်သူအများကို လွတ်လွတ်လပ်လပ်ကြားနာနိုင် စေခြင်းအလို့ငှာ ရောမအတားအဆီးကြီးဖြစ်သော ဆင်ဆာဆိုသည့်အရာကို တိုင်းပြည်အကျိုးငှာဖျက်သိမ်းပေးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

။ ။

# လျှပ်စစ်စွမ်းအင်အရေး၊ တိုင်းရေးပြည်ရေး



ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရည်မှန်း ချက်များ ချမှတ်ထားသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ယနေ့မြန်မာနိုင်ငံ၏လူနေမှုစနစ်အဆင့်မြင့်မား ရေးအတွက်သော်လည်းကောင်း စက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်သော် လည်းကောင်း စိန်ခေါ်မှုများစွာရှိနေပေသည်။ စိန်ခေါ်မှုများစွာ အနက် လောင်စာစွမ်းအင် ကဏ္ဍအောက်တွင်ရှိသော လျှပ်စစ်စွမ်းအင်ကဏ္ဍ သည် ထိပ်တန်းအရေးကြီးလိုအပ်ချက်တစ်ရပ်အ ဖြစ် မြန်မာ့လူနေမှုဖွံ့ဖြိုးရေးအပါအဝင် ကုန်ထုတ် လုပ်ငန်းများ ဝန်ဆောင်မှုလုပ်ငန်းပေါင်းများစွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာစိန်ခေါ်လျက်ရှိပေ သည်။ ကမ္ဘာ့ဘဏ်၏အချက်အလက်များအရ မြန်မာပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသာ လျှပ်စစ်သုံးစွဲနိုင် သေးသည်ဟုဆိုရာ မြန်မာပြည်သူ သန်းပေါင်း ၄၀ ကျော်သည် လျှပ်စစ်မသုံးစွဲနိုင် သေး သို့မဟုတ် အစိုးရလျှပ်စစ်ကိုဝယ်ယူသုံးစွဲ ခြင်းမရှိသေးဟု ဆိုရပေမည်။ မြန်မာနိုင်ငံ၌သုံးစွဲနေ သော လျှပ်စစ်ဓာတ်အား၏ ၇၆ ဒသမ ၁၁ရာခိုင် နှုန်းသည် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းမှရရှိ၍ ၂၆ ဒသမ ၈၈ ရာခိုင်နှုန်းသည် ဓာတ်ငွေ့သို့ မဟုတ် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ရရှိပါသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲ သူရာခိုင်နှုန်းသည် များစွာနည်းပါးနေသေးသော် လည်း မြန်မာနိုင်ငံတစ်ဝန်း၌ လျှပ်စစ်ဓာတ်အားလုံ လောက်မှုမရှိသေးသည်မှာအထင်အရှား ပင်ဖြစ် ပါသည်။ လျှပ်စစ်မီးပျက်၍ အင်တာနက်နှေးသော နိုင်ငံအဖြစ်မြန်မာတို့ကိုယ်တိုင်ပင် မြန်မာနိုင်ငံကို ရည်ညွှန်းလေ့လည်းရှိကြပါသည်။

နှစ်ပေါင်းများစွာ အထီးကျန်နိုင်ငံ အဖြစ်နေခဲ့

ရသည့်အချိန်အတွင်း၊ အထွေထွေ ဆုတ်ယုတ်ခဲ့မှု ကာလများအတွင်း ပြည်သူလူထုအများစု၏ လူနေမှုအခြေအနေများစွာ နောက်ကျကျန်ရစ်မှု အဖြစ် ရှေ့ကောင်းရေသန့်၊ လျှပ်စစ် ဓာတ်အား ရရှိသုံးစွဲနိုင်မှုစသည်တို့သည်လည်း အိမ်နီး ချင်းနိုင်ငံများနှင့်နှိုင်းစာသော် များစွာနောက်ကျန်ရစ် နေပေ သည်။ ၂၀၁၀ပြည့်နှစ် နိုဝင်ဘာနောက်ပိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ရပ်များ တိုးမြှင့်လုပ်ဆောင် လာခဲ့မှုကြောင့် နိုင်ငံတကာအသိုက်အဝန်းနှင့်ပြန် လည်၍ ဆက်ဆံရေးကောင်းမွန်လာခဲ့ပြီး နောက် ပိုင်းတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များကိုဖိတ်ခေါ်ခဲ့ပါသည်။ Global Times ကိုးကားဖော်ပြချက်များအရ လက်ရှိမြန်မာ့လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်နိုင်မှု စွမ်းအား သည် ၁၆၅၅ မဂ္ဂါဝပ်ရှိ၍ နှစ် ၃၀ လျှပ်စစ်စီမံကိန်းအရ ၂၀၁၅ ခုနှစ်တွင် မဂ္ဂါဝပ် ၃၀၀၀ နှင့် ၂၀၁၆ ခုနှစ်တွင် မဂ္ဂါဝပ် ၄၀၀၀ လိုအပ်ချက်ကိုပြည့်မီရန်အတွက် မဂ္ဂါဝပ် ၅၀၀ စီထုတ်လုပ်နိုင်သော စက်ရုံသုံးလုံးတည် ဆောက် ရန်လိုအပ်ကြောင်းသိရပါသည်။ ထို ဓာတ်အားပေးစက်ရုံသုံးလုံးအတွက် စုစုပေါင်း ခန့်မှန်းလိုအပ်ငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ဘီလီယံခန့်လိုအပ်မည်ဟုသိရပါသည်။ထိုပမာ ဏကို အစိုးရတစ်ဦးတည်းမနိုင်သည့်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကို မြန်မာအစိုး ရကဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်ပေါ်တိုး တက်မှုများ ဖြစ်ပေါ်နေခဲ့သည့်အချိန်အတွင်းမှာပင် လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံရန်အတွက် လျှပ် စစ်ဝန်ကြီးဌာန၏ အဆိုပြုချက်ကိုပြည်သူ့လွှတ် တော်ကခေတ္တဆိုင်းငံ့ခဲ့ပါသည်။ လွန်ခဲ့သည့်လ အနည်းငယ်အကြာက ပြည်သူများအကြား အရေး တကြီးဖြစ်ခဲ့သည့် ထိုမီတာခဈေးတက်ရေးကိစ္စ သည် ယခုတစ်ကျော့ပြန်လာပြန်ပြီဖြစ်ပါသည်။ မြန်မာ့လျှပ်စစ်စွမ်းအင်လုပ်ငန်းသည် ပြည်တွင်း အတွက်ပင် ဖူလုံရန်များစွာ အခက်အခဲများရှိနေပေ သည်။

မြန်မာ့တပ်မတော်သည် စစ်ဦးစီးညွှန်ကြားမှု အရေးကိစ္စများတွင် လွန်စွာစည်းစနစ်ကျနသော တပ်မတော်တစ်ရပ်ဖြစ်သည်မှာ အထင်အရှားပင် ဖြစ်၍ တပ်မတော်ထိပ်တန်းအရာရှိကြီးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည့် လက်ရှိအစိုး ရအကြီးအကဲများ၏ လမ်းညွှန်မှုအောက်၌ရေးဆွဲ ထားသော နှစ် ၃၀ မြန်မာ့လျှပ်စစ်စွမ်းအားစီမံ ကိန်းသည်လည်း များစွာစနစ်ကျလှသည်ကိုလေ့ လာတွေ့ရှိရပါသည်။ သို့သော် စည်းစနစ်ကျလှ သော စီမံကိန်းများရှိပါလျက် အဘယ်ကြောင့် လျှပ်စစ်ဓာတ်အားပြဿနာရှိနေပါသနည်းဆို သည်ကို ချဉ်းကပ်လေ့လာကြည့်သောအခါ **မြန်မာ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု မြန့်ဖြူးမှုဖြစ်စဉ် တစ်ခုလုံးသည် ဗဟိုချုပ်ကိုင်မှုအောက်တွင် လုံးလုံးလျားလျားရှိနေပြီး ယခင်စစ်အစိုးရများ၏ စီမံခန့်ခွဲမှုပုံစံမျိုးသာရှိနေသည်ကိုတွေ့ရပါသည်။** ရှေးယခင်အစဉ်အလာအတိုင်းတွင်မူ လျှပ်စစ်ဓာတ် အားထုတ်လုပ်ရေးကိစ္စသည် လောင်စာနှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်တွင်ရှိခဲ့ပြီး နောင် နဝတ စစ်အစိုးရလက်ထက်မှစ၍ လျှပ်စစ်ဓာတ် အားနှင့်ဆိုင်သည့် ကိစ္စကိုသီးခြားဝန်ကြီးဌာန အဖြစ် ခွဲထုတ်ခဲ့ပါသည်။ သီးသန့်ခွဲထုတ်၍ အထူးပြုဆောင်ရွက်ပါက ပိုမိုတိုးတက်ကောင်း မွန်ရမည်ဖြစ်သော်လည်း စီမံကိန်းများမှလွဲ၍ အခြားတိုးတက်ကောင်းမွန်သော မှတ်တမ်းများ မတွေ့ရှိခဲ့ရပေ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်

အောက်၌ဌာနပေါင်းခုနစ်ခုရှိ၍ ရန်ကုန်မြို့တော် လျှပ်စစ်ပေးရေးအဖွဲ့သည်လည်းဌာနခုနစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး ဖြန့်ဖြူးရေးကိစ္စအားလုံးသည် ဗဟိုထိန်းချုပ်မှုအောက်တွင်ရှိနေပါသည်။

လျှပ်စစ်စွမ်းအင်ကိစ္စနှင့်ပတ်သက်၍ ဗဟိုအစိုးရအနေနှင့်မူဝါဒရေးရာများ ကိုသာထိန်းချုပ်ထားသင့်ပြီး အကောင်အထည်ဖော်ရေးကိစ္စကိုမူ ဒေသဆိုင်ရာအလိုက်သာ အကောင်အထည်ဖော်စေသင့်ပါသည်။ ဥပမာရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဗဟိုအစိုးရက များစွာစွက်ဖက်မှုမပြုဘဲ သို့မဟုတ် ဗဟိုအစိုးရ၏လက်အောက်ခံဌာနတစ်ခုအဖြစ်မှပယ်ဖျက်၍ သီးခြားလွတ်လပ်စွာဖွဲ့စည်းလုပ်ကိုင်စေသင့်ပါသည်။ တိုးတက်ပြောင်းလဲလာသော လူနေမှုအဆင့်အတန်းများနှင့်အညီ နေရာဒေသတစ်ခုနှင့်တစ်ခု ရှိရင်းစွဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးပုံစံများ၊ ဖြန့်ဖြူးရေးပုံစံများသည် ဒေသတစ်ခုနှင့်တစ်ခု အနည်းငယ်ကွဲပြားမှုရှိနိုင်ပါသည်။ထိုသို့ကွဲပြားမှုရှိသည့်အလျောက် ကုန်ထုတ်စရိတ်များလည်း ကွာခြားမှုရှိနိုင်သဖြင့် မီတာခကောက်ခံမှုနှုန်းထားများလည်းကွာခြားမှုရှိနိုင်ပါသည်။ ဥပမာ ရေအားလျှပ်စစ်သို့မဟုတ် ဓာတ်ငွေ့တာဘိုင်၊ ရေနွေးငွေ့တာဘိုင်များဖြင့် လည်ပတ်ထုတ်လုပ်နိုင်သည့် လောင်စာအရင်းအမြစ်များရှိရာ ဒေသနှင့်အနီးတစ်ဝိုက်ဒေသများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဓာတ်အားပေးစက်အတွက် လောင်စာများကို နယ်ဒေသများမှသယ်ယူပြီး ဓာတ်အားပေးစက်များမောင်းနှင်ကာ လျှပ်စစ်ထုတ်ရသည့် သာကေတ၊ အလုံ စသည့် နယ်မြေများရှိရာ ရန်ကုန်မြို့မှ လျှပ်စစ်မီတာခသည်ကွာခြားမှုရှိနိုင်ပါသည်။ ထို့အတူ ဒေသဆိုင်ရာစွမ်းအင်လိုအပ်ချက်ကို အထူးပြုဖြည့်ဆည်းပေးရန် ဓာတ်အားပေးစက်ရုံတည်ဆောက်ထားသော လှိုင်သာယာစက်မှုဇုန်မှ လျှပ်စစ်မီတာခသည်လည်း အခြားနေရာဒေသများနှင့် အနည်းငယ်ကွာခြားနိုင်ပေသည်။

နောက်ထပ်အားနည်းချက်တစ်ခုမှာ ပြည်တွင်းမှရှိရင်းစွဲအရင်းအမြစ်များကို စနစ်တကျ upgrade လုပ်ခြင်းမဟုတ် ဘဲ ပြည်ပရင်းနှီးမြှုပ်နှံမှုလက်ထဲသို့ ဒရောသောပါးထိုးအပ်သည့်ပုံစံမျိုးလည်း ဖြစ်နေပါသည်။ ဥပမာလက်ရှိရပ်ဆိုင်းထားသော မြစ်ဆုံစီမံကိန်း၊ လက်ရှိဒေသခံပြည်သူများ၏ဆန့်ကျင်ဆန္ဒပြ မှုများနှင့်ရင်ဆိုင်နေရသော သံလွင်မြစ်ပေါ်ရှိ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းတို့သည် ပြည်တွင်းဖူလုံရေးထက် အမြတ်အစွန်းရရေးဦးစားပေးသည့်အနေဖြင့် ပြည်ပသို့ထိုးအပ်သည့်သဘောမျိုး ဖြစ်နေပါသည်။ ယနေ့ခေတ်ကာလတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲခြင်းကိစ္စတွင် ပြည်သူလူထုပါဝင်လာမှုရှိလာစေရန်လည်းအရေးကြီးပါသည်။ အချို့ဒေသများတွင် လျှပ်စစ်ဓာတ်အားသည် တွင်းထွက်လောင်စာများဖြစ်သော သဘာဝဓာတ်ငွေ့နှင့်အခြားရေနံထွက်လောင်စာများကိုအသုံးပြုကြရသည်ဖြစ်ရာ လျှပ်စစ်ကုမ္ပဏီမှဖြန့်ဖြူးသော လျှပ်စစ်ဓာတ်အားကိုလျှော့၍ သုံးစွဲခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည့်အကြောင်း ပြည်သူလူထုကို ထိရောက်စွာပညာပေးရန်လည်းလိုအပ်ပါသည်။ ဥပမာ-ယခင်က နိုင်ငံပိုင်သတင်းစာများတွင် ရေကိုမှုလ ချွေတာကြ၊ လျှပ်စစ်ကိုလည်း ချွေတာကြဆို

သော ဆောင်ပုဒ်သည်အနှစ်သာရအရ လွန်စွာလေး နက်သော်လည်းအောင်မြင်မှုမရခဲ့ပါ။ မြန်မာ့လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှရေးဆွဲထားသော ၂၀၃၀-၃၁ မြန်မာနိုင်ငံ၏အိမ်ထောင်စုပေါင်း ၈၀ရာခိုင်နှုန်း လျှပ်စစ်စွမ်းအားရရှိရေးဆိုသည့် လျှပ်စစ်စွမ်းအင်ဆိုင်ရာစီမံကိန်းများ ထိရောက် အောင်မြင်ရန်မှာ ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ဒေသဆိုင်ရာများအလိုက် စီးပွားရေးဒီမိုကရေစီပေး ရန်လိုအပ်ကြောင်းရေးသားလိုက်ရပေသည်။

| ဓာတ်အားထုတ်ယူမှု | ရာခိုင်နှုန်း |
|---|---|
| ရေအားလျှပ်စစ် | ၇၆.၁၁ |
| ဓာတ်ငွေ့ (သို့) | ၂၆.၈၈ |
| ရေနွေးငွေ့ | |

**ကိုးကား**

1.The Republic of the Union of Myanmar, Ministry of Electric Power, " Present & Future Power Sector Development in Myanmar"

2.Global Times, "Myanmar Vows to build more power plants to meet public demand"

3. UPI, "Myanmar to get more coal-fired power"

# နှမ်းတစ်လုံးနှင့်ဆီမဖြစ်သော်လည်း



နှမ်းတစ်လုံးနှင့်ဆီမဖြစ်သော်လည်း များရည်တစ်စက်ကြောင့် ပြည်ပျက်ဆိုသော ရှေးမြန်မာသူဟောင်းတို့၏စကားသည် ယခုအသွင်ကူးပြောင်းရေးကာလ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော နိုင်ငံရေးကိစ္စများတွင်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ရည်ရွယ်၍ပြည်ပမှတင်ပို့ လိုက်သော ပြဿနာများကိုသတိပြုသုံးသပ်ရာတွင်လည်းကောင်း၊ မမေ့မလျော့ရှိအပ်သည့် ဆုံးမစကားများဖြစ်ပေသည်။

ယနေ့မြန်မာပြည်သည် အားလုံးအဆင်ပြေချောမွေ့နေသည်ဟုလည်းမဆိုသာ၊ ချောက်ထဲကျရန် လက်တစ်လုံးဟုပြောလျှင်လည်း များစွာလွန်ကဲသွားပေမည်။ နာလန်ထစ လူမမာကဲ့သို့ဖြစ်နေသော ဒီမိုကရက်မြန်မာအတွက် ထိလွယ်ရှလွယ်သောပြဿနာများ တစ်ခုပြီးတစ်ခုဖြစ်ပေါ်လာခဲ့သည်ဟုဆိုရပါမည်။ ပြဿနာများအထဲတွင် တိုင်းပြည်တစ်ခုလုံး သွက်သွက်ခါရမ်းသွားနိုင်သည့် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခအသွင်ကို ဦးတည်သွားနိုင်သည့် နားလည်မှုလွဲနိုင်စရာကိစ္စများလည်း ပါဝင်ခဲ့ပါသည်။ ယခင်ကတည်းက ဖြစ်ပေါ်နေခဲ့ပြီး မြန်မာပြည်သူအများ အကျွမ်းတဝင်သို့မဟုတ် ရင်းနှီးပြီးသားပြည်တွင်းစစ်သာမက မြန်မာပြည်သူများအကျွမ်းတဝင်ရင်းနှီးမှုမရှိသေးသည့် နိုင်ငံရေးပြဿနာအသစ်များပေါ်ဖြစ် ထွန်းလာခဲ့ပြီး ဒီမိုကရေစီလမ်းကြောင်းသို့ ဦးတည်နေသည့် မြန်မာအတွက် ကြီးမားသော

စိန်ခေါ်မှုများရှိလာခဲ့ပေသည်။ မြန်မာပြည်သူများ နှစ်ပေါင်း ၆၀ ကျော်အသားကျနေပြီးသား ပြည်တွင်းစစ်ဆိုသည်မှာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများ အချင်းချင်းဖြစ်ကြသည့် ပြည်တွင်းရေးဖြစ်သော်လည်း **မြန်မာပြည်၏ အနောက်ဘက်တံခါးမှ မဖိတ်ခေါ်ဘဲဝင်ရောက်လာမည့်ဧည့်ဆိုးများ၏ ပြဿနာမှာမူ လွန်စွာ အန္တရာယ်ကြီးမား၍ နိုင်ငံပင်ပျောက်သည့်ကိန်းသို့ ဆိုက်ရောက်သွားနိုင်ပေသည်။** ၂၀၁၂ တွင်ဖြစ်ပွားခဲ့သောရခိုင်ပြည်မှ ပြဿနာပြီးငြိမ်းလု အချိန်တွင် မတ်လ ၂၀ ရက်ထုတ် Dhaka Tribune သတင်းစာမှ ဆောင်းပါးရှင် Zasheen Khan၏ A Referendum in Rakhine State? ဆိုသော ဆောင်းပါးသည် မြန်မာပြည်၏ ပြည်တွင်းရေးကို ရာခိုင်နှုန်းပြည့်ဝင်ရောက်စွက်ဖက်သည်သာမက တိုင်းပြည်ပဲ့ပါသွားနိုင်သည် အထိပင် အန္တရာယ်ကြီးမားပေသည်။ ဆောင်းပါး၏အနှစ်သာရမှာ ယူကရိန်းနိုင်ငံမှ ခရိုင်းမီးယား ခွဲထွက်သကဲ့သို့ နည်းနာနိဿယမျိုးကိုယူ၍ ရိုဟင်ဂျာများ ၄၂ ရာခိုင်နှုန်းခန့်ရှိ ရာစစ်တွေနှင့် မောင်းတောနယ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းရေး အယူအဆကို ရေးသားထားခြင်းဖြစ်ပါသည်။ ထိုဆောင်းပါးအကြောင်းသိကြရသည့် အခါ မြန်မာတို့ယမ်းပုံမီးကျဖြစ်ကြရသည်။ ဤကိစ္စသည် အမှတ်တမဲ့မတော်တဆရေးမိသောစာ ဟုသဘောထား၍ မဖြစ်နိုင်တော့ပေ။ အင်အားစုတစ်ခုက စနစ်တကျဖန်တီးယူနေသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း များစွာထင်ရှားနေပေပြီ။ မြန်မာနိုင်ငံတော်အစိုးရက ရာဇပရိယာယ်၊ ရာဇဣန္ဒြေသုံး၍ စနစ်တကျတုံ့ပြန်သည်။ ၎င်းသတင်းစာတည်ရှိရာနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရသို့ တရားဝင်ကန့်ကွက်သည်။ မြန်မာအစိုးရ၏ တုံ့ပြန်နည်းသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာအစိုးရ၏ သံခင်းတမန်ခင်းဆောင်မှုသည် ဤအဆင့်ထက်ပို၍မရနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုဆောင်းပါးကို ဘင်္ဂလားဒေ့ရှ်အစိုးရကသော်လည်းကောင်း၊ အစိုးရတာဝန်ရှိသူတစ်ဦးကသော်လည်းကောင်းပြောဆိုရေးသား



ခြင်းမဟုတ်သည့်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရကို တိုက်ရိုက်ဖိအားပေး၍ မရနိုင်ပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသော နိုင်ငံဖြစ်၍ အဆိုပါဆောင်းပါးသည် ၎င်းနိုင်ငံသားတစ်ဦး၏ လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့် အခွင့်အရေးခေါင်းစဉ် အောက်၌ အကာအကွယ်ရရှိနေနိုင်သဖြင့် အစိုးရအာဏာစက်သုံး၍ ပိတ်ပင်တားဆီးအရေးယူမှုလုပ်နိုင်ရန် အခက်အခဲရှိနိုင်ပေသည်။ ဤသည်ကား မြန်မာ့ဒီမိုကရေစီဖြစ်ပေါ်တိုး တက်မှုဖြစ်စဉ်နှင့် ဘင်္ဂလားဒေ့ရှ်တို့၏ထင်ရှားသည့်ကွာခြားမှုတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၌မူကား နိုင်ငံခြားတိုင်းပြည်တစ်ခု၏ အလံတော်ကို မီးရှို့၍ဆန္ဒပြလျှင်ပင် အရေးယူခဲ့သည့်ဖြစ်စဉ်တချို့ရှိခဲ့ပေသည်။

အနောက်ဘက်တံခါးမှထိုးဖောက် နောင့်ယှက်လာမည့်သူတို့သည် ပြည်တွင်း၌ ရှိရင်းစွဲသမားရိုးကျသူပုန်တို့ကဲ့သို့ သမားရိုးကျစစ်ပွဲပုံစံနှင့် ချဉ်းကပ်လာမည်မဟုတ်ပေ။ ယဉ်ကျေးမှုအခြေခံများ လုံးဝကွဲပြားခြားနားသည့် သူများဖြစ်ပေရာ ၎င်းတို့သည်နိုင်ငံခြား ထောက်လှမ်းရေးအေဂျင်စီတို့မှ စနစ်တကျစေလွှတ်သူများလည်းဖြစ်နိုင်သကဲ့သို့ နာမည်ဆိုးနှင့်ကျော်ကြားသော တာလီဘန်၊ အယ်လ်ခိုင်ဒါတို့ကဲ့သို့ ရက်စက်ကြမ်းကြုတ်သူများလည်းဖြစ်နိုင်ပြီး မြန်မာတို့နှင့် လွှမ်းလောက်စရာနောက်ခံဆက်ဆံရေး မရှိမှုသူများဖြစ်ပေသည်။


၎င်းတို့သည် သူတို့၏နိုင်ငံတကာကွန်ရက်ကျောထောက်နောက်ခံလူအား၊ ငွေအား ပြည့်စုံစွာဖြင့် မြန်မာပြည်၏ တည်ငြိမ်အေးချမ်းမှုကို စနစ်တကျဖျက်ဆီး၍ ၎င်းတို့၏ ခြေကုပ်စခန်းများကို တည်ဆောက်နိုင်စွမ်းရှိသူများဖြစ်နေမည်ဆိုပါက မြန်မာပြည်သည်တစ်ချိန်က လက်ဘနွန်ကဲ့သို့လည်းကောင်း၊ ယခုအီရတ်နိုင်ငံ၊ လစ်ဗျားနိုင်ငံတို့ကဲ့သို့လည်းကောင်း၊ ခွဲထွက်ရေးသမားများနှင့် တိုက်ခိုက်နေရသော ရုရှားနိုင်ငံ၏ ချေချင်းညာ ဒေသကဲ့သို့လည်းကောင်း နေ့ချင်းညချင်းဘဝကူးပြောင်းသွားနိုင်ပေသည်။ နိုင်ငံတကာမှ ၎င်းတို့၏ ညီနောင်များက မြန်မာတို့လက်တွေ့အကျွမ်းတဝင်မရှိသေးသော မြို့ပြပြောက်ကျားနည်းစနစ်များကို သယ်ဆောင်၍အလွယ်တကူဝင်ရောက်နိုင်သောမြန်မာပြည်တွင်းသို့ ချက်ချင်းရောက်လာနိုင်ပေသည်။

ယမန်နှစ်က ကုလသမဂ္ဂလူ့အခွင့် အရေးကော်မရှင်အထိ ထိုးဖောက်သွားနိုင်ခဲ့သည့် လုပ်ရပ်ပြီးနောက် ဤဆောင်းပါးဖြင့် နောက်တစ်ဆင့်ထပ်၍ တပ်လှန့်ခြင်းလည်းဖြစ်နိုင်ပေသည်။ မည်သူတို့ အင်အားမည်မျှပင်ကြီးမား၍ ခြိမ်းခြောက်လာစေကာမူ စစ်မှန်သော ပြည်တွင်းစည်းလုံးမှုရှိနေပါက မြန်မာတို့ကြံ့ကြံ့ခံခုခံနိုင်မည်ဖြစ်ပေသည်။ ထိုသို့စည်းလုံးမှုဆို သည့်အရာကို မိမိ၏တစ်မြေထဲနေ တစ်ရေထဲသောက် တိုင်းရင်းသားမိသားစုအချင်းချင်းသာ တူညီမှုဖြစ်မှုအပေါ်တွင် အခြေခံ၍တည်ဆောက်နိုင်ပေသည်။

ထိုသို့ စည်းလုံးညီညွတ်မှုဆိုသည်မှာ စနစ်တကျဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံရေးစနစ်ရှိမှသာ ဖြစ်ထွန်းလာနိုင်ပေသည်။ အနောက်တံခါးမှ ဧည့်သည်တို့သည် မဖိတ်ခေါ်ပါဘဲနှင့် တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းနင်းဝင် ရောက်လာနေပြီဖြစ်ပါသည်။ မြန်မာတို့အချင်းချင်း ပို၍ချစ်ကြည်ရင်းနှီးပြီး အချင်းချင်းတရားမျှတမှုသည် ယခင်ကာလများ ထက် တိုး၍တိုး၍လိုအပ်လာပြီဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုက်ရပေသည်။

# လယ်တီမှာသာ
# အဆုံးသတ်ချေင်သည်

မြန်မာပြည်သူလူထု တစ်ရပ်လုံး တစ်ခဲနက်ဝိုင်းဝန်းကန့်ကွက်နေသည့် ကြားမှပင် သမိုင်းဝင်လယ်တီသိမ်ကို ဖျက်သိမ်းခြင်းကိစ္စ စတင်ပြီဟုသိရ သည်။ ဤသတင်းသည် သတင်းဆိုးဖြစ်၍ ပြည်သူသန်းပေါင်းများစွာ၏ စိတ်နှလုံးကိုညှိုးနွမ်းစေမည်မှာ မြေကြီးလက်ခတ်မလွဲဟု ဆိုနိုင်ပါသည်။ လယ်တီသိမ်ကို မပျက်စီးစေလိုသူများတွင် မြန်မာပြည်တစ်ဝန်းရှိ ရဟန်း ရှင်လူများ၊ သမိုင်းဝင်အဆောက်အအုံများကို လေးစားမြတ်နိုး တန်ဖိုးထား တတ်သူများ စသည်အားဖြင့် ထောင်သောင်း သိန်းသန်းမကရှိနိုင်ပေသည်။ လယ်တီသိမ်တော်သည် မြန်မာ့အမျိုးသား နိုင်ငံ့သမိုင်း၏ သမိုင်းတန်ဖိုး ကြီးမားလှသောနေရာ တစ်ခုဖြစ်ပါသည်။



မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့ သမားတို့၏ လက်အောက်၌ ထီးသုဉ်းနန်းသုဉ်းဘဝဖြင့် ကျွန်ဘဝ၌ စုံးစုံးနှစ်မြုပ်နေခဲ့ရပြီး မြန်မာတို့အောက်ကျနောက်ကျဖြစ်နေရသည့် ဘဝမှရုန်းထွက်နိုင်ရေးအတွက် နိုင်ငံရေးလမ်းစကို ၁၉၀၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ အမျိုးဘာသာ သာသနာ ပညာရေးအားပေး ဆောင်ရွက်ချက်များမှ အစပြုခဲ့ကြရပေသည်။ သို့သော် မြန်မာတို့သည်၊ ဝိုင်အမ်ဘီအေလှုပ်ရှားမှုကြီး မတိုင်မီကပင် မြန်မာ့စည်းရုံးရေးလုပ်ငန်းများကို ဘာသာရေးနှင့် စာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းဖြင့် အစပြုခဲ့ကြပြီးဖြစ်ပါသည်။ သမိုင်းမှတ်တမ်းတို့၏ အလိုအရ ဝိုင်အမ်ဘီအေထက်စော၍ စုစုပေါင်း အသင်းအဖွဲ့ ငါးခုရှိခဲ့ပါသည်။ ၎င်းတို့မှာ (၁) ၁၈၉၇ခုနှစ် မော်လမြိုင်မှ ရှေ့နေကြီးဦးရွှေသွင် ဦးဆောင် ၍သာသနာ့ဓရအသင်းကို ထူထောင်၍ အင်္ဂလိပ်မြန်မာ၊ နှစ်ဘာသာသင်ရှင် မဟာဗုဒ္ဓဃောသကျောင်းကိုထူထောင်ခဲ့ပါသည်။

(၂) ၁၈၉၇ ခုနှစ် မန္တလေးမြို့တွင် လက်ထောက်ပညာဝန်ဦးကျော်ရန် ခေါင်းဆောင်၍ ဗုဒ္ဓဘာသာကလျာဏ မိတ္တအသင်းကို ထူထောင်ခဲ့ပြီး အသင်းကပင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင်ဗုဒ္ဓသာသနနုဂ္ဂဟအထက် တန်းကျောင်းကို ထူထောင်ခဲ့ပါသည်။

(၃) ၁၉၀၂ ခုနှစ် ပုသိမ်မြို့တွင် အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးက ခေါင်းဆောင်၍ အာသောကအသင်းကိုထူထောင်ပြီး ဘာသာရေးနှင့် ပညာသင်ကြားရေးများကို အားပေးခဲ့ပါသည်။

(၄) ၁၉၀၄ ခုနှစ် ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်းကို ထူထောင်ခဲ့ကြပါသည်။

(၅) ၁၉၀၅ ခုနှစ်တွင် မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အကြီးအမှူးပြု၍ အဘိဓမ္မာသံဂီဝ်အသင်းများနှင့် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်း သာသနဟိတ အသင်းများကို နိုင်ငံအနှံ့ထူထောင်၍ ဘာသာရေးနှင့် ပေါင်းသင်းဆက်ဆံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ကြောင့်မြန်မာတို့သည် ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရေးလှုပ်ရှားမှုများကို ယဉ်ကျေးမှုစစ်မျက်နှာမှ စမြှုံးခဲ့ရသည်ဟုဆိုရပါမည်။ ထိုသို့ကြီးမြတ်လှသော လှုပ်ရှားမှုအရေးတော်ပုံကြီးတွင် လယ်တီဆရာတော်ဘုရားကြီး၏ စွမ်းပကားသည် လွန်စွာအရေးပါခဲ့သည်မှာ ထင်ရှားလှပါသည်။ ယခု လက်ပံတောင်းဒေသ၌ လာရောက်လုပ်ကိုင်နေသော တရုတ်ပြည်မှဝမ်ပေါင်ကုမ္ပဏီကဖျက်ဆီးပစ်ခဲ့သည့် လယ်တီသိမ်တော်ဆိုသည်ကား **ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာနေရာဖြစ်၍ သမိုင်းတန်ဖိုးလည်းလွန်စွာကြီးမားလှသည့် နေရာဖြစ်ပါသည်။** သို့သော်လည်း မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုသမိုင်း၏ ထင်ရှားသည့်ပြယုဂ်အမှတ်သင်္ကေတစ်ခုဖြစ်ရာ လယ်တီသိမ်တော်သည် မြန်မာ့စီးပွားရေးစီမံကိန်းတို့၏ သားကောင်ဖြစ်ခဲ့ကြရရှာသော သမိုင်းဝင်နေရာများစွာတို့အနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ရရှာလေပြီ။ ဖြိုချဖျက်ဆီးခြင်းကိုခံခဲ့ရလေပြီ။ ထိုဖြစ်ရပ်သည် မြန်မာတို့၏ ယဉ်ကျေးမှုစစ်မျက်နှာကို ရိုက်ချိုးချေမှုန်းသည့် လုပ်ရပ်အဖြစ်ပင် သဘောထား မှတ်ယူရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် သမိုင်းဝင်နေရာများ၊ အဆောက်အအုံများသည် ယနေ့မျက်မှောက်ကာလ

လူသားတို့ အတိတ်ကာလဖြစ်ရပ်များကို သိရှိနားလည်နိုင်ရန် များစွာအထောက်အကူဖြစ်စေသကဲ့သို့ သမိုင်းဝင်နေရာများကို ထိန်းသိမ်းထားခြင်းအားဖြင့် ထိုသမိုင်းဝင်နေရာဌာနများအပေါ် လူသားတို့ ပိုမိုအထူးပြုလေ့လာကြရာမှ အတိတ်ကာလကဖြစ်ရပ်များနှင့် ဆက်စပ်နေသော ယနေ့မျက်မှောက် ကာလလူမှုရေး နိုင်ငံရေးကိစ္စများကို ပိုမိုနားလည်စေရန် အခွင့်အလမ်းများ ရရှိစေပါသည်။ ဥပမာ-သမိုင်းဝင် မန္တလေးနန်းတော်ရာနေရာကို ပြန်လည်တည်ဆောက်ခြင်း ထိန်းသိမ်းခြင်းဖြင့် ရွှေနန်းတော်၏ အတိတ်က အရေးတော်ပုံအကြောင်း ပြည်သူတို့စိတ်ဝင်စားမှု မြင့်မားလာအောင် စွမ်းဆောင်နိုင်သည့်အပြင် ထိုနန်းတော်ကြီး၏ သမိုင်းနှင့်ဆက်စပ်နေသော မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းကိုလည်းကောင်း၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဆက်စပ်ဖြစ်ပေါ်လာသော လွတ် လပ်ရေးတိုက်ပွဲအကြောင်း၊ လွတ်လပ်ရေးတိုက်ပွဲအတွင်းမှ အဓိကသမိုင်းဇာတ်ကောင်များ၊ အဖွဲ့အစည်းများအကြောင်း စသည်အားဖြင့် ဆင့်ပွားလေ့လာစေရန် အကြောင်းများဖြစ်ပေါ်စေနိုင်၍ ယနေ့နိုင်ငံတော်က အလေးအနက်ပြောဆို ကြွေးကြော်နေသော ဒို့တာဝန်အရေးသုံးပါးဆိုသော အရေးကိစ္စများကို ပိုမိုနားလည်သဘောပေါက်စေရန် အထောက်အကူဖြစ်စေနိုင်ပါသည်။

သမိုင်းဝင်နေရာများကို မထိန်းသိမ်းထားပါက ၎င်းတို့နှင့်ပတ်သက်နေသော တန်ဖိုးကြီးသည့် အချက်အလက်များကို ယနေ့ကာလပြည်သူအများဆုံးရှုံးဖို့ရှိသည့်အပြင် မြန်မာ့ယဉ်ကျေးမှုသမိုင်း၏ ထူးခြားသည့်အချက်အလက်များမှတ်တမ်းများကိုပါ လက်လွတ်ဆုံးရှုံးရမည့် အခြေအနေပင်ရှိနိုင်ပါသည်။ မြန်မာ့သမိုင်းဝင်နေရာတို့ကို ပျက်စီးခွင့်ပြုလေလေ မြန်မာတို့မြန်မာအကြောင်း လေ့လာသိရှိနိုင်ခွင့်ဆုံးရှုံးလေပင်ဖြစ်ပါသည်။ ထို့အပြင်သမိုင်းဝင်နေရာများကိုဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝလှသော မြန်မာ့ယဉ်ကျေးမှုကို ဆင်းရဲခြင်းလမ်းသို့တွန်းပို့နေခြင်းလည်းဖြစ်ပါသည်။ လယ်တီသိမ်ဖျက် ဆီးခြင်းကဲ့သို့သောလုပ်ရပ်များ ဆက်တိုက်ဖြစ်ပေါ်လာမည်ဆိုပါက မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များရှားပါးသောနိုင်ငံအဖြစ် လျှင်မြန်စွာရောက်ရှိသွားနိုင်၍ ရှေးဟောင်းယဉ် ကျေးမှုများပိုင်ဆိုင်သည့်အတွက်ကြောင့် နိုင်ငံတကာလူ့အဖွဲ့အစည်းမှ လူအများစိတ်ဝင်တစားရှိနေသည့် အခြေအနေကိုလည်း လျှင်မြန်စွာဆုံးရှုံးသွားနိုင်ပေသည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်း စုံနေထိုင်ကြသော နိုင်ငံတော်တစ်ခုဖြစ်၍ ၎င်း၏နိုင်ငံသားပြည်သူများအတွင်း ကွဲပြားခြားနားသော ဘာသာအယူဝါဒများကို လွတ်လပ်စွာကိုးကွယ်ကြသော နိုင်ငံတော်လည်းဖြစ်ပါသည်။ သို့သော် ဗုဒ္ဓဘာသာသည် မြန်မာ့ယဉ်ကျေးမှု၏ အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး မြန်မာ့ယဉ်ကျေးမှု၏ ကိုးကွယ်ယုံကြည်ခြင်း စနစ်အပေါ် ဩဇာလွှမ်းသော ဘာသာတရားလည်း ဖြစ်ပါသည်။ မြန်မာတို့သည် အစဉ်အလာအားဖြင့် သိမ်ဆိုသည်မှာ ဘယ်သောအခါမှ မရွှေ့ပြောင်းရသော အရာဖြစ်သည်ဟုသာ အများက နားလည်သဘောထားကြပြီး သိမ်နုတ်ခြင်း၊ သိမ်ဖျက်ခြင်းဆိုသည့်ကိစ္စမှာ ဘာသာရေးကျမ်းတတ်များမှလွဲ၍ လူသာမန်တို့ ထဲထဲဝင်ဝင်မသိကြသည့် ကိစ္စလည်းဖြစ်ပါသည်။ ထို့ကြောင့်အများက အစဉ်တစိုက်လေးစားယုံကြည်လိုက်

နှာခဲ့ကြသော ဓလေ့ထုံးတမ်းကိုးကွယ် ယုံကြည်မှုနှင့်ဆိုင်သောကိစ္စကို ခြွင်းချက်သဘောမျိုးဖြင့် ပြောင်းလဲမှုက မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအပေါ် မြန်မာတို့ ကိုယ်တိုင်ပင် ယုံမှားသံသယဖြစ်သွားစေနိုင်ပါသည်။ ထိုသို့ ယုံမှားသံသယဖြစ်ကုန်ကြမည်ဆိုပါက မြန်မာ့ယဉ်ကျေးမှုတန်ဖိုးသြဇာကျဆင်းစေမှု၏ လမ်းစဖြစ်သွားစေနိုင်ပါသည်။ ထို့ကြောင့် မြန်မာအစွန့်ရှည်တည်တံ့နိုင်မြဲရေး၊ နိုင်ငံတာဝန်အရေးသုံးပါး၏ အနှစ်သာရများ နိုင်မာစွာတည်တံ့စေရေးတို့အတွက် မြန်မာပြည်သူများနှင့် အုပ်ချုပ်သူများအကြား စိတ်ဝမ်းကွဲမှုများ ထပ်မံမပေါ်ပေါက်စေရန်အတွက် သမိုင်းဝင်နေရာဌာနများကို ဖျက်ဆီးခြင်းစရိုက်ကို လယ်တီမှာသာအဆုံးသတ်စေချင်ကြောင်း ရေးသားလိုက်ရပေသည်။

။ ။

# မျိုးချစ်သူရဲကောင်းများ၊ လူထုသားကောင်းများအတွက်
# သူရဲကောင်းဗိမာန်များတည်ဆောက်ပေးရေး

ထုံးတမ်းအစဉ်အလာတစ်ခုကဲ့သို့ အသားကျနေပြီဖြစ်သောမြန်မာနိုင်ငံတော်၏ ထုံးတမ်းအစဉ်အလာတစ်ခုကား တိုင်းပြည်အတွက်၊ လူမျိုးအတွက် မည်မျှစွန့်လွှတ်တိုက်ပွဲဝင်ခဲ့သော တိုက်ပွဲသူရဲကောင်းများဖြစ်စေကာမူ သေဆုံးကြသည့်အခါ ရွာပြင်ရှိသုသာန်တစပြင်၌ မထင်မရှား မြှုပ်နှံသင်္ဂြိုဟ်ခံရခြင်းဖြင့်မထင်မရှား ဇာတ်သိမ်းကြရခြင်းပင်ဖြစ်ပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှလွဲ၍ ကျန်သောရဲဘော်သုံးကျိပ်အပါအဝင် ကြီးမြတ်သောလွတ်လပ်ရေးတိုက်ပွဲဝင်သူရဲကောင်းအပေါင်းတို့သည်လည်း ရွာပြင်သုသာန်တစပြင်၌သာ မြှုပ်နှံသင်္ဂြိုဟ်ခြင်း ခံကြရပေသည်။ ကမ္ဘာပေါ်ရှိ ဂုဏ်သိက္ခာမြင့်မားသောနိုင်ငံများတွင် မိမိနိုင်ငံအတွက်လူထုအတွက် ကိုယ်ကျိုးစွန့်တာဝန်ထမ်းရွက်ခဲ့ကြသော လူထုသားကောင်းများ၊ သူရဲကောင်းများကွယ်လွန်သည့်အခါ သီးခြားဂူဗိမာန်နေရာများတွင် တင့်တယ်သော ဂုဏ်ပြုအခမ်းအနားဖြင့် မြှုပ်နှံသင်္ဂြိုဟ်လေ့ရှိကြပေသည်။ လွတ်လပ်ရေးသူရဲကောင်းအပေါင်း၊ လူထုသားကောင်းအပေါင်းတို့ကို သီးခြား ဗိမာန်တော်နေရာများသတ်မှတ်၍ ဂူသွင်းသင်္ဂြိုဟ်ခြင်းအထိမ်းအမှတ် အဆောက်အအုံများအတွင်း ထည့်သွင်းမြှုပ်နှံခြင်းသည် သူရဲကောင်းတို့ အလေးအနက်ဂုဏ်ပြုခြင်းသာမက ၎င်းတို့၏ ကြိုးပမ်းခဲ့မှုများက လူ့အဖွဲ့အစည်းအပေါ် မည်မျှ



ကောင်းကိုနှုပြခဲ့သည်ဆိုသည်ကိုလည်း နောင်လာနောက်သားတို့သိစေရန် အထင်အရှားဖော်ပြနေပေသည်။ ရာစုအဆက်ဆက် ရာဇဝင်အဆက်ဆက်၌ သူရဲကောင်းတို့၏ နှလုံးရည်လက်ရုံးရည်များဖြင့် ပေးဆပ်ကာကွယ်တည်ဆောက်ခဲ့ရသော မြန်မာနိုင်ငံတော်တွင်မူကား ထိုသို့ဂုဏ်ပြုလေးစားခြင်း မရှိပါပေ။

ပုဂံခေတ်မှစတင်ရေတွက်သော် ယနေ့အချိန်အထိ နှစ်ပေါင်းတစ်ထောင်နီးပါး ကာလအတွင်း မြန်မာပြည်သူတို့သည် ရှစ်ခေါပဏီတပ်များ ပမာများပြားလှသည့် ရောမစစ်တပ်ကြီးများကို ပိုင်ဆိုင်ထားခဲ့ကြသော အင်ပါယာကြီးများနှင့် မီးကုန်ယမ်းကုန်စစ်ပွဲများ ဆင်နွှဲခဲ့ရပေသည်။ ထိုသို့သော ခုခံရေးစစ်ပွဲများအတွင်း ထူးချွန်ပြောင်မြောက်စွာ အမှုတော်ထမ်းရွက်ခဲ့ကြသော သူရဲကောင်းအပေါင်းတို့ကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုတည်ဆောက်ထားသော အထိမ်းအမှတ်အဆောက်အအုံများ၊ ဗိမာန်တော်များ မြန်မာပြည်တွင်မရှိပါပေ။ ထိုသို့လုပ်ဆောင်ရန်လည်း ခေတ်အဆက်ဆက် အစိုးရများအုပ်စိုးသူများက ပြောဆိုခြင်း၊ အားပေးခြင်းလည်းမရှိပါပေ။ **သေသော သူ ကြာလျှင်မေ့ဆိုသည့် စကားအတိုင်းပင် ခေတ်အဆက်ဆက်မှ မြန်မာ့သူရဲကောင်းအပေါင်းတို့သည် အမေ့ခံဘဝသို့ ရောက်ရှိလာနေပေပြီဖြစ်သည်။** ဥပမာ-နယ်ချဲ့ဗြိတိသျှတို့ကို လှေခွက်ချည်းကျန် အလဲမလှဲ တိုက်ခိုက်ခဲ့သော မျိုးချစ်သူရဲကောင်းကြီးဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်၏အုတ်ဂူဆိုလျှင်လည်း ရွာနေရပ်ကွက်တစ်ခုအတွင်း မထင်မရှားရှိနေရရှာပြီး တောင်သာနယ်သား မျိုးချစ်သူရဲကောင်းကြီး ဝဲလောင်ဗိုလ်ရာညွှန့်၏ ရာဇဝင်ဆိုလျှင်လည်း နယ်သားဖြစ်သော ပြည်နိုင်ဖြိုးထိပ်တန်းခေါင်းဆောင်တစ်ဦးကိုယ်တိုင်ပင်လျှင် လေးလေးစားစားဂုဏ်ပြုဖော်ပြခြင်းမရှိသည်မှာ အထင်အရှားဖြစ်ပါသည်။

ယနေ့ကျွန်တော်တို့၏ မြန်မာနိုင်ငံတော် ဆိုသည်မှာ ခေတ်အဆက်ဆက်မှမျိုးချစ်သူရဲကောင်းများကဲ့သို့သောသူများ၏ စွမ်းဆောင်ချက်များ၊ စစ်မတိုက်သော သို့မဟုတ် စစ်သားမဖြစ်ခဲ့သော အရပ်သားလူထုသားကောင်းများ ဥပမာ-မွန်အမျိုးသားသူဌေးကြီး ဦးနာအောက်ကဲ့သို့သော သူများ၏စွမ်းဆောင်ချက်များမှသည်၊ ပိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံးခေတ်များပြားလှစွာသော အမျိုးသားလွတ်မြောက်ရေးနိုင်ငံရေးလှုပ်ရှားမှုများ၊ ရဲဘော်သုံးကျိပ်၏ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်ခဲ့မှုများ၊ မျိုးချစ်ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ (နောင်တွင်ဗမာပြည်ဆိုရှယ်လစ်ပါတီ) ဗမာပြည်ကွန်မြူနစ်ပါတီတို့ အဓိကပါဝင်ဦးဆောင်ခဲ့သော ဖက်ဆစ်တော်လှန်ရေးအစရှိသောတိုက်ပွဲပေါင်းများစွာ၏ အကျိုးဆက်၊ ထိုတိုက်ပွဲများအတွင်းသက်စွန့် ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သူများ၏ လုပ်ဆောင်ချက်များမှ ရရှိလာခဲ့သည့် ရလဒ်ဖြစ်ပေသည်။ သို့သော်၊ တိုက်ပွဲများအတွင်း ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်ခဲ့ကြသူအများစုတို့မှာ ယနေ့အခါ အမေ့ခံများဖြစ်လာနေပြီဖြစ်ပါသည်။ ထိုသို့ဖြစ်လာခြင်းမှာ တိုင်းပြည်အတွက်မကောင်းပါ။ ထိုသူများကို မေ့လျော့လာခြင်း၏ အကျိုးဆက်အဖြစ်ထိုသို့သော သူရဲကောင်းများ၊ လူထုသားကောင်းများ အစက်အခဲများစွာဖြင့် ပြန်လည်တည်ဆောက်ခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုသည်ကိုလည်း ယနေ့ခေတ်နှင့် အနာဂတ်မျိုးဆက်သစ်မြန်မာတို့ ပေါ့ပေါ့ဆဆသဘောထားလာကြလိမ့်

မည်ဖြစ်ပါသည်။ ထိုသို့သဘောထားလာသူများသော အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်များဖြစ်လာပါက မြန်မာပြည်ဆိုသည်မှာလည်း ကမ္ဘာမြေပေါ်မှ လွယ်ကူစွာပျောက်ကွယ်သွားနိုင်ပေသည်။

ထိုဘေးအန္တရာယ်ဆိုးကြီးမှကာကွယ်ရန် အလို့ငှာ လွန်လေခဲ့ပြီးသောအချိန်က မြန်မာ့လွတ်လပ်ရေးသူရဲကောင်းများ၊ လူထုသားကောင်းများကို ယနေ့ခေတ်ကာလပြည်သူများက လေးစားစွာဂုဏ်ပြုခြင်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ကြရန်လိုအပ်ပါသည်။ ရဲဘော်သုံးကျိပ်အပါအဝင် လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများအတွက်ကြီးကျယ်ခမ်းနားသော ဗိမာန်တော်များတည်ဆောက်၍ လက်ရှိရှုပြင်ရှိသုသာန်တစပြင်ဖြစ်သော ရေဝေးကဲ့သို့သော အရပ်မသာများသင်္ချိုင်းနေရာများတွင် ထာဝရလျောင်းစက်နားနေကြပြီဖြစ်သော သူရဲကောင်းများကို ထိုဗိမာန်တော်များသို့ နိုင်ငံတော်၏ ဂုဏ်ပြုအခမ်းအနားအပြည့်အစုံဖြင့် ပြောင်းရွှေ့မြှုပ်နှံရန်လိုအပ်ပါသည်။ ထိုလုပ်ရပ်၏ အကျိုးဆက်အဖြစ် ထိုသူရဲကောင်းတို့၏ စွမ်းပကားကြောင့် ရရှိခဲ့သော လွတ်လပ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုံဖြစ်ကြသော ထိုသူရဲကောင်းများကာကွယ်ခဲ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုသည်ကို ပြည်သူအများပိုမိုစိတ်ဝင်စားလာမည်၊ အလေးအနက်တန်ဖိုးထားလာ ကြမည်ဖြစ်ပါသည်။


ထိုသို့လုပ်ဆောင်ရန်ကိစ္စမှာ များစွာတာဝန်ကြီးမားသည့်အတွက် နိုင်ငံတော်၏အာဏာပိုင်အစိုးရကသာလျှင်တာဝန်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါသည်။ နိုင်ငံရေးအင်အားစုများ၊ လူမှုအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီကြရန်လိုအပ်ပါသည်။ မြန်မာ့လွတ်လပ်ရေးအတွက်၊ လူထုအကျိုးအတွက် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုရန်စိစစ်ရာ၌ ပြည်တွင်းစစ်ဖြစ်ပြီး အမျိုးသားညီညွတ်ရေးပျက်ပြားသည့် ကာလအတွင်းကတစ်ဖက်နှင့် တစ်ဖက် နိုင်ငံရေးသဘောထားများကို အခြေမခံမိစေရန် အထူးသတိပြုရန်လည်းလိုအပ်ပါသည်။ ဆိုလိုသည်မှာ ပြည်တွင်းစစ်ဖြစ်ပွားလာသောအခါ ယခင်ကဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများတွင် အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြသောသူများအစိုးရဘက်နှင့်သူပုန်ဘက် ကွဲပြားသွားကြပြီး တစ်ဖက်နှင့်တစ်ဖက် အသိအမှတ်မပြုကြခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးအတွက်၊ လူထုအကျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သောသူများအားလေးစားစွာဂုဏ်ပြုအပ်ပေသည်။ သခင်နုသည်လည်း လွတ်လပ်ရေးသူရဲကောင်းဖြစ်သကဲ့သို့ သခင်သန်းထွန်း၊ သခင်စိုးကဲ့သို့သောသူများသည်လည်း လွတ်လပ်ရေးသူရဲကောင်းများအဖြစ်နှင့် လေးစားစွာဂုဏ်ပြုသင်္ဂြိုဟ်ခြင်းကိုရရှိသင့်ပေသည်။ ရဲဘော်သုံးကျိပ်၏သမိုင်းကိုအခြေပြုပြီး ရဲဘော်သုံးကျိပ်ဗိမာန်၌ အထိမ်းအမှတ် ကျောက်တိုင်များ အရိုးအိုးဂူများစသည်တို့ တည်ဆောက်မည်ဆိုပါကလည်း ဗိုလ်မှူးချုပ်ကျော်ဇောကဲ့သို့သော ရဲဘော်သုံးကျိပ်ကိုသာမက ယခင်အာဏာရှင်ဟောင်းဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းကဲ့သို့သော ရဲဘော်သုံးကျိပ်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

ယခုအချိန်၌ ထိုသို့သောသူရဲကောင်းဗိမာန်ကိစ္စ၊ လူထုသားကောင်းများဗိမာန်ကိစ္စ၊ လူထုသားကောင်းများအား နိုင်ငံတော်လူထု အခမ်းအနားဖြင့် သင်္ဂြိုဟ်ခြင်းကိစ္စတို့ကို၊ အုပ်စိုးသူများကသော်လည်းကောင်း သြဇာတိက္ကမကြီးမား

သူတို့ကသော်လည်းကောင်း အားပေးအားမြှောက် မပြုကြသေးပေ။ လွှတ်လပ်ရေးသူရဲကောင်းတို့၏ကျေးဇူးတရားကို၊ လူထုသားကောင်းများ၏ ကျေးဇူးတရားကို လေးနက်စွာသိရှိနားလည်ကြသော ဒီမိုကရေစီသဘောထားပြည့်ဝသော အင်အားစုတို့အနေဖြင့် ကျွန်ုပ်တို့တိုင်းပြည်အတွက် လူထုအကျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော သူရဲကောင်းတို့ကို လက်ရှိမြှုပ်နှံထားသောရှုပ်ပြင်သုသာန်တစပြင်မှသည် ခမ်းနား သော သူရဲကောင်းဗိမာန်များ၊ လူထုသားကောင်းဗိမာန်များသို့ရွှေ့ပြောင်းမြှုပ်နှံ၍ မြင့်မားစွာဂုဏ်ပြုနိုင်သည့်အခြေအနေသို့ ရောက်ရှိသည်အထိ ဆက်လက်တိုက်ပွဲဝင်လုပ်ဆောင်ရန် လိုအပ်ပေသည်။

॥ ॥

# ကျောက်ဖြူညီလာခံမှသည်
## ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသို့



ကျောက်ဖြူညီလာခံသည် လွန်စွာအောင်မြင်ပါသည်။ ညီလာခံကျင်းပရာ ကျောင်းဝင်းနေရာအတွင်းမှ မူလစီစဉ်ထားသောနေရာများပင်မဆံ့သဖြင့် ထီးဆောင်းရှိပင် ညီလာခံတက်ရောက်ကြသူများအများအပြားရှိသည်ဟုသိရပါသည်။ ဤဖြစ်ရပ်ကရခိုင်ပြည်သူများတို့ရခိုင်အရေး၊ တိုင်းရေးပြည်ရေး၌ မည်မျှစိတ်အားထက်သန်မှုရှိနေသည်ကို အထင်အရှားသက်သေခံနေပေသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာကောင်းမွန်လှသော အခြေခံကောင်းများကိုရခိုင်ပြည်သူတို့အနေနှင့် မည်သူတစ်ဦးတစ်ယောက်၏ ပယောဂမှုမပါဘဲ အထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဟုဆိုနိုင်ပါသည်။

ဧည်သည့်မင်းအစိုးရများက ပညာပေးတိုက်တွန်းမှုများမပါပါဘဲ နှင့်အရေးကြီးလှသော လုပ်ငန်းစဉ်ကြီးတစ်ရပ်အတွက် စည်းလုံးမိကြပေပြီ။ ပြည်ထောင်စုအစိုးရဘက်မှ ပြည်ထောင်စုအစိုးရဝန်ကြီးအဆင့်ဖြစ်သော ဝန်ကြီးဦးအောင်မင်း အဖွင့်အမှာစကား တက်ရောက်ပြောကြားပြီး ဖိတ်ပွဲတွင်လည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းတက်ရောက်အမှာစကား ပြောကြားခြင်းဖြင့်ကျောက်ဖြူညီလာခံကို ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထောက်ခံကြောင်းပြသခဲ့သည့်အတွက် ရခိုင်နှန်းပြည့်အပြုသဘောဆောင်သော ညီလာခံကြီးဖြစ်သည်ဟု ကောက်ချက်ချရပါမည်။ ရခိုင်တို့ သည်မြန်မာ့လွတ်လပ်ရေးအတွက်ရှေ့တန်းမှနေ၍ကိုယ်ကျိုးစွန့်ခဲ့ကြသူများ ဖြစ်သော်လည်း ကိန်းဂဏန်းများအရ ဆိုလျှင်ရခိုင်ပြည်သည်ပြည်ထောင်စုအတွင်းဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး ပြည်နယ်တစ်ခုဖြစ်နေပေသည်။ သူရဦးရွှေမန်းကလည်း ကျောက်ဖြူသို့သွားရာခရီးတစ်ထောက်အတွင်း ဗွမြို့နယ်ရှိ နယ်ခံပြည်သူများနှင့်တွေ့ဆုံရာ၌ တပ်မတော်ကသိမ်းယူထားသော လယ်မြေများပြန်ပေးမည်ဟုကတိစကားပြောခဲ့ကြောင်းလည်း သိရပါသည်။

ရခိုင်အမျိုးသားရေး လှုပ်ရှားမှုကြီး၏ ထင်ရှားသော ပြယုဂ်တစ်ခုဖြစ်သည့်ရခိုင်တပ်မတော်မှ ထိပ်တန်းတပ်မှူးကြီးတစ်ဦးကလည်း ရခိုင်တပ်မတော်အတွင်း အစ္စလာမ်ဘာသာဝင်များဖြစ်သော ကမန်တိုင်းရင်းသားများကိုပါ ဝင်ရောက်ခွင့်ပြုမည်ဟု အတိအလင်းပြောကြားခြင်းဖြင့် ကျောက်ဖြူညီလာခံအခြေပြုသော ရခိုင်တို့၏ နိုင်ငံရေးလုပ်ငန်းသည် လူမျိုးရေးဘာသာရေးအတွက်မဟုတ်၊ ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံရေးလုပ်ငန်းဖြစ်ကြောင်း ကြေညာလိုက်ခြင်းလည်း ဖြစ်ပေသည်။ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်သူတို့ နားလည်မှုရှိခြင်း၊ အပြန်အလှန်အသိအမှတ်ပြုကြခြင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက်သော်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်



လည်းကောင်း လွန်စွာကောင်းမွန်သောအလားအလာ များဖြစ်ပေါ်လာနိုင်မည်ဟုဆိုနိုင်ပါသည်။ အမျိုးသားရေးအင်အားစုများ အလေးထားပြောဆိုနေခဲ့ကြသောအနောက် ဘက်တံခါးလုံခြုံရေး ကိစ္စအတွက်လည်း များစွာအားရစရာဖြစ်သည်ဟု ဆိုနိုင်ပါသည်။သို့သော်ဤသည်မှာကနဦး ကောင်းမွန်သောခြေလှမ်းတစ်ရပ်သာ ရှိသေး၍နောက်ထပ် လုပ်ငန်းဆောင်တာများစွာရှိနေပါသေးသည်။

ပြည်ထောင်စုဗဟိုအစိုးရအနေ နှင့်ရခိုင်ပြည်နယ်အပါအဝင်ပြည်နယ် များအပေါ်သဘောထားပြောင်းလဲရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ပြည်နယ်များကိုစီးပွားရေးအတွက်နှင့်ဗဟို အစိုးရ၏ အာဏာစက်အတွက်စစ်အ ခြေစိုက်စခန်းများချထားရာနေရာများအဖြစ်သာ သဘောမထားဘဲ ပြည်ထောင်စု၏မိသားစုဝင်များကဲ့သို့ သဘောထားရန်အရင်ဆုံးလိုအပ်ပါသည်။ မိသားစုကဲ့သို့ သဘောထားပြီး နောက်မိမိ၏ မိသားစုကိုဂရုစိုက်သကဲ့ သို့ဂရုစိုက်ရန်လိုပါသည်။ ယခုရခိုင်ပြည်နယ်ကျောက်ဖြူညီလာခံမှရ ရှိလာခဲ့သောကောင်းမွန်သောအပြုသဘော ဆောင်သောနိုင်ငံရေးဖြစ်ပေါ် တိုးတက် မှုကိုအရှည်တည်တံ့အောင်ဆက်လက်ထိန်းသိမ်းရေးအတွက် အရေးတကြီးလုပ်ဆောင်ရန်ကိစ္စတစ်ခုမှာ ရခိုင်ပြည်နယ်လူထုသာမကပြည် ထောင်စုအတွင်းမှိတင်းနေထိုင်ကြကုန်သော နိုင်ငံသားပြည်သူများအနေဖြင့် လက်ရှိအာဏာရအစိုးရအပေါ်အားမလိုအားမရဖြစ်နေရုံမျှသာမက စိုးရိမ်စိတ်ကြီးမားမှုကိုပါဖန်တီးနေသော တရားဥပဒေစိုးမိုးမှုကို အပြည့်အဝအကောင်အထည်ဖော်ရန်ပင်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးသည်နှင့် တစ်ပြိုင်နက်တရားဝင်သည့်သူများကိုလည်း တရားဥပဒေအရအကာအကွယ်ပေးပြီး တရားမဝင်မှုများ၊ တရားဥပဒေကိုလှည့်ဖျားမှုများကိုလည်း ဥပဒေနှင့် တိကျစွာ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်း၏ အကျိုးဆက်အဖြစ် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုအပေါ် ပြည်နယ်ပြည်မအားလုံးရှိ နိုင်ငံသားပြည်သူများ ၏ယုံကြည်လေးစားမှုရရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ယုံကြည်လေးစားမှု မရရှိပါဘဲနှင့်ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။

ရခိုင်တို့သည် မြန်မာ့လွတ်လပ် ရေးအတွက် ရှေ့တန်းမှအတက်ကြွဆုံး ပါဝင်ကာကိုယ်ကျိုးစွန့် တိုက်ပွဲဝင် ခဲ့ကြသူများဖြစ်သော်လည်းယနေ့ ရခိုင်ပြည်သည်ပြည်ထောင်စုအတွင်းဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးပြည်နယ်တစ်ခုဖြစ်နေရသည်မှာလည်း ဝမ်းနည်းစရာဖြစ်ပေသည်။ ရခိုင်ပြည်ဖွံ့ဖြိုးရေးသည် အနောက်ဘက်တံခါးလုံခြုံရေးအတွက်လည်းလွန်စွာအရေးကြီးလှပေသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်ဧရိယာအား ဖြင့်မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ်ထက်ပင်အနည်းငယ်သေးငယ်၍ လူဦး ရေအားဖြင့်မြန်မာနိုင်ငံလူဦးရေ၏ နှစ်ဆခွဲခန့်ရှိသည့်အတွက်အဆမတန်များပြားလာသော လူဦးရေပေါက်ကွဲမှုသည်မြေလွတ်မြေရိုင်းများ၊ မြေဩဇာကောင်းမွန်သောစိုက်ပျိုးနိုင်သည့် မြေယာများစွာရှိနေသည့်အနီးကပ်ဆုံးရခိုင်ပြည်အတွက် များစွာအန္တရာယ်ကြီးမားပေသည်။ ထို့ကြောင့်ဖွံ့ဖြိုးတိုးတက်သော၊ တရားဥပဒေစိုးမိုး သောရခိုင်ပြည်ဖြစ်ပေါ်တိုးတက်ရေး သည်ပြည်ထောင်စုအရေးဖြစ်သည်မှာ ထင်ရှားနေပေသည်။

ယနေ့ကာလတွင်ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက်

အရေးတကြီးလိုအပ်နေသည်မှာမှန်သော်လည်း အချို့ပြည် နယ်များအတွက်ဗဟိုအစိုးရ၏ပံ့ပိုးမှု ပိုမိုလိုအပ်ပါသည်။ ဥပမာ-ရခိုင်ပြည်နယ်ကဲ့သို့ သောပြည်နယ်အတွက် အခွန်လျှော့ပေါ့ခြင်း၊ ပြည်နယ်မှထွက်ရှိ သောသယံဇာတများအပေါ် မှရရှိလာ သောအကျိုးအမြတ်တို့ကို ခွဲဝေပေး မှုတွင်ရာနိုင်နှုန်းပိုမိုခံစားခွင့်ပေးခြင်း၊ ထို့အပြင် ပညာရေး၊ ကျန်းမာရေးစသောကဏ္ဍများအတွက် ဗဟိုအစိုးရမှ အကူအညီအလုံးအရင်းနှင့် ပေးပို့ ကူညီရန်လည်းလိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင် ခြင်းများသည် ပြည်နယ်ပြည်မများအကြားပိုမို ကောင်းမွန်သော ဆက်ဆံရေးကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု၊ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုအောက်၌ တရားဝင်ဖြစ် သောနိုင်ငံသားများလည်း ကောင်းမွန်စွာ ကာ ကွယ်စောင့်ရှောက်ခြင်းခံရမည်ဖြစ်၍ မလိုလား အပ်သော သံသယခိုးကျိုးများကို ကာကွယ်တား ဆီးနိုင်မည်ဖြစ်ပေသည်။ အနောက်ဘက်တံခါး လုံခြုံရေး ဆိုသည်မှာပြည်မမှခေတ်မီလက်နက် ကိုင်စစ်တပ်များချထားရုံမျှဖြင့် မပြီးပြည့်စုံနိုင်ပေ။ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုး သောလူ့အဖွဲ့အစည်း ဖြစ်နေရန်လည်း မဖြစ်မနေလိုအပ်ပေသည်။

အချုပ်ဆိုရသော် ကျောက်ဖြူညီ လာခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက် တံခါးလုံခြုံရေး အတွက်သာမကပြည်နယ်များရှိ နိုင်ငံရေးအင်အားစုများနှင့် ဗဟိုအစိုးရအကြား အပြန်အလှန် နားလည်မှုရရှိစေရေးအတွက်လည်း ကောင်းမွန်သောရလဒ်များကို ဖြစ်ထွန်းစေမည့် နိုင်ငံရေးလှုပ်ရှားမှုကြီးလည်းဖြစ်ပေသည်။ ထို့ အပြင်ရခိုင်ပြည်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခ များနှင့်ပတ်သက် ၍ရခိုင်နိုင်ငံရေးအင်အား စုများအပေါ် ထင်ယောင်ထင်မှားဖြစ်နေမှုများကို လည်း နိုင်ငံတကာအသိုက်အဝန်းအတွင်း ကွဲကွဲ ပြားပြားခွဲခွဲခြားခြားတွေ့ မြင်သွားစေသည့်ညီလာ ခံလည်းဖြစ်ပါသည်။ ကျောက်ဖြူညီလာခံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံတစ်ခုဖြစ်၍ ပြည်နယ်များနှင့်ပြည်မဗဟိုအစိုးရများ နိုင်ငံရေး အင်အားစုများ အကြားချစ်ကြည်ရင်းနှီးမှုများ အတွက် အစဉ်အလာကောင်းများ မွေးဖွားပေး နိုင်မည့်လှုပ်ရှားမှုလည်းဖြစ်ပါသည်။

။ ။

# မြန်မာ့ရဲ

## အရေးကလေး နည်းနည်းဆွေးနွေးပါရစေ




မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား တိုးချဲ့မည်ဖြစ်ကြောင်းဌာန၏ ထိပ်တန်းအရာရှိကြီးတစ်ဦးက မကြာသေးမီရက်များအတွင်းက သတင်းဌာနကြီးတစ်ခု၏ မေးမြန်းခန်းတွင် ဖြေကြားခဲ့သည်ကို ကြားလိုက်မိပါသည်။ ထိုအရာရှိကြီး၏အဆိုအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်ရှိအင်အား ၈ သောင်းမှသည် အင်အားတစ်သိန်းနှစ်သောင်းအထိ တိုးချဲ့သွားမည်ဟုသိရပါသည်။ ထို့ပြင် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့၏လက်အောက်ရှိ ရဲတပ်ဖွဲ့အသီးသီး၏အကြောင်း မြှင့်ပြောကြားသွားခဲ့သည်မှာလည်း များစွာစိတ်ဝင်စားစရာ၊ နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆက်သွယ် လုပ်ဆောင်နိုင်တော့မည့် မိမိတို့နိုင်ငံတော်မှ ရဲတပ်ဖွဲ့အတွက်လည်း များစွာဂုဏ်ယူမိ၊ အားတက်မိပါသည်။ နိုင်ငံတကာရဲတပ်ဖွဲ့ အင်တာပိုလ်မှအဖွဲ့ဝင်တချို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာရောက်ကူညီအားဖြည့်ပေးနေသည့် သတင်းများလည်းတွေ့ခဲ့ရပါသည်။ သို့သော် တစ်ဖက်က ဂုဏ်ယူအားတက်စရာသတင်းများတွေ့နေရချိန်မှာပင် ထွန်တုံးတိုက်ပွဲဝင်နေသော လယ်သမားတို့ကို ခရိုနီကြီးများနှင့် ၎င်းတို့၏ နောက်လိုက် နောက်ပါတို့ ဖြိုခွင်းနေမှုများတွင် Police စာတန်းပါ ဒိုင်းများကိုင်စွဲ၍ နံပါတ်တုတ်ကိုင်လုံထိန်းရဲတပ်ဖွဲ့ဝင်များပါဝင်နေသည့် သတင်းများတွေ့ရသည့်အခါများတွင် ဒီမိုကရေစီအသွင်ကူးပြောင်းဆဲကာလ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအတွက် များစွာစိတ်ဓာတ်ကျမိပြန်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတစ်ခု၌ ခေတ်မီအင်အားတောင့်တင်းသောစစ်တပ်ကြီးရှိရန် လိုအပ်သကဲ့သို့ ခေတ်မီ၍ အင်အားတောင့်တင်းသော အဆင့်မြင့်ရဲတပ်ဖွဲ့ကြီးတစ်ခုလည်း လိုအပ်ပါသည်။ ထို့ကြောင့် ယနေ့ခေတ်မြန်မာနိုင်ငံရေးသမားတို့ ပြောလေ့ပြောထသိပ်မရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပတ်သက်၍ ဆွေးနွေးရေးသားလိုက်ရပါသည်။


ယနေ့မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရပ်သား အစိုးရလက်ထက်တွင် အဓိကရုဏ်းကိစ္စများ ဖြေရှင်းရာတွင် မငြိမ်မသက်ဖြစ်နေသော ပဋိပက္ခ ဖြစ်ပွားခဲ့ရာနေရာများတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းရေး ကိစ္စများတွင် ရဲတပ်ဖွဲ့ကို တွင်တွင်ကျယ်ကျယ် အသုံးပြုခြင်းဖြင့် ယနေ့ အာဏာရမြန်မာအစိုးရသည် ဒီမိုကရေစီအရပ်သား အစိုးရသာဖြစ်ကြောင်း နိုင်ငံတကာအသိုက်အဝန်း အလယ်တွင် ခိုင်မာစွာသက်သေထူနေခြင်းဖြစ်သည်ဟု ယူဆပါသည်။

သို့သော် စစ်အာဏာရှင်လက်အောက်၌ နှစ်ပေါင်းများစွာနေခဲ့ရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် စစ်တပ်လက်အောက်ခံသဘောမျိုးသာ ရှိနေသေးပြီး စစ်သားသည် ရဲထက်ပိုမြင့်သည်ဟူသော သဘောထားများရှိနေ သေးသည်ဟုထင်မြင်ယူဆမိပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းကွပ်ကဲမှုများတွင်စစ်တပ်နှင့် ရဲတပ်ဖွဲ့သည် တူညီမှုများစွာ ရှိနိုင်သော်လည်းရဲတပ်ဖွဲ့၏ သက်ဝင်လှုပ်ရှားမှုသည် တပ်မတော်တပ်ဖွဲ့များ၏ လှုပ်ရှားလုပ်ဆောင်ပုံနှင့် ကွဲပြားမှုရှိပါသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲများအနေနှင့်လည်း ဤအချက်ကို အလေးအနက်သဘောထားရှိကြသည်ဟု ထင်မြင်မိပါသည်။ ယနေ့ မြန်မာနိုင်ငံတော်သည် နိုင်ငံရေးအရ အသွင်ကူးပြောင်းနေသည်နှင့်အညီ တရားဥပဒေစိုးမိုးရေးအတွက် လွန်စွာ အရေးကြီးလှသည့် အင်အားစုဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း အဆင့်မြှင့်လာနေပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံကိန်းဖြစ်သော အင်အားတစ်သိန်း နှစ်သောင်းအထိ တိုးချဲ့နိုင်ခဲ့မည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံရဲတပ်ဖွဲ့၏ ထက်ဝက်ခန့်ရှိလာမည်ဖြစ်၍ တရားဥပဒေစိုးမိုးရေးတာဝန်များထမ်းဆောင်ရာ၌ ရဲတပ်ဖွဲ့၏ စွမ်းဆောင်မှုများ ပိုမိုအားကောင်းလာနိုင်ပေမည်။ Wikipedia ၏ ဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များအရဆိုလျှင် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ရဲတပ်ဖွဲ့အင်အားသည် တပ်ဖွဲ့ဝင်အင်အား ၂ သိန်း ၃ သောင်းကျော်ရှိ၍ လူဦးရေအချိုးအစားနှင့် ရဲတပ်ဖွဲ့ဝင်အချိုးအစားမှာ လူဦးရေ တစ်သိန်းအတွက် ရဲတပ်ဖွဲ့ဝင် ၃၄၄ ယောက်ရှိပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင်မူ ရဲတပ်ဖွဲ့အင်အား ၈ သောင်းမှ ၉ သောင်း အကြားရှိ၍ လူဦးရေ တစ်သိန်းလျှင် ရဲတပ်ဖွဲ့အင်အား ၁၅၄ ယောက်ရှိသည်ဟု သိရပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အဆင့်မြှင့်ရာ၌



အင်အားတိုးချဲ့ ခြင်း၊ ခေတ်မီပစ္စည်းကိရိယာများ တပ်ဆင်ပေးခြင်း၊ နိုင်ငံတကာအဆင့်မီသင်တန်းများပေးရုံမျှနှင့် မလုံလောက်ပေ။ ရှေးယခင်အချိန်ကရှိခဲ့သော နိုင်ငံရေးအရ ဂုဏ်သိက္ခာမြင့်မားသည့် ရဲတပ်ဖွဲ့အဖြစ်သို့ ပြန်လည်ပို့ဆောင်ပေးရန်လိုအပ်ပြီး မြန်မာနိုင်ငံတော်၏ ဒီမိုကရေစီစနစ်အောင်မြင်ရေးအတွက် ရဲတပ်ဖွဲ့သည် လွန်စွာအရေးကြီးသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းလည်း ပြည်သူအများက လက်ခံလာအောင် ကောင်းမွန်ထိရောက်စွာ ပညာပေးရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နိုင်ငံရေးသမိုင်းသည် ဂုဏ်သိက္ခာမြင့်မားပါသည်။ စစ်ပြီးခေတ် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် အလွန်အရေးကြီးလှသော ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ ၁၉၄၆ ခုနှစ် အထွေထွေသပိတ်ကြီးအတွင်း ပုလိပ်အရာရှိဦးဝမ်းမောင်ဦးဆောင်သော ပုလိပ်အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့သည့်အတွက် နယ်ချဲ့ဗြိတိသျှများအားလုံးအလျှော့ပေးခဲ့ရကာ ဖဆပလ အဖွဲ့ချုပ်နှင့် နိုင်ငံရေးဆွေးနွေးမှုပြုလုပ်ခဲ့ရပြီး အစိုးရအသစ်ဖွဲ့ပေးခဲ့ရပြီး ဗိုလ်ချုပ်အောင်ဆန်းအစိုးရအဖွဲ့ ဖွဲ့နိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ပိုမိုကြီးပမ်းနိုင်ခွင့်ရရှိခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပုလိပ်အဖွဲ့၏ နိုင်ငံရေးဂုဏ်သိက္ခာသည် မြင့်မားလှပြီး ထိုအချိန်မှစ၍ ပုလိပ်ဆိုသည်မှာ နိဂုံးချုပ်ခဲ့ပြီး ရဲအဖြစ်သို့ ကူးပြောင်းခဲ့ပြီးဖြစ်သည်ဟု သိရပါသည်။ ထို့သို့ ပုလိပ်တပ်ဖွဲ့များ ပါဝင်လာခဲ့ပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် ပြတ်သားစွာ ရပ်တည်ပေးခဲ့သည်ကို 'ကရောင်းဖြတ်ပြီး ခေါင်းတပ်သည်' ဟု မြန်မာရဲများ၏ရာဇဝင်မှာ ပြောစမှတ်ရှိကြောင်း အငြိမ်းစားရဲအရာရှိကြီးတစ်ဦးက ကျွန်တော့်ကို ပြောဖူးပါသည်။ သို့သော် အာဏာရှင်အစိုးရများ၏ အုပ်စိုးမှုအတွင်း ရဲတပ်ဖွဲ့ဆိုသည်မှာ ဖိ နှိပ်ချုပ်ချယ်ရေးယန္တရား၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြည်သူတို့က စွဲမှတ်ယုံကြည်လာခဲ့ကြပါသည်။ လာတ်ပေးလာတ်ယူမှုများ ခေတ်စားလာသည့်အခါ ယုံကြည်မှု ပိုမိုပျက်ပြားလာပါသည်။ မြေသိမ်းခံပြည်သူများနှင့်ခရိုနီများ ထိပ်တိုက်တွေ့မှုများတွင် ခရိုနီများအတွက် ခါးပိုက်ဆောင်များနှင့် အတူ ရဲတပ်ဖွဲ့ဝင်များကို ပူးတွဲတာဝန်ယူစေခြင်းကြောင့်လည်း ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကျဆင်းလာပါသည်။ ရဲတပ်ဖွဲ့သည် မငြိမ်မသက်ဖြစ်မှုများနှင့် တည်ငြိမ်အေးချမ်းမှုဆိုသည်



**အကြားတွင် ပြတ်ပြတ်သားသားရပ်တည်ရမည့် အဖွဲ့အစည်းဖြစ်ပါသည်။** ပြည်သူလူထုယုံကြည်မှုပေါင်း ဆောင်ရွက်မှုကျဆင်းလာခြင်းသည် တရားဥပဒေစိုးမိုးပျက်ပြားစေရန် ဖြစ်လာစေမည့် အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။

ဤသည်မှာ တိုင်းပြည်အတွက် လုံးဝမကောင်းပါ။ သို့သော် ပြင်၍ရနိုင်သောကိစ္စတစ်ခု ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဒီမိုကရေစီနိုင်ငံတစ်ခု၏ အရေးကြီးသောအင်အားစုတစ်ခု ဖြစ်သည့် ဂုဏ်သိက္ခာမြင့်မားသောရဲတပ်ဖွဲ့အဖြစ် ပြုပြင်ပြောင်းလဲဖွဲ့စည်းရေးသည် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အသည်းအသန်အရေးကြီးပါသည်။ တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ထိုကိစ္စကို အလေးအနက်စဉ်းစားခဲ့ပုံရပါသည်။ ထို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် နိုင်ငံတကာအဆင့်မီသင်တန်းများပေးရန် နိုင်ငံတကာအကူအညီတောင်းခံ ခြင်းဖြစ်နိုင်ပါသည်။ ရဲတပ်ဖွဲ့ကို အဆင့်မြှင့်သည်ဆိုရာ၌ အဖွဲ့ဝင်များ၏ သင်တန်းဆိုင်ရာ ကိစ္စရပ်များသာမက ရဲတပ်ဖွဲ့ကို ဦးစီးဦးဆောင်ပြုသည့်သူများအတွက်လည်း နိုင်ငံတကာအဆင့်မီ Police Academy တစ်ခုလည်း အမြဲရှိသင့်ပါသည်။ ယခုလက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဗိုလ်လေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)သည် နိုင်ငံတကာစံချိန်နှင့် နှိုင်းယှဉ်ပြောရမည်ဆိုသော် Police Academy ဖြစ်ပြီး ဒုတိယရဲအုပ်သင်တန်းအပါအဝင် သင်တန်း ၉ မျိုး ဖွင့်လှစ်သင်ကြားပေးနေသည်ဟု သိရပါသည်။ သင်တန်းကျောင်း၏ လေ့ကျင့်ရေးဆိုင်ရာမူဝါဒများကို လေ့လာကြည့် ရာတွင် အချက် ၇ ချက် တွေ့ရပြီး၊ အချက်များထဲမှ ဒုတိယအချက်ဖြစ်သည့် နိုင်ငံတော်အစိုးရဘက်မှ ရပ်တည်ချက်နိုင်မာအောင်လေ့ကျင့်ပေးခြင်းဆိုသည့်အချက်မှာမူ နိုင်ငံတော်အကြီးအကဲများနှင့် တကွ နိုင်ငံရေးခေါင်းဆောင်များ အလေးအနက် ပြန်လည် လေ့လာသုံးသပ်ရန် လိုအပ်မည်ဟု ယူဆပါသည်။

ရဲအရာရှိတို့အား ဘက်လိုက်ခြင်းကင်းသော တရားဥပဒေ၏ဘက်မှ ရပ်တည်ချက်နိုင်မာအောင် လေ့ကျင့်ပေးခြင်းဆိုပါက ပို၍ လျော်ကန်မည်ဟု ထင်မြင်ယူဆမိပါသည်။

။ ။



# နိုင်း၊ ဓဏား သင်္ကြန်မှသည် အသပြာသင်္ကြန်ဆီသို့

ဧပြီလဆန်းပြီဆိုကတည်းက မိုင်ပေါင်း ထောင်ချီဝေးသည့် အဝေးတစ်နေရာမှသည် အမိမြေဆီက သင်္ကြန်ပွဲများဆီသို့သာ စိတ်ကရောက်နေတော့သည်။ ကျွန်တော်သည် ဇာတိမြေနှင့် ဝေးနေသကဲ့သို့ ကျွန်တော်လွန်စွာချစ်မြတ်နိုးရပါသော ဇာတိမြေ၏သင်္ကြန်နှင့်လည်း ဆယ်စုနှစ်နှစ်ခုမျှ ဝေးနေခဲ့ပါသည်။ ရတာတ်သမျှနည်းများဖြင့်လေ့လာကြည့်သောအခါ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုသောခေတ်၌ ဇာတိမြေ၏ ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သော မဟာသကြန်သည် ဂလိုဘယ်လိုက်ဇေးရှင်းဆိုသော အရာကြီး၏ရိုက်ခတ်မှုကို အတိုင်းအတာတစ်ခုအထိ ပြုပြင်ခံရသည်ဟု မှတ်ချက်ပေးရမည်ဖြစ်ပါသည်။

ရေပက်ကစားခြင်းအပါအဝင် သင်္ကြန်တွင်းအခါသမယလုပ် ရိုးလုပ်စဉ်များ တည်ရှိနေသေးသော်လည်း မြန်မာ့သင်္ကြန်သည်များစွာ ပြောင်းလဲခဲ့ပြီး ဈေးကွက်စီးပွားရေး၏ ကိရိယာတစ်ခုကဲ့သို့ပင်ဖြစ်လာနေပါသည်။ ယခင် မြန်မာ့မြို့တော်ဖြစ်ခဲ့သော ရန်ကုန်ကဲ့သို့ မြန်မာပြည်မြို့ကြီးများအပါအဝင် မြို့နယ်အသီးသီး၌လည်း သူ့အတိုင်းအတာနှင့်သူ သင်္ကြန်အလေ့များ ပြောင်းလဲလာကြသည်။ အသက် ၅၀ တန်းဝင်လာပြီဖြစ်သော ကျွန်တော်သည်လည်းယနေ့ ဒီမိုကရေစီခေတ် သင်္ကြန်အခင်းအကျင်း၏ ပြောင်းလဲလာမှုများကိုလေ့လာရင်း ကျွန်တော့်မျက်မြင် ကိုယ်တွေ့ ကြုံတွေ့ခဲ့ဖူးသော ရန်ကုန်သင်္ကြန်နှင့်ယနေ့ခေတ်သင်္ကြန်၏ ဖြစ်ပေါ်ပြောင်းလဲမှုများ အကြောင်း ဆောင်းပါးကလေးတစ်ပုဒ်ရေးပြီး ဇာတိမြေသင်္ကြန်အလွမ်းပြေအဖြစ် ရေးသားလိုက်ပါသည်။

ကျွန်တော်ငယ်ငယ်ကကျွန်တော့အဘိုး ပြောဖူးခဲ့သည့် ၄င်းကာလသားဘဝ ရန်ကုန်ကိုတက်လာချိန်က သင်္ကြန်ပွဲအကြောင်း အမှတ်ရမိပါသည်။ ကျွန်တော့အဘိုးသည် ဧရာဝတီတိုင်း ကျိုက်လတ်ထိုင်ငူမြစ်တန်း (ထိုင်ငူမြစ်တန်းသည် စာရေးဆရာကြီးဒဂုန်တာရာ၏ မွေးဇာတိဖြစ်သည်ဟုသိရပါသည်) ဇာတိဖြစ်၍ ဒုတိယကမ္ဘာစစ်မဖြစ်မီကပင် ရန်ကုန်သို့ သွားသွားလာလာရှိခဲ့ပြီး ထိုအချိန်လောက်ကပင် ရန်ကုန်သင်္ကြန်သည် ရှေးမူရိုးရာမှ ခွဲထွက်နေခဲ့သည်ဟု ဆိုပါသည်။

၄င်းဆိုလိုသည်မှာ သင်္ကြန်တွင်း သောက်စားမူးယစ်မှုများ၊ ပေါက်ပန်းဈေးပြောင်လှောင်အော်ဟစ်မှုများစသည်အားဖြင့် အစဉ်အလာရိုးရာယဉ်ကျေးမှုစံနှင့် တိုင်းတာသော် သရုပ်ပျက်သင်္ကြန်ဖြစ်နေခဲ့ပြီဟု ဆိုနိုင်ပါသည်။ ထိုခေတ်ထိုအခါက တစ်ဦးနှင့်တစ်ဦး ပြောင်လှောင်အော်ဟစ်မှုဖြစ်သော ဟော့ ပေါက်စီဟော့ မယ်သုန်ဆိုသော အခေါ်အဝေါ်များကို ဆိုလိုဟန်တူပါသည်။ (ပေါက်စီ မယ်သုန် ဆိုသည်မှာ မင်းသားကြီး

ဦးခင်မောင်၊ မင်းသမီးကြီးဒေါ်မေသစ်တို့ ပါဝင်သော ဂုဏ်ရည်မတူစာတ်ကားမှ စာတ်ကောင်များ၏ အမည်များ ဖြစ်ပါသည်) ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ကာတွန်းပေါင်းချုပ်တွင်လည်း ထိုပေါက်စီ၊ မယ်သုန်အသုံးများဖြင့် သရုပ်ဖျက်မှု ကိုသရော်ထားသည့် မှတ်တမ်းတစ်ခုကို ကျွန်တော်ကောလိပ်ကျောင်းသားဘဝက တွေ့ဖူးပါသည်။

ကျွန်တော်တို့ငယ်ငယ်က လူကြီးများ ပြောသည်ကို သင်္ကြန်ကြိုးစကား သင်္ကြန်ယင်ကြားဖြင့် ကြားဖူးသည့် "အပျိုပိန်ပိန်ရေမစိမ်နဲ့ . . . အီကြာကွေး အီကြာကွေး"ဆိုသော အပြောင်အပျက် သံချပ်သည်လည်း ထိုသို့သော သရုပ်ပျက်မှုထဲတွင် ထည့်သွင်းသင့်သည်ဟုထင်ပါသည်။ ရေပက်ခြင်းတွင်လည်း ရှေးမူရိုးရာအစဉ်အလာက သပြေခက်နှင့် ရေပက်သောပုံရိပ်ကို အများသူငါ တို့စိတ်အာရုံတွင် ချက်ချင်းမြင်ယောင်နိုင်ပါသည်။ ၄င်းရေပက်ကစားခြင်းက ကာလရွေ့လျော လာသည့်အခါ နှီးဆီခွက်နှင့်ပက်၍ ခွက်စောင်းခုတ်ခြင်းဆိုသည့် ကိစ္စအဖြစ် ပြောင်းလဲလာပြီး ၄င်းမှ မီးသတ်ပိုက်နှင့် ထိုးခြင်းအထိ ပြောင်းလဲလာပေသည်။ "ခွက်စုတ်ကလေးနဲ့ ပက်တာ လောက်တော့ ရယ်တာပေါ့ ... ရယ်တာပေါ့" ဆိုသော အပြောင်အပျက်သံချပ်သည် ၄င်းခွက်စောင်းခုတ်အလေ့အထမှတစ်ဆင့် ခေတ်စားလာသည်ဟု ယူဆရပါသည်။

မြန်မာနိုင်ငံတော်၏ ပြောင်းလဲသွားသော သင်္ကြန် ယဉ်ကျေးမှုအစဉ်အလာအတွင်း လွန်ခဲ့သော အချိန်ကာလများဆီက သင်္ကြန်မူသကြိန်ဟန်၊ သင်္ကြန်အပြော သင်္ကြန်လေ၊ သင်္ကြန်အထာ၊ သင်္ကြန်အစဉ်အလာတို့ ပြောင်းလဲခဲ့ပြီး ယခင်ရှိခဲ့ဖူးသော အစဉ်အလာအထာတို့ ပျောက်ကွယ်သွားပြီးပါက တစ်ကျော့ပြန်လာ ရိုးထုံးစံ မရှိပေ။ သို့သော် ထိုသို့သောထုံးစံသည် ခြွင်းချက်နှင့်သာ ဖြစ်ပေါ်တိုးတက်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။

၁၉၈၉ ခုနှစ် သင်္ကြန်မှအစပြု၍ မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားခဲ့ရသော ရန်ကုန်သင်္ကြန်၏ သံချပ်အသင်းများ ပြန်လည်ပေါ်ပေါက်လာခြင်းပင် ဖြစ်ပါသည်။

သို့သော် လုပ်ရိုးလုပ်စဉ်ဟောင်းဖြင့် ပြန်လည်ထွက်ပေါ်လာခဲ့သော သံချပ်အသင်းများပင် သည်ပင်လျှင် သင်္ကြန်ဟန်များပြောင်း၍ပြီး ပြန်ထွက်ခဲ့ပြီ။ သံချပ်တို့၏ အဓိကပစ်မှတ်သည် နိုင်ငံရေးဆိုင်ရာ ဝေဖန်ရေးကို အဓိကထားခဲ့ပြီး နိုင်ငံရေးသံချပ်ခေတ်ဟုပင်ဆိုရမည့် အခြေအနေပင်ဖြစ်နေပေပြီ။ ယခုခေတ် သင်္ကြန်တွင်တွေ့မြင်နေကြရသော ရေပက်ကစားမှုများ၊ ရေပက်ခံကားများစသော သင်္ကြန်လှုပ်ရှားမှုများ၊ ဘာသာရေးထုံးတမ်းအစဉ် အလာများနှင့်ဆက်နွယ်နေသော ဓိဝိတဒါနပွဲများ၊ သင်္ကြန်ပူဇော်ပွဲများစသည်တို့ကို တွေ့မြင်နေနိုင်သေးသည် ဖြစ်သော်လည်း ယနေ့အသပြာသင်္ကြန်ခေတ်၌ ပြောင်းလဲမှုများရှိလာပြီဟု ဆိုနိုင်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်လေးခုကျော် အချိန်ကဆိုလျှင် သင်္ကြန်အသင်းများ တည်ထောင်မှုဆိုသည်မှာ အိတ်စိုက်ကိုယ့်စားရိတ်ကိုယ်စား ရေးရိုးစွဲ လူကြီးတချို့ဆိုလျှင် ပင်ငွေကုန်သံပြာဟုပင် သရော်တတ်ကြသည်။ **အဲဒီခေတ်အခါက ရွှေ(၁)ကျပ်သားကို ၁၅၀ ကျပ်တဲ့။ နှစ်စဉ်အမြဲအသင်းဖြစ်တဲ့ မောင်မောင်ဆိုလေ ထီးရိုးရှည်သင်္ကြန်အသင်းအတွက် အမြဲစု ငွေထဲမှ ၂၀၀၀ ကျပ်နှစ်စဉ် ပေးခဲ့ရတယ်**

**လို့ အမေပြောသကြားခဲ့သည်။**)သံချပ်အသင်းများကို မဏ္ဍပ်တို့မှ ချီးမြှင့်သည်မှလည်းဒိုင်းဖလားစသည်တို့သာလျှင်ဖြစ်၍ နောင် ၁၉၇၂ /၇၃ ကာလများတွင် ဆုကြေးဆိုသည်မှာ ကျပ်ငွေ ၂၅၀ ပတ်ဝန်းကျင်သာ ဖြစ်ပါသည်။ ရေကစားမဏ္ဍပ်များ ဆိုလျှင်လည်း ရပ်ကွက်၊ သို့မဟုတ် ဌာနဆိုင်ရာများအလိုက် မိသားစုရေကစားကြသည့် စတိုင်မျိုးသာဖြစ်၍ ရေပက်ခံကားများဆိုလျှင်လည်း အဖွဲ့ဝင်ကြေးပေး၍ ရေပက်ခံအဖွဲ့များတွင်ပါဝင်၍ ရေကစားကြပြီး အရှုံးအမြတ်မရှိ သင်္ကြန်ပြီးလျှင် အားလုံးပွဲပြီး၍ ပျော်ရွှင်စွာရေကစားခဲ့၊ လည်ပတ်ခဲ့ရသည့် အရသာကလေးကို တစိမ့်စိမ့်ခံစားရင်းနောင်နှစ်ကိုမျှော်ကြ။ ဤမျှသာဖြစ်ပါသည်။ သင်္ကြန်သီးချင်းများဆိုလျှင်လည်း ၎င်းသင်္ကြန်ပုံရိပ်များကိုဖော်ညွှန်းကြ၊ ၎င်းပုံရိပ်များထင်ဟပ် သည့်ပျော်စရာ၊ ချစ်စရာသင်္ကြန်သီချင်းများသာဖြစ်ခဲ့ပါသည်။ မြနန္ဒာ၊ တူးပို့တူးပို့စသည်တို့သည် နှစ်ပေါင်းများစွာမြန်မာ့သင်္ကြန်၏ ချန်ပီယံသီချင်းများဖြစ်ခဲ့ ၍ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်း ကာလတွင်မှု ၎င်းတို့၏ သရုပ်ကို ဆက်လက်ထိန်းသိမ်းဖို့ရန်ပင် ကျန်ရှိနေသေးသော်လည်း၊ ဈေးကွက်စီးပွားရေး၏ ကုန်စည်များကြော်ငြာရာ ပွဲတော်ဖြစ်လာ၍ စပွန်ဆာသင်္ကြန်၊ အသပြာသင်္ကြန်အဖြစ်သို့ အများဆန္ဒမပါပါဘဲနှင့် ကူးပြောင်းခဲ့ပြီဖြစ်ပါသည်။ နောင်လည်းဆက်လက်ပြောင်းလဲဦးမည်သာဤသည်ကား လောကဓမ္မတာပင်။

ခေတ်စနစ်တို့ပြောင်း၍ လူ့အဖွဲ့အစည်းတို့ပြောင်းလဲလာသည်နှင့်အမျှ ၎င်းလူ့အဖွဲ့အစည်းအတွင်းမှီတင်းနေထိုင်သူများ၏ နေထိုင်မှုများ၊ စရိုက်လက္ခဏာများလည်း ပြောင်းလဲလာတတ်ကြပေရာ မြန်မာ့လူ့အဖွဲ့အစည်းမှ လူသားများ၏ သင်္ကြန်ယဉ်ကျေးမှု စရိုက်လက္ခဏာများသည်လည်း ပြောင်းလဲလာပေသည်။ ခေတ်၏ ယာဉ်ရထားသည် ရှေ့သို့သာဦးတည်ချီတက်နေပါသည်ဆိုလျှင် ကျွန်တော်တို့သည်လည်း ပြောင်းလဲနေသောခေတ်၏ အလျဉ်နှင့်အညီ လိုက်၍ ပြောင်းလဲရန် လိုအပ်ပါသည်။ လျော်ကန်သင့်မြတ်သော ပြောင်းလဲခြင်း ဖြစ်ရန်လိုအပ်ပါသည်။ ဥပမာ-ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည်ဆိုပြီး မော်ပီဆရာသိန်းကြီး ဝတ်ဆင်သကဲ့သို့ သိုရင်းအင်္ကျီဖော့လုံးဖြူတို့ကိုသာ စွဲမြဲစွာဝတ်ဆင်နေမည်ဆိုပါက ယနေ့ခေတ်ကာလတွင် ကိုးလိုးကန့်လန့်ဖြစ်နေမည်ဖြစ်ပါသည်။ မြန်မာ့ရိုးရာဝတ်စုံများကိုသာ ပွဲလမ်းသဘင်မှန်သမျှ မလွှတ်စတမ်းဝတ်ဆင်ပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မဆင်မခြင်ဖျက်ဆီးနေလျှင်လည်း ယဉ်ကျေးမှုကို ထိန်းသိမ်းရာမရောက် ပြန်ပါပေ။ ယနေ့မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ဆိုသည်ကိုလည်း ရိုးရာနည်းအတိုင်းသာ ကျင်းပစေလိုသော မြန်မာနိုင်ငံသားများ၊ နိုင်ငံ့ခေါင်းဆောင်များ အများအပြားရှိနေနိုင်ပေသည်။ ယနေ့ ခေတ်ကာလသည် ဒီမိုကရေစီခေတ်သို့ ဦးတည်ချီတက်နေပြီဖြစ်ရာ အာဏာရှင်နိုင်ငံများကဲ့သို့ လည်းကောင်း၊ ဘာသာရေးဥပဒေဖြင့် အုပ်ချုပ်နေသောနိုင်ငံများကဲ့သို့လည်းကောင်း ပြည်သူများပုံစံဖြင့်သာပွဲတော်ကျင်းပနိုင်း၍ မဖြစ်နိုင်ပေ။ အာဏာပိုင်များသည် နိုင်ငံတော်အရေးအတွက် အရေးတကြီးဦးစားပေး၍ ဆောင်ရွက်စရာများ ရှိနေနိုင်သည်ဖြစ်ပေရာ၊ မဟာသင်္ကြန် ကြီးကြပ်ရေးလုပ်ဆောင်မှုအဖြစ် ပွဲတော်ဆင်နွှဲသူတို့ကို ဈေးကလေးထိန်းကျောင်းကဲ့သို့ ထိန်းကျောင်းရန်လည်း

ဖြေနိုင်ပေ။ ၁၉၈၄ ခုနှစ် ရန်ကုန်သင်္ကြန်မှ အသင်းတစ်သင်းတင်ပြခဲ့သော တင်ဆက်မှုတစ်ခုအကြောင်းကို အမှတ်ရမိပါသည်။ ၎င်းတို့က ကွယ်လွန်လေပြီးသော အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏ စစ်ပြီးခေတ်မြန်မာ့အသံမှ ထုတ်လွှင့်ချက်တစ်ခုကို ကိုးကား၍ မြန်မာ့သင်္ကြန်၏ ဖြစ်သင့်သောအနှစ်သာရကို အကြံပြုသွားခဲ့သည်ကို အမှတ်ရမိခြင်းဖြစ်ပါသည်။ ၎င်းအသင်းသားတို့၏ ကိုးကားချက်အရ ဆရာကြီးဒီးဒုတ်ဦးဘချိုက-

၁။ ရေသည် အေးမြသန့်စင်သောသဘောရှိ၏။

၂။ ရေသည် အညစ်အကြေးတို့ကို သန့်စင်စေသောသဘောရှိ၏။

၃။ ရေသည် ပက်ဖျန်းသူနှင့် ပက်ဖျန်းခံရသူတို့အကြားတွင် ဖော်မပြနိုင်လောက်သော ချစ်ခင်ရင်းနှီးမှုတို့ကိုရစေ၏။

ထိုသို့သော ရေ၏အရိပ်လက္ခဏာသုံးပါးကိုမှီ၍ မြန်မာတို့သည် သင်္ကြန်ပွဲကို ဆင်နွှဲကြကုန်၏ဟု ဆိုခဲ့သည်ဟုသိရပါသည်။ မြန်မာ့သင်္ကြန်သည် မြန်မာ့ရိုးရာအမွေအနှစ် ဖြစ်၍ကောင်းမွန်စွာ ထိန်းသိမ်းလိုကြသည်ဆိုပါက တကယ့်ရိုးရာသင်္ကြန်ပွဲ၏ အနှစ်သာရများကို နိုင်ငံတော်အစိုးရတို့၏ မွေစက်ကိုသုံး၍အဓိကထား ထိန်းသိမ်းပြီး အခြားသော လူ့အဖွဲ့အစည်းကို ဘေးဖြစ်စေနိုင်သည့် ကိစ္စဆိုးများကိုမူ နိုင်ငံတော်အစိုးရတို့၏ အာဏာစက်ကိုသုံး၍သာ ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါကြောင်း စာတိမြေအလွမ်းပြေ နှစ်သစ်ကူးစာတစ်ပုဒ်ကို ရေးသားလိုက်ရပါသည်။

။ ။

# မောင်မောင်ဆိုလေထီးရိုးရှည်နှင့် အရူ



မောင်မောင်ဆိုလေ ထီးရိုးရှည်အဖွဲ့ကို ကျွန်နော်၏ဖခင် ဂန္ထဝင်မောင်ပိုင်း (ခ) မောင်မောင်နေဝင်းက ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၄င်းမတိုင်မီက ၁၉၇၀ ရန်ကုန်မဟာသင်္ကြန်တွင် ရောဆရာကြီးဟူသော အမည်ဖြင့် သူ၏ သင်္ကြန်လှုပ်ရှားမှုစတင်ခဲ့ပါသည်။ ရောဆရာကြီး၏ ခေါင်းစည်းစာတန်းမှာ "တောင်ဥက္ကလာ ဓနပုဒ်၏ငစိန်ဆန်မှိုဝဲသောအုပ်စုမှ" ရောဆရာကြီး ဟူ၍ဖြစ်သည်။

ထိုစဉ်က ဖြစ်ရပ်ပုံရိပ်များကို ကျွန်တော် လူမှန်းမသိသေးခင်ကဖြစ်၍မမှတ်မိပါ။ မောင်မောင်ဆိုလေအမည်ဖြင့် ဒုတိယခြေလှမ်းစတင်ချိန်ကဖြစ်ရပ်များ၊ လူပုဂ္ဂိုလ်အတော်များများကို မှတ်မိပါသည်။ ထိုစဉ်ကသံချပ်စာအုပ် မှတ်တမ်းများကို သိမ်းဆည်းထားကာ နောင်အရွယ်ရောက်ချိန်၌ ပြန်လည်လေ့လာခဲ့ပြီး ထိုစဉ်က နိုင်ငံရေးဖြစ်ရပ်များနှင့် သံချပ်များကိုပြန်တိုက်ကြည့်ခဲ့ပါသည်။

၁၉၇၃ ခုနှစ် မောင်မောင်ဆိုလေ တတိယခြေလှမ်းတွင် လူအမည်များရှေ့မှ ဦး၊ ဒေါ်၊ ကို၊ မများအစား "င"ဆိုသော ဝေါဟာရကို စတင်သုံးစွဲခဲ့ပါသည်။ ကျွန်တော့်အဖေ၏ ညီဖြစ်သူ ဦးမြင့်အောင် (ယခုသရုပ်ဆောင်ဇေလှဝ) သည် ၄င်း ၁၉၇၃ မဟာသင်္ကြန်တွင် စင်မြင့်ပေါ်သို့ စတက်ခဲ့ပါသည်။ ထိုနှစ်က မောင်မောင်ဆိုလေ၏ ခေါင်းစည်းမှာ "အတိဇာတသားတို့၏ မောင်မောင်ဆိုလေထီးရိုးရှည်ဇာတ်တော်ကြီး" ဟူ၍ ဖြစ်ပါသည်။

အတိဇာတသားဆိုသော စကားလုံးကို

သုံးရန်အယူအဆဖြစ်ခဲ့ခြင်းမှာ ဆရာကြီးဒဂုန်တာရာ၏ဆောင်းပါးတစ်ခု၌ သုံးခဲ့သော စကားလုံးအသုံးကို သဘောကျခဲ့သည့်အတွက်ဟု သိရပါသည်။

၁၉၇၄ ခုနှစ် အတာသင်္ကြန်မှစ၍ နာမည်များအရှေ့မှ "င" အစား မောင်မောင်ဟူသော အမည်နာမကို အသင်းဝင်များ၏ အမည်ရှေ့တွင် တပ်ဆင်သုံးစွဲကြရာမှ နောင်အခါတွင်လည်း မောင်မောင်ဆိုသောအမည်နာမကို ဆက်လက်သုံးစွဲခဲ့ကြရာ ယနေ့အထိဖြစ်ပါသည်။သို့သော် ကျွန်တော်၏အမည် မောင်မောင်ကျော်သည် ၎င်း မောင်မောင်ရာဇဝင်နှင့် မပတ်သက်ပါ။ ယခင်ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၏ ခေါင်းဆောင်ဖြစ်ခဲ့သူ ဒေါက်တာမောင်မောင်ကျော်ကို အားကျ၍ ထိုအမည်ကိုခံယူခဲ့ခြင်းဖြစ်ပါသည်။

၁၉၇၅ ခုနှစ်တွင် မောင်မောင်ဆိုလေ မထွက်ခဲ့ပါ။ အကြောင်းမှာ ထိုနှစ်မတ်လက ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များဖြစ်သော သခင်ဇင်၊ သခင်ချစ်ကျဆုံးခဲ့သည့် အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်ဟု အဖေက နောင်အခါကျွန်တော်ကို ပြောပြပါသည်။ ထိုနှစ်က သင်္ကြန်ကို ကျွန်တော့်အမေ၏ဇာတိ သာယာဝတီ၌သင်္ကြန်ကျခဲ့ပါသည်။

နောင်အရွယ်ရောက်ချိန်မှ သိလာရသည်မှာ ကျွန်တော့်အဖေသည် ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီမြေအောက်လှုပ်ရှားမှုနှင့် ပတ်သက်နေခဲ့သည်။

မောင်မောင်ဆိုလေ၏ လှုပ်ရှားမှုနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက်လှုပ်ရှားမှုပတ်သက်မှုရှိမရှိကိုမူ မသိခဲ့ပါ။

၁၉၇၆ ခုနှစ်တွင် မောင်မောင်ဆိုလေမှ မင်းသမီးကလေးတစ်ဦးကို စင်တင်ခဲ့ပါသည်။ ၎င်းမင်းသမီးကလေး၏ အမည်မှာ ယမင်းကေသီဖြစ်၍ နောင်အခါ ရုပ်ရှင်သရုပ်ဆောင်ငြိမ်းငြိမ်းအိ (ခ) အင်္ဂလန်စိန်အဖြစ် နာမည်ကျော်ကြားလာခဲ့ပါသည်။ ထိုနှစ်မှစ၍လစ်စိန်မှန်ရုပ်ကွက် ဆုပေးမဏ္ဍပ်မှ မောင်မောင်ဆိုလေအား စွယ်စုံဆုစတင်ချီးမြှင့်ခဲ့ပါသည်။ ၎င်း မဏ္ဍပ်နေရာသည် ယခုဟောပြောပွဲများ ကျင်းပရာဗိုလ်စိန်မှန်ကွင်းပင်ဖြစ်ပါသည်။

၁၉၇၇ ခုနှစ်တွင် မောင်မောင်ဆိုလေထီးရိုးရှည်ဇာတ်တော်ကြီးဆိုသောအမည်အစား ဇာတ်တော်ကြီးဆိုသည်ကို မသုံးသင့်ကြောင်း ပါဠိပါရဂူဆရာကြီးဦးအောင်မိုးကပြောသည့်အတွက် ဆရာကြီးကိုလေးစားသည့် အနေဖြင့် မောင်မောင်ဆိုလေထီးရိုးရှည် အနုသဘင်ဟု ပြောင်းလဲ အမည်ပေးခဲ့ပါသည်။

၁၉၇၇ ခုနှစ်သည် မောင်မောင်ဆိုလေထီးရိုးရှည်အောင်မြင်မှုအရဆုံးနှစ်ဖြစ်သည်။ ထိုနှစ်က မောင်မောင်ဆိုလေနှင့် ခေတ်ပြိုင်နာမည်ကျော်အသင်းတစ်ခုမှာ လမ်းမတော်မြို့နယ်မှ အနုဗ္ဗဖွမ်းအားရှင်အဖွဲ့ဖြစ်သည်။ မောင်မောင်ဆိုလေ၏ထိုနှစ်ကထူးခြားချက်မှာ ယခင်အမှတ် (၄) နယ်မြေဖြစ်သော ရန်ကင်း၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာနယ်မြေ၌ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

မဟာရန်ကုန်၏ အောင်မြင်ကျော်ကြားသော သင်္ကြန်အသင်းဖြစ်ရန်မှာ အမှတ် (၄)နယ်မြေတွင်အောင်မြင်မှုရရန်လိုအပ်သည်။ ထိုမြို့နယ်များ၌ဓာပေအနုပညာရှင်များဦးစီးသော မဏ္ဍပ်များရှိ

သည့်အပြင်မဏ္ဍပ်ဒိုင် လူကြီးများ၏အဖွဲ့တစ်ခုချင်းစီအပေါ် နိုင်ငံရေးစံဖြင့် မြင့်မားစွာတိုင်းတာလေ့ရှိ သဖြင့်ထိုနယ်မြေတွင် အောင်မြင်မှုရရန်အရေးကြီးပါသည်။

ရန်ကင်းမြို့နယ်အနေဖြင့် ယခင်က စုစုပေါင်းမဏ္ဍပ် ၅ ခုခန့် ရှိခဲ့ပြီးရန်ကင်းတိုက်ခန်းနယ်မြေတွင် ၃ ခု၊ ကျောက်ကုန်းတွင် မင်းသား ကြီးဦးကျော်လီဆွေ၏မဏ္ဍပ်နှင့် တပ်မတော်မှတ် တမ်းရုံးမိသားစုမဏ္ဍပ်စုစုပေါင်း ၅ ခုရှိခဲ့ဖူးပါသည်။ ထိုနိုင်ငံရေး မြင့်မားလှသော ယဉ်ကျေးမှုကို တတိယအကြိမ် မဆလပါတီ ညီလာခံနောက်ပိုင်း ၁၉၇၈ ခုနှစ် နောက်ပိုင်းမှစ၍ မဆလပါတီယူနစ်တို့ စနစ်တကျဝင်ရောက်စီးနင်း နေရာယူဖျက်ဆီးလာခဲ့ကြသည်။

တတိယအကြိမ် ပါတီညီလာခံ ပြီးသည့်နောက်ပိုင်း မဆလပါတီသည် လူထုအတွင်းပါတီကာလပ်စည်းများမှ တစ်ဆင့်ထိုးဖောက် ဝင်ရောက်လာမှု အရှိန်ရလာသည်ဟုဆိုရမည်ဖြစ်သည်။

အစိုးရကို ဖြုတ်ချသည်အထိ မစွမ်းဆောင်နိုင်သော်လည်းပြည်သူ၏နိုင်ငံရေးနှင့် သက်ဆိုင်နေသော ပြဿနာရပ်များအပေါ်သိမှု (Awareness) မြင့်တင်နိုင်သည့်ဘက်မှ စွမ်းဆောင်နိုင်သော သင်္ကြန်သံချပ်များအပေါ်ကြပ်ကြပ်မတ်မတ်စိစစ်ခြင်းကို ယခင်ကာလများထက်ပို၍ လုပ်ဆောင်လာခဲ့ပါသည်။

မြို့နယ်တိုင်း၌ မဟာသင်္ကြန် စိစစ်ရေးကော်မတီများထား၍ သင်္ကြန်အသင်းများမြို့နယ်အလိုက် မှတ်ပုံတင်ကြရသည်။ သံချပ်စာသားများကို အရင်စိစစ်ရေးတင်ရသည်။ ထို အဆင့်များခွင့်ပြုလျှင် ပုံနှိပ်စက်တင်၍ ပုံနှိပ်ရသည်။ ပုံနှိပ်ပြီးသော သံချပ်စာအုပ်များကို တဖန်စိစစ်ရေးကော်မတီထံ ပြန်ပို့၍အစစ်ဆေးခံရသည်။ ပြီးပါက သံချပ်တိုက်နေရာသို့ လာရောက်၍ ၎င်းစိစစ်ရေးအဖွဲ့ရှေ့မှောက်၌ သံချပ်တိုင်ပြရသည်။

သင်္ကြန်အကြိုနေ့တွင်၎င်းကော်မတီ၏ ရှေ့မှောက်၌ ဝတ်စုံပြည့်သွားရောက်၍အစစ်ဆေးခံပြီး ၎င်းတို့ကျေနပ်မှုရှိမှ ပါမစ်ထုတ်ပေးပါသည်။ မဏ္ဍပ်တစ်ခု၌ပြိုင်ပွဲမဝင်ခင် ၎င်းပါမစ်ကို အရင်ပြရပါသည်။ ဤသည်ကား မဆလလက်အောက်မဟာရန်ကုန်သင်္ကြန်စိစစ်ရေး၏ လုပ်ထုံးလုပ်နည်းပင်ဖြစ်ပါသည်။ ဤအဆင့်ပြီးလျှင်သင်္ကြန်ကားစထွက်ခွင့်ရပါသည်။

မြို့နယ်ရပ်ကွက်များမှ မိမိတို့ အပိုင်လိုက်ဖြစ်စေ၊ ရပ်ကွက်တခုလုံးအလိုက်ဖြစ်စေ ဆုပေးမဏ္ဍပ်များဖွင့်လေ့ရှိခဲ့ပါသည်။ ၎င်းမဏ္ဍပ်များ၌ ၁၉၇၈ ခုနှစ်နောက်ပိုင်းမှစ၍ ပါတီကောင်စီစွက်ဖက်မှုများပိုတိုးလာပါသည်။ ပါတီကောင်စီစွက်ဖက်မှုများကြောင့် ဆုပေးမဏ္ဍပ်များ၏ဆုပေးသည့် စည်းမျဉ်းများတစ်ခုနှင့်တစ်ခုမတူကြပါ။

ဥပမာ မဆလပါတီစိတ် အလွန်လွှမ်းမိုးပြီးအထက်မှား အောက်မှီပါတီစိတ်များကြီးစိုးသည့်အရပ်များ၏ ဆုပေးမဏ္ဍပ်များတွင် စွယ်စုံဆုအတွက် အလုပ်၊ အက၊ သဘာဝ၊ ဟာသသံချပ်ယဉ်ကျေးမှုအပြင် "နိုင်ငံတော်အကျိုးပြု" ဆိုသည့် ကိစ္စပါပါဝင်လာခဲ့ပါသည်။ မောင်မောင်ဆိုလေထီးရိုးရှည်သည် ထိုအကွက်ကိုကြိုတင်မြင်ဆင်မထားခဲ့။

၁၉၇၈ မဟာသင်္ကြန်တွင် ယခင်နှစ်က

ဖွယ်စုံဆွတ်ခူးခဲ့သောနေရာများလက်လွှတ်ခဲ့ရသည်။ နောက်ဆုံးတွင် ပါတီကောင်စီ ခြယ်လှယ်မှုကို လက်မခံသောမဏ္ဍပ် ၄ ခု၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ကြည့်မြင်တိုင်ချင်းချောင်းဟုမ်းလမ်း၊ **တောင်ဥက္ကလာမှ "ရွှေဦးပိတောက်နှင့် ရွှေစကားဝါမဏ္ဍပ်"တို့က လာရောက်တားမြစ်သော ထောက်လှမ်းရေးတို့နှင့် အတိုက်အခံပြု၍ မောင်မောင်ဆိုလေကို ဖွယ်စုံဆုများပေးခဲ့ကြပါသည်။**

ထိုနှစ် ၁၉၇၈ ခုနှစ်သည် မောင်မောင်ဆိုလေ ထီးရိုးရှည်၏ မဟာရန်ကုန်သင်္ကြန်တွင် နောက်ဆုံးတင်ဆက်ခဲ့မှုဖြစ်ပါသည်။

ထိုနှစ် ဩဂုတ်လတွင် ကျွန်တော့်အဖေ မဆလ စစ်အစိုးရ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး ၎င်း၏ သင်္ကြန်လှုပ်ရှားမှုများ နှစ်အတန်ကြာ ရပ်ဆိုင်းခဲ့ပါသည်။ မောင်မောင်ဆိုလေ၏ တော်လှန်ကြယ်နီသုံးပွင့် အစ်ကိုကြီးမောင်မောင်သန်းညွန့် (ရဲဘော်စောထွန်း)၊ အစ်ကိုကြီးမောင်မောင်ကျော့ရှင်း(ရဲဘော်ဉာဏ်ထွန်း) တို့ ကျန်းမာကြပါစေ။ အစ်ကိုကြီး မောင်မောင်သက်ဝေ (ရဲဘော်သိုက်ထွန်း "အလယ်ပိုင်းဗျူရို" ကျဆုံး)ကောင်းရာသုဂတိရောက်ရှိပါစေ။

၁၉၇၇ ခုနှစ် သင်္ကြန်ပွဲပြီးနောက်ပိုင်း ကျွန်တော့်အဖေ၏ လှုပ်ရှားမှုများကသင်္ကြန်သံချပ်အသင်းလုပ်ခဲ့သူနှင့် မတူတော့။ နိုင်ငံရေးဆန်ဆန်သဘောမျိုးဖြစ်လာခဲ့သည်ကို နောင်ကြီးပြင်းလာသည့် အခါတွင်မှပြန်ဆက်စပ်ကြည့်မိသည်။ သင်္ကြန်အသင်းတို့မည် သည်မှာပွဲပြီးသည့်နောက်ပိုင်း ကိုယ့်အလုပ်နှင့်ကိုယ် ရှိနေကြ၍ သင်္ကြန်ရာသီကိုပြန်ရောက်မှသာ အသင်းပြန်ဖွဲ့ကြသည်သာဖြစ်သည်။

သို့သော် ၁၉၇၇ သင်္ကြန်ပြီးသည့် နောက်တွင်လည်း ကျွန်တော့်အဖေ၏သင်္ကြန်ညီအစ်ကိုများဖြစ်သော မောင်မောင်သန်းညွန့်၊ မောင်မောင်ကျော့ရှင်း၊ မောင်မောင်သက်ဝေတို့ တွဲမြဲတွဲလျက်ရှိနေကြသည်ကို မှတ်မိပါသည်။ နောက်မကြာမီ ၎င်းတို့သည် ကွန်မြူနစ်ပါတီအင်အားစုများနှင့် ကူးလူးဆက်ဆံမှု ရှိလာသည်ကိုသတိထားမိပါသည်။

၁၉၇၈ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်၊ မန္တလေးနှင့် မြေလတ်ဒေသမှကွန်မြူနစ်ပါတီများကိုဖမ်းဆီးထိန်းသိမ်းခဲ့မှုတွင် ကျွန်တော့်အဖေအဖမ်းခံရပြီးနောက်၊ ၎င်းတို့သုံးဦး လွတ်မြောက်သွားခဲ့ပါသည်။ ထိုအခါတွင်မှသင်္ကြန်လှုပ်ရှားမှုကို အကာအကွယ်ယူ၍ မြေအောက်လှုပ်ရှားမှုလုပ်နေခဲ့ကြသည်ကိုဆက်စပ်၍ရခဲ့ပါသည်။

နောင်နှစ် ၂၀ ကျော်ခန့် ကြာသည့်အခါ အဖေကကျွန်တော့်ကို ရှင်းပြခဲ့ပါသည်။ ၎င်းတို့အနေဖြင့် "၇၊ ၇၊ ၇၇" ၇ လေးလုံးလှုပ်ရှားမှုဖြစ်ရန် ကြိုးပမ်းမှုမအောင်မြင်ခဲ့သဖြင့် ၁၉၇၈ ခုနှစ်နှုလိုင်လတွင် လှုပ်ရှားမှုပေါ်ပေါက်စေရန်ကြိုးစားမှုများကအဆင့်ရဲလာပြီး စက်မှု တက္ကသိုလ်မှ စ၍ ကွင်းဆက်မိပြီး ဆက်တိုက်ဖမ်းဆီးမှုများဖြစ်လာခဲ့သည်ဟု သိရပါသည်။

၎င်းမတိုင်မီကလည်း သစ္စာဖောက် လောက်ကောင်တစ်ဦး၏ သတင်းပေးခဲ့မှုကြောင့်လှုတစ်ရှို၏ လှုပ်ရှားမှုများကို ထောက်လှမ်းရေးက စောင့်ကြည့်နေခဲ့သည်ဟုသိရပါသည်။

၁၉၇၉ ခုနှစ်မှစ၍ အရင်အသင်း၏ လူဟောင်းများက ၂ သင်း ခွဲထွက်သွားခဲ့ပါသည်။ မောင်မောင်မြင့်သန်းနှင့် အင်အားစုတချို့က "လောကသံသရာ အသင်း" ကိုထူထောင်ပြီး

ကျွန်တော့်ဦးလေးဖြစ်သူ မောင်မောင်မြင့်အောင်က "ပြောမဆုံးပေါင်တောသုံးတောင်" (နော်ဝေ နိုးနိုးဒေါက်ဒေါက်) စသည့်အသင်းများကိုထူထောင်သွားခဲ့ပြီး ယခုအခါ ဖေလုဝဆိုသောအမည်ဖြင့် နိုင်ငံကျော်သရုပ်ဆောင်တဦး ဖြစ်နေပါသည်။

အဖေသည် ၁၉၈၂ ခုနှစ်တွင် သင်္ကြန်စင်မြင့်ပေါ်သို့ မဟာရန်ကုန် ၃၆၅ နှင့်ပြန်တက်ခဲ့သော်လည်း ကွဲကွာသွားခဲ့သော မောင်မောင်ဆိုလေ၏ တော်လှန်ကြယ်နီ ၃ ပွင့်နှင့် ပြန်မဆုံသမျှ ထိုအမည်ဖြင့် အသင်းပြန်မထွက်တော့ဟုဆုံးဖြတ်ထားခဲ့ဟန်တူပါသည်။ အဖေ မမီခဲ့ဖူးသည့် ဒီမိုကရေစီခေတ်သင်္ကြန်ဆိုသည်ကိုကား ကျွန်တော်နီးလုနီးခင် . . . . ။ ယခု(၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄) ကာလများမှာတော့ မောင်မောင်ဆိုလေထီးရိုးရှည် သင်္ကြန်အသင်း လူထုရှေ့ကိုပြန်လည်တင်ဆက်ခွင့်ကြုံလာပြီ။ အသင်းခေါင်းဆောင်ကတော့ ကျွန်တော့်ညီ ဒီဥက္ကာ (ဒီမိုအောင်ထွန်း)က အသင်းကို ဆက်လက် ဦးဆောင်နေပါတယ်။

*(မောင်မောင်ကျော်သည် တစ်ချိန်က ရန်ကုန်မြို့ သံချပ်အဖွဲ့တွေထဲမှာထင်ရှားခဲ့သည့် မောင်မောင်ဆိုလေထီးရိုးရှည် အဖွဲ့ကို တည်ထောင်ခဲ့သူဂျူဝင်မောင်ငိုင်း(ခ)မောင်မောင်နေဝင်း(ကွယ်လွန်)၏ သားတစ်ဦးဖြစ်ပြီး ၈၈ အရေးတော်ပုံတွင် တိုက်ပွဲဝင်ခဲ့သည့် မျိုးဆက်ကျောင်းသားတစ်ဦးလည်း ဖြစ်သည်။ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ နေထိုင်လျက်ရှိသည်။)*

# ရွေးကောက်ပွဲအကြောင်း မပြောတော့ဘူးလို့ ဆုံးဖြတ်ပြီးခါမှ

ကျွန်တော့်အမေအိမ်တွင် ကွန်ပျူတာ အင်တာနက်မရှိပါ။ ရေဒီယို၊ ရုပ်မြင်သံကြား တော့ရှိပါသည်။ ထို့ကြောင့် တိုင်းရေးပြည်ရေးနှင့် ပတ်သက်သည့်သတင်းများ၊ နိုင်ငံရေးဆောင်းပါးများစသည်တို့ကို အင်တာနက်ပေါ်မှ အလွယ်တကူရှာဖွေဖတ်ရှုခြင်းငှာမတတ် စွမ်းနိုင်သော ကျွန်တော့်အမေအပါအဝင် ဘဝတူမြန်မာနိုင်ငံမှ မဲဆန္ဒရှင်ပြည်သူများကို လာမည့်ရွေးကောက်ပွဲနှင့် ပတ်သက်သော အကြောင်းအရာတစ်ချို့အပေါ် ကျွန်တော်၏ အတွေးအမြင်တချို့ကို ဤပုံနှိပ်မီဒီယာမှတစ်ဆင့် ဆွေးနွေးတင်ပြချင်သော စိတ်သဘောအရင်းခံကြောင့်ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ကိစ္စများဝင်မပြောဖြစ်အောင်နေမည်ဟု ဆုံးဖြတ်ထားပြီးခါမှ ဆုံးဖြတ်ချက်ပြောင်းရ ပြန်သည်။

နိုင်ငံခြားသို့ ရောက်ရှိနေထိုင်လျက်ရှိ သော မိတ်ဆွေတစ်ဦးကလည်း သူတို့ဒီမို ကရေစီလိုလားသူတစ်စု ကိုယ်ပိုင်ရန်ပုံငွေက လေးဖြင့် ကျွန်တော့်ဇာတိတောင်ဥက္ကလာနယ် မြေတွင်လာမည့် ရွေးကောက်ပွဲအလားအလာ ကို (Poll) ကောက်ယူကြည့်သည်ဟုပြောပြီး ရလဒ်ကိုပြောသည့်အခါ ရွေးကောက်ပွဲ အကြောင်းမရေးဟုဆုံးဖြတ်ချက်ကို ပြင်၍ ဤဆွေးနွေးချက်ကို ရေးဖြစ်ပါသည်။

တိုက်ပွဲဝင်ရောင်းရင်းတချို့ကလည်းဘာမှ ရေးမနေပါနဲ့၊ မထူးပါဘူးကွာဟု ပြောကြသည်လည်းရှိပါသည်။ သို့သော် ရွေးကောက်ပွဲဆိုသည်ကို ကျွန်တော်ယုံကြည်ပါသည်။ လွန်ခဲ့သည့်လအနည်းငယ်က သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပူးတွဲပြုလုပ်ခဲ့ သော သတင်းစာရှင်းလင်းပွဲတွင်တရားမျှတသောရွေးကောက်ပွဲဖြစ်စေရပါမည်ဟု သူရဦးရွှေမန်းက ကတိစကားပြောခဲ့ပါသည်။

ကျွန်တော်သည် ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ယုံကြည်သော သူရဦးရွှေမန်းကိုလည်းယုံကြည်၍ ၎င်းတို့ကျင်းပပေးမည့် ရွေးကောက်ပွဲကိုလည်း အပြုသဘောမြင်ကာ ဤသုံးသပ်ချက်ဆောင်းပါးကလေးကို ရေးသားလိုက်ပါသည်။

မကြာမီလာတော့မည် ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အာဏာရနှင့် အတိုက်အခံများတာ စုနေကြသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ အတိုက်အခံများဘက်မှ ရွေးကောက်ပွဲဆီသို့ ချဉ်းကပ်လာမှုမှာ များစွာကိုးစင်းသည်ဟု ဆိုနိုင်ပါသည်။ အာဏာရဘက်မှ လှမ်းလာမည့်ခြေလှမ်းကိုမူ မှန်းရခက်သည်ဟု ဆိုချင်ပါသည်။ သို့သော် ယနေ့အချိန်အထိ မိမိပြိုင်ဘက်များအပေါ် နိုင်ငံရေးအရ ထိုးနှက်မှုများမတွေ့ရသေးချေ။ အာဏာရပါတီဘက်မှ လူတချို့တို့ရဲ့လူထုအကြားခရီးစဉ်တချို့အတွင်း၊ မဲဆွယ်သည့်သဘောသက်ရောက်သည့် စကားများပြောခဲ့သည်ကို သတင်းမီဒီယာ များတွင် တွေ့လိုက်ရသော်လည်း

ယေဘုယျ ဆန်ပါသည်။

ဒီမိုကရေစီနိုင်ငံများတွင် တွေ့နေကျဖြစ်သော၊ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ တစ်ဖက်နှင့်တစ်ဖက် လူထုကိုယ့်ဘက်ပါအောင် မိမိ၏ အနာဂတ်စီမံကိန်းများ ရောင်းချ၍ အကြိတ်အနယ်စည်းရုံးခြင်းမျိုးလည်း မတွေ့ရသေးပေ။ သို့သော် ပြည်နိုင်ဖြိုးသည်၎င်း၏မဟာမိတ်များကို စနစ်တကျတည်ဆောက်ထားပြီး ရွေးကောက်ပွဲ အနိုင်ရရေးအတွက် စတင်လှုပ်ရှားနေပြီဟု ယူဆမိပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လူထုလှုပ်ရှားမှုများအတွက်များစွာ အားစိုက်၍ လုပ်ဆောင်နေရပေသည်။ **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဤသို့ အလုပ်များ နေခြင်းသည် ပြည်နိုင်ဖြိုး မဟာမိတ်တို့က ထိရောက်စွာ စစ်ငေးထားခြင်းဖြစ်နိုင်သည်ဟုလည်း တစ်ဖက်ကလှည့်တွေးနိုင်ပါသည်။**

အတိုက်အခံဘက်က အခြေခံဥပဒေပြင်ရေး ကြိုးပမ်းနေချိန်တွင် အာဏာရပါတီ နှင့်၎င်း၏ မဟာမိတ်များကလည်း ဘက်ပြိုင်လူထုလှုပ်ရှားမှုများ ပြုလုပ်လာနေပါသည်။ ဥပမာ-မဘသထောက်ခံရေး လှုပ်ရှားမှုမျိုး။ ထိုသို့သောလှုပ်ရှားမှုများသည် လူထုအကြားအုတ်အော်သောင်းတင်း အထင်ကရဖြစ်နိုင်မည့်လှုပ်ရှားမှုမဖြစ်နိုင်မှန်း ထိုပွဲများစီစဉ် သူ တို့ကောင်းစွာနားလည်သိရှိနိုင်ပါသည်။ အဘယ်ကြောင့် ထိုသို့ပွဲများပြုလုပ်ကြပါသနည်း။

မကြာခင်က ပြီးစီးသွားခဲ့သောသန်းခေါင်စာရင်းမှ အချက်အလက်များကို ပြည်နိုင်ဖြိုးပါတီက အကျိုးရှိအောင် အသုံးချနေသည့်သဘောရှိသည် ဟုခန့်မှန်းရပါသည်။

ဥပမာသက်ဆိုင်ရာနယ်မြေအလိုက်လူဦးရေစာရင်းနှင့်အတူ မဲပေးနိုင်သော လူဦး ရေ၊ အိမ်ထောင်စုများ၊ စသည့်အချက်အ လက်များသာမက အခြားသောမဲဆန္ဒရှင် များ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများ အစရှိသည်တို့ကိုပါအနီးစပ်ဆုံး ခွဲခြားစိတ်ဖြာ လေ့လာနိုင်ပြီးမည်သည့်ပါတီကိုမှ မပါဝင်မ ပတ်သက်သောကြားနေမဲဆန္ဒရှင်များအား ပစ်မှတ်ထား၍စည်းရုံးရန် ကြိုးပမ်းမှုများအ စပျိုးနေပြီဟုယူဆရပါသည်။

လောလောဆယ်တွင် မြန်မာ့အတိုက်အခံအင်အားစုများသည် ယေဘုယျအားဖြင့်စစ်မျက်နှာသုံးခု၌ အသီးသီးစစ်ငင်ခံ ထားရသကဲ့သို့ ဖြစ်နေပါသည်။ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်သည် အခြေခံဥပဒေပြင်ရေး ကဲ့သို့သောကိစ္စကို အားသွန်ခွန်စိုက်လုံးပမ်း နေရပါသည်။ ဒီမိုကရေစီရေးလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူတို့အနေနှင့်လည်း လူ့အခွင့်အရေးကိစ္စ၊ မြေယာကိစ္စများအစရှိ သည်တို့နှင့် လုံးပမ်းနေရပြီးအတိုက်အခံ အင်အားစုစာရင်းတွင် ထည့်သွင်းထားရမည်ဖြစ်သောလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်း များဆိုလျှင်လည်း အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကဲ့သို့သော ကိစ္စများနှင့် လုံးပမ်းနေရသဖြင့် မိမိတို့ရင်ဆိုင်နေရသော ကိစ္စရပ်မှလွဲ၍ အခြားတိုက်ပွဲများကို အာရုံမပြုနိုင်သည့် အခြေအနေ၌ ရှိနေပါသည်။

ထိုသို့သော အခြေအနေမျိုးတွင် ပြည်နိုင်ဖြိုးက မဟာမိတ်တချို့ကို လူထုလှုပ်ရှားမှုများပြုလုပ်စေခြင်း ကရော့ကာတပ်များကိုတစ်ခုပြီးတစ်ခုထုတ်သုံး၍ တိုက်ခိုက်ခြင်း

သဘောမျိုးဖြစ်ပါသည်။ ပစ်မှတ်ထားစည်းရုံးမည့်လူထုအတွင်း အနည်းနှင့် အများရိုက်ခတ်မှုရှိနိုင်သော်လည်း များစွာထိရောက်နည်းမဟုတ်ဟုမဆိုနိုင်ပါ။

မြန်မာပြည်သည် ဆင်းရဲသောနိုင်ငံဖြစ်ပါသည်။ ပြည်သူအများစုက ဆင်းရဲပါ သည်။ တစ်နပ်စာတစ်နပ်အနိုင်နိုင် ရုန်းကန် နေရသော အညတရပြည်သူများသန်းနှင့်ချီ၍ ရှိပါသည်။ ယနေ့ ပါတီစုံဒီမိုကရေစီရွေး ကောက်ပွဲကာလသည် အများစုဖြစ်သော ပြည်သူများအကြား လွတ်လပ်မှုနှင့် ထမင်းအိုးကိစ္စတစ်ပြိုင်တည်းယှဉ်တွဲနေသော အချိန်လည်းဖြစ်သည်ဟုဆိုနိုင်ပါသည်။

အာဏာပါရတီကလည်း သူ့နည်းသူ့ဟန်နှင့် ဆက်လက်အနိုင်ရအောင်လုပ် ဆောင်နေသည်။ အတိုက်အခံပါတီကလည်း လူထုနည်းဖြင့် ဖွင့်တိုက်သည့်နည်းကိုသုံးသည်။ အတိုက်အခံပါတီ၏အားသာချက်ဟု ပြောနိုင်သည့်အချက်မှာ လူထု၏ မျှော်လင့်ချက်ကို ရရှိနေသည့် အချက်ပင်ဖြစ်ပါသည်။ ပြည်နိုင်ဖြိုးပါတီ၏ လှုပ်ရှားမှုကို လေ့လာရသည်မှာ Puzzle အပိုင်းကလေးများကို လိုက်ဆက်ရသည်နှင့်အလားသဏ္ဍာန်တူပါသည်။ ဟိုမှဒီမှ လှုပ်ရှားမှုများကို ဆက်စပ်ကြည့်ရပါသည်။ မြန်မာ့ပြုပြင်ပြောင်းလဲရေးသမိုင်း၏ ဘိုးအေ ကြီးဖြစ်သော မြဝတီမင်းကြီးဦးစ၏ အဆိုအမိန့်တစ်ခုကို ကြားဖူးပါသည်။

''ဥပရောပကို နိုင်ချင်ရင် ဥရောပလိုလုပ်ရမယ်'' စကားပင်ဖြစ်ပါသည်။ စစ်အစိုးရအဖြစ်မှ အသွင်ပြောင်းလာခဲ့သော လက်ရှိအာဏာရအစိုးရသည်လည်း ဒီမိုကရေစီသမားများကို အနိုင်ရရေးအတွက် ဒီမိုကရေစီလိုလုပ်ရမည်ဟုပင် သဘောထားရှိနိုင်ပါသည်။ လက်ရှိပြည်နိုင်ဖြိုးပါတီ၏ လှုပ်ရှားမှုများသည်နိုင်ငံခြားအဖွဲ့ကြီးတစ်ခု၏ ဒီမိုကရေစီရွေးကောက်ပွဲ တစ်ခုအောင်နိုင်ရေးနည်းစနစ်များအတိုင်း လုပ်ဆောင်နေသည်ကို သတိပြုမိပါသည်။ ရွေးကောက်ပွဲနိုင်သည်ရှုံးသည်ဆိုသည်မှာ အကြမ်းအားဖြင့် မဲပုံးထဲမှ မဲဖြင့်ဆုံးဖြတ်သည်ဖြစ်ရာ ထိုမဲပုံးထဲသို့ မဲပြားများ ရောရောရှုရှုရောက်ရှိ လာရေးအတွက် ပြိုင်ဘက်များ အပြင်းအထန် ကြိုးပမ်းကြရန် လိုအပ်ပါသည်။ ယနေ့မြန်မာနိုင်ငံရွေးကောက်ပွဲများအတွင်း ပြည်သူလူထုမဲပေးရန် အတွက် ရွေးချယ်ဆုံးဖြတ်ခြင်းအခြေအနေများ မြင့်မားစေရေးအတွက်များစွာ ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပါသည်။ ဥပမာ ကြားနေဘက်မလိုက်သူများ ဦးဆောင်ဦးရွက်ပြုသည့် ရွေးကောက်ပွဲအထောက်အကူပြု စစ်တမ်းများကောက်ယူ၍ လူထုအကြား မြန်မာ့ပညာပေးခြင်း၊ မီဒီယာများမှ တစ်ဆင့်ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးစကားဝိုင်းများ ပြုလုပ်ခြင်းစသော လုပ်ဆောင်မှုများမှ တစ်ဆင့်လူထုကို ပညာပေးကူညီခြင်းဖြင့် ပြည်သူလူထုအနေဖြင့် မိမိတို့မဲဆန္ဒနယ်အတွက် သင့်လျော်သော ကိုယ်စားလှယ်ကို မှန်ကန်စွာရွေးချယ်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံ၌များစွာ အနစ်သာရပြည့်ဝ၍ အမြဲလှုပ်ရှားအသက်ဝင်နေသော လွှတ်တော်များရှိနေစေရန်မှာ တကယ့်ထိုက်ထိုက်တန်တန် ယှဉ်ပြိုင်ခဲ့ရသော ရွေးကောက်ပွဲများကို ဖြတ်သန်းခဲ့ရသည့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်များဖြစ်ရန် လိုအပ်ပါ

သည်။

ကြောင်လက်သည်းဂုက်သကဲ့သို့ ခန့်မှန်းရခက်သောခြေလှမ်းများဖြင့် လှမ်းလာနေကြသည့် နိုင်ငံရေးပါတီများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ရွေးကောက်ပွဲများအတွက် အထက်ကဖော်ပြခဲ့သကဲ့သို့သော စေတနာ့ဝန်ထမ်းလုပ်ငန်းများ လိုအပ်ပါသည်။

# လက်ပံတောင်းကို တစေ့တစောင်းကြည့်သောအခါ

တစ်နှစ်ကျော်ကာလကြာမြင့်လာခဲ့ပြီးနောက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအရေးသည် ယနေ့မြန်မာ့နိုင်ငံရေးအခင်းအကျင်းအတွင်း ထိပ်တန်းကိစ္စရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ အစပထမပိုင်းတွင် လက်ပံတောင်းပြဿနာသည် ဒေသဆိုင်ရာပြဿနာအသွင်ကို ဆောင်သကဲ့သို့ ရှိခဲ့သော်လည်း လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဆန့်ကျင်ရေးသပိတ်စခန်းကို မြန်မာအာဏာပိုင်တို့က မီးလောင်ဗုံးများသုံး၍ ရက်စက်စွာဖြိုခွင်းခဲ့ပြီးနောက်ပိုင်းတွင် မြန်မာအတိုက်အခံနိုင်ငံရေးအင်အားစုများနှင့်တကွ လူ့အခွင့်အရေးလှုပ်ရှားသူများအကြားတွင် အလေးအနက်အာရုံစိုက်စောင့်ကြည့်လာခဲ့ကြသည့် နိုင်ငံရေးပြဿနာတစ်ခုဖြစ်လာပါသည်။

လက်ပံတောင်းပြဿနာသည် သတ္တုတွင်းနယ်မြေအတွင်းနေထိုင်ကြသော ထိုနယ်မြေမှဒေသခံပြည်သူများနှင့် ထိုပြည်သူများ၏သဘောထားကိုဆန့်ကျင်၍ သတ္တုတွင်းစီမံကိန်းကို အတင်းအကျပ် ဆက်လက်အကောင်အထည်ဖော်နေသော ဦးပိုင်လီမိတက်တို့အကြား ထိပ်တိုက်ဖြစ်နေသော ကိစ္စဖြစ်ပါသည်။ ဦးပိုင်သည် ကြေးနီတူးဖော်ရေးကိစ္စကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝမ်ပေါင်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်နေသောအခါ ထိုလက်ပံတောင်းတောင်ပြဿနာသည် လက်ပံတောင်းဒေသ ပြည်သူများနှင့် တရုတ်ကုမ္ပဏီတို့၏ပြဿနာအဖြစ် အသွင်ပြောင်းလာခဲ့၍ လက်ပံတောင်းပြည်သူတို့ အပေါ် အကြမ်းဖက်နှိမ်နင်းခဲ့မှုအပါအဝင် ဆက်စပ်ပြဿနာအားလုံးအတွက် မြန်မာပြည်သူတို့၏ တရုတ်ဆန့်ကျင်ရေးအရှိန်အဟုန်သည် အမြင့်မားဆုံးအဆင့်သို့ ရောက်ရှိလာခဲ့ပြီး ၁၉၆၇-ခုနှစ် တရုတ်ဗမာအရေးအခင်းကာလနောက်ပိုင်း မြန်မာပြည်သူတို့၏ တရုတ်ဆန့်ကျင်ရေးသဘောထားအမြင့်မားဆုံးအတိုင်းအတာတစ်ခုသို့ ရောက်ရှိနေပြီဟုဆိုရမည့် အခြေအနေသို့ရောက်ရှိနေပြီဖြစ်ပါသည်။

အင်အားစုတစ်စုက လက်ပံတောင်းကိစ္စကိုအသုံးပြု၍ တရုတ်ဆန့်ကျင်ရေးလုပ်ငန်းကို မဟာဗျူဟာမြောက်ဆောင်ရွက်နေပြီဆိုပါက လွန်စွာအစွမ်းထက်၍ ထိရောက်လှသော နည်းပရိယာယ်ဟုဆိုရပါမည်။ လက်ပံတောင်းအကျပ်အတည်းနည်းကို ဖြေရှင်းရာ၌ အာဏာပိုင်တို့ဘက်မှ ပြည်သူလူထုအပေါ်ဩဇာတိက္ကမကြီးမားသောနိုင်ငံရေးခေါင်းဆောင်တချို့ကိုပါ အသုံးပြုရန်ကြိုး စားခဲ့ပေသည်။ လက်ပံတောင်းဒေသသည် ထိုဒေသမှပြည်သူတို့၏ ဘဝအစိတ်အပိုင်းဖြစ်နေသည့်အတွက် လက်ပံတောင်းလူထု၏ ၎င်းတို့ဇာတိမြေ အပေါ်ချစ်မြတ်နိုးမှုကို မစွန့်လွှတ်လိုမှုကို မည်သည့်တံနိုးလက်ဆောင်များနှင့်မျှ လဲလှယ်၍ မရနိုင်ပေ။ ထိုသို့ နိုင်ငံရေးတင်းမာမှုဆိုးဝါးနေခဲ့ရှိန်အတွင်း သမိုင်းဝင်လယ်တီသိမ်ကိုလုံးဝဖျက်လိုက်သည့်အခါ ပြည်သူလူထု၏ နာကြည်းမှုများက အသည်းထဲစွဲသွားခဲ့ပေသည်။

မြန်မာအာဏာပိုင်တို့က ဦးပိုင်နှင့်ဝမ်ပေါင်တို့ဘက်မှ တင်းပြည့်ကျပ်ပြည့် ရပ်တည်ပြီး

အကာအကွယ်ပေးသည့်အခါ ပြည်သူတို့၏ ဝမ်ပေါင်နှင့်တကွ တရုတ်ဆန့်ကျင်ရေးသဘောထား ပိုမိုဆိုးဝါးသည့်အခြေသို့ ဆိုက်ရောက်ခဲ့ပြီး ဝမ်ပေါင်ဝန်ထမ်းနှစ်ဦးကို ဆည်တည်းရွာသားများက ထိန်းသိမ်းထားပြီး အာဏာပိုင်တို့ဖမ်းဆီးသွားသည့် တက်ကြွလှုပ်ရှားသူ ကိုအောင်စိုးနှင့် အလဲအလှယ်လုပ်ရန် ကြိုးပမ်းလာသည့်အခါ လက်ပံတောင်းတောင် စီမံကိန်းမျက်သိမ်းရေး နိုင်ငံရေးလှုပ်ရှားမှုသည် နည်းနာနိဿယတစ်မျိုး ပြောင်းသွားပြီဟု ယူဆရတော့မည်ဖြစ်ပါသည်။

ထိုနည်းပရိယာယ်သည်ယနေ့နိုင်ငံတကာ၌ ခေတ်စားနေသော နည်းပရိယာယ်တစ်ခုလည်း ဖြစ်နေသည့်အတွက် သာမန်သမားရိုးကျနည်းဖြင့် တိုက်ပွဲဆင်နေသည့် လက်ပံတောင်းတောင်ပြည်သူများ၏ တုံ့ပြန်မှု ရုတ်ခြည်းပြောင်းလဲသွားခဲ့မှုက များစွာ စိတ်ဝင်စားစရာကောင်းလှသည်ဟု ဆိုနိုင်ပါသည်။

ထိုသို့ပြောင်းလဲသွားသော တိုက်ပွဲနည်းပရိယာယ်သည် ရုန်းရင်းဆန်ခတ်ဖြစ်မှုမှ အစပြုခဲ့သည်ဟု မယူဆနိုင်ပါ။ တစ်ဖက်မှ ဖိနှိပ်လာမှုကို စနစ်တကျခုခံတုံ့ပြန်ရန် စနစ်တကျ စီမံထားသည့်သဘောရှိပါသည်။ ထိုသို့ စနစ်တကျတုံ့ပြန်မှုဆိုသည်မှာ စနစ်ကျ၍နိုင်မာသော နိုင်ငံရေးအုပ်စုတစ်ခုနောက်ကနေ၍ ကျောထောက်နောက်ခံပေးထားခြင်းဖြစ်နိုင်ပါသည်။ ယခုကဲ့သို့ ဝမ်ပေါင်ဝန်ထမ်းနှစ်ဦးကိစ္စမှသည် နောင်လာမည့် မြေယာပြဿနာများသည် ထိလွယ်ရှလွယ်သော အနေအထားသို့ ရောက်သွားလုနီးနီး ဖြစ်သွားပြီဟု ဆိုနိုင်ပါသည်။

သိသာထင်ရှားသည်မှာ အာဏာပိုင်တို့အနေနှင့် အာဏာအင်အားသုံး၍ သမားရိုးကျနည်းဖြင့် ဖြေရှင်းရန် မသင့်တော်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ပံတောင်းတိုက်ပွဲသည် ယနေ့မြန်မာနိုင်ငံမှ မြေသိမ်းယာသိမ်းကိစ္စများကို ခုခံဆန့်ကျင်နေကြသူများ၏ ကွန်ရက်အတွင်းမှ တိုက်ပွဲတစ်ခုအဖြစ် အသွင်ကူးပြောင်းသွားခဲ့ပြီဟု ယူဆနိုင်သည့်အတွက် လက်ပံတောင်းခုခံရေးကဲ့သို့ အခြားမြေယာတိုက်ပွဲများလည်း လက်ပံတောင်းလမ်းစဉ်ကို လိုက်လာနိုင်သောကြောင့် ဖြစ်ပါသည်။ ဖြူခွင်းရန်ကြိုးစားနေသော အာဏာပိုင်များအနေနှင့်လည်းငါတို့လုပ်သမျှ သူတို့ခေါင်းငုံ့ခံနေမည်ဟု အပိုင်တွက်မည်ဆိုပါက အမှားကြီးမှားသွားနိုင်ပေသည်။

သက်ဆိုင်ရာမှ ပုဂ္ဂိုလ်များလာ ရောက်ညှိနှိုင်းကြပြီး ထိန်းသိမ်းထားသော ဝမ်ပေါင်နှစ်ဦးကို ရွာသားများက ပြန်လွှတ်ပေးလိုက်သည်ဟု သိရပါသည်။ တောင်းဆိုချက်များ ခိုင်ခိုင်မာမာ အာမခံချက်မရခဲ့သော်လည်း လက်ပံတောင်းပြည်သူတို့အနေနှင့် တိုက်ပွဲ အဆင့်တစ်ခု ကို သပ်ရပ်စွာအဆုံးသတ်ကျော်လွှားနိုင်ခဲ့သည် ဟု ဆိုနိုင်ပါသည်။

ဝမ်ပေါင်နှစ်ဦးကိစ္စသည် ဝမ်ပေါင်၏ မိခင်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာဏာပိုင်များနှင့်တကွ အာဏာပိုင်တို့၏ အထက်မှ တရုတ်မြူနစ်ပါတီခေါင်းဆောင်များနှင့်ဝမ်ပေါင်၏ စီးပွားဖက် မြန်မာဦးပိုင်လီမိတက်ကို လက်ပံတောင်းပြည်သူတို့ထံမှ သာမက အလားတူပြဿနာများအတွက် တိုက်ပွဲဆင်နေသော မြန်မာပြည်သူလူထုထံမှ ပြင်းထန်သော Message ပေးလိုက်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

မြန်မာဦးပိုင်လီမိတက်ကများစွာ အရေးမစိုက်သော်လည်း တရုတ်ပြည်ဘက်မှ ဤဖြစ်ပွားခဲ့သောကိစ္စကို အလေးအနက် ထည့်သွင်းစဉ်းစားလာနိုင်ပါသည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအားနိုင်ငံရေး ဦးဆောင်မှုပေးနေသော တရုတ်ကွန်မြူနစ်ပါတီ သည် အလုပ်သမားလယ်သမားအရင်းမဲ့နင်းပြားတို့ဘက်မှ ရပ်တည်သော နိုင်ငံရေးအဖွဲ့အစည်း မဟုတ်တော့ပါ။ သို့သော်လက်ပံတောင်းပြည်သူတို့၏ တုံ့ပြန်မှုကို လုံးလုံးလျားလျား လျစ်လျူရှုမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယနေ့တရုတ်ပြည်သည် ကုန်ရောင်းသောနိုင်ငံ၊ တစ်နည်းဆိုရသော် ဈေးရောင်းစားသောနိုင်ငံဖြစ်သည့်အတွက် ၎င်း၏နိုင်ငံတကာဈေးကွက်အတွင်း လူသန်းပေါင်း ၆၀ ခန့်၏ ခါးခါးသီးသီး မုန်းတီးမည့်အရေးကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဆင်ကန်းတောတိုးလုပ်မည်မထင်ပါ။ ယခုလက်ပံတောင်းကိစ္စတွင် ဦးပိုင်ဘက်က ရပ်ဆိုင်းရန် ဖိအားပေးရန်လိုသကဲ့သို့ တရုတ်တို့ငြိမ်းချမ်းစွာ နောက်ဆုတ်သွားရန်လည်း လိုအပ်ပါသည်။

တရုတ်ကွန်မြူနစ်ပါတီနှင့် နီးစပ်သောသူများကလည်းမိမိတို့၏ ခင်မင်ရင်းနှီးမှု အဆက်အသွယ်များမှတစ်ဆင့် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များထံချဉ်းကပ်၍ လက်ပံတောင်းအပါအဝင် မြန်မာပြည်သူများ၏ သဘောဆန္ဒနှင့်လုံးဝဆန့်ကျင်ဖီလာဖြစ်သော စီးပွားရေးစီမံကိန်းများကို ရပ်ဆိုင်းရန်ကြားဝင် ပြောဆိုပေးသင့်ပါသည်။

မြန်မာအာဏာပိုင်များအနေနှင့်လည်း လက်ပံတောင်းပြဿနာအား ဆေးမြီး တိုနည်းများသုံး၍ ယာယီရှောင်လွှဲသည့်နည်းများကိုလုံးဝရပ်ဆိုင်းသင့်ပြီး ကျွန်တော်တို့၏ ဘိုးတောင်းတော်ဘေးလောင်းတော်မြန်မာတို့ အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်၍ ကာကွယ်ခဲ့ရသော ဤတောတောင်ရေမြေများအပေါ် တန်ဖိုးထားလေးစားတတ်သည့် အလေ့အထကို စတင်ထူထောင်ရန်လိုအပ်ပြီဟု ထင်ပါသည်။

သမိုင်းအစဉ်အလာအရ ပြန်ကြည့်မည်ဆိုလျှင် မြန်မာတို့သည် မိမိရေ၊ မိမိမြေကို ကျားကုတ်ကျားခဲခုခံကာကွယ်ခဲ့ကြသည့် အစဉ်အလာရှိပါသည်။ အထူးသဖြင့် လက်ပံတောင်းတောင်အပါအဝင်အထက်အညာဒေသ (သမိုင်းဆရာတို့၏ စကားအရဆိုသော် မြန်မာတို့၏ ပုခက်တွင်းဒေသ)မှ မြန်မာတို့သည် မိမိတို့၏ ဇာတိမြေကို ဖွဲ့နဘဲကြီးစွာ ခုခံကာကွယ်တတ်ကြသည့် အစဉ်အလာရှိသောကြောင့် နေမဝင်အင်ပါယာပိုင်ရှင်ဗြိတိသျှတို့သည် ပင်လျှင်ဆယ်နှစ်ဆယ်မိုးတိုက်ခိုက်နှိမ်နင်းယူခဲ့ရသည့် ရာဇဝင်ရှိခဲ့ပါသည်။

ကမ္ဘာပေါ်တွင် မြေကြောင့် စစ်ဖြစ်နေသော နေရာများစွာရှိပါသည်။ လက်ပံတောင်းဒေသပြည်သူများ၏ တိုက်ပွဲဆိုသည်မှာ လည်း မြေအတွက် တိုက်ပွဲဝင်နေခြင်းဖြစ်ပါ သည်။ လက်ပံတောင်းဒေသ၏မြေသည် ၎င်းတို့၏ဘဝ ၎င်းတို့၏အသက်သွေးကြောဖြစ်ပါသည်။ ၎င်းတို့တိုက်ပွဲဝင်နေကြခြင်းသည် သူတို့အသက် ဘဝများအတွက် တိုက်နေခြင်းဖြစ်ပါသည်။ ကြားမှ စေ့စပ်သူများအတွက် လက်ပံတောင်းတောင်ဆိုသည်မှာတောင်ဟုသာ မြင်ကောင်း မြင်နိုင်နေနိုင်သော်လည်း လက်ပံတောင်းပြည်သူများအတွက်မှာမူ ထိုတောတောင်များသည် ၎င်းတို့၏ ဘဝများကို ကိုယ်စားပြုရာနေရာများအဖြစ်၊ ၎င်းတို့ အမိနိုင်ငံတော်အတွက် အသက်ပေးခဲ့

ကြသော မျိုးချစ်သူရဲကောင်းများ၏ ဝိညာဉ်များ ကိန်းအောင်းရာ နေရာဌာနများအဖြစ် သဘောထား ကောင်းထားကြလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် သူတို့၏တိုက်ပွဲလမ်းကြောင်း အားမည်သူကမျှဝင်ရောက်ဆုံးဖြတ် ခြင်းမပြုနိုင် ပေ။ လက်ပံတောင်းတောင်ပြည်သူတို့သည် ရှေး မြန်မာတို့၏ ပုခက်တွင်းဒေသ မျိုးချစ်သူရဲကောင်း အပေါင်းတို့မှ ဆင်းသက်လာသော အနွယ်တော် များပီပီငှင်းတို့၏ ဓာတ်မြေကို ကာကွယ်ရန် အတွက် ဆက်လက်တိုက်ပွဲဆင်နေကြဦးမည်ဖြစ် ပြီးဗိုမို၍ပြင်းထန်သော ပဋိပက္ခများဖြစ်ပေါ် လာဦးမည်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းပြည်ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေရန်အတွက် နွတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းများစွာတို့ထက်သာလွန်သော အာဏာ ပါဝါတို့ကို ပိုင်ဆိုင်ထားသူများအနေဖြင့် လက်ပံ တောင်းပြည်သူတို့၏ သဘောဆန္ဒကိုလေးစား၍ လူထုအကျိုးမဖြစ်သော စီမံကိန်းများကို ချက်ချင်း ရပ်ဆိုင်းသင့်ပါကြောင်း။

## - စာရေးသူ၏ ကိုယ်ရေးအကျဉ်း -

ကဗျာဆရာ ဂျွှာဝင်မောင်ပိုင်း၊ ဒေါ်လှမြင့်(တက္ကသိုလ်မကျည်းတန်) တို့၏ သားအကြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ဇာတိဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ဖူးပါသည်။ ၈၈ အရေးတော်ပုံတိုက်ပွဲဝင် တစ်ဦးဖြစ်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသား ဟောင်းတစ်ဦးဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၀) ခန့်က ပြည်ပသို့ထွက်ခွာသွားခဲ့ပြီး အမေရိကန်ပြည်ထောင်စု၌ အခြေချနေထိုင်ခဲ့သည်။

ယခုအခါ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် Industrial Maintenance Mechanic အဖြစ်အသက်မွေးဝမ်းကျောင်းပြု နေထိုင်လျက်ရှိပြီး တစ်ဖက်တစ်လမ်းမှနေ၍ တိုင်းရေးပြည်ရေးဆိုင်ရာ ဆောင်းပါးများရေးသားလျက်ရှိပါသည်။

- နိဂုံးအမှာ -

အရေးတကာ့အရေးများစွာအနက် **တိုင်းရေးပြည်ရေး** ဟာ
အဓိကကျတယ်လို့ စာရေးသူမှခံစားရင်း
ရေးသားထားတဲ့ ဆောင်းပါးများစုစည်းမှုပါ။

Street View ဂျာနယ်မှ အပတ်စဉ်ထွက်ရှိပြီး
ဆောင်းပါးများဖြစ်လို့ တချို့သိပြီးလောက်ပြီ။

ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီမို့ ယခုကာလမှာ
ညီညွတ်မှုအရေးတကြီးလိုအပ်နေချိန်ဖြစ်လို့ပါ။

စာအုပ်ခေါင်းစဉ်က **တိုင်းရေးပြည်ရေး** ဖြစ်နေလို့
နိုင်ငံရေးကို စိတ်ဝင်တစားရှိကြသူများအတွက်
စာအုပ်ကောင်းအဖြစ် ညွှန်းပါရစေ။

ပဒပ်မောင်ဗိုင်း



ကျွန်တော်တို့အထူးသတိထားသင့်တဲ့
အချက်ကတော့ မြန်မာပြည်ရဲ့
ဘေးပတ်လည်က အိမ်နီးချင်းနိုင်ငံတွေဟာ
အစဉ်အလာအားဖြင့် အိမ်နီးချင်းကောင်းတွေ
မဟုတ်ကြပါဘူး။

မြန်မာပြည်၏ အနောက်ဘက်တံခါးမှ
မဖိတ်ခေါ်ဘဲ ဝင်ရောက်လာမည့်
ရည်ဆိုးများ၏ ပြဿနာမှာမူ
လွန်စွာ အန္တရာယ်ကြီးမား၍
နိုင်ငံပင် ပျောက်သည့်ကိန်းသို့
ဆိုက်ရောက်သွားနိုင်ပေသည်။

# မောင်မောင်ကျော်

# ဝိုးဝါး ပြည်ဝါး

## ဆောင်းပါးများ

NLDက ၂၀၁၅မှာ နိုင်ဖို့ဆိုတာ လွယ်ပါ့မလား။
တို့က ပြည်တွင်းမှာ နေတဲ့သူတွေဆိုတော့
တို့တွက်တာက မင်းတို့ပြည်ပနဲ့
တူချင်မှတူနိုင်မှာ
၂၀၁၅မှာ နိုင်မယ် မနိုင်ဘူး
ဆိုတာတော့ ၅၀-၅၀ပဲ အမေ။
ပြည်နိုင်ငြိုးက ဒေါ်စုပါတီလို
ပေါ်ပြူလာမဖြစ်ပေမယ့်
သူတို့ ခဲတည်ဆောက်ထားမှုက
တစ်မျိုးဖြစ်နိုင်တယ်။

မဒမ်မောင်ဝိုင်း စုစည်းသည်